ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၂၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၊ ကြာသပတေး၊ (စက်တင်ဘာ ၂၃ ၊ ၂၀၁၀)



မန္တလေးမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၇ရက်မှ ၂၀ရက်အထိကျင်းပခဲ့သော ၂၀၁၀ ဒုတိယအကြိမ် ကား၊ လူသုံးကုန်နှင့် ပညာရေးပြပွဲ၌ ကားကုမ္ပဏီတစ်ခု၏ ပြခန်းတွင် ပြသထားသောကားများနှင့် မော်ဒယ်များကိုတွေ့ရစဉ်။ ဓာတ်ပုံ-စိုင်းသာအောင်

# တန်ဖိုးအကြီးဆုံးမြေကွက် အရောင်းအဝယ် မန္တလေးမြို့တွင် ပေါ်ပေါက်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ - ၂၀

မန္တလေးတွင် စက်တင်ဘာလဆန်းပိုင်းက မြေတစ်ကွက်တည်း ကျပ်သိန်း ၄၇,၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ထိုအရောင်းအဝယ်မှာ မန္တလေးမြို့၌ ၂၀၁၀ခုနှစ်အတွင်း တန်ဖိုးအကြီးဆုံးအိမ်ခြံမြေအရောင်းအဝယ်ဖြစ်ကြောင်း မန္တလေးမှ အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

စာ(၁၂)သို့

## အစွန်းရောက်ရာသီဥတုများနှင့် ၂၀၁၀ မြန်မာနိုင်ငံ

အထူးသတင်းပေးပို့ချက် အချပ်ပို(ဂ)မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်





နိုင်ငံရေး ရွေးကောက်ပွဲ

## ရွေးကောက်ပွဲ မဲပေးခွင့်ရှိသူများ စာရင်း ထုတ်ပြန်ကြေညာ

ငြိမ်းငြိမ်းနိုင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်ရုံးခွဲများတွင် စက်တင်ဘာ ၂၀ရက်တွင် စတင်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

သတင်းအပြည့်အစုံ စာ(၃)တွင်ရှု

# ရောဂါသုံးမျိုးတိုက်ဖျက်ရန် Global Fund ရန်ပုံငွေ ၂၀၁၁ နှစ်ဆန်း၌ရရှိမည်

ဝတ်ရည်

ရန်ကုန်၊ စက်တင်ဘာ - ၁၆

**မြန်မာနိုင်ငံအတွက် ရောဂါသုံးမျိုးတိုက်ဖျက်ရန် Global Fund မှပြန်လည်ပေးအပ်သော ရန်ပုံငွေမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင်ပြန်လည်ရရှိတော့မည်ဖြစ်ကြောင်း Marie Stopes International မှ ဒေါက်တာဦးစစ်နိုင်ကပြောသည်။**

တိုက်ဖျက်ရေးလုပ်ငန်းများအတွက်ထောက်ပံ့သော Global Fund ဒုတိယအကြိမ် ပြန်လည်ရရှိခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ်က ပထမအကြိမ်ရရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထိုနှစ်အတွင်းမှာပင် အလှူငွေပေးအပ်မှုပြန်လည်ရုပ်သိမ်းခဲ့သည်။

Global Fund ပေးအပ်သည့် အဖွဲ့အစည်းမှ အောက်တိုဘာလအတွင်း အပြီးသတ်ညှိနှိုင်းမှုများပြုလုပ်ပြီးပါက ရှေ့နှစ်ဆန်းတွင် စတင်ရရှိတော့မည်ဖြစ်ကြောင်း ပြည်တွင်းနှင့် နိုင်ငံတကာရန်ပုံငွေဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာတစ်ဦးကပြောသည်။

"ဘယ်လိုကိစ္စမှ ပေါ်မလာဘူးဆိုရင် နောက်နှစ် ဇန်နဝါရီမှာရပါမယ်။ သူ့ရဲ့ ပထမ ၂နှစ်စီမံကိန်းအတွင်း ဒေါ်လာသန်းငါးဆယ်လောက်ရနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု အင်န်ဂျီအိုတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၂)သို့



မန္တလေး-မူဆယ်လမ်းအတိုင်း တရုတ်သို့တင်ပို့ရန် ကုန်များသယ်ဆောင်လာသော ကားတစ်စီး

## ယွမ်တန်ဖိုးကျ၍ တရုတ်သို့ ကုန်တင်ပို့မှုလျော့ကျ

ပြည်သိမ်း

ရန်ကုန်၊ စက်တင်ဘာ - ၁၅

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းမှုကြောင့် တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုလျော့ကျသွားကြောင်း မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်မှ လုပ်ငန်းရှင်များကပြောသည်။

၂၀၁၀ ဧပြီလနောက်ပိုင်းမှစ၍ တည်ငြိမ်နေသည့်တရုတ်-မြန်မာငွေလဲနှုန်းသည် ယခုလလယ်ပိုင်းမှစ၍ ပြန်လည်လှုပ်ရှားလာသည်။ လက်ရှိ တရုတ်-မြန်မာငွေလဲမှုနှုန်းသည် ၁ ယွမ်လျှင် မြန်မာငွေ ၁၃၅ ကျပ်ဝန်းကျင်ရှိပြီး၊ ကျပ်တစ်ထောင်လျှင် ၇ဒသမ ၃ယွမ်ထိဈေးရှိသည်။ ယခင်လက တရုတ်-မြန်မာငွေလဲလှယ်နှုန်းသည် ကျပ်တစ်ထောင်လျှင် ၆ဒသမ ၆၇ ယွမ်သာဈေးရှိခဲ့ကြောင်းလည်း မူဆယ်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ယင်းကဲ့သို့ တရုတ်ယွမ်ငွေတန်ဖိုးဈေးကျခြင်းသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းကြောင့် ဖြစ်နိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ကျောက်မျက်ပြပွဲ ရက်ရွှေ့ဆိုင်းခြင်းကြောင့် ပို့ကုန်ရငွေတန်ဖိုး လျင်မြန်စွာပြန်တက်လာ

အားမာန်

ရန်ကုန်၊ စက်တင်ဘာ – ၁၈

တန်ဖိုးဆက်တိုက်ကျသွားခဲ့သော ပို့ကုန်ရငွေမှာ နိုင်ငံတကာနှစ်လယ် ကျောက်မျက်ရတနာပြပွဲ ရက်ရွှေ့ဆိုင်းမှုကြောင့် တန်ဖိုးပြန်တက်လာနိုင်ကြောင်း ပို့ကုန်သွင်းကုန် စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

"ကျောက်မျက်ပြပွဲရွှေ့လို့ Export Earning (ပို့ကုန်ရငွေ) ပြန်မာလာနိုင်တယ်'ဟု ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် ပြောသည်။ ယင်းက ပို့ကုန်ရငွေတန်ဖိုးမှာ ယခင်မျှော်မှန်းထားသည်ထက် ကျောက်မျက်ပြပွဲရွှေ့ဆိုင်းမှုကြောင့် ပိုလျင်မြန်စွာ ပြန်တက်လာနိုင်ခြင်းကို ပြောခြင်းဖြစ်သည်။

ပြည်တွင်း၌ ကျင်းပသော နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲများမှာ ပြည်ပမှ ကျောက်စိမ်းနှင့် ကျောက်မျက်ကုန်သည်တို့၏ စိတ်ဝင်စားမှုပိုမြင့်မားလာပြီး ယခုနောက်ပိုင်းနှစ်များ၌ ပြပွဲတစ်ကြိမ်ကျင်းပလျှင် ရောင်းချရမှုများကာ ပို့ကုန်ရငွေအများအပြား ရလေ့ရှိသည်။ ပြီးခဲ့သည့် ဇွန်လက ကျင်းပခဲ့သော ပြပွဲတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရောင်းချမှုမှာ ဒေါ်လာသန်း ၉၀၀ ကျော်အထိရရှိခဲ့သည်။ ထို့ကြောင့် ပို့ကုန်ရငွေတန်ဖိုးကျနေစဉ် ကျောက်မျက်ပြပွဲနှင့် တိုက်ဆိုင်ပါက တန်ဖိုးပိုကျနိုင်သည်။ သို့သော် အောက်တိုဘာလပထမပတ်တွင် ကျင်းပရန်ရှိသော ပြပွဲကို ရက်ရွှေ့ဆိုင်းခြင်းကြောင့် ပို့ကုန်ရငွေတန်ဖိုးပြန်တက်လာတော့မည်ဟု စီးပွားရေးလုပ်ငန်းရှင်များက ကြိုပြောနေခြင်းဖြစ်သည်။

ပြည်တွင်းငွေလဲလှယ်ရေးဈေးကွက်တွင်လည်း ပို့ကုန်ရငွေမှာ စက်တင်ဘာ ၈ ရက်က တစ်ယူနစ်လျှင် ၈၉၀ ကျပ်အထိ အနိမ့်ဆုံးရောက်ခဲ့ပြီး ထိုနောက်ပိုင်းရက်များတွင် ပြန်လည်ဦးမော့လာသည်။ တန်ဖိုးအနိမ့်ဆုံး ရောက်ပြီး ဆယ်ရက်အကြာစက်တင်ဘာ ၁၈ ရက်တွင် ပို့ကုန်ရငွေမှာ တစ်ယူနစ်လျှင် ၉၈၀ ကျပ်အထိပြန်ရောက်လာသည်။ စာ(၁၂)သို့



၂၀၀၉ခုနှစ်တွင် ကျင်းပခဲ့သော ကျောက်မျက်ရတနာအရောင်းပြပွဲတွင် ပြပွဲတက်ရောက်လာသူများနှင့် ရောင်းချနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – အင်တာနက်

# မန္တလေးမြို့ မြေအောက်ရေ ထုတ်ယူသုံးစွဲမှု ထပ်မတိုးသင့်တော့ဟုဆို

အိဖြူမွန်

ရန်ကုန်၊ စက်တင်ဘာ – ၁၈

**မြန်မာနိုင်ငံရှိ အခြားမြို့ကြီးများနှင့် နှိုင်းယှဉ်ပါက မန္တလေးမြို့သည် မြေအောက်ရေ ထုတ်ယူသုံးစွဲမှု ပမာဏအများဆုံးတွင် ပါဝင်သောကြောင့် မြေအောက်ရေထုတ်ယူမှု မတိုးချဲ့သင့်သော မြို့များတွင် နံပါတ်တစ်နေရာ၌ ရှိကြောင်း မြန်မာနိုင်ငံရှိ မြေအောက်ရေသုံးစွဲသည့် မြို့ကြီးများလေ့လာသုတေပြုခဲ့သူ Ecodev မှ မန်နေဂျင်းဒါရိုက်တာဦးဝင်းမျိုးသူက ပြောသည်။**

မန္တလေးမြို့သည် မြေအောက် ရေသုံးစွဲမှုတွင် ၁၀၀ရာခိုင်နှုန်းရှိသောကြောင့် မူလရှိသော မြေအောက်ရေထက် ပိုမိုမသုံးစွဲသင့်ကြောင်း၊ ရေတွင်းအသစ်များ တူးဖော်ရန်မသင့်ကြောင်း၊ အကယ်၍ တူးဖော်ပါက မြေအောက်ရေခန်းခြောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ယင်းပုဂ္ဂိုလ်ကပြောသည်။

မြေအောက်ရေ ထုတ်ယူသုံးစွဲမှု မတိုးချဲ့သင့်သော ဒုတိယမြို့ကြီးမှာ ရန်ကုန်မြို့ဖြစ်ပြီး မြေအောက်တွင် မူလရှိပြီးသော မြေအောက်ရေကို ရန်ကုန်အရှေ့ပိုင်းမြို့နယ်များက ၉၉ ရာခိုင်နှုန်းထုတ်ယူသုံးစွဲသည်။ ရန်ကုန်အနောက်ပိုင်းသည် ၉၈ ရာခိုင်နှုန်းသုံးစွဲသောဒေသဖြစ်သည်။ တတိယမြို့ကြီးမှာ စစ်ကိုင်းမြို့ဖြစ်၍ မြေအောက်ရေထုတ်ယူ သုံးစွဲမှုသည် ၅၅ရာခိုင်နှုန်းဖြစ်သည်။

"မန္တလေးက မြေအောက်ရေကို တစ်ရာရာခိုင်နှုန်းသုံးထားလို့ နောက်ထပ်ရေတွင်း မတူးသင့်တဲ့နေရာပါ။ မြေအောက်ရေကိုလည်း ပိုပြီးသတိထားသုံးသင့်တယ်" ဟု ယင်းပုဂ္ဂိုလ်ကပြောသည်။

ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ မန္တလေးမြို့သည် ယခင်ထက် လူဦးရေတိုးလာပြီး မြို့ကွက်သစ်များ တိုးချဲ့လာခြင်းနှင့် သက်ဆိုင်ကြောင်း၊ ထို့ကြောင့် မြေအောက်သုံးစွဲမှုထက် စီးဆင်းသော ရေကိုထုတ်ယူသုံးစွဲသည့်နည်းလမ်းကို သုံးသင့်ကြောင်း ယင်းပုဂ္ဂိုလ်ကပြောသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တွင် သောက်သုံးရေဖူလုံစေရေးအတွက် ဧရာဝတီမြစ်မှ တစ်ဆင့် မြစ်ရေများကို ပြန်လည်သန့်စင်ပြီး သောက်သုံးရေကန်များ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေသည်။ ယင်းစီမံကိန်းမှာ ယခင် ဒုဋ္ဌဝတီမြစ်မှ ဂျပန်နည်းပညာဖြင့် သောက်သုံးရေကန်ဆောက်လုပ်မှုများကိုပြောင်းလဲခဲ့သည့်စီမံကိန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



# ရွေးကောက်ပွဲမဲပေးခွင့်ရှိသူများစာရင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်ရုံးများတွင် ထုတ်ပြန်ကြေညာ

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ စက်တင်ဘာ-၂၀

ရွေးကောက်ပွဲကော်မရှင်က ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်ရုံးခွဲများတွင် ယနေ့စတင်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

"ညကမှ ကော်မရှင်က စာရင်းတွေ ရောက်ပါတယ်။ စာရင်းက ညနေလောက်မှကပ်ပါမယ်။ ခုလောလောဆယ်က မှတ်ပုံတင်တွေ ဘာတွေ ပြန်ပြီးတိုက်စစ်နေလို့ပါ"ဟု ဒဂုံမြို့နယ်ရှိ ယောမင်းကြီးရပ်ကွက်ကော်မရှင်ရုံးမှ တာဝန်ခံကပြောကြားသည်။ မဲစာရင်းပါအမည်နှင့် အချက်အလက်များအား ပြင်ဆင်ကန့်ကွက်လိုပါက ယနေ့မှစ၍ ၇ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ရပ်ကွက်ကော်မရှင်ရုံးတွင် ကြေညာထားသည်ကိုတွေ့ရသည်။ မိမိနေထိုင်သည့် ရပ်ကွက်ကျေးရွာအုပ်စု မဲစာရင်းတွင် ပါဝင်ခြင်းမရှိသူများသည်လည်း မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် မဲစာရင်းထုတ်ပြန်သည့်နေ့မှ ၇ရက်အတွင်း ထိုရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။

မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့လိုလျှင်လည်း အိမ်ထောင်စုစာရင်း ပုံစံ၁၀နှင့်အတူ လက်ရှိမဲဆန္ဒနယ်မဲစာရင်း၌ မိမိအမည်ကို ပယ်ဖျက်ကာ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တင်သွင်းတောင်းဆိုနိုင်သည်။

## စင်ကာပူတွင် အမ်အာတီ ရထားတိုက်မိ၍ မြန်မာအမျိုးသားတစ်ဦးသေဆုံး

အေးမြကျော်

စင်ကာပူ၊ စက်တင်ဘာ - ၂၀

စင်ကာပူနိုင်ငံရှိ စတစ်အမ်အာတီ ဘူတာရုံတွင် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက ရထားတိုက်မိသဖြင့် မြန်မာအမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း စင်ကာပူအခြေစိုက် My Paper သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

သေဆုံးသူ မြန်မာအမျိုးသားသည် စက်တင်ဘာ ၁၉ရက် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်အချိန်က ရထားပြေးလမ်းပေါ်သို့ ပြုတ်ကျခဲ့ပြီး ရထားလာစဉ် တိုက်မိခဲ့ကာ သေဆုံးခဲ့ရခြင်းဖြစ်ပြီး သေဆုံးသူသည် ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုတွင် စီမံကိန်းအရာရှိဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။

အဆိုပါ သေဆုံးသူသည် အသက် ၃၀ အရွယ်ရှိပြီး ယင်းသေဆုံးမှုနှင့်ပတ်သက်၍ စင်ကာပူရဲဌာနက သမားရိုးကျမဟုတ်သောသေဆုံးမှုအဖြစ် သတ်မှတ်ကာ အထူးစုံစမ်းစစ်ဆေးရေးများပြုလုပ်နေကြောင်း သိရသည်။

ထို MRT ရထားဘူတာရုံမှပင် ၂၀၀၀ ပြည့်နှစ်က အမျိုးသမီးတစ်ဦး ရထားပြေးလမ်းပေါ်သို့ ပြုတ်ကျခဲ့ဖူးပြီး MRT ရထားမောင်းနှင်သူက အချိန်မီ ဘရိတ်အုပ်နိုင်ခဲ့သဖြင့် ထိုအမျိုးသမီးမှာ ထိခိုက်ဒဏ်ရာများသာ ရရှိခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။ Ref: My Paper



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

Crime Corner

## ၉ နှစ်ရွယ်ကလေးငယ်အား အဓမ္မပြုကျင့်၍ သတ်ခဲ့သူများကို သေဒဏ်နှင့်ပြစ်ဒဏ်ကြီးများချမှတ်

နေလင်းအောင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၂**

အသက် ၉ နှစ်ရွယ်သာရှိသေးသည့် မိန်းကလေးငယ်အား အဓမ္မပြုကျင့်၍ ဓားနှင့်ခုတ်သတ်ခဲ့သည့် တရားခံသုံးဦးအား ပဲခူး ဒုတိယခရိုင်တရားရုံးမှ ပြစ်ဒဏ်အသီးသီးချမှတ်လိုက်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

ပြီးခဲ့သည့် ၂၀၀၉ခုနှစ် မတ်လ ၄ရက်က သနပ်ပင်မြို့နယ်နေ မ××××အား တရားခံဘော(ခ)ညွန့်ဆန်း (၂၃)နှစ်၊ စိုးနိုင် (၃၈)နှစ်နှင့် ညွန့်ဝင်း(၄၅)နှစ်တို့သုံးဦးက ပြစ်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအမှုနှင့် ပတ်သက်၍ ယခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်သည်။

စစ်ဆေးပေါ်ပေါက်မှုများအရ တရားခံဘောဂ(ခ)ညွန့်ဆန်း(၂၃)နှစ်အားပြစ်မှုပုဒ်မ (၃၀၂) (၁)(ဂ)/၁၁၄အရ သေဒဏ်ကျခံစေရန်၊ တရားခံစိုးနိုင် (၃၈)နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် ၃၇၆အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန်၊ ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပြီး တရားခံပြေး ညွန့်ဝင်း(၄၅နှစ်) အားကျင့်(၈၇/၈၈)ထုတ်ပြန်၍ တရားခံပြေးအဖြစ် အတည်ပြုအမိန့်ချမှတ်ပြီး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

## ပြည့်တန်ဆာပွဲစားအမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

စောရန်နိုင်

**ပခုက္ကူ၊ စက်တင်ဘာ - ၁၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် စားသောက်ဆိုင်သို့ပြည့်တန်ဆာလုပ်ငန်းအတွက် အမျိုးသမီးများ လိုက်လံရှာဖွေပို့ဆောင်ပေးခဲ့သည့်အမျိုးသမီးတစ်ဦးအား စက်တင်ဘာ ၁ရက်က သက်ဆိုင်ရာမှ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနေ့နံနက်ပိုင်းက ပခုက္ကူမြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ထင်ပေါ်နှင့်အဖွဲ့သည် နယ်မြေသတင်း စုံစမ်းနေစဉ် အမှတ်၃ရပ်နေ မ×××က မိန်းကလေးများအား စုဆောင်းပြီး အခကြေးငွေယူကာ ပြည့်တန်ဆာကိစ္စအလို့ငှာ ရေနံမြေ့သို့ ပို့ဆောင်ပေးနေသည်ဟု သတင်းရပြီးနောက် စောင့်ကြည့်စဉ် အဆိုပါနေ့ နေ့လယ်အချိန်ခန့်တွင် ယင်းအမျိုးသမီးသည် ရပ်ကွက်အတွင်းရှိ အမျိုးသမီးငယ်နှစ်ဦးအား စည်းရုံးပြီး ပို့ဆောင်ရန် ကားဂိတ်သို့ ခေါ်ဆောင်လာသည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များနှင့်သက်သေများပူးပေါင်း၍ ကားဂိတ်သို့သွားရောက်စစ်ဆေးကာ ပို့ဆောင်ပေးသည့် မ××××နှင့် အမျိုးသမီးနှစ်ဦးအား သက်ဆိုင်ရာရဲစခန်းသို့ခေါ်ဆောင်ပြီး မေးမြန်းခဲ့ရာ မ××××က ရေနံမြေ့၌ အလုပ်ကောင်းကြောင်းနှင့် စားသောက်ဆိုင်တွင် ပြည့်တန်ဆာကိစ္စပျော်ပါးရန် တစ်ဦးလျှင် ကျပ်သုံးသောင်းအကျိုးအမြတ်ရယူကာ အပ်နှံပေးသွားမည်ဖြစ်ကြောင်းပြောဆိုပြီး ခေါ်ဆိုခဲ့ကြောင်း ထွက်ဆိုခဲ့သည်ဟုဆိုသည်။ အဆိုပါအမှုနှင့်ပတ်သက်ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ ပြည့်တန်ဆာကိစ္စအလို့ငှာ မိန်းကလေးများအား စုဆောင်းပို့ဆောင်ပေးသူ မ×××××အား အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ သက်ဆိုင်ရာရဲ စခန်းက (ပ)၃၂၁/၁၀၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

# ရေထွက်ကုန် အခြေခံသတ်မှတ်ဈေး ရှစ်ရာခိုင်နှုန်းလျှော့

သန်းဌေး

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

**ပြည်ပပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းနေသောကြောင့် ငါးလုပ်ငန်း ဦးစီးဌာနမှ ရေထွက်ကုန်များ၏ အခြေခံသတ်မှတ်ဈေးနှုန်းများကို ရှစ်ရာခိုင်နှုန်းစီ လျှော့ချပေးလိုက်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူးချုပ်ကပြောကြားသည်။**

"ဟေဆာ(ငါးသားလောက်)ကတော့ အရေးကြီးထွက်ကုန်မို့ မလျှော့ပါဘူး။ ကျန်တာက သင့်တင့်မျှတဖို့ လိုအပ်လို့ လျှော့တာပါ" ဟု ယခုလ ၁၄ရက် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက ပြောကြားသည်။

"ငါးဦးစီးက သတ်မှတ်ဈေး လျှော့ပေးလိုက်တော့ အခွန်ဆောင်ရငွေပိုသက်သာသွားတာပေါ့" ဟု ရေထွက်ကုန်တင်ပို့သူတစ်ဦးကပြောသည်။

ယခုကဲ့သို့ သတ်မှတ်ဈေးနှုန်းအား လျှော့ချပေးသောကြောင့် ပို့ကုန်ရငွေအပေါ် ၁၀ရာခိုင်နှုန်းဆောင်ရခြင်းမှာ မပြောင်းလဲသော်လည်း ယခင်ကထက် ကန်ဒေါ်လာအခွန်ငွေပေးဆောင်ရမှု လျော့နည်းသွား၍ ပြည်ပတင်ပို့သူများသက်သာရသကဲ့သို့ မွေးမြူရေးသမားများလည်း ဈေးနှုန်းပိုရလာနိုင်ကြောင်း ယင်းက သုံးသပ်ပြောကြားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်ပတင်ပို့သူများအနေဖြင့် တွက်ခြေမကိုက်ပါက မွေးမြူသူများကို ဈေးလျှော့ပေးဝယ်လေ့ရှိကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ သတ်မှတ်ဈေးနှုန်းများမှာ အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ၂၀၁၀ ခုနှစ်နောက်ဆုံး ၃ လအတွက်သာအကျုံးဝင်မည်ဖြစ်၍ ထိုကာလပြီးပါက ဈေးနှုန်းသတ်မှတ်ချက်ပြန်လည်မြင့်တက်လာဖွယ်ရှိသောကြောင့် ငါးမွေးမြူသူလုပ်ငန်းရှင်များက စိုးရိမ်နေကြသည်။

ပြည်ပတင်ပို့သူများက ငါးမြစ်ချင်းငါးမွေးမြူသူများထံမှ ရက်သတ္တတစ်ပတ်လျှင် တစ်ပိဿာကို ၅၀ ကျပ်နှုန်းလျှော့ကာ ဝယ်ယူလာသောကြောင့် မွေးမြူသူများ နစ်နာနေရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့ကြောင့် တစ်ပိဿာခြောက်ဆယ်ကျပ်သားအရွယ်ရှိ ငါးမြစ်ချင်းငါးများကို တစ်ပိဿာလျှင် ၂,၃၀၀ ကျပ်နှုန်းဖြင့် ဝယ်နေရာမှ ယခုအခါ ၂၅၀ ကျပ်လျှော့ကာ ၂,၀၅၀ ကျပ်နှုန်းသာ ဈေးပေးကြောင်း ၎င်းတို့ကဆိုသည်။

ထိုအခါ မွေးမြူသူများမှာ စီးပွားရေးတွက်ခြေမကိုက်ဖြစ်လာကာ ဆက်လက်မွေးမြူမှုမရှိဘဲ ပြည်ပတင်ပို့သူများမှာလည်း ကန်ဒေါ်လာဈေးနှုန်းနှင့် ပို့ကုန်ရငွေလဲလှယ်နှုန်းများ ကျဆင်းလာ၍ မတင်ပို့နိုင်သော အခြေအနေဖြစ်လာနိုင်သဖြင့် ငါးလုပ်ငန်းဦးစီးဌာနက ယခုကဲ့သို့ သတ်မှတ်ဈေးနှုန်းများကို ရှစ်ရာခိုင်နှုန်းစီ လျှော့ချသတ်မှတ်ကြောင်း ညွှန်ကြားရေးမှူးချုပ်ကပြောကြားသည်။

# ဆိုက်ရောက်ဗီဇာလျှောက်ထားမှုကို ခရီးသွားလုပ်ငန်းရှင်အသင်းဝင် ကုမ္ပဏီများမှ လက်ခံမည်ဟုဆို

အောင်သူရ

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) အသင်းဝင်ကုမ္ပဏီများမှ လျှောက်ထားသော ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာကို လက်ခံမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ စက်တင်ဘာ၃ရက်ညနေ၄နာရီအချိန်တွင်ခရီးစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ရောက်ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးခြင်းအား ၂၀၁၀စက်တင်ဘာ ၁ ရက်မှစ၍ ဆိုင်းငံ့ထားပြီးနောက် မြန်မာသံရုံးမရှိသည့် နိုင်ငံများတွင် ကမ္ဘာ့လှည့်ခရီးသည် ပြည်ဝင်ခွင့်ရယူရန် အခက်အခဲရှိကြောင်း ကုမ္ပဏီများက တင်ပြလာသဖြင့် UMTA အနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြခဲ့ရာမှ စက်တင်ဘာ ၃ ရက်တွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ ဆိုက်ရောက်ပြည်ဝင်ခွင့်လျှောက်ထားလိုသော အသင်းမဝင်ရသေးသည့် လိုင်စင်ရကုမ္ပဏီများအနေဖြင့် UMTA သို့ အသင်းဝင်ရန်လည်း နှိုးဆော်ပါကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင်ပါရှိသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းသို့ အသင်းဝင်အဖြစ် ဝင်ရောက်လိုပါက အသင်းဝင်ကြေးအဖြစ် ဒေါ်လာ၊ အက်ဖ်အီးစီ ၄၀နှင့် မြန်မာကျပ်ငွေလေးသောင်းကျသင့်မည်ဟု အသင်းမှ တာဝန်ရှိသူကပြောသည်။

ထိုကဲ့သို့ အသင်းဝင်မဟုတ်ပါက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် ထောက်ခံချက်ရယူပြီးမှသာ ဆိုက်ရောက်ဗီဇာအတွက် စိစစ်လက်ခံမည်ဟု သိရှိရပါသည်။

"ဘာလုပ်ရမယ်ဆိုတာ ထုတ်ပြန်ပေးတော့ လုပ်ရ ကိုင်ရတာ အဆင်ပြေသွားတာပေါ့"ဟု ခရီးသွားလုပ်ငန်းရှင်အချို့က ဆိုသည်။ ထို့ကြောင့် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကမ္ဘာ့လှည့်ခရီးသည်များအတွက် ကြိုတင်ခွင့်ပြုဆိုက်ရောက်ပြည်ဝင်ခွင့် (Pre Arangement Visa on Arrival) အား စတင်လျှောက်ထားနိုင်တော့မည်ဟုသိရသည်။

# ပုဂ္ဂလိကအက်ဖ်အမ်လိုင်းများအတွက် သီးသန့်စိစစ်ရေး မရှိသေးဟုဆို

နေလင်းအောင်

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ပြည်တွင်း၌ ထုတ်လွှင့်ခွင့်ရထားသော ပုဂ္ဂလိက အက်ဖ်အမ်ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်မှုများနှင့်ပတ်သက်၍ စိစစ်တည်းဖြတ်သော ဆင်ဆာအဖွဲ့သီးသန့်မရှိသေးကြောင်း စုံစမ်းသိရှိရသည်။ ဖျော်ဖြေရေးနှင့် သတင်းထုတ်လွှင့်ရေး မီဒီယာများအဖြစ် ရပ်တည်လျက်ရှိသော ပုဂ္ဂလိကအက်ဖ်အမ်ရေဒီယို၇ခုသည် ဖျော်ဖြေရေးအစီအစဉ်များအတွက်မူ ပြန်ကြားရေးသို့ စိစစ်ရန်တင်ရန် မလိုကြောင်း သိရသည်။

"ကိုယ်ပိုင်အစီအစဉ်တွေအတွက်တော့ သီးသန့်စိစစ်တာမျိုး မရှိပါဘူး။ ဒါပေမဲ့ အစီအစဉ်မှူးတွေကတော့ သတိထားရတယ်။ အရေးကြီးတဲ့အခါမျိုးမှာ အထက်ကို တင်ပြပြီးမှ လွှင့်တာမျိုးပဲရှိပါတယ်" ဟု ထုတ်လွှင့်သည့် အစီအစဉ်များ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ပတ္တမြားအက်ဖ်အမ်ရေဒီယိုမှ အစီအစဉ်မှူးတစ်ဦးကပြောသည်။ လက်ရှိပုဂ္ဂလိက အက်ဖ်အမ်လိုင်းများတွင်လည်း ရုပ်သံထုတ်လွှင့်ကျွမ်းကျင်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ကိုင်ဖူးသူများကို ခန့်အပ်ထားကြပြီး၊ အက်ဖ်အမ်ရေဒီယိုများ၏ အစီအစဉ်များ စိစစ်ရန်လိုအပ်ပါက ရံဖန်ရံခါသာ မြန်မာ့ရုပ်မြင်သံကြားသို့ ပေးပို့ကြရကြောင်းသိရသည်။

လက်ရှိတွင် အက်ဖ်အမ်ထုတ်လွှင့်မှုအစီအစဉ်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတွင် အဖွဲ့တစ်ဖွဲ့ထားရှိပြီး အရေးကြီးသည့်ထုတ်လွှင့်မှုအချို့ကို ယင်းအဖွဲ့မှ စိစစ်ပေးနေခြင်းဖြစ်ကြောင်းသိရသည်။ ပုဂ္ဂလိကအက်ဖ်အမ်များတွင် ထုတ်လွှင့်လျက်ရှိသည့် ဖျော်ဖြေရေး၊ လူမှုရေး၊ စီးပွားရေးအစီအစဉ်များအား သက်ဆိုင်ရာအက်ဖ်အမ်က ကိုယ်တိုင်တည်းဖြတ်ပြီး သတင်းများ၊ ကြေညာထုတ်ပြန်ချက်များအတွက်မူ ယင်းဌာနသို့ တင်ပြစိစစ်ခံရကြောင်း သိရသည်။


TRI
LIVES BRILLIANTLY


g
Giorenzo®
COLLECTION
MEN'S AND LADIES' WEARS
THE QUALITY OF DREAM

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ရန်ကုန်ဘူတာကြီးတွင် လုံခြုံရေးတိုးမြှင့်

**ခင်ဖွေး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**

ဗိုလ်ချုပ်ဈေး ခုံးကျော်သစ်သားတံတားပေါ်တွင် မိုင်းတွေ့ရှိပြီးသည့်နောက် ရန်ကုန်ဘူတာကြီးတွင် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်နေကြောင်း ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရထားစီး ခရီးသွားပြည်သူများ လိုက်နာစေရန်အတွက် မိုင်းအသိ၊ မိုင်းသတိ ကြေညာစာကို စက်တင်ဘာ ၁၃ရက်မှ စ၍ (၁၃-၉-၂၀၁၀)ကပ်ထားပြီး ၂၄ နာရီ လုံခြုံရေးတပ်ဖွဲ့ဝင်များတိုးချဲ့၍ စစ်ဆေးလျက်ရှိသည်ဟုဆိုသည်။

"အရင်ကတော့ ပုံမှန်လောက်ပဲစစ်ဆေးတာပါ။ ခရီးသွားပြည်သူတွေအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်တာကို လက်ခံစေချင်ပါတယ်။ မိုင်းကို အဝင်၊ အထွက် ရှာတဲ့အပြင် ရထားပေါ်တွေကို ပါအချိန်ပြည့်ရှာတယ်။ သံလမ်းတွေကိုလည်း အလှည့်ကျကင်းလှည့်စစ်ဆေး တယ်"ဟု အထက်ပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။



*ယခုနှစ်လယ်ပိုင်းကတွေ့မြင်ရသော ရန်ကုန်ဘူတာကြီး။*
*ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)*

ရန်ကုန်ဘူတာကြီးလုံခြုံရေးအား တာဝန်ခံရဲ၊ နယ်မြေခံရဲတပ်ဖွဲ့၊ ရထားရဲ၊ လုံခြုံရေးတပ်ဖွဲ့တို့က မိုင်းရှာကိရိယာဖြင့် ရှာဖွေစစ်ဆေးလျက်ရှိသည်။

ထို့အပြင် ရွှေတိဂုံစေတီတော်နှင့် ကားဂိတ်အချို့တွင်လည်း မိုင်းအသိ၊ မိုင်းသတိ သတိပေးနှိုးဆော်စာများကိုကြေညာထားပြီး လုံခြုံရေးတင်းကျပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။အလားတူစက်တင်ဘာ ၁၈ ရက်မှ စတင်ပြသနေသော တပ်မတော်ခန်းမရှိကုန်စည်ပြပွဲတွင်လည်း လုံခြုံရေးကို အထူးဂရုတစိုက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

စက်တင်ဘာလ ၉ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးမြောက်ဘက်တန်းနှင့် ယောမင်းကြီးတို့ ဆက်သွယ်ထားသည့် ရထားလမ်းခုံးကျော်လူကူးသစ်သားတံတားပေါ်၌ ချိန်ကိုက်မိုင်းတစ်လုံးကို သက်ဆိုင်ရာက အချိန်မီရှာဖွေတွေ့ရှိခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၈ ရက်ကလည်း သထုံမြို့နယ် ဒေါ်ဝင်းကျေးရွာအုပ်စုရှိ လယ်ကွင်းအတွင်းရှိ ဓာတ်အားလိုင်းတာဝါတိုင်တွင် ထောင်ထားသော မိုင်းငါးလုံးအား ရှာဖွေရှင်းလင်းနိုင်ခဲ့သည်ဟု ဆိုသည်။

## မန်းတွင် ဆိုင်ခန်း ၈၀၀ ကျော် ပါဝင်သော မြရည်နန္ဒာဈေးသစ် စတင်အကောင်အထည်ဖော်

**ဖြိုး**

**မန္တလေး၊ စက်တင်ဘာ - ၁၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့တွင် ဆိုင်ခန်းပေါင်း ၈၀၀ ကျော်ပါဝင်သည့် မြရည်နန္ဒာဈေးသစ် ဆောက်လုပ်ရေးစီမံကိန်းအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရဲမြန်မာဆောက်လုပ်ရေးတို့ အကျိုးတူပူးပေါင်းဆောက်လုပ်မည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

မြရည်နန္ဒာ ဈေးသစ်စီမံကိန်းသည် မြရည်နန္ဒာမြို့သစ် ၄၉ လမ်းနှင့် လမ်း ၅၀ကြား၊ မဥ္ဇူလမ်းနှင့် ခတ္တာလမ်းကြားတွင် ရှိပြီး ဈေးမြေအကျယ်မှာ ပေ ၆၀၀ × ပေ ၄၀၀ ခန့်ရှိသည်။ စီမံကိန်းကာလသည် တစ်နှစ်ခွဲဖြစ်ပြီး လူနေဆိုင်ခန်း အခန်း ၅၀ ခန့်၊ အထည်ဆိုင်ခန်း ၁၈၀ ခန့်နှင့် ပျံကျဆိုင်ခန်း ၆၀၀ ခန့်ဆောက်လုပ်မည်ဖြစ်သည်။ ဆိုင်ခန်းများအား လက်ရှိမြရည်နန္ဒာဈေးဟောင်း၌ ဈေးရောင်းချနေသောဈေးသူ၊ ဈေးသားများအား ဦးစားပေးစနစ်ဖြင့် သုံးရစ်ခွဲကာ အရစ်ကျရောင်းချပေးမည်ဖြစ်သည်ဟုဆိုသည်။ စီမံကိန်း၏ ပတ်လည်လမ်းများအား မြို့တော်စည်ပင်မှ ကတ္တရာလမ်းခင်းပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့်သားသတ်ဌာနမှူးက ပြောကြားသည်။

"ပျံကျဆိုင်ခန်းတွေကို စက်တင်ဘာ ၁၅ ရက်က စတင်ရောင်းချပေးပြီး အထည်ဆိုင်ခန်းနှင့် လူနေဆိုင်ခန်းတွေကိုတော့ စက်တင်ဘာလကုန်မှာ ရောင်းချပေးမယ်"ဟု ရဲမြန်မာဆောက်လုပ်ရေးတာဝန်ခံဦးရဲလင်းက ရှင်းလင်းပြောကြားသည်။

# နေပြည်တော်ကျပ်ငါးသိန်းတန်ဖုန်း ကြိုတင်ငွေချေကတ်များ ပစ္စည်းပြတ်၍ ထိန်းရောင်း

**ထူးသန့်၊ သိမ့်သိမ့်စိုး**

**နေပြည်တော်၊စက်တင်ဘာ -၁၆**

နေပြည်တော် ပျဉ်းမနားမြို့ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်အမျိုးအစား၌အသုံးပြုသည့် ကြိုတင်ငွေချေကတ်များ ယခုရက်ပိုင်းအတွင်း ဝယ်လိုအားမြင့်တက်လာကာ ဆိုင်အချို့တွင်ပစ္စည်းပြတ်နေပြီး၊ အချို့ဆိုင်များတွင် တစ်ဦးလျှင်တစ်ကတ်နှုန်းဖြင့်သာ ထိန်းရောင်းပေးနေကြောင်း ဝယ်ယူအသုံးပြုသူအချို့ထံမှ သိရှိရသည်။

"ငါးသိန်းတန်ဖုန်းကတ်တွေက ပစ္စည်းပြတ်နေပြီဗျ။ ကျွန်တော် မနက်က လိုက်ဝယ်တာ သုံးဆိုင်မှာပြတ်နေပြီ။ လေးဆိုင်မြောက်(လူကြီးမင်း)ကျမှပဲ ရခဲ့တယ်။ ဒါလည်း လူတစ်ယောက်ကို တစ်ကတ်နှုန်းပဲ ရောင်းပေးတယ်လို့ပြောတယ်။ ပစ္စည်းပြတ်သွားမှာစိုးလို့ ထိန်းရောင်းနေတာ"ဟု သုံးသောင်းတန်ကတ်ဝယ်ယူခဲ့သူ ဦးစိုးမြိုင်ကပြောသည်။

၎င်းကဲ့သို့ပင် ပစ္စည်းဝယ်ယူရရှိရန် အခက်အခဲနှင့်ကြုံတွေ့ခဲ့ရသော၌ာနဆိုင်ရာဝန်ထမ်းတစ်ဦးကလည်း"ကျွန်တော်လည်းဝယ်လို့မရသေးဘူး။ သုံးသောင်းတန်မရှိလည်း တစ်သောင်းတန်ယူမယ်ဆိုတော့လည်းမရှိပြန်ဘူး"ဟု ၎င်း၏ အတွေ့အကြုံကို ပြောသည်။ ၎င်းတို့၏အဆိုအရ ပစ္စည်းပြတ်လျက်ရှိသောဆိုင်များတွင်လည်း နေ့တွင်းချင်း(ညနေ)ပင် ပစ္စည်းရောက်ရှိမည်ဟု ဆိုင်များကပြန်လည်ပြောဆိုကြောင်းသိရှိရသည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင်ပါ တစ်ယူနစ်လျှင် ၆၀ ကျပ်နှုန်းဖြင့် ဆက်သွယ်အသုံးပြုနိုင်သည့် အဆိုပါဖုန်းများကို လူစိတ်ဝင်စားမှုများကာ လျှောက်ထားသူများ များပြားနေကြောင်း၊ ထိုသို့လျှောက်ထားရာတွင် ကြားမှတာဝန်ယူဆောင်ရွက်ပေးသောသူများလည်းရှိနေကာ အကျိုးဆောင်ခအဖြစ် အနိမ့်ဆုံးကျပ်ငါးသောင်းအထိယူ၍ ကတ်ရသည်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ၅ သိန်းတန် စီဒီအမ်အေဖုန်းအသုံးပြုမှု များပြားလာခြင်းကြောင့် ယင်းဖုန်းများအတွက် ဖုန်းအိမ်ဈေးကွက်တွင်လည်း အကျိုးသက်ရောက်မှုရှိခဲ့သည်။ ယခုရက်ပိုင်းအတွင်း၌ပင် ရောင်းအားသိသာစွာတက်လာသော ဖုန်းအိမ်အရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

"ဒီမှာက ရောင်းအားက တော်တော်တက်လာတယ်။ တစ်နေ့ကို အလုံး ၂၀၀ ကျော်လောက် ချပေးတယ်။ ဒါကြောင့် တစ်ဆကျော်လောက်ကို ရောင်းအားတက်သွားတယ်"ဟု နေပြည်တော်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလားတူရန်ကုန်ဈေးကွက်တွင်လည်း အရောင်းတက်လာပြီး ပုံမှန်ထက် ဆယ်ရာခိုင်နှုန်းကျော် ရောင်းအားမြင့်လာကြောင်း လူကြီးမင်းမိုဘိုင်းဖုန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေပြည်တော်တွင် ချထားပေးလျက်ရှိသည့် CDMA 450 ဖုန်းများအား ပြီးခဲ့သည့်စက်တင်ဘာလဆန်းပိုင်းမှစ၍ နေပြည်တော်သာမက တစ်နိုင်ငံလုံးအသုံးပြုနိုင်ရန်ကွန်ရက်ချဲ့ထွင်ပေးခဲ့ပြီဖြစ်သည်။

# သုံးနှစ်ကြာရပ်နားထားသော ရန်ကုန်အဲဝေး၏ရန်ကုန် – သံတွဲခရီးစဉ် ပြန်လည်ပြေးဆွဲမည်

**မြတ်စုမွန်၊ အိဖြူလွင်**

**သံတွဲ၊ စက်တင်ဘာ- ၁၈**

၂၀၀၇ ခုနှစ်မှ သုံးနှစ်ကြာရပ်နားထားခဲ့သော ရန်ကုန်အဲဝေး၏ ရန်ကုန်-သံတွဲလေယာဉ်ခရီးစဉ်ကို အောက်တိုဘာ ၁ ရက်မှ စတင်၍ ပြန်လည်ပြေးဆွဲတော့မည်ဟုငပလီရှိ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်ရုံးမှ သိရသည်။

ရန်ကုန်အဲဝေး၏ ရန်ကုန်-သံတွဲခရီးစဉ်သည် ၂၀၀၇ ခုနှစ်စက်တင်ဘာလမှ စတင်ရပ်နားထားခဲ့ခြင်းဖြစ်ပြီး ယခုခရီးစဉ် ပြန်လည်ပြေးဆွဲချိန်တွင် တစ်ပတ်လျှင် ၃ ကြိမ်မှ ၄ ကြိမ်ခန့်ထိပြေးဆွဲမည်ဖြစ်သည်ဟုသိရသည်။

မိုးကာလခရီးသွားဧည့်သည်ပါးချိန်တွင် ရပ်နားထားသည့် အဲမန္တလေးနှင့် အဲပုဂံတို့၏ ရန်ကုန်-သံတွဲ၊ ရန်ကုန်-စစ်တွေ ခရီးစဉ်များကိုလည်း ပြန်လည်ပြေးဆွဲတော့မည်ဟု သိရသည်။

အဲမန္တလေး၏ ရန်ကုန်-သံတွဲခရီးစဉ်ကို ယခုလ ၂၃ ရက်မှစ၍ အပတ်စဉ် တနင်္လာ၊ ကြာသပတေးနေ့တိုင်း ပြေးဆွဲမည်ဖြစ်ပြီး အဲပုဂံခရီးစဉ်ကို အောက်တိုဘာ ၁ ရက်မှစ၍ ပြေးဆွဲမည်ဖြစ်သည်။



*ဓာတ်ပုံ- အင်တာနက်*

အဲပုဂံ၏ ရန်ကုန်- သံတွဲခရီးစဉ်သည် ပွင့်လင်းရာသီတွင် နေ့စဉ်ပြေးဆွဲပေးသော ခရီးစဉ်ဖြစ်ပြီး မိုးကာလတွင်မူ ဧည့်သည်အလာကျဲပါးမှုနှင့်ရာသီဥတုကြောင့် ခရီးစဉ် ရပ်နားခြင်းဖြစ်သည်ဟု သိရသည်။

ယခင်နှစ်၏ လက်မှတ် ဈေးနှုန်းမှာ ပြည်တွင်းခရီးသည်များအတွက် ကျပ်ခြောက်သောင်းခွဲဖြစ်ပြီး၊ နိုင်ငံခြားသားခရီးသည်အတွက် အမေရိကန်ဒေါ်လာ(၈၀)ခန့်ရှိ၍ ယခုနှစ်အတွက် ဈေးနှုန်းကို မသိရသေးကြောင်း အဆိုပါလက်မှတ်အရောင်းကိုယ်စားလှယ်ရုံးမှ သိရသည်။

ယခုနှစ်တွင်လည်း ငပလီကမ်းခြေ (သံတွဲ)သို့ ဧည့်သည်လာရောက်မှု များပြားနိုင်ကြောင်း ခန့်မှန်းထား၍ ယခုကဲ့သို့ ၃ နှစ်ကြာ ရပ်နားထားသည့် ရန်ကုန်အဲဝေး၏ ခရီးစဉ်များပါ ပြန်လည်ပြေးဆွဲခြင်းဖြစ်နိုင်ကြောင်း ယင်းကိုယ်စားလှယ်က သုံးသပ်ပြောကြားသည်။

# အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်က အပ်ငွေလက်ခံပြီး ချေးငွေလည်းထုတ်ပေးမည်ဟုဆို

**သန်းဋ္ဌေး**

**ရန်ကုန်၊ စက်တင်ဘာ – ၁၅**

အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (AGD)က အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ချေးခြင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကမာရွတ်ဘဏ်ခွဲမှ အမှုဆောင်ဒါရိုက်တာဦးသက်လွင်ရွှေက စက်တင်ဘာ ၁၅ ရက်ကပြောကြားသည်။

"ကမ္ဘောဇ၊ မြဝတီတို့နဲ့ ငွေလွှဲချိတ်ဆက်လို့ရတယ်။ အပ်ငွေကတော့ ကြိုက်သလောက် သွင်းလို့ရတယ်"ဟု ယင်းက ဆက်လက်ပြောကြားသည်။

ချေးငွေလုပ်ငန်းများကိုလည်း စတင်ထုတ်ချေးပေးနေပြီး ဘဏ်တိုးကို ဗဟိုဘဏ်မှ သတ်မှတ်သည့်အတိုင်း တစ်နှစ်လျှင် ၁၇ ရာခိုင်နှုန်းနှင့် အပ်ငွေအပေါ် ၁၂ ရာခိုင်နှုန်းပေးမည်ဟုဆိုသည်။

ချေးငွေထုတ်ချေးရာတွင် ဆုံးရှုံးမှုမရှိစေရန် အပေါင်ပစ္စည်းတင်ပြရန်လိုအပ်ပြီး ငွေချေးသူတွင် လုပ်ငန်းလည်း ရှိဖို့ လိုအပ်ကြောင်း ဦးသက်လွင်ရွှေက ပြောသည်။

"အပေါင်ပစ္စည်း ဘယ်လောက်ကောင်းကောင်း လုပ်ငန်းမရှိရင် မချေးပါဘူး"ဟု ယင်းက ချေးငွေထုတ်ပေးမည့် အစီအစဉ်ကို ဖြည့်စွက်ပြောကြားသည်။

အေဂျီဒီဘဏ်သည် ထူးထရေးဒင်းကုမ္ပဏီပိုင်ရှင်ဦးတေဇတစ်ဦးတည်းပိုင်ဖြစ်ပြီး နေပြည်တော်နှင့် ရန်ကုန်၊ ကမာရွတ်ဘဏ်ခွဲများ ဖွင့်လှစ်ပြီးဖြစ်ကာ မကြာမီကာလတွင် မန္တလေး၊ လမ်းမတော်နှင့် ဘုရင့်နောင်ဘဏ်ခွဲများကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

"ရန်ကုန်မြို့ရဲ့ စီးပွားရေးအချက်အချာကျတဲ့ နေရာတွေမှာ ဖွင့်ဦးမယ်"ဟု အဆိုပါဘဏ်မှ အမှုဆောင်ဒါရိုက်တာက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကမာရွတ်ဘဏ်ခွဲ (လှည်းတန်းမီးပွိုင့်အနီး)တွင် ဘဏ်ဝန်ထမ်းဦးရေ ၅၀ ခန့်ထားပြီး မန္တလေးတိုင်းဒေသကြီး၊ မန္တလေးဘဏ်ခွဲအတွက်လည်း ဝန်ထမ်း ၅၀ ခန့်ထားသကဲ့သို့ ထပ်မံဖွင့်လှစ်မည့် ဘဏ်ခွဲများတွင်လည်း ဝန်ထမ်းများခန့်ထားဦးမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အေဂျီဒီဘဏ်ကဲ့သို့ပင် မက်စ်မြန်မာကုမ္ပဏီမှဦးဆောင်ဖွင့်လှစ်သော ဧရာဝတီဘဏ်၏ ရန်ကုန်ဘဏ်ခွဲကိုလည်း စက်တင်ဘာ ၁၆ရက်က ဖွင့်လှစ်ခဲ့သည်။

အေဒင်ဂရုဖ်မှ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် အိုင်ဂျီအီးကုမ္ပဏီမှ ယူနိုက်တက်အမရာဘဏ်တို့မှာလည်း ရန်ကုန်ဘဏ်ခွဲများ ဖွင့်လှစ်ရန် စီစဉ်နေကြပြီး၊ ဘဏ်သစ်တစ်ခုစီလျှင် ဘဏ်ခွဲ ၁၀ ခုစီ ဖွင့်လှစ်ရန် ရည်မှန်းထားကြကြောင်း သတင်းရရှိသည်။



ထူးကုမ္ပဏီပိုင် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၏ ရန်ကုန်ဘဏ်ခွဲကို စက်တင်ဘာလ၁၆ရက်နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှုများကို ရယူအသုံးပြုနေသူများနှင့် ဘဏ်ဝန်ထမ်းများကို တွေ့ရစဉ်။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# အမျိုးသမီးရှစ်ဦးအား တရုတ်နိုင်ငံသို့ လူကုန်ကူးသည့်အဖွဲ့အား ဖော်ထုတ်ဖမ်းဆီး

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ – ၁၆**

မန္တလေးမြို့တွင် မိန်းကလေးရှစ်ဦးအား တရုတ်နိုင်ငံသို့ ခေါ်ဆောင်ပြီး လူကုန်ကူးရန် ကြံစည်နေသော လူငယ်နှစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးရေး(အထူး) အဖွဲ့နှင့်မန္တလေးမြို့တော်စည်ပင်ရဲတပ်ဖွဲ့တို့က စက်တင်ဘာ ၁၄ရက်ညနေ၅နာရီခွဲ အချိန်တွင် အမာခံသတင်း ပေးသူ၏ လူကုန်ကူးမှုသတင်းပေးချက်အရ မူဆယ်ဘက်သို့ထွက်ခွာမည့် ခရီးသည်တင်ယာဉ်လိုင်း တစ်လိုင်းပေါ်တွင် လူကုန်ကူးသူ မောင်×××× (၂၂နှစ်)၊ ဝါးခယ်မမြို့နေသူ နှင့် မောင်×××××(၁၈နှစ်) ညောင်ဝိုင်းရပ် တွံတေးမြို့နေသူတို့ထံမှ အမျိုးသမီးရှစ်ဦးအား လူကုန်ကူးရန် စည်းရုံးခေါ်ဆောင်ခဲ့သည်ကို သက်သေများနှင့်အတူ တွေ့ရှိပြီးနောက် တားဆီးနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

အထက်ပါအဖွဲ့က လူကုန်ကူးသည်ဟု မသင်္ကာအဖွဲ့အား ပြည်ကြီးမျက်ရှင်ကားဝင်းအတွင်းရှိ လုံခြုံရေးရုံးခန်း၌ ခေါ်ယူစစ်ဆေးရာ၊ အမျိုးသမီးရှစ်ဦးအား တရုတ်ပြည်တွင် အလုပ်လုပ်ပါက တစ်လလျှင် ကျပ်တစ်သိန်းခွဲခန့်ရရှိမည်ဟု မက်လုံးပေးစည်းရုံးကာ လူကုန်ကူးရန် ကြံစည်အားထုတ်မှုပေါ်ပေါက်ခဲ့သည်။

လူကုန်ကူးရန်အတွက် စည်းရုံးခေါ်ဆောင်ခြင်းခံရသော အမျိုးသမီးရှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှဖြစ်ပြီး အသက်အရွယ်အားဖြင့် ၁၈ နှစ်မှ ၅၀ နှစ်အတွင်း ပါဝင်သည်ကို စစ်ဆေးတွေ့ရှိရသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှုနှင့် ဆက်နွယ်သောအမှုများတွင် တရုတ်နိုင်ငံဘက်သို့ အများဆုံးလူကုန်ကူးသည်ကို တွေ့ရသဖြင့် မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးရေး(အထူး)အဖွဲ့မှ လားရှိုး၊ မူဆယ်၊ ပြင်ဦးလွင်ဘက်သို့ထွက်ခွာသော ပြည်ကြီးမျက်ရှင်အဝေးပြေးယာဉ်ရပ်နားစခန်း မန္တလေးမှ မူဆယ်သို့ ထွက်ခွာမည့်ခရီးသည်တင်ကားများကို နေ့စဉ်စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း လူကုန်ကူးမှုတားဆီးရေး(အထူး)အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူကုန်ကူးရန် ကြိုးပမ်းသော လူငယ်နှစ်ဦးအား နယ်မြေခံအမှတ် ၉ ရဲစခန်းက (ပ) ၄၆၅/၂၀၁၀ ပုဒ်မ ၃၆၆/၃၇၂ ဖြင့် အမှုဖွင့်အရေးယူထားသည်။



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ကျောက်မျက်ပြပွဲအတွက် ကြိုတင်ယူထားသော ဟိုတယ်အခန်းအမှာများ ရက်ရွှေ့

နန္ဒာအောင်

နေပြည်တော်၊ စက်တင်ဘာ – ၁၈

နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် နိုင်ငံတကာ ကျောက်မျက်ပြပွဲရက်ရွှေ့ဆိုင်းမှုကြောင့် တရုတ်နှင့် ဟောင်ကောင်ကုမ္ပဏီများမှ ကြိုတင်ယူထားသော အခန်းအမှာများအား ရက်ပြင်ဆင်ပြောင်းလဲသွားကြောင်း နေပြည်တော်ပျဉ်းမနားမြို့ရှိ သုခမြိုင်သမဝါယမမိုတယ် ဥက္ကဋ္ဌဦးခင်မောင်မြင့်ကပြောသည်။

နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲရွှေ့ဆိုင်းမှုကြောင့် တရုတ်နှင့် ဟောင်ကောင်ရှိ ကျောက်မျက်ရတနာကုမ္ပဏီများက ဩဂုတ်လကတည်းက ကြိုတင်အခန်းမှာဘွတ်ကင်လုပ်ထားသော အခန်းပေါင်း ၃၈ခန်းအား စက်တင်ဘာလအတွင်း၌ ရက်ပြန်လည်ပြင်ဆင် ပြောင်းလဲသွားကြောင်း ယင်းကပြောသည်။

ကျောက်မျက်ပြပွဲအတွက် နိုင်ငံခြားသားတည်းခိုသူများကို မြန်မာဧည့်သည်များထက် ဝန်ဆောင်ခပိုမိုတောင်းယူမည်ဖြစ်ပြီး ယခုအခါ ပြည်တွင်းဧည့်သည်များသာ တည်းခိုမှုများသည့် ရုံးဖွင့်ရက်များတွင် စီးပွားရေးလုပ်ငန်းကိစ္စ၊ ဌာနဆိုင်ရာလုပ်ငန်းကိစ္စများအတွက်လာရောက်သည့် ဧည့်သည်အများဆုံးဖြစ်ကြောင်း ယင်းတာဝန်ရှိသူကပြောကြားသည်။

"ဘယ်ရက်ရယ်လို့တော့ မဟုတ်ပါဘူး။ ပြပွဲဖြစ်မယ့်အချိန်ထိ ရွှေ့ဆိုင်းထားပါတယ်။ သေချာရင်ပြန်ဆက်သွယ်ပါလိမ့်မယ်"ဟု ဦးခင်မောင်မြင့်က ဆက်လက်ပြောကြားသည်။ ထိုမိုတယ်နည်းတူ နေပြည်တော်ရှိ ဟိုတယ်များကရရှိလာသော အခန်းအမှာများလည်း ကျောက်မျက်ပြပွဲရက်ရွှေ့ဆိုင်းမှုကြောင့် ရက်ရွှေ့မှုများရှိကြောင်း သတင်းရရှိသည်။

# နိုဝင်ဘာလမှစ၍ ကုန်ကားများ အာဆီယံစံချိန်စံညွှန်းအတိုင်း တင်ဆောင်ရမည်ဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ စက်တင်ဘာ – ၁၅



ပြည်တွင်း၌ ပြေးဆွဲနေသော ကုန်တင်ယာဉ်အားလုံးကို လာမည့်နိုဝင်ဘာလမှစ၍ ဝင်ရိုးထမ်းအလေးချိန်(အာဆီယံစံချိန်စံညွှန်း) အတိုင်း တင်ဆောင်ရတော့မည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် လက်ရှိကာလမှစ၍ ကုန်တင်ယာဉ်များ၏အလေးချိန်ကို လျှော့ချတင်ဆောင်ရပြီဖြစ်ကြောင်း ဘုရင့်နောင်ဝင်းအတွင်းရှိ ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ယခုတစ်ပတ်အတွင်း၌ ကုန်စည်အများဆုံးတင်ဆောင်နေသော ၁၂ဘီးကားသည် အများဆုံး ၅၃တန်သာတင်ဆောင်နိုင်ကြောင်းသိရသည်။ ယင်းကားများမှာ ပုံမှန်အားဖြင့် ၅၅ တန်မှ တန် ၆၀ အထိတင်ဆောင်နေကြောင်း သိရသည်။

ထို့အပြင် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိလည်း ၄၆ တန်ထက် ပို၍တင်ဆောင်နိုင်တော့မည်မဟုတ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၌ အစည်းအဝေးတက်ရောက်ခဲ့သော ကားဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

သို့သော် လာမည့်အောက်တိုဘာလမှစ၍ ၁၂ဘီးကားများမှာ ဝင်ရိုးလေးခုတပ်ကားဖြစ်သောကြောင့် ယာဉ်နှင့်ကုန်၂၅တန်သာအများဆုံးတင်ဆောင်နိုင်တော့မည်ဖြစ်သည်။ ယင်းလတွင် ဆယ်ဘီးနှင့် ခြောက်ဘီးကားများမှာ ယင်းနှုန်းထက် ပိုတင်ဆောင်၍မရသော်လည်း ဝင်ရိုးထမ်းသတ်မှတ်ချက်အတိုင်း တင်ဆောင်စရာမလိုသေးကြောင်းသိရသည်။

"နိုဝင်ဘာလဆိုရင် ၁၂ ဘီး ကားတင်မဟုတ်ဘူး၊ ၁၀ဘီးရော၊ ၁၂ဘီးရော အကုန်လုံး ဝင်ရိုးထမ်းသတ်မှတ်ချက် အတိုင်းပဲတင်ရတော့မှာ"ဟု ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ထို့ကြောင့် ယင်းလများတွင် တန်ဆာခနှုန်းထားများမှာ မြင့်တက်သွားမည်ဖြစ်၍ ကုန်ဈေးနှုန်းအချို့လည်း မြင့်လာနိုင်ကြောင်း ကားဂိတ်ပိုင်ရှင်များက သုံးသပ်ပြောကြားသည်။

နိုဝင်ဘာလတွင် ဝင်ရိုးနှစ်ခုတပ်ခြောက်ဘီးကားမှာ ယာဉ်နှင့်ကုန် ၁၆ တန်နှင့် ဝင်ရိုးသုံးခုတပ် ၁၀ဘီးကားမှာ ယာဉ်နှင့်ကုန် ၂၁တန်သာ တင်ဆောင်နိုင်တော့မည်ဖြစ်သည်။

# လိုင်းကားများအား ယာဉ်စည်းကမ်းကြီးကြပ်သော ပုံစံပြောင်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ စက်တင်ဘာ – ၁၅

**ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော လိုင်းကားများအား ယာဉ်ထိန်းရဲများကစစ်ဆေးပြီး လိုင်စင်အသိမ်းခံရပါက ရဲမှုကင်းရှင်းအောင် ဒဏ်ကြေးဆောင်ပြီးမှသာ လိုင်စင်ထုတ်ပေးသဖြင့် ယာဉ်လိုင်းအချို့ရပ်နားရသည်အထိ ရှိလာကြောင်း ယာဉ်မောင်းနှင့်ယာဉ် နောက်လိုင်းများကပြောသည်။**

အဆိုပါပုံစံမှာ စက်တင်ဘာ ၂ ရက်မှ စတင်ခြင်းဖြစ်ပြီး စတင်ပြုလုပ်ချိန်၌ ရပ်နားရသောကားအရေအတွက်များခဲ့ကြောင်း မထသအထူးယာဉ်လိုင်းတစ်စီးမှ ယာဉ်နောက်လိုက်တစ်ဦးက ပြောသည်။

"အရင်က လိုင်စင်ဖမ်းသွားရင် မိတဲ့အမှုနဲ့ လိုင်စင်အမြန်ထုတ်ကြေးပေးပြီး နေ့ချင်းလာထုတ်လို့ရတယ်။ အခု မိပြီဆိုရင် အရင်လတွေက မဆောင်တဲ့အမှုတွေရှိရင် အကုန်လုံးပေါင်းပြီး ဒဏ်ကြေးဆောင်ပြီးမှ ထုတ်လို့ရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဖမ်းဆီးမှုများတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း ချိုးဖောက်သော မော်တော်ယာဉ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေး လှည့်ကင်းအဖွဲ့များက ချလံဖြတ်အရေးယူခြင်း၊ ဓာတ်ပုံရိုက်အရေးယူခြင်း၊ ယာဉ်တွင် ယာဉ်မောင်းသူမရှိသဖြင့် မှတ်သားစာရွက်ကပ် အရေးယူခြင်း၊ မီးပွိုင့်လမ်းဆုံတာဝန်ကျတပ်ဖွဲ့ဝင်များက ယာဉ်နံပါတ်မှတ်သားအရေးယူခြင်း၊ ခေတ်မီပစ္စည်းကိရိယာဖြစ်သည့် e-police redinght running camera ဖြင့် ရိုက်ကူးအရေးယူခြင်းဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ အရေးယူမှုများကို ယခင်က စီအင်န်ဂျီဓာတ်ငွေ့သက်တမ်းတိုးမှသာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်များက ကျန်ရှိနေသော ဒဏ်ငွေပေးဆောင်ရကြောင်း သိရသည်။

သို့သော် စည်းကမ်းဖောက်ဖျက်သော ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ ပျက်ကွက်ခြင်းများကြောင့် ယခုကဲ့သို့ ပြစ်မှုကင်းရှင်းကြောင်း ယာဉ်နံပါတ်ဖြင့် ကွန်ပျူတာစစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်သဖြင့် ပြုလုပ်လာရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တချို့ဟာတွေက ယာဉ်ပိုင်ရှင်တွေက ဆောင်ပေးရတာ။ သူတို့ မဆောင်မချင်း ကားမလိုက်ရတဲ့ ရက်တွေရှိလာတယ်" ဟု အခုကဲ့သို့ ပြောင်းလဲခြင်းကြောင့် ကားသမားများ အခက်အခဲကြုံတွေ့ရပုံကို ယာဉ်နောက်လိုက်တစ်ဦးက ပြောသည်။

အဆိုပါ ပြစ်မှုများတွင် အချို့မှာ ကျပ်ထောင်ဂဏန်းဝန်းကျင်သာရှိသော်လည်း စီမံချက်ဖြင့် ဖမ်းဆီးသော အမှုများမှာ တစ်မှုလျှင် ၃၅,၀၀၀ကျပ်နှင့် အထက်အမှုများလည်းရှိကြောင်း ယာဉ်နောက်လိုက်တစ်ဦးကပြောသည်။

မော်တော်ယာဉ်များ ရဲမှုကင်းရှင်းစေရန် နေ့စဉ်ဒဏ်ဆောင်ရသော ကွန်ပျူတာများဖြင့် စစ်ဆေးမှုများကို မော်တော်ယာဉ်အားလုံးပေါ်တွင် ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွက် ဆန်စပါးလုပ်ငန်းအသင်း အလုပ်အမှုဆောင်များကို ရွေးချယ်

ဇာဇာနီ

ရန်ကုန်၊ စက်တင်ဘာ – ၁၅

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကို ဖွဲ့စည်းခဲ့ပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့် ရာထူးများ အသီးသီးရွေးချယ်ခဲ့ကြောင်း ယနေ့တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့သော အဆိုပါအစည်းအဝေးပွဲမှ သိရှိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတို့မှ ဆန်စပါးအသင်းအစုအဖွဲ့များမှ ကိုယ်စားလှယ် ၆၅ဦး တက်ရောက်ခဲ့ပြီး ယင်းတို့ထဲမှ ဥက္ကဋ္ဌရာထူး ၁ဦး၊ ဒု-ဥက္ကဋ္ဌ ၄ဦး၊ အတွင်းရေးမှူး ၃ဦး၊ ဘဏ္ဍာရေးမှူး ၂ဦး စုစုပေါင်း ၁၀ဦးကို တစ်ဦးချင်း မဲပေးရွေးချယ်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ ပြည်တွင်းရှိ ဒေသအသီးသီးတို့တွင် ဆန်စပါးအထူးပြု ကုမ္ပဏီများ စတင်ပေါ်ပေါက်လာခဲ့ပြီး ယခုအခါ အထူးပြုကုမ္ပဏီပေါင်း ၃၄ခုရှိလာပြီဖြစ်သည်။ ဒေသအသီးသီးရှိ မြို့နယ်အသီးသီးတို့မှ ဆန်စပါးအသင်းအဖွဲ့ပေါင်း ၇၉ခုတို့မှ အသင်းဝင်အင်အား ၆၉၂၉ဦးထိရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းအသင်းအဖွဲ့များအနေဖြင့် ဆန် စပါးစိုက်ပျိုး၊ ကြိတ်ခွဲ၊ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို ယခင်ထက်ပြုလုပ်၍ ယခုနှစ်တွင် အရည်အသွေးကောင်းသည့် တန်းမြင့်ဆန်များကို ထုတ်လုပ်တင်ပို့ရောင်းချသွားမည်ဟု အစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဥက္ကဋ္ဌဦးချစ်ခိုင်က ပြောသည်။

"ဆန်စပါးအသင်းခွဲတွေ ပေါ်လာတာကောင်းပါတယ်။ ဘာလို့လဲဆိုရင် လယ်သမားကို လယ်စိုက်ဖို့ဆိုပြီး တစ်ဧကကျပ်နှစ်သိန်းနှုန်းနဲ့ ငွေချေးပေးတယ်။ အတိုးက နှစ်ကျပ်နှုန်းနဲ့ပဲပေးရတဲ့အတွက် အပြင်ထက်စာရင် သက်သာတယ်။ နောက်စပါးပေးရင်လည်း စပါးပေါ်တဲ့အခါ ကိုယ်ရောင်းချင်ရောင်း မရောင်းရင်လည်းရတယ်ဆိုတော့၊ အရင်ထက်စာရင် လယ်သမားတွေ အသက်ရှုချောင်တယ်" ဟု ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ ကိုယ်စားလှယ်တစ်ဦးကပြောသည်။

# သန်လျင်-ကျောက်တန်း-သုံးခွလမ်းတွင် လမ်းအသုံးပြုခ စတင်ကောက်ခံ

ရန်ကုန်၊ စက်တင်ဘာ – ၁၆

သန်လျင်-ကျောက်တန်းသွား လမ်းအသုံးပြုခကို လမ်းပြုပြင်ခွင့်ရ ကုမ္ပဏီတစ်ခုက အသွားအပြန်လမ်းကြောင်းနှစ်ခု ဂိတ်ဖွင့်ကောက်ခံနေမှုကြောင့် ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့် အဆင်မပြေမှုများဖြစ်ပေါ်နေကြောင်း စုံစမ်းသိရသည်။

လမ်းအသုံးပြုခကောက်ခံခြင်းကို စက်တင်ဘာလ ၁ ရက်မှစတင်မည်ဖြစ်ကြောင်း ကြော်ငြာဆိုင်းဘုတ်များထားရှိကာ ကောက်ခံခြင်းဖြစ်ပြီး မြို့တွင်းဝင်ကြေးဘီးခွန်ဆောင်ထားပြီးသားယာဉ်များကိုပါ ကောက်ခံသည်ဟုသိရသည်။

လမ်းအသုံးပြုခကောက်ခံလျက်ရှိသော်လည်း လမ်းပြုပြင်ခြင်းလုပ်ငန်းစတင်ခြင်းမရှိသေးဘဲ ယာဉ်သွားလာမှုများသည့်လမ်းဖြစ်သဖြင့် လမ်းများမှာဆိုးရွားစွာပျက်နေစီးမှုရှိနေသည်ဟုဆိုသည်။

'ကျိုက်ခေါက်ဘုရားအကျော်နားက မြို့ဝင်ကြေးဂိတ်မှာလည်း ကောက်တယ်။ တံတားအတက်ဘက်ခြမ်းမှာလည်း ထပ်ကောက်တယ်။ ဘီးခွန်ဆိုတာ လမ်းသုံးတဲ့အတွက်ကောက်တဲ့အခွန်မျိုးမဟုတ်လား။ ခုကဆိုင်းဘုတ်နှစ်ခုထားပြီးကောက်တော့ ပေးရတယ်။ လမ်းသုံးခကောက်နေပေမယ့် လမ်းတွေကတော့ ချိုင့်ခွက်နဲ့ ပျက်စီးနေတာပဲ' ဟုခရီးသည်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။ လက်ရှိတွင် လမ်းအသုံးပြုခကို မြို့ဝင်ဘီးခွန်နှုန်းထားကြေညာချက်ဆိုင်းဘုတ်တွင် ပါရှိသည့်အတိုင်း ကောက်ခံသည်ဟုသိရသည်။

Vol.9, No.27 • SEPTEMBER 23, 2010

**မင်္ဂလာဒုံလေဆိပ်ဝင်းထဲ ခြေချလိုက်သည်နှင့် သူမရင်တွေ တဒိတ်ဒိတ်ခုန်နေတော့သည်။ ကိုယ့်မြေ၊ ကိုယ့်လေ၊ ကိုယ့်မိသားစုနှင့် ပြန်လည်ဆုံစည်းအကျွမ်းဝင်ရတော့မည်လေ။ ဒီမြေ၊ ဒီမိသားစုနှင့် ၂နှစ်ကြာမျှ ခွဲခွာခဲ့ရသည့်အတွက် သူမမည်မျှလွမ်းဆွတ်တသခဲ့ရသည်ကို သူမသာလျှင် အသိဆုံးပါ။ အိမ်ပြန်ရမည့်ရက်ကို လက်ချိုးရေတွက်ကာ စောင့်စားခဲ့ရသည့်နေ့ရက်တွေကနေ ယခုတော့သူမလွန်မြောက်ခဲ့ပါပြီ။**

# အိမ်ပြန်ငှက်

**ခွန်းဆင့်သူသူ**



သူမက စင်ကာပူမှာ အလုပ်သွားလုပ်သည့် House maid တစ်ဦးပါ။ House maid ဆိုပေမယ့် သူမက အင်္ဂလိပ်စကားကောင်းကောင်းပြောနိုင်သူမို့ အိမ်ရှင်၏ ကလေးနှစ်ယောက် (၆ နှစ်နှင့် ၈ နှစ်)ကိုစာသင်ပေးရသည့် အလုပ်ဖြစ်ပါသည်။ သူမက ကလေးတွေ ကျောင်းသွားဖို့ပြင်ဆင်ပေး၊ ပြီးရင် ကျောင်းပို့ကျောင်းကြိုလုပ်၊ ကျောင်းကပြန်လာရင် တစ်နေ့တာသင်ခဲ့တဲ့ သင်ခန်းစာတွေကိုကလေးတွေနဲ့အတူ ကျက်မှတ်ပေးရသည်။ သူဌေးလင်မယားက ကုမ္ပဏီဝန်ထမ်းတွေ၊ သူတို့လင်မယားက အလုပ်သွား၊ ကလေးတွေက ကျောင်းသွားချိန်မှာတော့ တစ်အိမ်လုံးမှာ ထမင်းချက်အဒေါ်ကြီးနှင့် သူမပဲကျန်ခဲ့တော့သည်။ အဲဒီအချိန်မှာ သူမက စာဖတ်၊ တီဗီကြည့်ပေါ့။ သို့သော် သူမ မနေတတ်ပါ။ ထမင်းချက်အဒေါ်ကြီး၏ အလုပ်တွေကို ကူလုပ်ပေးပါသည်။ သူဌေးမက မခိုင်းပေမယ့် အိမ်သန့်ရှင်းရေးလည်း လုပ်ပေးလိုက်ပါသည်။

ဒီတော့ အဒေါ်ကြီးကလည်း သူမကို ချစ်သည်။ သူဌေးမကလည်း ကြည်ဖြူသည်။ ပြီးတော့သူမကြောင့် သူတို့ကလေးတွေ အင်္ဂလိပ်စကား ပြောတတ်လာတာကို သဘောကျကြသည်။ သူမ မရောက်ခင်က သူတို့အိမ်မှာ တရုတ်လိုသာ ပြောကြပြီး အခုတော့ ကလေးတွေလည်း အကျင့်ဖြစ်အောင် အင်္ဂလိပ်လိုသာ ပြောကြတော့သည်။ သူဌေးက သူမကို "ရှေ့နေတွဲ့ရပြီး၊ ဘာဖြစ်လို့ ရှေ့နေ မလုပ်တာလဲ"လို့ မေးတော့ သူမက မချိပြုံးပြုံးကာ "အိမ်ကြီးကြီးဝယ်ချင်လို့"လို့ နောက်လိုက်တော့ သူတို့ရယ်ကြပါသည်။

ကလေးတွေကလည်း သူမကို ချစ်ကြသည်။ ကျောင်းစာအပြင် သူတို့ကို ပုံပြင်တွေ ပြောပြတော့ သဘောကျကြသည်။ သူမစကားကိုလည်း ကောင်းကောင်းနားထောင်ကြသည်။ အိမ်ရှင်မိသားစုက စရိုက်မဆိုးဝါးဘဲ စိတ်ထားကောင်းသောကြောင့် အလုပ်လုပ်ရသည်မှာ အဆင်ပြေသည်။ ပျော်လည်း ပျော်ပါသည်။

သို့သော် မိသားစုနှင့် မခွဲဖူးတာမို့ အိမ်လွမ်းသည့် ဝေဒနာက သူမကို ပြင်းပြင်းထန်ထန်နှိပ်စက်လှသည်။ ရောက်ခါစကဆို ဘယ်သူမှ မသိအောင် အိမ်သာထဲမှာ သွားငိုနေမိသည်မှာ ခဏခဏပင်။

ယခု ၂ နှစ်စာချုပ်ပြည့်တော့ နောက်ထပ် ၂ နှစ်ဆက်နေရန် သူမက သဘောတူသဖြင့် သူဌေးမ က မိသားစုဆီ အလည်အပတ်ပြန်ရန် ခွင့်တစ်ပတ်ပေးသည်။ သူမအတွက် အသွားအပြန် လေယာဉ်စရိတ်ကို အကုန်အကျခံသည့်အပြင် မိသားစုအတွက်လည်း လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးလိုက်သည်။ ဖြစ်နိုင်လျှင် သူ့ကလေးတွေ အရွယ်ရောက်သည်အထိ နေပေးစေလိုကြောင်း တဖွဖွပြောရှာသည်။ ကလေးနှစ်ယောက်ကလည်း သူမပြန်မည်ဆိုတော့ ပြန်မလာမှာစိုးလို့ဆိုပြီး ငိုကြသည်။ သူမက သူတို့အတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်လာမှာ၊ ဆက်ဆက်ပြန်လာမှာဖြစ်ကြောင်းပြောပြီး ချော့ရသည်။

လေဆိပ်မှာ အမေ့ကိုမြင်တော့သူမမှတ်မိ။ အသားမည်းပြီး ပိန်သွားလိုက်တာ။ အဖေကတော့ အရင်အတိုင်းပါပဲ။ ကျော်ကျော်ကလည်း ဆယ်တန်းအောင်တယ်တဲ့။ ဘိုမကတော့ ပိန်ရှည်ကြီးဖြစ်လို့၊ အငယ်ဆုံး ပုံ့ပုံ့လေးလည်း ထွားလာတယ်။ မိသားစုမျက်နှာတွေကို ကြည့်ရင်းစကားတပြောပြောနှင့် ပျော်တပြုံးပြုံးဖြစ်နေသည့်သူမ၊ အိမ်ရောက်တော့ အပျော်တွေ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်ကြသည်။ ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်။ အိမ်နောက်ဖေးမီးဖိုချောင်က ယိုင်နဲ့လို့၊ ရေကပြင်ကလည်း ဆွေးမြေ့ပြီးတလှုပ်လှုပ်နှင့်။ အိမ်ကို မပြုပြင်ဘဲ ဖြစ်သလိုနေနေကြသည်။ သူမပို့ပေးသည့် ပိုက်ဆံက မိသားစုစားဖို့နှင့် အိမ်ပြင်ဖို့ ကိုလောက်ငပါသည်။ ဒါဆို ပိုက်ဆံတွေကို ဘာလုပ်ပစ်ကြသည်လဲ။

"ပိုက်ဆံတွေကို တိုးပွားအောင်ဆိုပြီး ငွေတိုးပေးလိုက်တာ၊ အစပိုင်းတော့ အတိုးပုံမှန်ပေးကြပါတယ်။ နောက်ပိုင်းမှာ ထွက်ပြေးတဲ့သူက ပြေး၊ အဆင်မပြေကြလို့ မပေးနိုင်တဲ့သူနဲ့၊ ပိုက်ဆံတွေက ပြန်မရတော့ဘူး။ အမေကလည်း အာကြမ်း၊ လျှာကြမ်းနဲ့ ရန်မတွေ့ရဲတော့. . ."

အမေ့ရဲ့ စကားတွေကို ကြား တစ်ချက်၊ မကြားတစ်ချက်။ နောက်ဆုံးတော့ သူမသာ သူများနိုင်ငံမှာ ၂ နှစ်အလုပ်သွားလုပ်တာ။ အိမ်ရဲ့အခြေအနေကတော့ ဘာမှမတိုးတက်။ ဒုံရင်း ဒုံရင်းပါပဲ။ ရန်ကုန်ပြန်ရောက်သည့် တစ်ပတ်အတွင်းမှာ သူမအိမ်တွင်းပဲ အောင်းနေမိသည်။ ဘယ်မှလည်း သွားချင်၊ လာချင်၊ လည်ပတ်ချင်စိတ်လည်း မရှိ။ သူငယ်ချင်းအိမ်က ထမင်းစားဖိတ်တာကို သွားစားတာပဲ ရှိသည်။ ရွှေတိဂုံဘုရားသွားဖို့ အဒေါ်က ခေါ်သည်ကိုလည်း ငြင်းလိုက်သည်။ သူမ၏ ဝေဒနာကို ဘုရားသာအသိဆုံးမို့ သူမကို ခွင့်လွှတ်မှာပါ။

ပြန်မည့် မနက်မှာ ဘယ်သူမှ လိုက်မပို့ဖို့ ပြောရသည်။ သူမ တစ်ယောက်တည်း အငှားကားငှားကာ လေဆိပ်ကိုဆင်းသည်။ ခွဲခွာရမည့်အဖြစ်ကို ဖာသာလဝါ (ဘာသိဘာသာ)ပဲကျော်ဖြတ်ချင်သည်။ နှုတ်ဆက်မျက်ရည်တွေနှင့် သိဒ္ဓိမတင်ချင်တော့။

မျက်လုံးမှိတ်ထားပေမယ့် မိသားစုရဲ့ ပုံရိပ်တွေက ကွယ်ပျောက်မသွား။ နှလုံးသားမှာ နက်ရှိုင်းပျော်ဝင်နေတဲ့ အမေ့ရဲ့အသံ။

"ညည်းအဖေရဲ့ အလုပ်ကလည်း လှုပ်တုပ်တုပ်ပဲ။ ကုမ္ပဏီက လူလျှော့မယ်ကြားတယ်တဲ့။ ကျော်ကျော်က ဂျီတီစီအမှတ်မီလို့ ကျောင်းတက်ချင်တယ်။

စာ(၁၁)သို့

**ဈေးဝယ်ထွက်မယ်**

**ဝတ်ရည်**

## ကိုယ်ပိုင်အချက်အလက်တွေကို လုံလုံခြုံခြုံသိမ်းနိုင်မယ့် Memory Stick များစုဝေးရာ

ယနေ့အိုင်တီခေတ်မှာ ကွန်ပျူတာနဲ့ အမြဲထိတွေ့အသုံးပြုနေရတဲ့ အမျိုးသမီးများ လူငယ်များအတွက် နောက်ဆုံးပေါ် ဒီဇိုင်းလေးတွေနဲ့ သွားလေရာကို အလွယ်တကူ သယ်ယူနိုင်မယ့် Memory Stick လေးတွေရှိတဲ့ နေရာကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍမှာ ဖော်ပြလိုက်ပါတယ်။

သတင်းအချက်အလက်တွေ၊ ဓာတ်ပုံတွေ၊ သီချင်းတွေနဲ့ ရုပ်ရှင်ကားစတာတွေကို တစ်ထုပ်တပိုး သွားလေရာ သယ်စရာမလိုဘဲ ပေါ့ပေါ့ပါးပါးသယ်သွားလို့ရနိုင်တဲ့ Memory Stick လေးတွေကို အခုနောက်ပိုင်း အသုံးများလာတဲ့ အခါ ဒီဆိုင်မှာလူကြိုက်တွေ ကြိုက်တဲ့ပုံစံရှင်းရှင်းလေးတွေရှိသလို အလှအပကြိုက်တဲ့ အမျိုးသမီးငယ်လေးတွေကြိုက်နှစ်သက်တဲ့ ဒီဇိုင်းဆန်းဆန်းနဲ့ Stick သေးသေးလေးတွေလည်းရှိပါတယ်။

ဒီဆိုင်မှာ ရောင်းချတဲ့ Memory Stick တော်တော်များများက တရုတ်နိုင်ငံက တင်သွင်းတဲ့ ပစ္စည်းတွေများပေမယ့် တရုတ်နိုင်ငံကဝင်တဲ့ ထိုင်းနိုင်ငံ ထုတ် SanDisk တံဆိပ်ကတော့ ပိုမိုအကြမ်းခံတဲ့အတွက် လူကြိုက်ပိုများတယ်လို့သိရပါတယ်။

SanDisk တံဆိပ် Stick က U3 Software ပါတဲ့အတွက် ကိုယ်ပိုင်လျှို့ဝှက်နံပါတ်(Password) ပေးပြီးပိတ်လို့ရတဲ့အတွက် တခြားသူများ လွယ်လွယ်အသုံးမပြုနိုင်တော့မယ့် အားသာချက်ရှိလို့ ပိုလူကြိုက်များတယ်လို့သိရပါတယ်။

Memory 2GB ကနေ 32GB အထိ ဈေးကွက်ထဲမှာရှိပေမယ့် Stick အသုံးပြုတဲ့သူအများစုကတော့ 8GB တွေ အသုံးများကြပါတယ်။ ဒီဆိုင်မှာ SanDisk တံဆိပ်အပြင် Toshiba တံဆိပ်စတဲ့ တံဆိပ်အမျိုးမျိုးနဲ့ Memory Stick တွေလည်းရနိုင်ပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



Stick တွေကတော့ 2GBက ကျပ် ၈,၀၀၀ကနေ ၉,၅၀၀ ကျပ်အတွင်း၊ 4GB က ၁၁,၅၀၀ ကျပ်ကနေ ၁၄,၀၀၀ ကျပ်အတွင်း၊ 8GB က ၁၆,၀၀၀ ကျပ်ကနေ ၂၁,၅၀၀ကျပ်၊ 16GB က ၃၁,၅၀၀ ကျပ်ကနေ ၃၆,၀၀၀ ကျပ်အထိ ဈေးအမျိုးမျိုးရှိပါတယ်။

ဆိုင်ကတော့ ကွန်ပျူတာပစ္စည်းတွေကို အဓိကထားရောင်းချပြီး ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ Memory Stick တွေပါ တစ်ပါတည်းရနိုင်အောင် ရောင်းတာမျိုးဖြစ်ပြီး လိပ်စာကတော့ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) အလယ်ဘလောက် Technoland မှာ ဝယ်ယူနိုင်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ခရီးသည်တင်ယာဉ်မောင်းများလိုက်နာရန် စည်းကမ်းချက် ၁၀ချက်ထုတ်ပြန်

သားကျော်

ရန်ကုန်၊
စက်တင်ဘာ - ၁၀


ရန်ကုန်မြို့မှ ခရီးသည်တင်ယာဉ်မောင်းသူများ လိုက်နာရန်အတွက် စည်းကမ်းချက် ၁၀ချက်ကို ဩဂုတ်လ ၂၆ရက်တွင် မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ ထပ်မံထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။



ထုတ်ပြန်ထားသော စည်းကမ်းချက် ၁၀ချက်မှာ ယာဉ်မောင်းသူများ ယာဉ်မောင်းနှင်နေချိန်၌ မိမိကိုယ်ကို ဂရုစိုက်ရန်၊ မောင်းနှင်နေစဉ် လမ်းခရီး၌ ယာဉ်ပျက်စီးခြင်း၊ ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်စေခြင်းများ မရှိစေရန်အတွက် ယာဉ်အားကြံ့ခိုင်ရေးပြုလုပ်ရန်၊ ထုတ်ပြန်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေလမ်းညွှန်မှုများကိုလိုက်နာရန်၊ မြို့တွင်း၊ မြို့ပြင်ခရီးသည်တင်ယာဉ်များ မောင်းနှင်သတ်မှတ်ထားသော အရှိန်နှုန်းများအား ကျော်လွန်၍ မောင်းနှင်ခြင်း မပြုရန်၊ ယာဉ်မောင်းနှင်နေချိန်၌ စိတ်ပျံ့လွင့်ခြင်းမရှိစေရန် ခရီးသည်များ လိုက်ပါစီးနင်းကြသောကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် မဆင်မခြင် မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်မောင်းနှင်နေချိန် မည်သည့်အကြောင်းရင်းကြောင့်ဖြစ်စေ စိတ်မတိုရန်၊ ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်သော ယာဉ်ပေါ်တွင် ခရီးသည်များ လိုက်ပါလာသောကြောင့် တာဝန်ချိန်၌ အရက်သေစာနှင့်မူးယစ်ဆေးဝါးများ မသုံးစွဲရန်၊ ယာဉ်မတော်တဆမှုများဖြစ်လာပါက ယာဉ်မောင်း အန္တရာယ်မရှိစေရေးအတွက် ခါးပတ်ပတ်ထားရန်အပြင် ရာသီဥတုအလိုက် ဂရုပြုမောင်းနှင်ရန်တို့ဖြစ်ကြောင်း သိရသည်။

"ဒီစည်းကမ်းချက် ၁၀ ချက်ကို Road Safety Plan အတိုင်း ၂၀၁၀-၁၁ မှာ ခရီးသည်တင်ယာဉ်တွေယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိုးတက် ကောင်းမွန်လာစေဖို့အတွက် ရည်ရွယ်ပြီး ခရီးသည်တင်ယာဉ်မောင်းတွေ လိုက်နာဖို့ထုတ်ပြန်ပေးခဲ့တာပါ" ဟု မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထပ်မံထုတ်ပြန်ထားသော ထိုစည်းကမ်းချက်များကို ယာဉ်လိုင်းအသီးသီးရှိ တာဝန်ရှိသူများထံသို့ ပေးပို့၍ ၎င်းတို့မှ တစ်ဆင့် ယာဉ်မောင်းသူများကို အသိပေးကာ ယာဉ်များပေါ်၌ ကပ်ထားရမည်ဟုဆိုသည်။ ထိုအစည်းကမ်းချက်များကိုလိုက်နာခြင်းမရှိ၍ ယာဉ်တိမ်းမှောက်မှုများဖြစ်ပေါ်လာပါက ယာဉ်လိုင်းအသီးသီးမှ ထုတ်ပယ်ယာဉ်လုပ်သားစာရင်းတွင် ထည့်သွင်းသတ်မှတ်၍ မောင်းနှင်ခွင့်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




## သူတို့အသံ

## လှိုင်သာယာလမ်းဆုံများတွင် အချက်ပြမီးပွိုင့်များ တပ်ဆင်ပေးရန် မြို့လူထုမျှော်လင့်နေ

နှင်းမောင်

ရန်ကုန်၊ စက်တင်ဘာ - ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အဓိကလမ်းဆုံကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်နေ၍ ရန်ကုန်မြို့တွင်းသို့ အလုပ်ဆင်းသွားကြသည့် ရုံးသွား၊ ရုံးပြန်ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံနှင့် စက်မှုဇုန်အသီးသီးမှ အလုပ်သွား၊ အလုပ်ပြန်လုပ်သားများ၊ ခရီးသွားပြည်သူများအနေဖြင့် အချိန်နှောင့်နှေး ကြန့်ကြာမှုများဖြစ်ပေါ်ရပါသည်။ ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် တစ်စီးနှင့်တစ်စီး လုမောင်း၊လုထွက်ရာမှ ယာဉ်မတော်တဆထိခိုက်တိမ်းမှောက်မှုများ၊ ခရီးသည်သေဆုံးဒဏ်ရာရမှုများလည်း မကြာခဏဖြစ်ပေါ်နေသဖြင့် အခက်အခဲများစွာတွေ့ကြုံနေကြရပါသည်။ ယာဉ်များမှာလည်း လမ်းဆုံတွင် အထိန်းအကွပ်မရှိသဖြင့် အလျင်စလိုလုမောင်း၊ လုထွက်မှုများကလည်း အန္တရာယ်ကိုဖိတ်ခေါ်နေသလိုဖြစ်နေပါသည်။

ထို့ကြောင့် အဓိကယာဉ် ကြောပိတ်ဆို့သည့်နေရာများမှာ ရုံးရှေ့မှတ်တိုင်အနီးရှိ ကျန်စစ်သားလမ်းမကြီးနှင့် ညောင်တုန်းလမ်းမကြီးဆုံရာနေရာနှင့် မီးခွက်ဈေးမှတ်တိုင်အနီးရှိ ဗိုလ်အောင်ကျော်လမ်းမကြီးနှင့် ညောင်တုန်းလမ်းမကြီးဆုံရာနေရာတို့ဖြစ်ပါသည်။ အဆိုပါ အဓိကလမ်းဆုံကြီးနှစ်နေရာတွင် နေ့စဉ် ယာဉ်ကြောရှင်းလင်းပေးမည့် ယာဉ်ထိန်းဝန်ထမ်း(သို့မဟုတ်)အချက်ပြမီးပွိုင့်များ တပ်ဆင်ထားရှိပေးပါရန် လှိုင်သာယာမြို့နေပြည်သူများ၊ ရုံးသွားရုံးပြန်ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံလုပ်သားများမှ မျှော်လင့်နေကြပါသည်။



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## စာ – ၉၊ အိမ်ပြန်ငှက် မှ

ဘိုမကလည်းဖိုတိုရှော့သင်တန်းတက်ချင်လို့ ပူဆာနေတာကြာပြီ။ အဲဒါ တတ်ရင် လစာကောင်းတယ်လို့ ပြောတာပဲ”

အလာတုန်းက အပျော်တွေ တနင့်တပိုးနှင့် လာခဲ့သော သူမသည် အပြန်မှာတော့ အလွမ်းတွေတနင့်တပိုး၊ သောကတွေ တနင့်တပိုးနှင့် ပြန်ရတော့မည်။ သူမက မိသားစုမှာ အကြီးဆုံးသမီး။ မောင်လေးကျော်ကျော် ဂျီတီစီတက်ဖို့၊ ဘိုမသင်တန်းတက်ဖို့၊ ပြီးတော့သူတို့၏ ပျဉ်ထောင်အိမ်သေးသေးလေးကို နှစ်ထပ်အိမ် ဆောက်ဖို့ စသည့်မျှော်လင့်ချက်တွေက သူမ၏လက်ထဲမှာ၊ မိသားစုအတွက် သူမတာဝန်ကျေချင်ပါသည်။

ဟိုရောက်ရင် သူဌေးမကို ပြောရမည်။ နောက်ထပ် ၂ နှစ် ဆက်နေဦးမည်ဟု။ ။



## ဓမ္မ

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

### အရိယာသစ္စာလေးပါးမြတ်တရား ∘ ∘ ∘

အရိယာသစ္စာလေးပါးမြတ်တရားသည် ဗုဒ္ဓမြတ်စွာသာသနာမှာ အလွန်အရေးပါသောအပိုင်းဖြစ်တယ်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော ဓမ္မဒေသနာတော်များသည် အရိယာသစ္စာလေးပါးမြတ်တရားအပေါ်မှာအခြေခံထားတယ်။ မြတ်ဗုဒ္ဓက ကျွန်ုပ်တို့သည် သစ္စာဉာဏ်မရှိလို့၊ အရိယာသစ္စာကိုနားမလည်လို့ သံသရာဝဋ်ဆင်းရဲစက်ကြီးထဲမှာမွေးခြင်း၊ သေခြင်းနဲ့သာမရပ်မနားဖြစ်တည်နေရတယ်လို့ဟောတော်မူတယ်။ ဗုဒ္ဓမြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးကို ပထမဆုံး ဟောကြားတော်မူသော ကနဦးတရား၊ ဓမ္မစကြာပဝတ္တနသုတ်ဟာ အရိယာသစ္စာကို စတင်ဟောကြားတဲ့တရားဖြစ်တယ်။

အရိယာသစ္စာလေးပါးမြတ်တရားဆိုတာက ၁၊ ဒုက္ခသစ္စာ (ဒုက္ခဆင်းရဲခြင်းသာအမှန်ရှိတယ်)၊ ၂၊ သမုဒယ သစ္စာ (ဆင်းရဲရခြင်းရဲ့အကြောင်းဟာလည်း အမှန်ရှိတယ်)၊ ၃၊ နိရောဓသစ္စာ(ဒုက္ခရဲ့အဆုံး လွတ်မြောက်ခြင်းသဘောလည်း အမှန်ရှိတယ်)၊ ၄၊ မဂ္ဂသစ္စာ (လွတ်မြောက်အောင်လုပ်နိုင်တဲ့ နည်းလမ်းလည်း အမှန်ရှိတယ်)လို့ မြတ်ဘုရားက ဟောကြားတော်မူတယ်။

ရည်ညွှန်း-ဆန်းလွင်(ရှင်အာဒိစ္စရံသီ) ‘ဗုဒ္ဓဘာသာဝင်တွေယုံကြည်ကြတာက’



# မိုးသည်းထဲမှာအတွဲညီခဲ့တဲ့ အဲလက်စ်ဂျွက်ပုန်းသီးဂီတသမားများနှင့် ပရိသတ်

ဒဲနစ်အောင်အောင်

မိုးက တဖွဲဖွဲနဲ့ ရွာလို့ကောင်းတုန်း။ ကန်တော်ကြီးအတွင်းက မျှော်စင်ကျွန်းကိုသွားရာလမ်း တစ်ဖက်တစ်ချက် စားသောက်ဆိုင်တွေထဲမှာတော့ လူငယ်တွေ ဟိုတစ်စု၊ ဒီတစ်စုနဲ့ မိုးကိုအန်တုဖို့ပြင်ဆင်နေကြပါတယ်။ လူငယ်အများစုကတော့ မည်းမည်း မည်းမည်းနှင့်၊ All Black တွေ ဝတ်ဆင်ထားကြတယ်။ အချို့ကလည်း မျက်နှာမှာပါ အမည်းတွေခြယ်၊ ဆံပင်တွေကို သူ့ထက်ငါ ပိုမြင့်အောင်ထောင်ပြီး ပန့်ခ်ပုံစံဖမ်းထားကြတာ အကြောင်းမသိသူတွေတော့ ကြောက်သလို၊ ရွံ့သလိုနဲ့ ဝေးဝေးက ရှောင်ရှောင်သွားနေတာ သတိထားမိပါတယ်။

သူတို့ ဒီနေ့လာတဲ့ပွဲကတော့ မျှော်စင်ကျွန်းမှာကျင်းပတဲ့ ထူးထူးခြားခြား underground ဂီတအဖွဲ့တွေနဲ့ အဲလက်စ်ရဲ့ဖျော်ဖြေမယ့် ‘Myanmar WoodStock Festival’ပွဲကိုပါ။ underground ရှိုးတွေ မကြာခဏလုပ်ကြပေမယ့် ဒီလိုနာမည်ရပြီးသားအဆိုတော်တွေနဲ့ တွဲလုပ်တာတော့ ရှားပါတယ်။ သတိထားမိသလောက် ဒီပွဲကိုလာကြည့်သူတွေထဲမှာ ဝါရင့်ဂီတပညာရှင်တွေလည်းပါဝင်လာတာတွေ့ရပါတယ်။

မိုးက ရွာလို့ကောင်းနေပေမယ့် လူငယ်တွေကတော့ မျှော်စင်ကျွန်းရှိရာကို မိုးစိုခံပြီး သွားနေကြပါတယ်။ မိုးက တဖွဲဖွဲ ပရိသတ်များကလည်း တဖွဲဖွဲမို့ ပွဲစီစဉ်သူတော်တော်တွက်ခြေကိုက်လောက်ပြီလို့အောက်မေ့ပေမယ့် လက်မှတ်အတုတွေထွက်တယ်ဆိုတာတော့ နောက်မှသိရပါတယ်။ စိတ်မကောင်းစရာပါပဲ. . ။ ဒီလိုမုန့်ဖိုးတွေစု၊ သီချင်းတွေတိုက်၊ အသံသွင်းပြီးကိုယ်စိတ်အပင်ပန်းခံကြိုးစားနေတဲ့လူငယ်တွေကို ပံ့ပိုးပေးတဲ့ပွဲလေးကိုတောင် လက်မှတ်မှောင်ခိုတွေက အလွတ်မပေးတော့ပါလား။ မိုးတိတ်မလားစောင့်ရင်းနဲ့ စတိတ်ရှိုးစင်ရှိရာကို ရောက်တဲ့အချိန်မှာတော့ ရှေ့ပိုင်းထွက်တဲ့အဖွဲ့ သုံးလေးဖွဲ့လောက်လွတ်သွားပါတယ်။ ရောက်ရောက်ချင်း မိန်းကလေးအဖွဲ့ဖြစ်တဲ့ Jarmonyအဖွဲ့ဖျော်ဖြေနေတာတွေ့ရပါတယ်။ ပရိသတ်တွေကလည်း အံ့သြစရာကောင်းလောက်အောင် အမိုးအကာလုံးဝမရှိတဲ့စင်အောက်ကနေ အားပေးနေကြပါတယ်။ အားလုံးလူငယ်ပီပီ အားပေးနေကြလို့ပွဲအရှိန်က တော်တော်မြင့်တက်နေပါပြီ။ underground လောကမှာ နာမည်အသင့်အတင့်ရထားတဲ့ Sucide Plan အဖွဲ့ကလည်း ဆင်တူဝတ်စုံအပြည့်အစုံနဲ့ ဖျော်ဖြေသွားပါတယ်။

နောက်ပိုင်း လူငယ်တီးဝိုင်းတွေ တစ်ဖွဲ့ သုံးပုဒ်နှုန်းနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့တက်လာပေမယ့် တီးဝိုင်းအများစုက အသံခြစ်အော်တဲ့ Screaming တွေ၊ ကွဲအက်နေတဲ့ Crash သံတွေပဲဆိုပြီး Melody အားနည်းတော့ ပရိသတ်က နည်းနည်းအီလာတာတွေ့ရပါတယ်။ လူငယ်တီးဝိုင်းတွေဖြစ်တဲ့အတွက် အတင်းလုပ်ပြချင်သလိုဖြစ်သွားတယ်ထင်ပါတယ်။

ဒီနောက် underground လောကမှာ ဝါရင့်ပြီး အတွေ့အကြုံများတဲ့ Nightmare အဖွဲ့က ကမ္ဘာကျော် Pantara အဖွဲ့ရဲ့ သီချင်းနဲ့ စဖွင့်လိုက်ချိန်မှာတော့ အောက်က မြန်မာပရိသတ်တွေသာမက နိုင်ငံခြားသားပရိသတ်တွေပါ ပွဲရှိန်အမြင့်ဆုံးကိုပြန်ရောက်သွားပါတယ်။ Nightmareက သူ့ရဲ့ အဆိုတော်ကိုပြောင်းထားပေမယ့် အရင်လိုပဲ ပရိသတ်နဲ့ နွေးနွေးထွေးထွေးဖျော်ဖြေသွားပါတယ်။

ဂစ်တာညီညီထွေးလို့ လူသိများတဲ့ ဝါရင့်ပညာရှင် (Metal Guitarist)ရဲ့ Instrumental တီးခတ်ပြချိန်မှာတော့ ပရိသတ်တွေက ဆရာညီညီထွေးနာမည်ကိုခေါ်ပြီး အားပေးနေကြတာတွေ့ရပါတယ်။ underground အဖွဲ့တိုင်းလိုလိုက ညီညီထွေးနဲ့ မကင်းကြတာကိုသိရပါတယ်။ ညီညီထွေးရဲ့သင်တန်းသားတွေက ပရော်ဖက်ရှင်နယ်ပိုင်းတွေမှာရှိသလို၊ underground band တွေမှာတော့ လက်ညှိုးထိုး မလွဲအောင်ကို ရှိနေပါတယ်။

Screaming တွေ၊ Crash တွေ၊ ဂစ်တာ Riff တွေ၊ ဒရမ် Double Kick တွေကို အီပြီးနား ငြီးလာလို့လား၊ စိတ်ထဲမှာ တကယ်ရှိနေတဲ့ Melody ကိုကြားရလို့လားမသိပါ။ အဲလက်စ်တက်လာချိန်မှာလည်း Metal ပရိသတ်တွေက အဲလက်စ်ရဲ့သီချင်းတွေကို အားရပါးရဆိုပြီး အားပေးနေတာတွေ့ရပါတယ်။

အဲလက်စ်က စဖွင့်ဖွင့်ချင်း သူ့ရဲ့စာသားတွေက Metal ကြီးတွေ၊ Metal လေးတွေ ကြက်သီးထသွားစေတဲ့ ‘မိန်းမတွေဆိုရင် ××× သိပ်ကြိုက်တယ် ××× အားလုံးနဲ့ငါနဲ့ဖြစ်ချင်တယ် ××× ချစ်ရမယ်ဆိုရင်သိပ်ကြိုက်တယ် ×× ကောင်းလိုက်တာ ×× ကောင်းလိုက်တာ . ဟေ့ ××’ဆိုတဲ့သီချင်းနဲ့ဖွင့်ပါတယ်။ Music က Metal စစ်စစ်ကြီး မဟုတ်ပေမယ့် စာသားက ရှင်းရှင်းကြီးနဲ့ ဘွင်းဘွင်းကြီးကြားလိုက်ရတော့ ပို Metal ဆန်သွားသလိုပါပဲ။

ဒီနေ့ဖျော်ဖြေသွားတဲ့ တီးဝိုင်းအများစုက သူ့ထက်ငါ Scream တွေကို သုံးနေတော့ ဂစ်တာသံ၊ ဒရမ်သံတွေပဲ နားထောင်နေရသလို၊ Instrumental တွေလိုဖြစ်နေပါတယ်။ သီချင်းတွေက နည်းနည်း Over ဖြစ်နေသလိုပါပဲ။ Slikpnot ၊ Lomb of God၊ All that remains တို့လို Metal Band တွေ အင်္ဂလိပ်လိုဆိုထားတာကိုနားလည်ပြီး၊ မြန်မာ Metal Band တွေ မြန်မာလိုဆိုထားတာနားမလည်ဘူးဖြစ်နေတော့ ရယ်စရာကောင်းပါတယ်။ ဒီထက် ရင့်ကျက်မှုရှိလာရင်တော့ Metal Music ဟာ မြန်မာဂီတလောကမှာ တစ်နေရာစာတော့ ရလာဦးမှာပါ။

Gothic ဆန်ဆန်သီချင်းလေးတွေနဲ့ ဂီတလောကကို ဝင်ရောက်လာတဲ့ Revival အဖွဲ့ကိုတော့ ပရိသတ်တော်တော်များများစိတ်ဝင်စားတာတွေ့ရပါတယ်။ အမျိုးအစားကြောင့်လား၊ တင်ပြပုံ(Presentation)ကောင်းလို့လား၊ မိန်းကလေးအဖွဲ့ဖြစ်လို့လားတော့မသိပါ။ ပရိသတ်စိတ်ဝင်စားမှုအခိုင်အမာရရှိထားတာတွေ့ရပါတယ်။

ပွဲချိန်ကြာလာသလို မိုးကလည်း မစဲတမ်းရွာနေတော့ အချို့ပရိသတ်တွေ အိမ်ပြန်သူပြန်၊ စားသောက်ဆိုင်ဝင်သူဝင်နဲ့ လူကတော့ နည်းနည်းကျဲလာပါပြီ။ ဒီအချိန်အထိ ဆက်လက်အားပေးနေတဲ့ပရိသတ်တွေကတော့ ဖွဲ့တော်တော်ကောင်းတယ်လို့ဆိုရပါမယ်။ ဒီကြားထဲ မိုးရေထဲမှာ ထောင်တဲ့ဆံပင်ထောင်၊ လဲတဲ့ဆံပင်လဲနဲ့ ကုပ်ကုပ်ကုပ်ကုပ် ထွက်လာတဲ့ပန့်ခ်လေးတွေ ချမ်းနေတာမြင်ရတော့ ကြားထဲက မဆီမဆိုင် သနားမိလိုက်ပေမယ့် အိမ်ပြန်ရောက်ချိန်မှာတော့ ကိုယ်ကိုယ်တိုင်နှာစေးချောင်းဆိုး ဖြစ်သွားပါတော့တယ်။

## ပုဂ္ဂလိက အက်ဖ်အမ်များ ရန်ကုန်နှင့် နေပြည်တော်တို့ကိုပါ တွဲဖက်ထုတ်လွှင့်မည်

နေလင်းအောင်

ရန်ကုန်၊ စက်တင်ဘာ – ၁၇

**မြန်မာနိုင်ငံတစ်ဝန်းတာဝန်ယူထားသည့် အက်ဖ်အမ်ရေဒီယို အစီအစဉ်များသည် ယခုနှစ်မကုန်မီ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်းနှင့် ရန်ကုန်နှင့် နေပြည်တော်မြို့များကိုပါ တွဲဖက်ထုတ်လွှင့်နိုင်ကြတော့မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။**

ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီအစရှိသည့် ဒေသများတွင်ဖြန့်ကျက် တာဝန်ယူထားသည့် အက်ဖ်အမ်အသစ် ၆ ခုသည် ယင်းတို့၏ သက်ဆိုင်ရာ ဒေသအသီးသီးတွင် လွှမ်းခြုံနိုင်ပြီဖြစ်ရာ ရန်ကုန်နှင့်နေပြည်တော်ကို တိုးချဲ့တော့မည်ဖြစ်ကြောင်း ရေဒီယိုအက်ဖ်အမ်များမှသတင်းရရှိသည်။

“အကိုတို့က ရန်ကုန်ကိုလွှင့်ဖို့ပြင်နေပါပြီ။ နေပြည်တော်ကိုတောင် ဒီလ စက်တင်ဘာမှာ စလွှင့်တော့မယ်။ ရန်ကုန်က ဒီနှစ်အကုန်လို့ ပြောရင်တောင်ဝေးဦးမယ်။ နိုဝင်ဘာနောက်ပိုင်းလောက်မှာတော့ သေချာပါတယ်” ဟုစစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်၏ ရေဒီယိုအက်ဖ်အမ်ဖြစ်သော ပတ္တမြားအက်ဖ်အမ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးအောင်မျိုးမြင့်က 7Day News သို့ပြောသည်။

၂၀၀၉ ဩဂုတ်လမှ စတင်၍ထပ်မံ ထုတ်လွှင့်ခွင့် ရရှိခဲ့သော အက်ဖ်အမ်များမှာ ပတ္တမြား၊ ချယ်ရီ၊ ပဥ္စဝတီ၊ ပုဂံ၊ ရွှေ စသည့် အက်ဖ်အမ်များသည် ယခုအခါ သက်ဆိုင်ရာဒေသအတွင်းရှိ မြို့နယ်ကျေးရွာအားလုံး နီးပါးဖြန့်ကြက်ထားပြီး ဖြစ်သည်။ တနင်္သာရီတိုင်း၊ မြိတ်၊ ကော့သောင်းဒေသများတွင် ထုတ်လွှင့် လျက်ရှိသော ရွှေအက်ဖ်အမ်ကလည်း ကော့သောင်းဒေသအတွင်း မြို့ရွာများ အားလုံးပြည့်မြောက်ပါက ရန်ကုန်ဒေသသို့လွှင့်တော့မည်ဖြစ်ကြောင်း၊ ရန်ကုန်သို့ ထပ်မံချဲ့ထွင်ရန် စက်ပစ္စည်းပိုင်းဆိုင်ရာ ပြင်ဆင်ထားမှုများရှိနေပြီဖြစ်ကြောင်း ယင်းအက်ဖ်အမ်မှ စုံစမ်းသိရှိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ရတနာပုံဝက်ဘ်ပေါ်တယ်တွင် ဖော်ပြသော သတင်းများကို မူလအရင်းအမြစ်များက တာဝန်ယူရမည်

ယုဇနကိုကို

ရန်ကုန်၊ စက်တင်ဘာ- ၁၄

အွန်လိုင်းပေါ်တွင် ယခုလကုန်မှ စတင်လွှင့်တင်တော့မည့်ပြည်တွင်း၏ ပထမဆုံးသော ရတနာပုံဝက်ဘ်ပေါ်တယ်(Yatanapon Web Portal)တွင်ပါဝင်လာမည့် ကဏ္ဍအားလုံးအား အဆိုပါပေါ်တယ်တာဝန်ရှိသူများမှ စိစစ်တည်းဖြတ်မည်မဟုတ်ပဲ ပေါ်တယ်တွင် ထည့်သွင်းထားသော ယင်း ကဏ္ဍအားလုံး၏ သက်ဆိုင်ရာအရင်းမြစ်များကသာ ယင်းတို့၏ အချက်အလက်များအတွက် တာဝန်ယူရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ ဦးစီးအကောင် အထည်ဖော်သည့် အဆိုပါဝက်ဘ်ပေါ်တယ်တွင်ပါဝင်လာမည့် ကဏ္ဍများအားလုံးကို ကုမ္ပဏီအနေဖြင့် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်သော်လည်း ပေါ်တယ်တွင်ပါဝင်လာမည့်အကြောင်းအရာများနှင့် ပတ်သက်သောကိစ္စများကိုမူ မူလအရင်းအမြစ်များမှတာဝန်ယူရမည်ဖြစ်ကြောင်း ယင်းကဆိုသည်။

"ရတနာပုံဝက်ဘ်ပေါ်တယ်မှာ ထည့်သွင်းထားမယ့် ကဏ္ဍအားလုံးကိုကျွန်တော်တို့အနေနဲ့ မူလအတိုင်း မပြောင်းလဲဘဲ သုံးမှာပါ။ ပေါ်တယ်မှာ ပါလာတဲ့ သတင်းတွေထဲက ကိစ္စတစ်စုံတစ်ရာကြုံလာခဲ့ရင် ကျွန်တော်တို့က တာဝန်ယူမှာမဟုတ်ဘဲ သက်ဆိုင်ရာ မူလအရင်းအမြစ် ဂျာနယ်တိုက်၊ မီဒီယာကုမ္ပဏီကတာဝန်ယူရမှာဖြစ်ပါတယ်။ သတင်းတွေတင်မကဘဲ သီချင်းတွေကစလို့ ကဏ္ဍအားလုံးလိုလိုအတွက် အဲဒီလို စီစဉ်ထားပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ရတနာပုံဝက်ဘ်ပေါ်တယ်တွင် လွှင့်တင်မည့် သတင်းများသည် ယင်းပေါ်တယ်မှ တရားဝင်ပူးပေါင်းထားသည့် ဂျာနယ်များမှ စာပေစိစစ်ရေးခွင့်ပြုပြီးသား သတင်းများကို အသုံးပြုမည်ဖြစ်ရာ ယင်းအတွက် ထပ်မံစိစစ်ရန် မလိုအပ်ကြောင်းသိရသည်။



PHOTO NEWS

၂၀၀၈ခုနှစ်က မီးလောင်ဆုံးရှုံးခဲ့သော ရတနာပုံဈေးနေရာတွင် အသစ်ပြန်လည် ဆောက်လုပ်နေကာ ပြီးစီးတော့မည့် ရတနာပုံစူပါစင်တာမှ ဆိုင်ခန်းများအားစက်တင်ဘာ ၂၀ရက်မှ ၂၃ရက်အထိ ဆိုင်ခန်းပေါင်း၁၄၅၅ ခန်းကို မဲနှိုက်နေရာချထားပေးလျက်ရှိသည်။

ပုံတွင် စက်တင်ဘာ၂၀ရက်က ရတနာပုံစူပါစင်တာ ပရိုမိုးရှင်းဧရိယာအတွင်း ဆိုင်ခန်းများကို မဲနှိုက်နေစဉ်။

သတင်း - ဖြိုး၊ ဓာတ်ပုံ - မင်းဒင်

## စာ-၂၊ ကျောက်မျက်ပြပွဲ ရက်ရွှေ့ဆိုင်းခြင်းကြောင့် ပို့ကုန်ရငွေတန်ဖိုး လျင်လျင်မြန်မြန် ပြန်တက်လာ မှ

အထူး သဖြင့် ကျောက်မျက်ပြပွဲရွှေ့ဆိုင်း လာကြောင်းသတင်းထွက်ပေါ်လာသည့် စက်တင်ဘာလလယ်နောက်ပိုင်း ပို့ကုန်ရငွေတန်ဖိုး လျင်လျင်မြန်မြန်တက်လာခဲ့ခြင်းဖြစ်သည်။ ထိုငွေမှာ ပုံမှန်အားဖြင့် တစ်ယူနစ်လျှင် ကျပ်တစ်ထောင်အပေါ်တွင်သာရှိလေ့ရှိသည်။

"အဝယ်ပြန်လိုက်လာလို့ တက်လာတယ်။ ဈေးကတော့ မငြိမ်သေးဘူး။ တက်လိုက်ကျလိုက်ပဲ။ အတက်အကျကြမ်းတယ်။ အဲဒီလို ကြမ်းလို့ ပြီးခဲ့တဲ့အပတ်က ဝယ်ရောင်းတွေ အရှုံးများကြတယ်။ ဈေးကွက်မငြိမ်သေးတာကတော့ လက်ကြီးသမားတွေ ဈေးကစားလို့ပဲလို့ ထင်တယ်" ဟု နိုင်ငံခြားငွေရောင်းဝယ်လုပ်ကိုင်နေသူတစ်ဦးကလည်းပြောသည်။

ပြည်ပငွေလဲလှယ်ရေးဈေးကွက်တွင် ပို့ကုန်ရငွေနည်းတူ အက်ဖ်အီးစီနှင့် ကန်ဒေါ်လာတန်ဖိုးများလည်း ပြန်တက်လာသည်။ စက်တင်ဘာ ၁၁ရက်က တစ်ယူနစ်လျှင် ၈၁၈ကျပ်ရှိခဲ့သော အက်ဖ်အီးစီမှာ စက်တင်ဘာ ၁၈ရက်တွင် ၈၈၅ကျပ်သို့ လည်းကောင်း၊ စက်တင်ဘာ ၁၁ရက်က ၉၄၈ကျပ်ရှိခဲ့သော ကန်ဒေါ်လာမှာ ၁၈ရက်၌ ၉၆၈ကျပ်သို့ ပြန်ရောက်လာသည်။

## မျက်နှာဖုံး-တန်ဖိုးအကြီးဆုံးမြေကွက် အရောင်းအဝယ် မန္တလေးမြို့တွင် ပေါ်ပေါက် မှ

တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်များစွာဖြစ်နေသောမန္တလေးမြို့တွင် စက်တင်ဘာလဆန်းပိုင်းက ၆၂ လမ်းမကြီးပေါ်ရှိ မနော်ဟရီနှင့် ခိုင်ရွှေဝါလမ်းကြားရှိ တစ်ဧကခွဲကျော်ကျယ်ဝန်းသောမြေကွက်အား ကျပ်သိန်း ၄၇,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မန္တလေးမြို့ မှ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်ကြီးများကပြောသည်။ ထိုအရောင်းအဝယ်မှာ ယခုနှစ်အတွင်း မန္တလေးမြို့တွင် တန်ဖိုးအကြီးဆုံးအရောင်းအဝယ်ဖြစ်သည်။

"၂၀၁၀ မှာတော့ တန်ဖိုးအကြီးဆုံးအရောင်းအဝယ်လို့ ပြောနိုင်တာပေါ့။ အဓိကကတော့ မြေကွက်ကကျယ်လို့ တန်ဖိုးအဲလောက်ကြီးသွားတာပါ"ဟု မန္တလေးမြို့မှ ဝါရင့်အိမ်ခြံမြေ အကျိုးဆောင်ကြီးတစ်ဦးကသုံးသပ်သည်။

သို့သော် အဆိုပါမြေကွက်အရောင်းအဝယ်တန်ဖိုးမှာ ရန်ကုန်တွင်ဖြစ်နေသော အရောင်းအဝယ်များနှင့်ယှဉ်လျှင် တန်ဖိုးအကြီးဆုံးမဟုတ်ဟု အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူများကပြောသည်။ ရန်ကုန်တွင် ဗဟန်းမြို့နယ်၌ ဝဒသမ၇၅ဧကခန့်ရှိသောမြေကွက်ကို ကျပ်သိန်းခုနစ်သောင်းဖြင့် မကြာမီကပင် အရောင်းအဝယ်ဖြစ်ထားသည်ဟုဆိုသည်။ ထို့ကြောင့် ရန်ကုန်တွင် စီးပွားရေးအကွက်အကွင်းကျသော မြေကွက်အချို့မှာ ကျပ်သိန်းပေါင်းသိန်းချီ၍ပင် ဈေးခေါ်နေသည်။

မန္တလေးမြို့ ၆၂ လမ်းမကြီးမှာ စီးပွားရေးသမားများ အာရုံကျနေသောနေရာဖြစ်ပြီး တန်ဖိုးကြီးမြေကွက်အရောင်းအဝယ်များ မကြာခဏဖြစ်ပေါ်နေသည်။ ပြီးခဲ့သည့် လအနည်းငယ်ကလည်း ထိုလမ်းမပေါ်ရှိပေ ၁၀၀× ၃၀၀ မြေတစ်ကွက်ကို ကျပ်သိန်း ၂၀,၈၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သည်။

"၆၂ လမ်းမကြီးကို စိတ်ဝင်စားကြခြင်း အဓိကအကြောင်းရင်းကတော့ လူလတ်တန်းစား လူချမ်းသာတွေ အောက်ခြေလူတန်းစားတွေ ရောထွေးနေထိုင်တဲ့လမ်းဖြစ်တာကြောင့် စားသောက်ဆိုင်တွေ၊ ဘီယာဆိုင်တွေ၊ အထည်ဆိုင်တွေ စတာတွေဖွင့်မယ့်သူတွေ သဘောကျကြလို့ပဲ" ဟု အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာသူဌေးများ၊ ပုဂ္ဂလိကဘဏ်ဖွင့်မည့်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဝယ်ယူမှုကြောင့် ၂၀၁၀ တွင် မန္တလေး မြို့၌ တန်ဖိုးကြီးအိမ်ခြံမြေအရောင်းအဝယ်များစွာဖြစ်နေသည်။ အိမ်ခြံမြေအရောင်းအဝယ် ထူးထူးကဲကဲကောင်းခဲ့သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလအတွင်းမှာပင် ကျပ်သိန်းသောင်းရှိသော မြေကွက်အရောင်းအဝယ် ၂၀ ကျော်ရှိပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

## မျက်နှာဖုံး-ယွမ်တန်ဖိုးကျ၍ တရုတ်သို့ ကုန်တင်ပို့မှုလျော့ကျ မှ

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် အပြန်အလှန်ကုန်သွယ်မှု ညီမျှမှုကွာခြားချက်များခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း စီးပွားရေးပညာရှင်ဦးစောမြင့်မောင်က သုံးသပ်သည်။

"အခုလို ငွေဈေးပြောင်းသွားတော့ စီးပွားရေးသမားတွေ ခက်ခဲသွားတယ်။ ဒီမှာ အရောင်းအဝယ်အတော်များများ မဖြစ်ကြတော့ဘူး"ဟု မူဆယ်၁၀၅မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းကဲ့သို့ တရုတ်ယွမ်ငွေတန်ဖိုးကျဆင်းမှုကြောင့် လက်ရှိအချိန်တွင် အများဆုံးတင်ပို့နေသည့်ပြောင်းကုန်သည်အချို့မှာ အခက်အခဲများကြုံတွေ့နေရသည်။ တင်ပို့မှုမှာလည်း ၇၅ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ပြောင်းကုန်သည်တစ်ဦးကပြောသည်။

"လောလောဆယ် နယ်စပ်သွားတာ ကားဆယ်စီးလောက်ပဲရှိတယ်။ အရင်ကဆို အစီး၄၀ဆယ်သွားတယ်။ အခုချိန်က သူ့ရာသီပဲ"ဟု ယင်းကပြောသည်။

ထို့အပြင် မြန်မာနိုင်ငံမှ တရုတ်သို့တင်ပို့နေသည့် ရေထွက်ကုန်များတွင်လည်း အကျိုးအမြတ်နည်းနေသည့်အတွက် တင်ပို့မှုလျော့ကျနေကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။

"လောလောဆယ် မွေးမြူရေးငါးအဝယ်ကုမ္ပဏီအတော်များများလျော့လာတယ်။ ကန်ဖော်သူလည်း လုပ်ငန်းရပ်ထားတယ်" ဟု ယင်းကဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့သောပို့ကုန်များတွင် စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ပစ္စည်းများမှာ အများဆုံးဖြစ်ကြောင်းလည်းသိရသည်။

ယင်းကဲ့သို့ ငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် ပို့ကုန်သမားများအတွက် ခက်ခဲသကဲ့သို့ ပြည်တွင်းသုံးစွဲနိုင်မှုအခြေအနေကြောင့်လည်း သွင်းကုန်သမားများမှာ အကျိုးမရှိဖြစ်နေကြောင်း စော်ဘွားကြီးကုန်းရှိ ဘိလပ်မြေလက်ကားရောင်းချသူတစ်ဦးက ပြောကြားသည်။

"ဈေးကျနေတော့ အကျိုးအမြတ်ရှိမယ်လို့ထင်စရာရှိတယ်။ ဒါပေမဲ့ ဝယ်လိုအားမရှိတော့ အရမ်းမလုပ်ရဲဘူး"ဟု ယင်းက ဆက်လက်ပြောသည်။

တရုတ်ယွမ်ငွေကဲ့သို့ပင် ယခုလဆန်းပိုင်းတွင် ကန်ဒေါ်လာ၊ အက်ဖ်အီးစီနှင့် ပြည်ပပို့ကုန်ရငွေတန်ဖိုးများ ဈေးနှုန်းကျဆင်းနေမှုကြောင့် လုပ်ငန်းရှင်များ ဆုံးရှုံးမှုရှိခဲ့ကြောင်းသိရသည်။

## မျက်နှာဖုံး-ရောဂါသုံးမျိုး တိုက်ဖျက်ရန် Global Fund ရန်ပုံငွေ ၂၀၁၁နှစ်ဆန်း၌ရရှိမည် မှ

အပြီးသတ် လက်မှတ်ရေးထိုးပြီးသည့် အချိန်မှသာ ငွေကြေးပမာဏ အတိအကျနှင့် ဆောင်ရွက်မည့်လုပ်ငန်းအသေးစိတ် သိရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

Global Fund ရရှိပါက အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် လုပ်ငန်းများတွင် ကုသရေးလုပ်ငန်းများတွင် ဆေးဝါးပိုမိုရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Global Fund မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းသည့်ရောဂါ ထိုသုံးမျိုးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံအချို့ စုပေါင်းထည့်ဝင်သည့် အလှူငွေများဖြစ်ပြီး အမေရိကန်နိုင်ငံမှ ပါဝင်လှူဒါန်းသည့်ပမာဏအများဆုံးဖြစ်ကြောင်း သိရသည်။

၂၀၀၈နောက်ပိုင်း အမေရိကန်သမ္မတအိုဘားမားနှင့် အစိုးရသစ်တက်လာပြီးနောက် အစိုးရသစ်က မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို တိုက်ရိုက်ထိတွေ့ ဆက်ဆံသောမူဝါဒသစ်မှာ ရန်ပုံငွေပြန်လည်ရရှိရန် တစ်စိတ်တစ်ပိုင်းဆက်နွယ်မှုရှိကြောင်းလည်း သတင်းရရှိသည်။

၂၀၀၅ ခုနှစ် Global Fund ပြန်လည်ရုပ်သိမ်းသွားချိန်တွင် နိုင်ငံအတွင်း ရောဂါသုံးမျိုးအတွက် လုပ်ငန်းများဆောင်ရွက်ရန် 3DF ဟုခေါ်သော အဖွဲ့အစည်းက အလှူငွေများ အစားထိုးပေးနေကြောင်း သတင်းရရှိသည်။

Health
7 DAY NEWS JOURNAL
t
Vol.9, No.27 • SEPTEMBER 23, 2010

# လက်ကို တင်းကျပ်စွာဆွဲကိုင် နှုတ်ဆက်တတ်ခြင်းသည် အသက်ပိုရှည်မည့် လက္ခဏာတစ်ရပ်ဟုဆို

**လန်ဒန်၊ စက်တင်ဘာ – ၁၃**

ဗြိတိန် သုတေသီများ၏ အဆိုအရ နှုတ်ဆက်ရာတွင် လက်ကိုတင်းတင်းကျပ်ကျပ်ဆွဲကိုင်နှုတ်ဆက်ခြင်းသည်အသက်ပိုရှည်ကြာစွာနေနိုင်သည့် လက္ခဏာတစ်ရပ်ပင်ဖြစ်ကြောင်းသိရသည်။ ဗြိတိန်ဆေး သုတေသနကောင်စီမှ ပညာရှင်များသည် တင်းကျပ်စွာလက်ဆွဲနှုတ်ဆက်နိုင်ဆဲဖြစ်သော၊ မြန်မြန်လမ်းလျှောက်နိုင်သော သက်ကြီးရွယ်အိုများသည် အခြားရွယ်တူများနှင့် နှိုင်းယှဉ်လျှင် အသက်ပိုရှည်နိုင်ဖွယ်ရှိကြောင်း တွေ့ရှိခဲ့ကြသည်။

၎င်းတို့၏လက်ဆွဲနှုတ်ဆက်ခြင်း၊ လမ်းလျှောက်ခြင်း၊ ကုလားထိုင်မှ မတ်တပ်ထခြင်း၊ ခြေတစ်ဖက်တည်းပေါ် မတ်တပ်ရပ်ခြင်းစသည့် ရိုးရှင်းသည့် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုများသည်အသက်ရှည်မှုနှင့် ဆက်နွယ်နေကြောင်းဆိုသည်။ ယခုသုတေသနကို လေ့လာမှု ၃၃ ခုမှ ရရှိသောအချက်အလက်များအပေါ် ဆန်းစစ်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သုတေသီများသည် လေ့လာမှု ၃၃ ခုအတွက်လူပေါင်းသောင်းချီ၍ လေ့လာခဲ့ပြီး၊ အများစုမှာ ဆေးရုံ သို့မဟုတ် စောင့်ရှောက်ရေးစခန်းများထက် လူ့အဖွဲ့အစည်းအတွင်း ရှင်သန်နေထိုင်နေကြသော အသက် ၆၀ အရွယ်လူကြီးများကို အခြေခံလေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာမှု ၁၄ ခုတွင် မူလက်ညှစ်အားနှင့် ဆက်နွယ်သောကိစ္စများကို ပါဝင်ခဲ့ပြီး နှုတ်ဆက်ရာတွင် လက်ကိုသန်မာစွာဆုပ်ကိုင် နှုတ်ဆက်သူများသည်ခပ်ပျော့ပျော့သာ ဆုပ်ကိုင်နှုတ်ဆက်သူများထက် သက်တမ်းပိုရှည်ကြောင်း ဆိုသည်။ ထို့ပြင် ခပ်ပျော့ပျော့သာ ကိုင်၍ နှုတ်ဆက်သူများသည် တင်းကျပ်စွာဆွဲကိုင်နှုတ်ဆက်လေ့ရှိသည့် သူများထက် သေဆုံးမှုနှုန်း ၆၇ ရာခိုင်နှုန်း ပိုများကြောင်းတွေ့ခဲ့ရသည်ဟုသိရသည်။

—Ref: Reuters

# သွေးထဲသို့ မူးယစ်ဆေးဝါး ထိုးသွင်းသူသုံးဦးလျှင် တစ်ဦးကျော်၌ အိတ်ချ်အိုင်ဗီပိုးတွေ့



နိုင်ငံတကာမှ မူးယစ်ဆေးဝါးထိုးသွင်းထားမှုကို သရုပ်ဖော်ထားသော ပုံ။

ဝတ်ရည်

**ရန်ကုန်၊ စက်တင်ဘာ – ၁၆**

**မြန်မာနိုင်ငံတွင်သွေးထဲသို့မူးယစ်ဆေးဝါးထိုးသွင်းသူသုံးယောက်တွင်တစ်ယောက်ကျော်၌အိတ်ချ်အိုင်ဗီပိုးတွေ့ရကြောင်း UNAIDSမှအဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။**

နိုင်ငံအတွင်း မူးယစ်ဆေးဝါး ထိုးသွင်းသုံးစွဲသူခုနစ်သောင်းခွဲရှိပြီး ထိုလူဦးရေ၏ ၃၄ ဒသမ ၅ရာခိုင်နှုန်းတွင် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားရကြောင်း အဆိုပါ UNAIDS မှ အရာရှိကပြောသည်။ "တဖြည်းဖြည်းလျော့နည်းလာတယ်ဆိုပေမယ့် များပြားတဲ့ပမာဏလို့ ပြောနိုင်ပါသေးတယ်။ အရင်တုန်းကဆိုရင်တော့ ဆယ်ယောက်မှာ ရှစ်ယောက်နှုန်းလောက်တောင်တွေ့တာတွေရှိခဲ့တယ်"ဟုထိုအရာရှိက ပြောသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူ သုံးသိန်းမှ လေးသိန်းအထိရှိသည်ဟု ခန့်မှန်းထားပြီး သွေးထဲသို့ မူးယစ်ဆေးဝါးထိုးသွင်းသူ ခုနစ်သောင်းခွဲရှိကြောင်း Myanmar Positive Group မှ ဦးမျိုးကျော်ဝင်းကပြောသည်။

သွေးထဲသို့ မူးယစ်ဆေးဝါး ထိုးသွင်းသုံးစွဲသူများမှာ ဆေးထိုးအပ်တစ်ချောင်းအား အတူမျှဝေသုံးစွဲခြင်းကြောင့် ရောဂါပိုးအဓိက ကူးစက်၍ ထိုအမူအကျင့်အား မပြောင်းလဲနိုင်သေးသရွေ့ ကူးစက်မှုများရှိနေနိုင်ကြောင်းUNAIDS တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာဦးမျိုးလွင်ကပြောသည်။

မူးယစ်ဆေးဝါးထိုးသွင်း အသုံးပြုနေသည်ကို တွေ့ရှိပါက ဥပဒေအရအရေးယူမှုများရှိ၍ အသုံးပြုသူများမှာ ပုန်းအောင်း လုပ်ကြသဖြင့် အန္တရာယ်ကင်းသည့်အပြုအမူများအား လိုက်နာမှုအားနည်းနေခြင်းဖြစ်ကြောင်းသိရသည်။

"မူးယစ်ဆေးဝါးသုံးစွဲတာ မကောင်းဘူးဆိုတာကို လက်တွေ့သုံးနေတဲ့သူတွေက ပိုပြီးနားလည်ပါတယ်။ သူတို့မှာ ဖြတ်လို့ မရလို့ သုံးနေရတာဖြစ်တဲ့အတွက် လုပ်ငန်းတွေလုပ်တဲ့အခါ သူတို့ကို အန္တရာယ်ကင်းတဲ့နည်းလမ်းတွေပြောပြီး ရောဂါကူးစက်မှုနည်းအောင် ဆောင်ရွက်ကြတာပါ"ဟု ဒေါက်တာဦးမျိုးလွင်ကပြောသည်။ သွေးအတွင်း မူးယစ်ဆေးဝါးထိုးသွင်းသုံးစွဲသူများအား ရောဂါကူးစက်မှုနည်းပါးစေရန် တစ်ခါသုံးဆေးထိုးအပ်များ ဝေငှသည့်လုပ်ငန်းများအား အဖွဲ့အစည်းများမှ ဆောင်ရွက်နေကြသော်လည်း လုံလောက်သော အတိုင်းအတာအထိ မဆောင်ရွက်နိုင်သေးကြောင်း ဒေါက်တာဦးမျိုးလွင်ကပြောသည်။

စာရင်းများအရ ယောကျ်ားအချင်းချင်း လိင်ဆက်ဆံသူများ (MSM)များတွင် ၂၂ဒသမ ၃ရာခိုင်နှုန်း၊ ပြည့်တန်ဆာ(Sex Worker)များတွင် ၁၁ဒသမ ၂ရာခိုင်နှုန်း အိတ်ချ်အိုင်ဗီပိုးတွေ့ရှိရကြောင်းသိရသည်။

# အေအာရ်ဗီဆေးဝါး လိုအပ်သူ ခုနစ်သောင်းကျော်ရှိ

ဝတ်ရည်

**ရန်ကုန်၊ စက်တင်ဘာ – ၁၆**

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါအတွက် အေအာရ်ဗီဆေးဝါး လိုအပ်သူ ခုနစ်သောင်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

၂၀၀၉ခုနှစ် စာရင်းများအရ အရွယ်ရောက်သူများနှင့် ကလေးသူငယ် စုစုပေါင်း ၂၃၇,၆၈၄ ဦး (၀ ဒသမ ၆၁ ရာခိုင်နှုန်း)တွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ပိုးကူးစက်ခံထားရပြီး ထိုသူများတွင် နှစ်သောင်းကျော်သာ အေအာရ်ဗီဆေးဝါးရရှိနေကြောင်း သိရ သည်။

"ဆေးရတဲ့သူ နှစ်သောင်းကျော်ရှိပေမယ့် တကယ့် တကယ်ဆေးလိုအပ်တဲ့သူလည်း ခုနစ်သောင်းကျော်ရှိနေပါတယ်"ဟု UNAIDS မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်နှစ်လျှင် အိတ်ချ်အိုင်ဗီပိုးအသစ် ကူးစက်ခံရသူ ၁၇,၁၀၁ ဦးခန့်ရှိပြီး အေအိုင်ဒီအက်စ်ရောဂါဖြင့် အသက်သေဆုံးသူ တစ်နှစ်လျှင် ၁၇,၅၆၆ ဦးခန့်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

အေအာရ်ဗီဆေးသည် ခန္ဓာကိုယ်အတွင်းရှိ အိတ်ချ်အိုင်ဗီပိုးကြောင့် ပျက်စီးသွားသည့် ခုခံအားစနစ်များကို ပြန်လည်ကောင်းမွန်လာစေပြီး ပုံမှန်အတိုင်းနေထိုင်သွားစေနိုင်ကြောင်း သိရသည်။

စာ(၁၄)သို့

# မြို့ကြီးပြကြီးတွင် နေထိုင်သူများ စိတ်ရောဂါဖြစ်ရန် အလားအလာပိုများ



**စတော့ဟုမ်း၊ စက်တင်ဘာ – ၁၅**

မြို့ကြီးပြကြီးတွင် နေထိုင်သူများသည် ကျေးလက်ဒေသတွင် နေထိုင်သူများထက် စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း စသောစိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများ ပိုမိုခံစားရနိုင်ကြောင်း ဆွီဒင်နိုင်ငံမှ သုတေသနတစ်ရပ်ကဖော်ပြသည်။

ကလေးတစ်ယောက်ကြီးပြင်းလာသောလူမှုပတ်ဝန်းကျင် ပို၍ဆင်းရဲလေ တည်ငြိမ်မှုနည်းပါးလေ၊ ၎င်းကလေးသည် လူကြီးဖြစ်လာသောအခါ စိတ်ဝေဒနာတစ်မျိုးမျိုးခံစားရရန် အခွင့်အရေးများလေလေဖြစ်ကြောင်း သိရသည်။

လူတစ်ယောက် စိတ်ရောဂါခံစားရနိုင်ခြေမှာ အများအားဖြင့် မိသားစု(စိတ်ရောဂါ)ရာဇဝင်၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အများဆုံးသက်ဆိုင်သော်လည်း ပတ်ဝန်းကျင်သည်လည်း အရေးကြီးကြောင်း ဝေလပြည်နယ် ကာဒစ်တက္ကသိုလ်မှ သုတေသနခေါင်းဆောင်စတန်လီဇန်းမစ်ကပြောကြားသည်။

လူအများနှင့် ရောနှောနေထိုင်ခြင်းသည်သာ အရေးကြီးသည်မဟုတ်ဘဲ နေထိုင်ရာဒေသ၏လုံခြုံမှု၊ ပတ်ဝန်းကျင်နှင့်ပေါင်းစည်းမှုအပြင် ရပ်ရွာအပေါ် ခင်တွယ်စိတ်ထားရှိခြင်းများသည်လည်း လူတစ်ယောက်၏ စိတ်ကျန်းမာရေးအတွက် အရေးကြီးကြောင်း သုတေသနခေါင်းဆောင်ကဆက်လက်ပြောကြားသည်။

—Ref: Reuters

HANBART
REVITAL ချစ်သူတိုင်း စိန်လက်စွပ် ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# တစ်ပတ်အတွင်း လက်အစားထိုးခွဲစိတ်ကုသမှုသုံးကြိမ် အောင်မြင်စွာခွဲစိတ်နိုင်

ဝတ်ရည်

ရန်ကုန်၊ စက်တင်ဘာ – ၁၈

**ရန်ကုန်အရိုးအထူးကုဆေးရုံကြီးတွင် တစ်ပတ်အတွင်းလက်အစားထိုးခွဲစိတ်ကုသမှုသုံးကြိမ်ကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ ဩဂုတ်လအတွင်း လက်ညှိုးပြတ်တောက်နေသောလူနာ၊ ဘယ်ဘက်လက်ခုံပြတ်တောက်လူနာနှင့် ဘယ်ဘက်လက်မပြတ်လူနာများအား တစ်ပတ်အတွင်း ခွဲစိတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။**

ဩဂုတ် ၁၂ရက်တွင် ဘယ်ဘက်လက်ညှိုးပြတ်တောက်သည့် လူနာဦးဆန်းဝင်း အသက်(၃၄နှစ်)အား ညာလက်ခြေညှိုးဖြင့် ၆ နာရီကြာ အစားထိုးခွဲစိတ်ကုသမှုဖြင့် စတင်ခဲ့သည်။

ထို့နောက် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာကြောင့် ဘယ်ဘက်လက်ခုံပြတ်တောက်သည့် အသက် (၁၇နှစ်)အရွယ် လူနာမောင်ခင်မောင်ထွန်းအား ဩဂုတ် ၁၄ရက် ညနေစနာရီတွင် ၇နာရီကြာခွဲစိတ်မှု ထပ်မံပြုလုပ်ခဲ့ပြီး ဩဂုတ်လ ၁၉ရက်တွင် အသက်(၂၂နှစ်)အရွယ် လူနာဦးဇင်မောင်မောင်အား ပြတ်တောက်ခဲ့သည့် ဘယ်ဘက်လက်မအားညာဘက်ခြေညှိုးဖြင့် လက်ပိုင်းဆိုင်ရာခွဲစိတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လက်အစားထိုးခွဲစိတ်ကုသခဲ့သည့် လူနာများအား ပြတ်တောက်လက်များ ပြန်လည်သန်စွမ်းစေရန် ရန်ကုန်အရိုးကုဆေးရုံကြီးတွင် လေ့ကျင့်ပေးနေပြီး ထိုလူနာများ ကျန်းမာရေးကောင်းမွန်နေကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။

ထိုခွဲစိတ်မှုအား တာဝန်ခံဆရာဝန်ကြီးပါမောက္ခ(အရိုးနှင့်ထိခိုက်ဒဏ်ရာ)ဒေါက်တာခင်မောင်မြင့်ဦးဆောင်၍ လက်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ဒေါက်တာကျော်ဇေယျ၊ ပထမလက်ထောက်ဆရာဝန်ဒေါက်တာမျိုးမင်းဦး၊ အရိုးအထူးကုဆရာဝန်ဒေါက်တာတင်ထွန်းအောင်၊ လက်ထောက်ဆရာဝန် ဒေါက်တာကြည်သန့်နှင့် ဒေါက်တာဉာဏ်လင်းအောင်တို့ပါဝင်သောအဖွဲ့နှင့် မေ့ဆေးအဖွဲ့ တွဲဖက်ပါမောက္ခဒေါက်တာခင်မျိုးသင်း၊ မေ့ဆေးအထူးကုဆရာဝန်ဒေါက်တာအောင်ဌေး၊ ဒေါက်တာတင်မျိုးမင်း၊ ပထမလက်ထောက်ဆရာဝန်ဒေါက်တာထွန်းလှမောင်တို့ပါဝင်သောအဖွဲ့များနှင့် သူနာပြုဆရာမကြီးဒေါ်ဝင်းဝင်းမော်နှင့် သူနာပြုဆရာမများက လက်အစားထိုးခွဲစိတ်ကုသခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

# နယူးယောက်မြို့ရှိ ကလေးများ အဝလွန်ရောဂါမြင့်တက်

**နယူးယောက်၊ စက်တင်ဘာ – ၁၆**

နယူးယောက်တိုင်းမ် သတင်းစာ၏ဖော်ပြချက်အရ နယူးယောက်မြို့တော်ရှိ လူငယ်ငါးဦးတိုင်းတွင် နှစ်ဦးခန့်မှာ ကိုယ်အလေးချိန်များလွန်းနေခြင်း သို့မဟုတ် အဝလွန်ရောဂါဖြစ်နေခြင်းတို့ ကြုံတွေ့နေရကြောင်း သိရသည်။ ယခုလေ့လာမှုကို မြို့တော်၏ ပညာရေးနှင့်ကျန်းမာရေးဌာနက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ မူကြိုအရွယ်ကလေးငယ်များမှ ရှစ်တန်းအရွယ်ကလေးငယ်များကို အခြေခံလေ့လာထားခြင်းဖြစ်သည်။



၂၀၀၈-၀၉ ခုနှစ်တွင် စာရင်းကောက်ယူခဲ့သော ကလေးငယ် ၂၅၄,၀၇၆ ဦးရေ၏ ခန္ဓာကိုယ်အချိုးအစား ညွှန်ကိန်းကို အခြေခံဆန်းစစ်ကြည့်ရာ ကလေး ၂၂ ရာခိုင်နှုန်းမှာ ထိုသို့ ကိုယ်အလေးချိန်များလွန်းနေခြင်း သို့မဟုတ် အဝလွန်ရောဂါဖြစ်နေခြင်းတို့ကို ပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေ့လာမှုအရ ယခုနှစ်အတွက် အဝလွန်မှုနှုန်းအမြင့်မားဆုံးမှာ ကိုရီနာကွင်းအရပ်ဒေသများမှ ကလေးများဖြစ်ပြီး၊ ကျောင်းနေအရွယ်ကလေး ၅၁ ရာခိုင်နှုန်းမှာ အဝလွန်ခြင်း၊ ကိုယ်အလေးချိန်များခြင်းတို့ ကြုံတွေ့နေရသည်။ နယူးယောက်မြို့တော် ကြံ့ခိုင်ရေးနှင့် အာဟာရအစီအစဉ်များဌာနမှ တာဝန်ရှိ သူပညာရှင် ဘေသီနိုနတ်စ်ကလည်း "ဒီကိန်းဂဏန်းကို နိုင်ငံနဲ့ ချိန်ပြီးပြောရတာ စိတ်မကောင်းစရာပါ။ အမေရိကန်နိုင်ငံ အနှံ့အပြားမှာ အကြမ်းဖျင်းအားဖြင့် ခြောက်နှစ်ကနေ ဆယ့်တစ်နှစ်အရွယ် ကလေး ၃၅ ရာခိုင်နှုန်းခန့်ဟာ အဝလွန်ခြင်း သို့မဟုတ် ကိုယ်အလေးချိန်တိုးခြင်းပြဿနာတွေကိုကြုံနေရတာပါ"ဟု ရှင်းပြသည်။

နယူးယောက်မြို့သည် ယခုအခါကလေးများ အဝလွန်မှုကို လျှော့ချနိုင်ရန် နွားနို့များအတွင်း အဆီပါဝင်မှု တစ်ရာခိုင်နှုန်းသာရှိစေရန် သတ်မှတ်ခြင်း၊ သကြားပါဝင်သော ဖျော်ရည်စက်များကို ကျောင်းများအနီး ရောင်းချခွင့်မပေးခြင်းစသော ဥပဒေအချို့ကို ပြဋ္ဌာန်းထားသည်။

—Ref: Xinhua

## စာ – ၁၃၊ အေအာရ်ဗီဆေးဝါးလိုအပ်သူ ခုနစ်သောင်းကျော်ရှိ မှ

ထိုဆေးမှာ စသောက်သည်နှင့် တစ်သက်လုံး နေ့စဉ်မပျက်မကွက်သေသည်အထိ သောက်ရသည့်ဆေးဖြစ်၍ တစ်နှစ်တစ်နှစ် တိုးပွားလာသောလူနာအသစ်များဖြင့်ဆေးလိုအပ်မှုများပြားနေဆဲဖြစ်ကြောင်း အဆိုပါUNAIDSမှ တာဝန်ရှိသူကပြောသည်။

"ကျွန်တော်တို့အတွက် ခရီးသွားမယ်ဆိုရင်တောင် အဝတ်အိတ်မေ့ကျန်လာလို့ ရချင်ရမယ်။ ဆေးကတော့ လုံးဝမေ့ကျန်လို့မရဘဲ ကိုယ်နဲ့မကွာအမြဲယူထားရတယ်"ဟု အေအာရ်ဗီဆေးဝါးငါးနှစ်ကျော်သောက်နေသူတစ်ဦးကပြောသည်။ ယခုအချိန်တွင် ပြည်ပနိုင်ငံများမှ လှူဒါန်းသည့် ရန်ပုံငွေများဖြင့် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါကုသရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။

# အမေရိကန်မိခင်လေးဦးတွင် သုံးဦးသည် ကလေးငယ်များအား မိခင်နို့တိုက်

ဝါရှင်တန်၊ စက်တင်ဘာ – ၁၅

၂၀၀၇ အတွင်း အမေရိကန်နိုင်ငံ၌ မွေးဖွားသောကလေး ၇၅ ရာခိုင်နှုန်းသည် မွေးဖွားချိန်တွင် မိခင်နို့တိုက်ကျွေးမှုရရှိခဲ့ကြောင်း အမေရိကန်နိုင်ငံရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာမှ ထုတ်ပြန်သည့် မိခင်နို့ရည်တိုက်ကျွေးခြင်း ၂၀၁၀ အစီရင်ခံစာ၌ ဖော်ပြထားသည်။

၇၅ ရာခိုင်နှုန်း မိခင်နို့တိုက်ကျွေးရေးအစီအစဉ်မှာ အမေရိကန်အစိုးရ၏ ၂၀၁၀ ရည်မှန်းချက်များကိုပြည့်မီခဲ့ကြောင်း၊ ပြည်နယ်ပေါင်းထက်ဝက်ကျော်တွင် ၇၅ ရာခိုင်နှုန်းပစ်မှတ်ကိုကျော်လွန်ခဲ့ကြောင်းသိရသည်။ ပြည်နယ်အလိုက် မိခင်နို့တိုက်ခြင်းအစီအစဉ်ကွာခြားမှုမှာ ယူတားပြည်နယ်၌ ၉၀ ရာခိုင်နှုန်းမှ မစ္စစ္စပီတွင် ၅၂ဒသမ ၅ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မွေးကင်းစကလေးငယ်များအား မိခင်နို့ရည်တိုက်ကျွေးမှုနှုန်းမှာ တဖြည်းဖြည်းမြင့်တက် လာခဲ့သော်လည်းခြောက်လမှတစ်နှစ်အရွယ်အထိ မိခင်နို့ရည်တိုက်ကျွေးရေးအစီအစဉ်မှာမူ သုံးနှစ်ဆက်တိုက်တိုးတက်မှုမရှိဘဲ တန့်နေကြောင်းသိရသည်။ ကလေးငယ်အားခြောက်လအရွယ်အထိ မိခင်နို့ရည်တိုက်ကျွေးသောနှုန်းမှာ ၄၃ရာခိုင်နှုန်းရှိပြီး တစ်နှစ်အရွယ်အထိ တိုက်ကျွေးမှုမှာ ၂၂ ရာခိုင်နှုန်းသာရှိသည်။ ရည်မှန်းချက်မှာ ၅၀ ရာခိုင်နှုန်းနှင့် ၂၅ရာခိုင်နှုန်း အသီးသီး ဖြစ်ကြသည်။

ကလေးငယ်အား မိခင်နို့ရည်တိုက်ကျွေးခြင်းတွင် အကျိုးကျေးဇူးများစွာရှိပြီး မိခင်နို့ရည်သည်ကလေးအတွက် အစာကြေလွယ်၍ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များကြောင့်ဖြစ်ပေါ်သည့် ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။

—Ref: Xinhua

နီလာ

အောင်ချမ်းမြေ
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
(Open 6:00 am to 9:00 pm)
(I) 06:30 am to 08:30 am (IV) 04:30 pm to 06:30 pm
(II) 09:30 am to 11:30 am (V) 05:30 pm to 07:30 pm
(III) 01:30 pm to 03:30 pm
(I) 06:30 am to 08:30 am (IV) 04:30 pm to 06:30 pm
(II) 09:30 am to 11:30 am (V) 05:30 pm to 07:30 pm
(III) 01:30 pm to 03:30 pm
9:30 am to 03:30 pm

# Regional

7DAY NEWS JOURNAL

Vol.9, No.27 • SEPTEMBER 23, 2010


## မန်းတွင် ရေခွန်ကို လေးဆယ်ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီငါးမြို့နယ်အတွင်းရှိ ရေမီတာသုံးစွဲသူများအား စီးပွားရေးလုပ်ငန်းသုံးဖြစ်ပါက ရေခွန်ရေခနှုန်းထားများကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်မှစ၍ ယခင်နှုန်းထားထက်လေးဆယ်ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရသိရသည်။

၂၀၁၀ ပြည့်နှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)လမှစတင်၍ စီးပွားရေးလုပ်ငန်းများမှ ရေသုံးစွဲမှုအတွက် သုံးလတစ်ကြိမ်ရေသုံးစွဲမှုအပေါ် ယခင်တစ်ယူနစ်လျှင် ၅၅ ကျပ်နှုန်းကောက်ခံရာမှ ယခု တစ်ယူနစ် ၇၇ ကျပ်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်း ပေးဆောင်ခြင်းမရှိသော ရေခွန်ရေခများအား ကြွေးကျန်အဖြစ်သတ်မှတ်၍ ရက်လွန်ဒဏ်ကြေးများနှင့်အတူ ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်အခွန်ဌာန ဌာနမှူးဦးသာထွန်းကျော်ကပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်မှ ယခုအခါတစ်ရက်လျှင် ရေဂါလန် ၂၁ သန်းဖြန့်ဝေလျက်ရှိပြီး ဧရာဝတီမြစ်ရေကိုအသုံးပြု၍ တစ်ရက်ရေဂါလန်၁၀ သန်းဖြန့်ဝေမည့် ရေပေးဝေရေးစီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



*မန္တလေးမြို့လယ်တစ်နေရာကို ဩဂုတ်လလယ်ပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ– အားမာန်*

## မီးဘေးသင့် ရတနာပုံဈေးမှ ဆိုင်ရှင်များအား ရတနာပုံစူပါစင်တာတွင် ဆိုင်ခန်းများမဲနှိုက်နေရာချထားပေးမည်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၁၆**

မီးလောင်ဆုံးရှုံးခဲ့သော ရတနာပုံဈေးတွင် ဆိုင်ဖွင့်လှစ်ရောင်းချခဲ့သူများအား အသစ်တည်ဆောက်ပြီးစီးတော့မည့်ရတနာပုံစူပါစင်တာတွင် စက်တင်ဘာ ၂၀ ရက်၌ စတင်နေရာချထားတော့မည်ဖြစ်ကြောင်း ရတနာပုံ(ယာယီ)ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက 7Day News သို့ပြောသည်။

မူလရတနာပုံဈေးဆိုင်ခန်းရှင်များအား စိစစ်နေရာချထားနိုင်ရန်အတွက် စက်တင်ဘာ ၁၃ရက်၌ ၁၉ရက်အတွင်း ဆိုင်ခန်းစာအုပ်များ၊ ဆိုင်ခန်းဖိုးသွင်းငွေ ငွေရပြေစာမူရင်းများ၊ နာမည်မတူသူများ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နာမည်ပြောင်းလျှောက်ထားသူများ အထောက်အထားအပြည့်အစုံယူခဲ့ရမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းစာအုပ်များ စိစစ်ပြီးမှသာလျှင် မဲနှိုက်ခွင့်ပြုမည်ဖြစ်ကြောင်း အသင်းအကျိုးတော်ဆောင်က ထပ်မံပြောသည်။ ရတနာပုံစူပါစင်တာတွင် ယခင် ဆိုင်ခန်းပိုင်ရှင်များအား စက်တင်ဘာ ၂၀ ရက်မှစ၍ စက်တင်ဘာ ၂၃ ရက်အထိ ဆိုင်ခန်းအမျိုးအစားပေါင်း ၁,၄၀၀ ကျော်ကို မဲနှိုက်ကာ နေရာချထားပေးမည်ဖြစ်ကြောင်းသိရသည်။

ရတနာပုံစူပါစင်တာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး၊ ကိုယ့်အားကိုယ်ကိုး မီးစက်ဝယ်ယူရေးအတွက် ဆိုင်ခန်းတစ်ခန်းလျှင် ကျပ်နှစ်သောင်းနှုန်း ဈေးအကျိုးတော်ဆောင်အဖွဲ့သို့ ပေးသွင်း ရမည်ဖြစ်ကြောင်းလည်းသိရသည်။

ယခင် ရတနာပုံဈေး၏ ဈေးကွက် အကောင်းဆုံးနေရာဖြစ်သော ၇၈×၃၃ ထောင့်ဈေး၏ လေးပုံတစ်ပုံမြေနေရာတွင် M.G.W Construction မှ ကိုယ်ပိုင်ဒိုင်းမွန်းပလာဇာဈေး တည်ဆောက်ပြီး၊ မိမိနှစ်သက်သော နေရာတွင် ကြိုက်ဈေးဖြင့် ပေးဝယ်နိုင်ကာ မီးလောင်ခံရသော ဈေးသည်များက ရတနာပုံစူပါစင်တာတွင် ခြောက်ပေပတ်လည်တစ်ခန်းလျှင် ကျပ်သိန်းခုနစ်ဆယ်ပေးသွင်းရကြောင်း သိရသည်။

## ရှေးဟောင်းဘုရားခိုးမှုဖြင့် လူနှစ်ဦးကို သက်ဆိုင်ရာကစစ်ဆေးနေ

**စောရန်နိုင်**

**မြိုင်၊ စက်တင်ဘာ - ၁၄**

မကွေးတိုင်းမြိုင်မြို့နယ်တွင် ရှေးဟောင်းဘုရားလေးဆူပျောက်ဆုံးခြင်းနှင့်ပတ်သက်ပြီး မသင်္ကာသူနှစ်ဦးကိုစစ်ဆေးရာမှ ယခုလ ၁ ရက်တွင်သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါနေ့ ည ၇နာရီအချိန်ခန့်တွင် မြိုင်မြို့နယ် လယ်ယာကျေးရွာနေ (ဂေါပကလူကြီး)ဖြစ်သူ ဦးရွှေမောင်းသည် ကျေးရွာရှိ သီရိသုခကျောင်းတိုက်တွင် အမည်မသိလူနှစ်ဦးရောက်ရှိလာပြီး ကျောင်းတိုက်အတွင်းမှ ဆရာတော်ထံ ပျက်စီးနေသောပွဲတော်အုပ်အဟောင်းတစ်လုံး၊ ဘုရားအောက်ခံနဂါးရုပ်သုံးရုပ်၊ တိုင်ကပ်နာရီအပျက်တစ်လုံးတို့အား ဝယ်ယူ၍ပြန်သွားခဲ့သည်ဆို၏။ ယင်းနောက် ကျောင်းတိုက်အတွင်းရှိ ကမ္ဘာနရဒီတိုက်အတွင်းသို့ ဝင်ရောက်ကြည့်ရှုခဲ့ရာ ဘုရားကိုးဆူရှိရာမှ လေးဆူမှာ ပျောက်ဆုံးနေကြောင်းသိရှိခဲ့သည်။

ဘုရားပျောက်ဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ မြိုင်မြို့နယ် တန်ဘိုးရွာ ဦးမြင့်သန်းလွင်၏နေအိမ်၌ရှိနေသည့် အမည်မသိ လူနှစ်ဦးထံမှ မော်တော်ဆိုင်ကယ် လော့ဂျာ(၁၁၀) တစ်စီး၊ ဆိုင်ကယ်ဘောက်အတွင်းမှ ကျွန်းသားဖြင့်ပြုလုပ်ထားသော ပလ္လင်ခုံပါ တစ်လက်မခွဲခန့် (ဆင်းတုတော်) တစ်ဆူ၊ ကျွန်းသားဖြင့် ပြုလုပ်ထားသည့်ပလ္လင်ခုံပါ ဉာဏ်တော်ငါးလက်မခွဲခန့်ရှိဟသ်ာ (ဆင်းတုတော်) နှစ်ဆူ၊ ယင်းတို့ နှစ်ဦးအနက် သန်းထွန်းဆိုသူ ဝတ်ဆင်ထားသောအင်္ကျီအိတ်ကပ်အတွင်းမှ ပလ္လင်ခုံပါဉာဏ်တော်ခြောက်လက်မခွဲခန့်ရှိ ရဟန္တာ (ဆင်းတုတော်)နှစ်ဆူ၊ ကျွန်းသားဖြင့်ပြုလုပ်ထားသော ဟသ်ာအဖို၊ အမတစ်စုံ၊ ဘုရားအောက်ခံနဂါးရုပ်သုံးရုပ်၊ ၁၈ လက်မခန့်ရှိ ကျွန်းသားဖြင့် ပြုလုပ်ထားသော ပွဲတော်အုပ်တစ်ခု၊ ၂၀ ကျပ်သားခန့်ရှိကြေးဝါဖြင့် ပြုလုပ်ထားသည့် ဆည်းလည်းတစ်လုံး၊ တိုင်ကပ်နာရီပျက် တစ်လုံး၊ ကြေးခရင်းကိုးချောင်း၊ ကြေးသွန်း အသေးနှစ်ချောင်းတို့ ထည့်ထားသည့် ပလတ်စတစ်အစိမ်းအပြာအိတ်တစ်အိတ်၊ လျှပ်စစ်ဓာတ်အားသွင်း ဓာတ်မီးတစ်လက်၊ နီညိုရောင်မှတ်စုစာအုပ်တစ်အုပ်၊ ဆိုင်ကယ် အရောင်းအဝယ်စာချုပ် တစ်ရွက်၊ ငွေစက္ကူကျပ်ငါးထောင်တန် အရွက် ၆၀ စသည်တို့ တွေ့ရှိသဖြင့် စစ်ကိုင်းမြို့နေ သန်းထွန်း (၄၁နှစ်)၊ ဘအေး (၂၃နှစ်) တို့အား အရေးယူပေးပါရန်တိုင်တန်းခဲ့ရာ သက်ဆိုင်ရာ ရဲစခန်းက (ပ)၈၇/ ၁၀၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၂၉၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## ကုလားတန်မြစ်ရေတက်၍ ပိုက်မြွေသတိပြုသင့်

**ဂျွန်ကိုလင်း**

**စစ်တွေ၊ စက်တင်ဘာ- ၁၅**

စစ်တွေမြို့ ကုလားတန်မြစ်အနီးရပ်ကွက်များတွင် နေထိုင်ကြသော ဒေသခံများ ဒီရေတက်သောကာလဖြစ်သည့်အလျောက် ပိုက်မြွေအန္တရာယ်ကို သတိထားနေရကြောင်းအဆိုပါရပ်ကွက်များတွင် နေထိုင်သည့် ဒေသခံများက ပြောသည်။

ထူးကဲမြစ်ရေတက်ချိန်၌ စစ်တွေမြို့ ကုလားတန်မြစ်နံဘေးရပ်ကွက်များဖြစ်သည့် အိုးတန်း၊ မိဇံ၊ မြို့သူကြီး၊ တရားသီစု၊ ရွှေပြားနှင့် လမ်းမတော်ရပ်ကွက်များတွင် ဒိုက်၊ အမှိုက်သရိုက်၊ ထင်းချောင်းများနှင့်အတူ ပိုက်မြွေများလည်း ရောပါလာတတ်ကြောင်းမြို့သူကြီးရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

"ဒီရေတက်တော့သည် ကာလမှာနေအိမ်တွေထဲရေဝင်တယ်။ လူတွေအနေနဲ့ထင်းချောင်းတွေ မျောလာရင် ဆယ်ယူကြတယ်။ တချို့ထင်းဝါးတွေမှာ အဆိပ်ပြင်းတဲ့ပိုက်မြွေတွေပါလာတတ်တယ်" ဟု မြို့သူကြီးရပ်ကွက်ဒေသခံတစ်ဦးကပြောသည်။

ကုလားတန်မြစ်မှာ ရခိုင်ပြည်နယ်၌ အရေးပါဆုံးသော အဓိကမြစ်ဖြစ်ပြီး ယခုနောက်ပိုင်း လူနေမြို့အနီးတွင် ပလတ်စတစ်၊ အမှိုက်သရိုက်နှင့် စက်ရုံထွက် စွန့်ပစ်ရည်များ ပိုမိုစီးမျောလာသည်ဟု ဒေသခံတစ်ဦးက သုံးသပ်ပြောဆိုသည်။

## ပန်းခင်းရပ်ကွက်ရှိ မြေကွက်များ ထူးထူးခြားခြားဈေးတက်

**ညိုညိုဝင်း**

**နေပြည်တော်၊ စက်တင်ဘာ-၁၈**

နေပြည်တော်ပျဉ်းမနားမြို့ ပန်းခင်း(၂)ရပ်ကွက်ရှိ မြေကွက်များကို အနယ်နယ်အရပ်ရပ်မှ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ဝယ်ယူလျက်ရှိသည့်အတွက် ဩဂုတ်လမှစ၍ယင်းရပ်ကွက်ရှိ အိမ်ခြံမြေဈေးနှုန်းများတက်လာပြီး ယင်းသို့ဈေးနှုန်းတက်လာခြင်းသည် နှစ်လကာလအတွင်းလေးဆခန့်မြင့်တက်လာကြောင်း သိရှိရသည်။

အဆိုပါရပ်ကွက်သည် နေပြည်တော်ပျဉ်းမနားမြို့မှ နေပြည်တော်ဘူတာကြီးသို့သွားရာ လမ်းမပေါ်တွင်တည်ရှိနေပြီး တန်ဖိုးမြင့်မြေကွက်များဖော်ထုတ်ခဲ့ခြင်းနှင့် ဆက်လက်ဖော်ထုတ်ရန်အခြေအနေများရှိနေသည့်အတွက် အခြားဒေသများမှရင်းနှီးမြှုပ်နှံသူများ လာရောက်ဝယ်ယူလျက်ရှိကြောင်းနှင့် ယခုနှစ်ဩဂုတ်လမှ စက်တင်ဘာလအတွင်း အိမ်ခြံမြေတန်ဖိုးများမှာလည်း အနည်းဆုံးကျပ်သိန်း၅၀ ခန့်မှကျပ်သိန်း၂၀၀ခန့်အထိမြင့်တက်သွားခဲ့ကြောင်းအိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောကြားသည်။အဆိုပါရပ်ကွက်အတွင်းရှိ ပေတစ်ရာပတ်လည်အကျယ်အဝန်းရှိသော တန်ဖိုးမြင့်မြေကွက်အများအပြားကိုလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဖော်ထုတ်လျက်ရှိပြီးယင်းမြေကွက်များကို သိန်းရာဂဏန်းကြီးကြီးဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချပေးသွားရန်ရှိကြောင်းလည်းဒေသခံများထံမှ စုံစမ်းသိရှိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# တစ်နေ့တခြားကြီးထွားလာတဲ့မှိုကြီးကြောင့် လှူဒါန်းငွေကျပ်သိန်းတစ်ရာကျော်ပြီဟုဆို

ရန်ကျော်

**မုံရွာ၊ စက်တင်ဘာ - ၁၅**

ကွန်ကရစ် ကျောက်သားပေါ်တွင် ပေါက်ရောက်နေပြီး ကြီးထွားလာသည့်မှိုကြီးအား လာရောက်ကြည့်ရှုသူများ၏ လှူဒါန်းသောငွေမှာ စုစုပေါင်းကျပ်သိန်းတစ်ရာကျော် ရရှိပြီဖြစ်ကြောင်း နဂါးတွင်းကျေးရွာဆုတောင်းပြည့်မြတ်စွာဘုရား ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်။



"မှိုတစ်ပွင့်တည်းကနေ အပွင့်ပေါင်း ၁၄ ပွင့် အစုလိုက်အပြုံလိုက် ပွင့်နေတဲ့အတွက် မှိုပဒေသာဆိုပြီး အမည်ပေးထားတယ်။ မှိုပွင့်တွေ စတွေ့တာက ဩဂုတ်လ ၂၃ရက် ညပိုင်းမှာ စတွေ့ပြီး အဲဒီအချိန်က မှိုပွင့်အမြင့်ခြောက်လက်မ၊ အပွင့်အရွယ်အစားတစ်လက်မရှိတယ်။မှိုပွင့်ကြီးဆယ်ပွင့်နဲ့ မှိုပွင့်အမြင့်နှစ်စင်တီမီတာလောက်ရှိတဲ့မှိုပွင့်လေးပွင့်ရှိတယ်။ အဲဒီရက်ပိုင်းကစပြီး တစ်ရက်နှစ်လက်မခန့်နဲ့ မှိုပွင့်ခြောက်ပွင့်က ကြီးထွားလာခဲ့တာ စက်တင်ဘာ ၈ရက်နေ့မှာ မှိုပွင့်ရဲ့အကြီးဆုံး အရွယ်အစားဟာ အမြင့် ၁၆ လက်မ၊ မှိုပွင့်ထိပ်ပိုင်း အပွင့် ၁၆ဒသမ ၅လက်မ၊ မှိုပွင့်အချင်း ၃၅ လက်မရှိတယ်။ စက်တင်ဘာ ၈ ရက်နောက်ပိုင်း ဆက်လက်ကြီးထွားလာတာမရှိတော့ဘူး။ မှိုပွင့်လာရောက်ကြည့်ရှုသူတွေကို မှိုပဒေသာဓာတ်ပုံရောင်းရငွေနဲ့ ဆွမ်းလောင်းဇရပ်တန်းသွပ်မိုးဖို့ အလှူခံတာနဲ့ သိန်းရာဂဏန်းအထိ အလှူခံရရှိနေပါပြီ"ဟု အဆိုပါဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူကတစ်ဦးကပြောသည်။

"မှိုပွင့်ကြီးက တစ်နေ့တစ်နေ့ ကြီးလာတာ၊ ပြီးခဲ့တဲ့ဝါခေါင်လပြည့်ကျော် ၁၄ရက်မှာ အကြီးဆုံးအရွယ်အစားအထိရောက်ခဲ့ပြီး ဆက်မကြီးတော့ဘူး။ မှိုပွင့်လာရောက်ကြည့်ရှုတဲ့သူတွေက နေ့ရောညပါစည်ကားနေတယ်။ လှူကြတန်းကြသူတွေကလည်း ပေါများတာကြောင့် မှိုပွင့်ကြီးစတွေ့တဲ့ရက်ကနေ ၂၃ရက်အတွင်း အလှူခံရရှိငွေက ကျပ်သိန်းတစ်ရာကျော်သွားပြီ။ နဝကမ္မအလှူငွေတွေကို ဆုတောင်းပြည့်ဘုရားကြီးရင်ပြင်တော်မှာ သာသနိကအဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်ဖို့စီစဉ်ထားပြီး သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းဖို့ ဘက်စုံပြုပြင်မွမ်းမံနိုင်အောင် အလှူငွေများ ရာသက်ပန်ပဒေသာပင်စိုက်ထူသွားမှာဖြစ်ပါတယ်" ဟု နဂါးတွင်းကျေးရွာ ဆုတောင်းပြည့်မြတ်စွာဘုရား ဩဝါဒစရိယနာယက ဆရာတော်တစ်ပါးက မိန့်ကြားသည်။

မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ ဆုတောင်းပြည့်မြတ်စွာဘုရား ပုရိဝုဏ်အတွင်း ဆုပြည့်စုံရုပ်ပွားဆင်းတုတော်ရှေ့ ရင်ပြင်တော် ကွန်ကရစ် ကျောက်သားပေါ်၌ ပေါက်နေသောမှိုပွင့်သည် စက်တင်ဘာလ ၈ ရက်တွင် အကြီးဆုံးအရွယ်သို့ရောက်ခဲ့သည်။ ထို့နောက်ပိုင်းတွင် မှိုပွင့်အရွယ်အစား အနည်းငယ်သေးလာသဖြင့် လာရောက်ကြည့်ရှုသူ ပိုမိုများပြားလာခဲ့ကြောင်း သိရှိရသည်။




# မိုးတွင်းကာလ မေယုတောင်တန်းတွင် တောရိုင်းဆင်ဖမ်းဆီးခြင်း ရပ်နားထား

မောင်ကံ

**မောင်တော၊ စက်တင်ဘာ-၁၇**

မေယုတောင်တန်းတစ်လျှောက် ကျက်စားနေထိုင်ကြသည့်တောရိုင်းဆင်များကို မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းဆင်ဖမ်းအဖွဲ့မှ ဖမ်းဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့ကျင့်ပေးခြင်းများပြုလုပ်လျက်ရှိရာ မိုးတွင်းကာလ၌ ဆင်ဖမ်းဆီးခြင်းကိုရပ်နားထားကြောင်း ဆင်ဖမ်းအဖွဲ့မှဆရာဝန်တစ်ဦးက ပြောကြားသည်။

"မိုးတွင်းဖြစ်တဲ့အတွက် ဆင်ဖမ်းတာကိုရပ်ထားပါတယ်။ မိုးကုန်လို့ ဆောင်းဦးပိုင်းလောက်မှ ပြန်လည်စတင်နိုင်မှာဖြစ်ပါတယ်။ ဆင်ရိုင်းတွေကိုဖမ်းပြီး အယဉ်သွင်းပါတယ်။ ပြီးမှသစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာသုံးဖို့ပို့ပေးပါတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

ဆင်ဖမ်းအဖွဲ့၏ လေ့လာမှတ်တမ်းတင်ချက်အရ မေယုတောင်တန်းတစ်လျှောက်တွင် တောရိုင်းဆင်အကောင်သုံးရာကျော် နေထိုင်ကျက်စားလျက်ရှိပြီး တောရိုင်းဆင်များ၏ အန္တရာယ်ပေးမှုကြောင့် တောင်ယာစိုက်ခင်းများ၊ စပါးခင်းများ ဖျက်ဆီးခြင်းကြုံရပြီး ဆင်နင်းသတ်ခံရမှုများ မကြာခဏဖြစ်ပေါ်နေကြောင်းသိရသည်။ လွန်ခဲ့သည့်ပွင့်လင်းရာသီက မေယုတောင်တန်းတစ်လျှောက်မှတောရိုင်းဆင်ငါးကောင်ကို ဖမ်းဆီးလေ့ကျင့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

# မုံရွာဆိပ်ကမ်းအနီးတွင် ကြာမြင့်စွာရပ်ထားသော ယာဉ်များ ရပ်နားခပေးဆောင်ရမည်

ရန်ကျော်

**မုံရွာ၊ စက်တင်ဘာ - ၁၅**

မုံရွာမြို့၊ အောင်ဇေယျလမ်းမကြီး (ကမ်းနားလမ်း) အမြင့်လမ်းဆုံ ညောင်ပင်အောက်မှ အောင်မင်္ဂလာအဝိုင်း(ကွဲ့ရဲလမ်းဆုံ)အထိ နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း ရပ်နားသောယာဉ်များအားလုံး စက်တင်ဘာ ၁၆ရက်မှစ၍ ယာဉ်ရပ်နားခများပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာကမုံရွာဆိပ်ကမ်းတွင် တရားဝင်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် (က) ဆယ်ဘီးကားများလုံးဝမဝင်ရ။ တွေ့ရှိက ဒဏ်ငွေကျပ်ငါးသောင်း၊ (ခ) ခြောက်ဘီးအထက်ယာဉ်များ တစ်နာရီအတွင်း ရပ်နားခ ကျပ်ငါးရာ၊ (ဂ) ခြောက်ဘီးနှင့် လေးဘီးယာဉ်များ တစ်နာရီအတွင်း ရပ်နားခကျပ်သုံးရာ၊ (ဃ) ထော်လာဂျီယာဉ်တစ်နာရီအတွင်း ရပ်နားခကျပ်နှစ်ရာ၊ (င) ဆိုက်တွဲယာဉ် (သုံးဘီးဆိုင်ကယ်) တစ်နာရီအတွင်း ရပ်နားခကျပ်တစ်ရာ ဖြစ်ကြောင်းသိရှိရသည်။

"မုံရွာဆိပ်ကမ်းမှာ နေ့စဉ်ဇက်ကူးတို့ကူးတာတွေ၊ ချင်းတွင်းမြစ်အထက်ပိုင်းဒေသသွားတဲ့ အမြန်ရေယာဉ်တွေ၊ သင်္ဘောခရီးစဉ်တွေ၊ ကုန်တင်ကုန်ချလုပ်ငန်းတွေဆောင်ရွက်ကြရုံသာမကဘူး။ မုံရွာဆိပ်ကမ်းက သဘာဝရှုခင်းတွေနဲ့ လာရောက်ကြည့်ရှုအပန်းဖြေသူတွေလည်းရှိတယ်။ ပြီးခဲ့တဲ့သုံးလေးနှစ်လောက်ကစပြီး မုံရွာဆိပ်ကမ်းပေါ်သွားလာတဲ့ယာဉ်တွေအားလုံး မြို့ဝင်ကြေးဘီးခွန်ဆိုပြီး စကောက်တဲ့အချိန်ကစပြီး မဖြစ်မနေသွားလာရမယ့်ယာဉ်တွေကလွဲလို့ အသွားအလာတွေနည်းသွားတယ်။ အခုလည်း ယာဉ်ရပ်နားခ ထပ်ကောက်ဦးမယ်။ ဆိပ်ကမ်းကုန်တင်ကုန်ချယာဉ်တွေအတွက် ကုန်ကျစရိတ်မြင့်တော့ တန်ဆာခလည်းမြင့်သွားနိုင်တယ်" ဟု ချင်းတွင်းမြစ်အထက်ပိုင်း ကုန်စည်သယ်ယူပို့ဆောင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



# အင်းလေးကန်မှ ခရမ်းချဉ်သီးအထွက်လျော့၍ ဈေးကောင်း

**အိဖြူမွန်၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၁၈**

ခရမ်းချဉ်သီး အဓိကစိုက်ပျိုးသော ညောင်ရွှေမြို့နယ်အင်းလေးဒေသတွင် ယခုနှစ် မိုးဝင်နောက်ကျမှုနှင့် ရေခန်းခြောက်မှုများကြောင့် အင်းသီး (အင်းလေးဒေသထွက် ခရမ်းချဉ်သီး) အထွက်နှုန်းလျော့နည်းလာ၍ ခရမ်းချဉ်သီးဈေးနှုန်း ထက်ဝက်ခန့်ဈေးတက်လာကြောင်း ဒေသခံ အင်းခြံစိုက် တောင်သူများနှင့်ပွဲရုံအချို့မှ သတင်းရရှိသည်။

အင်းလေးကန်တွင် ခရမ်းချဉ်သီးကို နှစ်ရာသီစိုက်ပျိုးကြပြီး နှစ်စဉ်ဧပြီ၊ မေလနှင့် စက်တင်ဘာလ၊ အောက်တိုဘာလတို့တွင် စိုက်ပျိုးသည်။ ယခုနှစ် မိုးဝင်နောက်ကျပြီး အင်းသီးစိုက်သော ဒေသများတွင် ရေသိသာစွာကျဆင်းပြီး ကျွန်းမျောများမြေကြီးနှင့် ကပ်နေသော အင်းသီးစိုက်ရက်ကို အင်းခြံစိုက်တောင်သူများ ရက်ရွှေ့စိုက်ပျိုးရသည်။

ပုံမှန်ရက်တွင် စိုက်ပျိုးသော ခရမ်းချဉ်ပင်အသီးအား ၁၀ ရက်တစ်ခါခူးပြီး အကြိမ် ၈ ကြိမ်မျှ ခူးရသည်။ သို့သော် ယခုနှစ်၌ အင်းခြံစိုက်တောင်သူများသည် ၄ ကြိမ်နှင့် ၅ ကြိမ်မျှသာ ခူး၍ရသည်ဟု ဆိုသည်။

ညောင်ရွှေမြို့၌ အင်းသီး ပိဿာချိန် ၃၀ တွင် အစိမ်းတစ်တင်းလျှင် ကျပ်နှစ်သောင်းဝန်းကျင်ရှိပြီး ခရမ်းချဉ်သီးတစ်ပိဿာလျှင် ၇၀၀ ကျပ်ရှိသည်။ ရန်ကုန်မြို့ လက်လီဈေးကွက်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် တစ်ထောင်ကျပ်ဝန်းကျင်ရှိသည်။

“ပြီးခဲ့တဲ့ စိုက်ရာသီရက်က ရေခန်းလို့ ကျွန်းမျောတွေစိုက်လို့ မရဘူး။မိုးအဝင်မှာပဲစိုက်ကြတယ်။ အထွက်နှုန်းနည်းတယ်။ အပင်တွေက လောင်မီးကျပြီး သေတာတွေများတယ်။ အရင်နှစ်တွေရဲ့ ထွက်နှုန်းတော့မမီဘူး။ ဒါပေမဲ့ ဈေးကောင်းရတယ်။ ဆုံးရှုံးနစ်နာမှုဘဲမရှိတာပါ။ အမြတ်မကျန်ပါဘူး။ တစ်ခြားတောင်သူတွေတော့ မေလကစိုက်ပြီး မိုးကျလို့သေပြီး ပြန်မစိုက်ကြတော့ဘူး။ အရင်းမရှိလို့”ဟု ကေလာကျေးရွာမှ ကျွန်းမျောအလံတစ်ထောင်စိုက် တောင်သူတစ်ဦးကပြောသည်။

အင်းလေးကန်တွင် ခရမ်းချဉ်စိုက်ခင်းများကို ကျွန်းမျောအလံနှင့်ခေါ်ဝေါ်သတ်မှတ်ကြသည်။ စိုက်ခင်းတစ်ဧကလျှင် ကျွန်းမျော အလံပေါင်း ၁,၂၀၀ ရှိသည်။ အင်းလေးကန်၏ ကန်လယ်အချို့ရွာရှိ အင်းသီး စိုက်ပျိုးနိုင်သည့် ရေနေရာများတွင် စိုက်ပျိုးမှုကို ပုံမှန်ရာသီတွင် စိုက်ပျိုးနိုင်ကြသည်။

ယခင်တစ်ပတ်လျှင် မန္တလေး၊ ရန်ကုန်သို့ ခရမ်းချဉ်သီးတင် ခြောက်ဘီးကားအစီးရေ ၁၅ စီးနှင့် ၂၀ စီးတင်ပို့နိုင်သော်လည်း ယခုအခါ အစီးရေ ၇ စီးသာ တင်ပို့နိုင်ကြောင်း၊ ကုန်သည်အများစုသည် ခရမ်းချဉ်သီးဈေးနှုန်း အတည်တကျမရှိခြင်းနှင့် ရောင်းဈေးနှင့် ဝယ်ဈေး ရုံဖန်ရံခါ ညီမျှနေသောကြောင့် အရှုံးနှင့်ကြုံရကြောင်း ညောင်ရွှေမြို့ လှိုင်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အရင်းကြီးပြီး လုပ်ရတာမကောင်းဘူး။ အရှုံးပြနေတယ်။ ဝယ်ဈေးနဲ့ရောင်းဈေးက သိပ်မကွာဘူး။ ဒီကြားထဲ ရန်ကုန်နဲ့ မန္တလေးမပို့ခင်အသီးမှည့်ပြီး ပုတ်သွားရင်ကိုယ်တွေကရှုံးပြီး ဈေးကတော့ တောင်သူကြိုက်တဲ့ ဈေးနှုန်းပါ။ ဒါပေမဲ့ ထွက်နှုန်းကလျော့တော့ သူတို့လည်း အမြတ်မကျန်နိုင်ဘူး” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ညောင်ရွှေမြို့ အင်းလေးကန်တွင် မိုးနှင့်ဆောင်းခရမ်းချဉ်သီး စိုက်ခင်းဧက ၆,၃၅၂ ဧကရှိသည်။

# ရပ်နားထားသည့် ဝါးခုတ်လုပ်ငန်းများ ပြန်လည်စတင်

**မောင်ကံ**

**မောင်တော၊**

**စက်တင်ဘာ - ၁၇**

ဇွန်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်း၊ ရေစီးသန်ခြင်း စသည်တို့ကြောင့် ရပ်နားထားခဲ့သည့်ဝါးခုတ်လုပ်ငန်းများကို ယခုလမှ စတင်ကာပြန်လည်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ဒေသခံတစ်ဦးက ပြောကြားသည်။



ရခိုင်ပြည်နယ်ရှိ ဝါးထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ဇွန်လအတွင်းက ဝါးခုတ်လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည့်အတွက် ဘူးသီးတောင် ဝါးဆိပ်သို့ ဝါးများအဝင်နည်းကာ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ ဝါးတင်ပို့ရမှုမှာလည်း ဆိုင်းငံ့ထားခဲ့ရကြောင်း ဝါးကုန်သွယ်သူတစ်ဦးကဆိုသည်။

ဘူးသီးတောင်၊ မောင်တောနှင့်ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေရသည့်ဝါးများမှာ မေယုသစ်တောကြိုးဝိုင်း၊ စိုင်းဒင်ဝါးတောနှင့် တောင်ဘဇာဝါးတောများမှ အများဆုံးဖြစ်ပြီး သစ်တောဦးစီးဌာနမှ ခွင့်ပြုချက်ရယူကာ ခုတ်ယူကြခြင်းဖြစ်သည်။

ဝါးခုတ်လုပ်ငန်းများ စတင်နေပြီဖြစ်သဖြင့် မောင်တောနယ်စပ်သို့ တောင်ဘဇာဒေသထွက်ဝါးများ ဝင်ရောက်နေပြီဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန်လည်းပြင်ဆင်နေကြပြီဖြစ်ကြောင်းနှင့် ဝါးခုတ်ယူခြင်းနှင့် ကြိမ်များကိုလည်း တစ်ပါတည်း ထုတ်ယူကြကြောင်း သိရသည်။

# သားမယားအဖြစ် ပြုကျင့်ရန်ကြံရွယ်သူ ထောင်ဒဏ် ၁၀ နှစ်ကျခံရ

**စောရန်နိုင်**

**မကွေး၊ စက်တင်ဘာ - ၁၇**

မကွေးမြို့တွင်း မိဘများမသိဘဲ ဖြားယောင်းသွေးဆောင်ပြီး မိန်းကလေးငယ်အား အတင်းအဓမ္မခေါ်ဆောင်ကာ သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်မှုဖြင့် လူငယ်တစ်ဦးကို သက်ဆိုင်ရာမှ စစ်ဆေးပြီး ဩဂုတ်လ ၂၅ရက်တွင် သက်ဆိုင်ရာတရားရုံးမှ ထောင်ဒဏ် ၁၀ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရသည်။ ယခုနှစ် ဇန်နဝါရီ ၁ရက် နေ့လယ် ၃နာရီအချိန်ခန့်တွင် မကွေးမြို့၊ နေအိမ်တစ်အိမ်၌ မိန်းကလေးတစ်ဦးတည်းရှိနေစဉ် မောင် ×××ဆိုသူမှာ ဆိုင်ကယ်ဖြင့် ရောက်လာကာ အဆိုပါမိန်းကလေးနေအိမ်ခြံရှေ့၌ စကားပြောပြီး ပြန်သွားခဲ့သည်ဆို၏။ အဆိုပါနေ့ ညနေ ၄နာရီအချိန်တွင် ၎င်းမိန်းကလေးငယ်အား မတွေ့ရသဖြင့် လိုက်လံရှာဖွေခဲ့သည်ဆိုသည်။ အဆိုပါမိန်းကလေးမှာ သီလရှင်ကျောင်းတစ်ကျောင်း၌ရောက်နေပြီး၊ သမီး အားမေးမြန်းကြည့်ခဲ့ရာမှနေ့လယ်က ရောက်ရှိလာသူက အရေးကြီးကိစ္စစကားပြောရန်ခေါ်သဖြင့် ဆိုင်ကယ်ဖြင့်လိုက်သွားခဲ့သည်ဆို၏။ အဆိုပါလူနှင့် ကျန်တစ်ဦးတို့က အဆိုပါ မိန်းကလေးငယ်အား မဖွယ်မရာထိတွေ့ခဲ့ပြီး ၎င်းမိန်းကလေးက ရှုန်းကန်ရာ သီလရှင်ကျောင်းသို့ခေါ်သွားပြီး ထားရစ်ခဲ့သဖြင့် အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

သက်ဆိုင်ရာ ရဲစခန်းက (ပ)၄၄/၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၇၆/၃၆၆/၃၆၃/ကျင့် ၅၁၂ ဖြင့် အမှုဖွင့်ထားပြီး သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် ၆/၂၀၁၀ ဖြင့် မကွေးမြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် မောင် ×××(၂၃နှစ်)၊ အောင်စေတနာ ၄လမ်းနေထိုင်သူအားပြစ်ဒဏ်ချမှတ်ခဲ့ပြီး ကျန်တရားခံအား အဆိုပါအမှုနှင့်ပတ်သက်၍ ဖမ်းဝရမ်းထုတ်ပြန်ထားကြောင်းသိရသည်။

# မုံရွာတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများတွေ့ရှိက အရေးယူမည်ဟုဆို

**ရန်ကျော်**

**မုံရွာ၊ စက်တင်ဘာ - ၁၅**

မုံရွာမြို့ပေါ်ရပ်ကွက်များအတွင်း အသုံးပြုလျက်ရှိသော အိမ်သုံးလျှပ်စစ်မီတာများတွင် တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးတွေ့ရှိပါက လျော်ကြေး၊ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ယခုနှစ် စက်တင်ဘာလအတွင်း မုံရွာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မုံရွာမြို့ရှိ လျှပ်စစ်မီးသုံးစွဲသူများအား အသိပေးကြေညာထားကြောင်း သိရှိရသည်။

တရားမဝင်ဓာတ်အားသုံးစွဲမှုနဲ့ပတ်သက်ပြီး လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်း၊ ဆင့်ပွားဓာတ်အားဆက်သွယ်အသုံးပြုခြင်း၊ အထွေထွေအိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာမှ စီးပွားရေးလုပ်ကိုင်ခြင်း၊ အသေးစားစက်မှုလက်မှုနှင့် တစ်လုံးတစ်ခဲတည်း မီတာမှခွင့်ပြုဝန်အားထက်ပိုသုံးခြင်း၊ မီတာအားပြုပြင်၍ ဓာတ်အားခိုးယူသုံးစွဲခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ လျှပ်စစ်ဓာတ်အားအသုံးမပြုရန် ကန့်သတ်တားမြစ်ထားသည့်အချိန်အတွင်း လျှပ်စစ်ဓာတ်အားရယူ၍ စက်မှုလက်မှုလုပ်ငန်းအသုံးပြုခြင်း စသောအချက်များထည့်သွင်းထားကြောင်း မုံရွာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာအဖွဲ့၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အသိပေးနိုးဆော်ချက်များအရ သိရသည်။

“လျှပ်စစ်ဓာတ်အား မလုံလောက်ချိန်မှာ ခွဲတမ်းစနစ်နဲ့အသုံးပြုနေရတဲ့အတွက် တရားမဝင်ဓာတ်အားသုံးစွဲသူတွေကြောင့် ဓာတ်အားဆုံးရှုံးရမှာတော့စိုးတယ်။ ခွဲတမ်းစနစ်နဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲရတဲ့အတွက် ဘယ်သူမဆို လျှပ်စစ်ခွဲတမ်းပြည့်ပြည့်ဝဝရချင်မှာပဲ။ တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနဲ့ပတ်သက်ပြီး တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေသာမက တရားမဝင်ဓာတ်အားသုံးစွဲမှုကို အားပေးအားမြှောက်ပြုလုပ်တဲ့သူတွေကိုပါ အရေးယူသင့်တယ်” ဟု မုံရွာမြို့ခံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# စစ်တွေ - ရန်ကုန်ကားလမ်း တောင်ကုတ်တောင်ကြားလမ်း အဆင့်မြှင့်ဆောင်ရွက်

**နနနွေ(ညောဝတီ)**

**စစ်တွေ၊ စက်တင်ဘာ- ၁၅**

စစ်တွေ-ရန်ကုန်ကားလမ်း၊တောင်ကုတ်တောင်ကြားလမ်းအား မြေပြန့်လမ်းတိုးချဲ့ခြင်းနှင့်တောင်ပေါ်လမ်းမြေသားတိုးချဲ့ခြင်း၊ တောင်ကွေ့လမ်းများတိုးချဲ့ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အမ်းတောင်ကြားလမ်းမှာ ရခိုင်ပြည်နယ်နှင့်ရိုးမအရှေ့ဒေသများဖြစ်သည့် ပြည်၊ ရန်ကုန်ဒေသများ၊ မကွေး-မန္တလေး၊ မုံရွာဒေသများနှင့် အဓိက ဆက်သွယ်သည့် လမ်းမကြီးတစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်ထွက်ရေထွက်ကုန်ပစ္စည်းများ သစ်တောထွက်ပစ္စည်းများအား ရိုးမအရှေ့သို့တင်ပို့ရာလမ်းကြောင်းကြီးလည်းဖြစ်သည်။ထို့အတူ မြန်မာနိုင်ငံအလယ်ပိုင်းမှ ထွက်ရှိသည့် သီးနှံများ၊ နယ်စပ်ပို့ကုန်ကြက်သွန်၊ ချင်းတက်၊ နနွင်းတက်စသည်များနှင့် လူသုံးကုန်ပစ္စည်းများကို တင်ပို့ရာလမ်းကြောင်းလည်းဖြစ်သည်။ အမ်းတောင်ကြားလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်ရှိ မင်းပြား၊ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့များသို့ ဆက်သွယ်သွားလာနိုင်သဖြင့် ရခိုင်ဒေသမြို့နယ်များခရီးသွားပြည်သူများ အဓိကအားထားသွားလာရာလမ်းကြောင်းတစ်ခုဖြစ်လာနေကြောင်းဒေသခံများက ဆိုသည်။ အဆိုပါလမ်းအား ပုဂ္ဂလိက ကုမ္ပဏီများသို့ ဘီအိုတီစနစ်ဖြင့် တည်ဆောက်ရန်ခွင့်ပြုခဲ့ပြီးဖြစ်ရာ ယခုအခါ အမ်းတောင်ကြားလမ်းအရှေ့ခြမ်း၊ မင်းဘူးဘက်မှစတင်၍ လမ်းများအဆင့်မြှင့် ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါအပိုင်းတွင် ဆောက်လုပ်ရေးအဖွဲ့လုပ်ငန်းမှ လမ်းအထူး အဖွဲ့(၃)ဖွဲ့၊ ခရိုင်အဖွဲ့(၃)ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့(၁၃)ဖွဲ့ စုစုပေါင်း ၁၉ ဖွဲ့တို့က စတင်ဆောင်ရွက်နေပြီဖြစ်သည်။

# Education

7DAY NEWS JOURNAL

Vol.9, No.27 • SEPTEMBER 23, 2010


## ပညာရေးသတင်းတိုများ

### ဆိုက်ဘာရာဇဝတ်မှုများကို တားဆီးလိုသူများအတွက် အိုင်တီသင်တန်း

ရန်ကုန်၊ စက်တင်ဘာ – ၁၇

အိုင်တီဘာသာရပ်ကို စိတ်ဝင်စားသောကျောင်းသားများအနေဖြင့် InfoComm Security ဘာသာရပ်ကို စင်ကာပူနိုင်ငံရှိ Reffles ကောလိပ်တွင် တက်ရောက်နိုင်ကြောင်းသိရသည်။ ကမ္ဘာတစ်ဝန်း ဆိုက်ဘာရာဇဝတ်မှုများ ပိုမိုများပြားလာခြင်းကို တားဆီးကာကွယ်နိုင်မည့် ကျွမ်းကျင်အိုင်တီပညာရှင်အနေဖြင့် လုပ်ကိုင်နိုင်သော ယင်းဘာသာရပ်သုံးနှစ်သင်တန်းကြေးမှာ စင်ကာပူဒေါ်လာ လေးသောင်းဝန်းကျင်ရှိကြောင်းသိရသည်။ ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ IELTS အမှတ် ၆ ရရှိထားရန်လိုအပ်သည်။

### ဗြိတိန်တွင် ပညာသင်လိုသူများအတွက် ပညာရေးဆွေးနွေးပွဲ

ရန်ကုန်၊ စက်တင်ဘာ – ၁၇

ဗြိတိန်နိုင်ငံတွင် သွားရောက် ပညာသင်ယူလိုသောကျောင်းသားများအတွက် ပညာရေးဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ရက်၊ နံနက် ၁၀ နာရီမှ၁၂နာရီအထိ ဗြိတိသျှကောင်စီ(မြန်မာ)၌ ပြုလုပ်မည် ဖြစ်သည်။ ပညာသင်ကြားရန် အထွေထွေလိုအပ်ချက်၊ ဗီဇာအပြောင်းအလဲများကို ရှင်းလင်းဟောပြောမည်ဖြစ်ပြီး ဆွေးနွေးပွဲတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ကြောင်းသိရသည်

### SMU ၏ ပညာရေးဟောပြောပွဲ

ရန်ကုန်၊ စက်တင်ဘာ – ၁၆

စင်ကာပူနိုင်ငံရှိ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်(SMU)၏ ပညာရေးဟောပြောပွဲကို အောက်တိုဘာ ၁၆ရက် ညနေ၄နာရီမှ ၅နာရီအထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် SMU ၌ ပညာသင်ယူနေသော မြန်မာကျောင်းသားများ၊ SMU မှ ပညာရေးအတိုင်ပင်ခံများ လာရောက်ဟောပြောဆွေးနွေးမည်ဟုသိရသည်။

# ကျပ်ငွေတန်ဖိုးမာနေခြင်းက ပြည်ပကျောင်းသွားတက်မည့်မြန်မာများကို အဆင်ပြေစေ

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ – ၁၇

ယခုနှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုးမာနေခြင်းက ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူသောမြန်မာကျောင်းသားများအတွက် ပညာသင်စရိတ်သက်သာစေကြောင်း ပြည်တွင်းရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများကပြောသည်။

နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ကျောင်းဝင်ကြေးနှင့်ကျောင်းလခပေးသွင်းရာတွင် အသုံးပြုရသော အမေရိကန်ဒေါ်လာ၊ စတာလင်ပေါင်၊ စင်ကာပူဒေါ်လာ၊ ဩစတြေးလျဒေါ်လာနှင့် မလေးရှားရင်းဂစ်ငွေကြေးတန်ဖိုးများသည် မြန်မာငွေကြေးတန်ဖိုးနှင့် နှိုင်းယှဉ်လျှင် ယခင်နှစ်များထက် လျော့ကျနေသည့်အတွက် မြန်မာကျောင်းသားများ ငွေလဲလှယ်သည့်အခါ ကျပ်ငွေပေးရမှုနည်း၍ ပိုအဆင်ပြေလာခြင်းဖြစ်သည်ဟုဆိုသည်။

"အင်္ဂလန်စတာလင်ပေါင် တစ်ပေါင်ကို ဒီနေ့ ၁,၅၅၀ ကျပ်ရှိတယ်။ ၁,၄၈၀ ကျပ်လောက်ထိ ကျဖူးတယ်။ ဒီနှစ်ထဲမှာ ၁,၆၀၀ ကျပ်ကိုမရှိဖူးသေးပါဘူး။ အရင်နှစ်တွေကတော့ ၂,၀၀၀ ကျပ်ကျော်တဲ့အထိဖြစ်ဖူးတယ်" ဟု ဗြိတိန်ပညာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စင်ကာပူဒေါ်လာသည် ယခင်နှစ်များက တစ်ဒေါ်လာလျှင် ကျပ်ငွေ ၉၀၀ ဝန်းကျင်ထိ ရောက်ခဲ့ရာမှ ယခုအခါ ကျပ်ငွေ ၇၅၀ ဝန်းကျင်တွင် ရှိနေသည့်အတွက် ကျောင်းလခအား စင်ကာပူဒေါ်လာပေါက်ဈေးပေါ်မူတည်၍ ကျပ်ငွေပေးသွင်းရသောမြန်မာကျောင်းသားများကို သက်သာရာရစေကြောင်း စင်ကာပူပညာရေးဝန်ဆောင်မှုတစ်ခု၏ တာဝန်ရှိသူကပြောသည်။

"မြန်မာကျောင်းသားတွေအတွက်ကတော့ မြန်မာငွေက ခိုင်နေတော့အဆင်ပြေတာပေါ့။ သုံးနှစ်စာကျောင်းလခအတွက်ဆိုရင် ၄၅ သိန်းလောက်သက်သာသွားမယ်။ ကိုယ်တက်မယ့်ကျောင်းကဈေးကြီးလေ၊ ပိုသက်သာလေပေါ့"ဟု ၎င်းကဆိုသည်။

ထိုကဲ့သို့ ငွေကြေးဈေးကွက်အပြောင်းအလဲကြောင့် မြန်မာကျောင်းသားများ၏ ပညာသင်စရိတ်သက်သာစေလျက်ရှိသော်လည်း ယခုနှစ်အစောပိုင်းတွင် စင်ကာပူနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဗြိတိန်နိုင်ငံများမှ တက္ကသိုလ်ကောလိပ်ကျောင်းများ၏ ကျောင်းလခများသည် သက်ဆိုင်ရာကျောင်းနှင့် ဘာသာရပ်ပေါ်မူတည်၍ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ထိ မြင့်တက်ခဲ့သည်။



Photo-www.nccedu.com

## ILBC တွင် တက္ကသိုလ်အခြေခံသင်တန်းဖွင့်လှစ်မည်

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ – ၁၅

ပြည်တွင်းရှိ အင်တာနေရှင်နယ်ကျောင်းတစ်ခုဖြစ်သော ILBC တွင် တက္ကသိုလ်အခြေခံသင်တန်း (University Foundation Course)ကို စက်တင်ဘာ ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု သိရသည်။

အဆိုပါ သင်တန်းတက်ရောက်လိုသော ပြင်ပကျောင်းသားများအနေဖြင့် စက်တင်ဘာ ၂၁ ရက်တွင် သင်္ချာနှင့် အင်္ဂလိပ်စာဝင်ခွင့်ဖြေဆိုရမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ သိရသည်။

၎င်းသင်တန်းကာလမှာ ဆယ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်မှာ တနင်္လာမှ သောကြာနေ့ထိ နံနက် ၈ နာရီ ១၅ မိနစ်မှ ညနေ ၃ နာရီ ၁၅ မိနစ်ထိဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများနှင့် GCE- O အဆင့်ရှိသူများ တက်ရောက်နိုင်သော အထက်ပါကျောင်းသင်တန်းကြေးမှာ ကျပ် ၄၈ သိန်း ဖြစ်ပြီး နှစ်ကြိမ်ခွဲသွင်းနိုင်သည်။

## ဗြိတိသျှကောင်စီပညာရေးဆိုင်ရာပြပွဲ အောက်တိုဘာ ၉ရက်တွင် ကျင်းပမည်

ရန်ကုန်၊ စက်တင်ဘာ – ၁၇

၂၀၁၀ ခုနှစ် ဗြိတိသျှကောင်စီပညာရေးဆိုင်ရာပြပွဲကို အောက်တိုဘာလ ၉ရက်၊ နံနက် ၁၀နာရီမှညနေ ၅နာရီထိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)မှ သိရသည်။

အဆိုပါပြပွဲတွင် ဗြိတိသျှကောင်စီ(မြန်မာ)မှ ဆောင်ရွက်နေသော ဝန်ဆောင်မှုများ၊ နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများ၊ အင်္ဂလိပ်စာသင်တန်းပို့ချမှုများ၊ စာကြည့်တိုက်နှင့် ပတ်သက်သောဝန်ဆောင်မှုများနှင့် ပညာရေးဆိုင်ရာဟောပြောပွဲများ ပါဝင်မည်ဟုသိရသည်။

"လူကြီးတွေအတွက်က ယူကေပညာရေးအကြောင်း ဟောပြောပွဲ၊ယူကေစာမေးပွဲအကြောင်း ဟောပြောပွဲနဲ့ စာကြည့်တိုက်အကြောင်း ဟောပြောပွဲတွေပါမယ်။ ကလေးတွေအတွက် ပုံပြောတာတွေ၊ အရောင်ခြယ်တာတွေပါမယ်။ ပြီးတော့ ဗြိတိသျှကောင်စီနဲ့အင်တာနေရှင်နယ်ကျောင်းက ကလေးတွေရဲ့ Spelling Contest လည်း အဲဒီနေ့မှာလုပ်ပါမယ်"ဟု ပြပွဲစီစဉ်သူတစ်ဦးကပြောသည်။ ဗြိတိသျှကောင်စီသည် ဗြိတိန်နိုင်ငံ၏ ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းဖြစ်ပြီး အနုပညာ၊ ပညာရေး၊ အင်္ဂလိပ်ဘာသာ၊ သိပ္ပံပညာနှင့် အားကစားကဏ္ဍများတွင်ပါဝင်ဆောင်ရွက်နေကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဗြိတိသျှကောင်စီတွင် နေ့စဉ်လူပေါင်းတစ်ထောင်ခန့် ဝန်ဆောင်မှုရယူနေကြကြောင်း အဆိုပါဌာနမှသိရသည်။

## ဗြိတိန်ကျောင်းသားဗီဇာလျှောက်လွှာကြေး ထပ်မံမြင့်တက်ဖွယ်ရှိဟုဆို

နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ – ၁၈

၂၀၁၀ နှစ်ကုန်ပိုင်းမှစတင်၍ ဗြိတိန်ကျောင်းသားဗီဇာလျှောက်လွှာကြေးများ ထပ်မံမြင့်တက်သွားဖွယ်ရှိကြောင်း ယူကေဘော်ဒါအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ပြည်ဝင်ခွင့်ဗီဇာလျှောက်လွှာကြေး မည်မျှမြင့်တက်မည်ကို မသိရှိရသေးသော်လည်း ၂၀၁၀ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ လျှောက်လွှာကြေးပြောင်းလဲသွားမည်ဖြစ်သည်။ ထိုသို့မြင့်တက်မှုတွင် ကျောင်းသားဗီဇာ၊ အလည်အပတ်ဗီဇာ၊ အလုပ်အကိုင် သို့မဟုတ် နေထိုင်ခွင့်ဗီဇာကြေးတို့လည်း ပါဝင်နေကြောင်း သိရသည်။

"အခု လက်ရှိက ကျောင်းသားဗီဇာကြေး ၁၉၅ပေါင်ကို ကျပ်ငွေနဲ့ ငွေဈေးပေါ် မူတည်ပြီး ပေးသွင်းရတယ်။ ကျပ်သုံးသိန်းတစ်သောင်းရှစ်ထောင်သွင်းနေရတယ်။ တက်မယ်ဆိုရင် အခုစက်တင်ဘာမှာသွားမယ့် ကျောင်းသားတွေအတွက်ကတော့ အပြောင်းအလဲမရှိပေမယ့် ဇန်နဝါရီကျောင်းဝင်ခွင့်မှာသွားမယ့် ကျောင်းသားတွေကို သက်ရောက်မှုရှိမှာပါ"ဟု ပြည်တွင်းပညာရေး ဝန်ဆောင်မှုတစ်ခု၏ တာဝန်ရှိသူကပြောသည်။ ဗြိတိန်ကျောင်းသား ပြည်ဝင်ခွင့်ဗီဇာကြေးသည် ယခုနှစ် မတ်လက ၁၄၅ ပေါင်မှ ၁၉၅ပေါင်သို့မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ထပ်မံမြင့်တက်ရန်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

## ထူးချွန်မြန်မာကျောင်းသားများအား Abeဥက္ကဋ္ဌလာရောက်ဆုပေး



နေလင်းထွန်း

ရန်ကုန်၊ စက်တင်ဘာ – ၁၅

ဗြိတိန်နိုင်ငံမှ Abe တည်ထောင်သူဥက္ကဋ္ဌ Mr.Lydon Jones က Abe ဘာသာရပ်များတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော မြန်မာ ကျောင်းသား ၇ဦးကို ယခုလ ၁၄ ရက်က စထရင်းဟိုတယ်၌ လာရောက်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသားများတွင် Abe ဘာသာရပ်၏ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဘာသာရပ်များအတွက် ထူးချွန်ဆုပေးအပ်ခံရခြင်းဖြစ်ပြီး၊ Abe သင်တန်းကျောင်းများဖြစ်သော MHR မှ ကျောင်းသား၅ဦး၊ PS သင်တန်းကျောင်းမှ ကျောင်းသား၁ဦးနှင့် KMD သင်တန်းကျောင်းမှ ကျောင်းသား ၁ဦးတို့ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ အဆိုပါ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူကပြောသည်။

စာ(၂၀)သို့

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# စင်ကာပူပိုလီကျောင်းဝင်ခွင့် လျှောက်ထားမှုအတွက် အခမဲ့ဝန်ဆောင်မှုပေးမည်ဟုဆို

နေလင်းထွန်း

**ရန်ကုန်၊ စက်တင်ဘာ – ၁၅**

စင်ကာပူနိုင်ငံရှိ အစိုးရပိုင် ပိုလီကျောင်းများတွင် ၂၀၁၁ ခုနှစ် ဧပြီလကျောင်းဝင်ခွင့်လျှောက်ထား လိုသော မြန်မာကျောင်းသားများ အတွက် အခမဲ့ဝန်ဆောင်မှု ဆောင်ရွက်မည်ဖြစ်ကြောင်း SYM ပညာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူက ပြောသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ပျမ်းမျှရမှတ် ၇၀ ရာခိုင်နှုန်းရရှိထားသော ကျောင်းသားများအနေဖြင့် လိုအပ်သော ပညာရေးစာရွက်စာတမ်းများဖြင့် သတ်မှတ်ရက်မတိုင်မီ အခမဲ့လျှောက်ထားနိုင်ကြောင်း သိရသည်။

"ဒီနှစ်မှ အခမဲ့ဝန်ဆောင်မှု ပေးတာပါ။ အရင်တုန်းကတော့ ကျောင်းတစ်ကျောင်းကို ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၅၀ ယူပါတယ်"ဟု SYM ပညာရေးမှ တာဝန်ရှိသူကပြောသည်။

စင်ကာပူနိုင်ငံရှိ ပိုလီကျောင်းငါးကျောင်းသို့ မြန်မာကျောင်းသားများ ကျောင်းဝင်ခွင့်ရရှိရန်အတွက် ပြည်တွင်းပညာရေးဝန်ဆောင်မှု ကုမ္ပဏီများမှတစ်ဆင့် လျှောက်ထားလေ့ရှိကြသည်။ ထိုသို့ လျှောက်ထားရာတွင် ကျပ်ငါးသောင်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၅၀ ဝန်ဆောင်ခအနေဖြင့် ပေးသွင်းရလေ့ရှိကြောင်း သိရသည်။

ယခုချိန်တွင် ၂၀၁၀ ခုနှစ် ဧပြီလကျောင်းဝင်ခွင့်အတွက် တီမောဆက်ပိုလီ၊ စင်ကာပူပိုလီနှင့် နန်ယမ်းပိုလီကျောင်းတို့ကိုသာ လျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ အောက်တိုဘာလအတွင်းဖြစ်ကြောင်းသိရသည်။



# စင်ကာပူပုဂ္ဂလိကကျောင်းများ၏ ပညာရေးပြပွဲ ရန်ကုန်နှင့်မန္တလေးတွင် ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ – ၁၇**

စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကကျောင်း၉ကျောင်း၏ ပညာရေးပြပွဲကို လာမည့်အောက်တိုဘာလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း AT & S ပညာရေးဝန်ဆောင်မှုကုမ္ပဏီမှသိရသည်။

အဆိုပါကျောင်းများမှာ PSB၊ TMC၊ JCU၊ Kaplan၊ MDIS၊ Raffles၊ SP. Jain၊ MIS နှင့် SAA တို့ဖြစ်သည်။ ပညာရေး ပြပွဲအား ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ အောက်တိုဘာလ ၂ရက် နံနက် ၉နာရီခွဲမှ ညနေ ၅နာရီခွဲထိလည်းကောင်း၊ မန္တလေးမြို့ ဟိုတယ်မန္တလေး၌ အောက်တိုဘာ ၃ရက်၊ နံနက် ၁၀ နာရီခွဲမှ ညနေ ၅နာရီခွဲထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိသော စင်ကာပူခရီးသွားလုပ်ငန်း အဖွဲ့အစည်း(STB)၏အဆိုပါစင်ကာပူပညာရေးပြပွဲကို ယခုနှစ်တွင် ပြည်တွင်းပညာရေးဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်သည့် AT & S မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ယခင်နှစ်တွင် ကျင်းပခဲ့သောစင်ကာပူပညာရေးပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာသော ကျောင်းသားအရေအတွက် နည်းပါးမှုနှင့်ရင်ဆိုင်ခဲ့ရသည်။

# City & Guild သင်တန်းက ကျန်းမာရေးစောင့်ရှောက်မှု ဘာသာရပ်ကို စတင်သင်ကြားမည်

နေလင်းထွန်း

**ရန်ကုန်၊ စက်တင်ဘာ – ၁၅**

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်သင်တန်းဖြစ်သော City & Guild သင်တန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု (HealthCare)ဘာသာရပ်ကို တိုးမြှင့်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံမှ အသိအမှတ်ပြုလက်မှတ်တစ်ခုဖြစ်သော City & Guild သင်တန်းတွင် အင်္ဂလိပ်နီယာဘာသာရပ်၊ ခရီးသွားလုပ်ငန်းဘာသာရပ်၊ ဟိုတယ်ဝန်ဆောင်မှုဘာသာရပ်နှင့် အိုင်တီဘာသာရပ်တို့ သင်ကြားလျက်ရှိရာ ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှု ဘာသာရပ်ကို ထပ်မံတိုးချဲ့လိုက်ခြင်းဖြစ်သည်။

"ကျန်းမာရေးစောင့်ရှောက်မှုဘာသာရပ်ကို အခုမှစပြီး နောင်ဖွင့်မယ့်သင်တန်းမှာသင်မှာပါ။ ဒီသင်တန်းက သူနာပြုအကူအဆင့်လောက်ရှိပါတယ်။ အခြားနိုင်ငံတွေမှာတော့ လူအိုရုံအသက်ကြီးတဲ့သူတွေရှိတဲ့ အိမ်တွေမှာ ကူညီစောင့်ရှောက်ဖို့ ငှားလေ့ရှိပါတယ်"ဟု City & Guild မှ တာဝန်ရှိသူကပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ City & Guild ဘာသာရပ်များကို သင်တန်းကျောင်း ၁၀ ကျောင်းမှ သင်ကြားပို့ချလျက်ရှိပြီး အင်ဂျင်နီယာဘာသာရပ်ကို လေ့လာသင်ယူသော ကျောင်းသားအရေအတွက် ပိုမိုများပြားကြောင်း သိရသည်။

## စာ-၁၉၊ ထူးချွန်မြန်မာ ကျောင်းသားများအား Abeဥက္ကဋ္ဌလာရောက်ဆုပေး မှ

"အရင်နှစ်တွေတုန်းကတော့ ကျောင်းသားတစ်ယောက်လောက်ပဲ ထူးချွန်ဆုရတယ်။ ဒီနှစ်တော့ ကျောင်းသားများလာပါတယ်။ ဒီဘာသာရပ်ကို လေ့လာသင်ယူတဲ့သူ များလာတာလည်းပါပါတယ်"ဟု ယင်းကပြောသည်။

ပြည်တွင်းရှိ Abe သင်တန်းကျောင်းများတွင် စီးပွားရေးစီမံခန့်ခွဲမှု၊ စီးပွားရေးသတင်းအချက်အလက်စနစ်၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေရေးနှင့် ဟိုတယ်နှင့်ခရီးသွားစီမံခန့်ခွဲမှု ဘာသာရပ်ဟူ၍ ဘာသာရပ်ခြောက်မျိုးကို သင်ကြားပို့ချနေပြီး နှစ်စဉ် Abe ဘာသာရပ်ကို ဖြေဆိုနေသော ကျောင်းသား ၈၀၀ကျော်ရှိကြောင်း သိရသည်။

UNITED PHARMA

Job Opportunities

Serving Your Healthcare Needs

Promotion Girls – (16) Post

United Pharma (Yangon) Co., Ltd.

ဆက်သွယ်ရန် – Human Resources & Org. Development

(24 Hour Service)

(9am-5pm)

Machine Operator များအလိုရှိသည်

- Machine Operator B.E/B-Tech / AGTI (Mech:/Elec:) - ကျား/မ (၅) ဦး

Offset Printing

-လစာကောင်းကောင်းပေးပါမည်။

# Technology

7DAY NEWS JOURNAL

Vol.9, No.27 · SEPTEMBER 23, 2010


## ကျပ်ငါးသိန်းဖုန်း ကြိုတင်ငွေဖြည့်ကတ် တစ်ကြိမ်သာ အသုံးပြုနိုင်

### ငွေဖြည့်ကတ်အား ခွဲ၍အသုံးပြုနိုင်သည်ဟု ထင်နေသူများမှာ...



**သိမ့်သိမ့်စိုး**

ရန်ကုန်၊ စက်တင်ဘာ-၁၅

ကျပ်ငါးသိန်းတန် ဖုန်းများတွင်သုံးစွဲရသော ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ၏ ခဲခြစ်ကုဒ်နံပါတ်များမှာ ပထမဆုံး ရိုက်ထည့်သူတစ်ဦးတည်းသာ သက်တမ်းကုန်သည်အထိ သုံးစွဲနိုင်ကြောင်း လူကြီးမင်းမိုဘိုင်းစင်တာမှ မန်နေဂျာ ဦးကိုကိုအောင်က ပြောသည်။

ကြိုတင်ငွေဖြည့်ကတ် (Prepaid Top-up Card) တွင်ပါဝင်သည့် ခဲကွက်မှ PIN နံပါတ်မှာ အခြားဖုန်းတစ်ခုက ထပ်မံအသုံးပြုရိုက်ထည့်ပါက တစ်ဝက်စီသုံးစွဲနိုင်မည်မဟုတ်ကြောင်း ယင်းကပြောသည်။

အဆိုပါကတ်များမှာ ကျပ် ၁၀,၀၀၀ တန်နှင့် ကျပ် ၃၀,၀၀၀ တန်ကတ်ဟူ၍ နှစ်မျိုးရှိသည်။

"တချို့က နောက်လူက အဲဒီကုဒ်နံပါတ်ကို ရိုက်ထည့်ရင် တစ်ဝက်ဆီသုံးလို့ရတယ်လို့ ထင်ကြတယ်။ တကယ်က ခွဲသုံးလို့မရပါဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## ရတနာပုံစီးတီးတွင် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာသန်း ၂၀ ရှိလာ



ဓာတ်ပုံ - လမင်းနိုင်

**ယုဇနကိုကို**

ရန်ကုန်၊ စက်တင်ဘာ - ၁၄

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နည်းပညာမြို့တော်ဖြစ်သော ရတနာပုံဆိုက်ဘာစီးတီးတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ပြည်တွင်းပြည်ပနည်းပညာကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံငွေပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၂၀ အထိရှိပြီဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း ပြည်ပ နည်းပညာကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏကန်ဒေါ်လာသန်း ၂၀ ၏ ထက်ဝက်ပမာဏကို ပြည်တွင်းရှိ နည်းပညာကုမ္ပဏီတစ်ခုတည်းမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း သိရသည်။

အဆိုပါကုမ္ပဏီမှာ ရတနာပုံဆိုက်ဘာစီးတီး စတင်တည်ထောင်သည့်အချိန်တွင်ပေါ်ထွက်လာသည့် ထူးကုမ္ပဏီ၏လုပ်ငန်းခွဲတစ်ခုဖြစ်သော E-Lite Tech ကုမ္ပဏီဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသောနည်းပညာမြို့တော်ဖြစ်လာသည့် ရတနာပုံဆိုက်ဘာစီးတီးတွင် ပြည်တွင်းပြည်ပနည်းပညာကုမ္ပဏီများမှ နည်းပညာစက်ရုံများတည်ဆောက်ပြီး ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို အများဆုံးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

"ရတနာပုံဆိုက်ဘာစီးတီးမှာ ရင်းနှီးမြှုပ်နှံမှုပမာဏက အခု ဆိုရင် ကန်ဒေါ်လာသန်း ၂၀ လောက်တောင်ရှိနေပါပြီ။ အီလိုက်တက်ခ် ကုမ္ပဏီတစ်ခုတည်းတင် ကန်ဒေါ်လာ ၁၀ သန်းဖိုးလောက် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။ သူတို့ကတော့ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းတွေ၊ ဆက်သွယ်ရေးစခန်းတွေကို တည်ဆောက်ပေးမှာပါ။ ဆိုက်ဘာစီးတီးတစ်ခုလုံးမှာ ရင်းနှီးမြှုပ်နှံမှုက စတင်တည်ထောင်ပြီးကာလကထက် တက်လာပါတယ်" ဟု ၎င်းကပြောသည်။

၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းကမှ စတင်တည်ထောင်ခဲ့သော အဆိုပါရတနာပုံဆိုက်ဘာစီးတီးတွင် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများအပြင် တရုတ်နိုင်ငံမှ ကုမ္ပဏီများက အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်နေကြောင်းသိရသည်။

ယခုလတ်တလောတွင် နည်းပညာမြို့တော်၌ ရတနာပုံဖိုင်ဘာစက်ရုံ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၊ Huwai ကုမ္ပဏီ၊ E-Lite ကုမ္ပဏီ၊ Asia Mega Link ကုမ္ပဏီ အစရှိသည့် နည်းပညာကုမ္ပဏီများအပါအဝင် အခြားသော နည်းပညာကုမ္ပဏီများမှ စက်ရုံများတည်ထောင်ကာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေပြီဖြစ်သည်။

## လိင်ဖျော်ဖြေရေးလုပ်ကိုင်သူအချို့ အင်တာနက်ကို အသုံးပြု၍ ဈေးကွက်ချဲ့လာ

**သားငယ်**


**ရန်ကုန်၊ ဩဂုတ် - ၂၆**

ယခုနောက်ပိုင်း ချက်တင်သုံးစွဲသူများကြားတွင် လိင်ဖျော်ဖြေရေးလုပ်ကိုင်သူများ သုံးစွဲမှုရှိလာသဖြင့် ဆယ်ကျော်သက် အင်တာနက်သုံးစွဲသူ လူငယ်များအတွက် ဂရုစိုက်သင့်ကြောင်း သုံးစွဲသူများက ပြောသည်။

ယခင်က ဖုန်းနှင့်ချိတ်ဆက်၍ အလုပ်လုပ်ကိုင်ကြသော ယင်းအမျိုးသမီးများသည် ဂျီတော့ခ်အကောင့်များဖြင့် မိတ်ဆွေဖွဲ့ပြီးမှ ယင်းအလုပ်အတွက် အသိပေးချိတ်ဆက်လာကြခြင်းမျိုးဖြစ်ကြောင်း ကြုံတွေ့ရသူတစ်ဦးက ပြောသည်။

"တလောက ကျွန်တော့်အကောင့်ကို အင်ဗိုက်လုပ်လို့ လက်ခံလိုက်တာ၊ ပြီးတော့ အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး သူ့မှာ ဘယ်လိုလူတွေရှိတယ်။ ဘယ်ကိုဖုန်းဆက်လို့ရပါတယ်။ အဲဒါမျိုးတွေ။ အဲဒါနဲ့ ကျွန်တော်က မယုံဘူး။ သူငယ်ချင်းတစ်ယောက် နောက်တယ်ထင်လို့ ဆက်ကြည့်တော့ တကယ်အဲဒါမျိုး လုပ်တဲ့အိမ်ဖြစ်နေတာ တော်တော်လန့်သွားသလို အံ့လည်း အံ့သြတယ်။ ဒီလောက်တောင်ဖြစ်လာပြီလားလို့" ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတစ်ဦးက ဆိုသည်။

ယင်းသို့ သုံးစွဲသူများတွင် အများစုမှာ ကာရာအိုကေ၊ အနှိပ်ခန်းမှ အမျိုးသမီးများနှင့် အချို့ ဦးစီးလုပ်ကိုင်သူများလည်း ရှိနေကြောင်း ဝက်ဘ်ဆိုက်တာဝန်ခံတစ်ဦးကပြောသည်။



"အချို့ အသုံးများတဲ့ Forum တွေမှာဆို အဲဒီလိုမက်ဆေ့ချ်တွေ တင်ထားတာရှိတယ်။ ဘယ်နေရာမှာ ဘယ်အခန်း၊ ဘယ်လိုဝန်ဆောင်မှုတွေဆိုပြီးတော့ ဒါမျိုးတွေကျတော့ ကလေးတွေအတွက် အရမ်းအန္တရာယ်ရှိတယ်။ ကျွန်တော့်ဆိုင်မှာလည်း နေ့လယ်၊ နေ့ခင်းဆို အဲဒါမျိုးတွေ ရောက်ရောက်လာတယ်။ အော်ကြီး ဟစ်ကျယ်နဲ့ ဆိုင်ထဲမှာ တအားရဲတင်းကြတာ" ဟု ယင်းသို့ကြုံတွေ့ရမှုများနှင့် ပတ်သက်၍ အင်းစိန်မြို့နယ်ရှိ Net Five အင်တာနက်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ပိုင်းအတွင်း အသက် ၁၄၊ ၁၅ နှစ်ဝန်းကျင် ကျောင်းသားများလည်း အင်တာနက်အား တွင်ကျယ်စွာ သုံးစွဲတတ်နေပြီဖြစ်ရာ အရွယ်မရောက်သေးသည့် ကလေးငယ်များ ယင်းသို့သော သူများနှင့် ကြုံတွေ့ပါက အတတ်စမ်း၊ စူးစမ်းမှုများ မရှိရန် မိဘများအနေဖြင့် စောင့်ကြည့်ပညာပေးသင့်ကြောင်း Web developer တစ်ဦးဖြစ်သူကိုမျိုးကျော်သူက သုံးသပ်ပြောကြားသည်။

"အခုနောက်ပိုင်းမှာ အင်တာနက်က Freedom for All လိုဖြစ်နေတော့ ဒီအကျိုးကို ခံစားရတဲ့သူတွေထဲမှာ ဒီအမျိုးသမီးတွေလည်း ပါတာပေါ့။ ဒါပေမဲ့ အရင်က ဖုန်းတွင်ကျယ်တဲ့အချိန် ဖုန်းနဲ့အလုပ်လုပ်ရာကနေ အခုအင်တာနက်တွင်ကျယ်တော့ အင်တာနက်နဲ့ဖြစ်သွားတာပေါ့။ တစ်ခုရှိတာက အရွယ်မရောက်သေးတဲ့ ကလေးတွေအတွက် ဒီကိစ္စတွေ မပတ်သက်မိစေဖို့၊ ဒီမိန်းကလေးတွေဘက်က စည်းလေးထားဖို့ ပညာပေးတာမျိုးလောက်ကတော့ လုပ်လို့ရမယ်။ မလုပ်နဲ့လို့တော့ သွားတားဖို့မလွယ်တော့ဘူး"ဟု အဆိုပါအဖြစ်အပျက်များနှင့် ပတ်သက်၍ နိုင်ငံတကာ အင်န်ဂျီအိုတစ်ခု၏ အိတ်ချ်အိုင်ဗီနှစ်သိမ့်ဆွေးနွေးပညာပေးသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယင်းသို့ ပြောင်းလဲလာခြင်းသည် တစ်ဦးနှင့်တစ်ဦး မြင်တွေ့ရန်မလိုဘဲ လွတ်လွတ်လပ်လပ် ပြောဆို နှီးနှောနိုင်သည့် ချက်တင်များကြောင့်ဖြစ်ပြီး ဈေးကွက်ရှာဖွေသူများအတွက် ပိုမိုလွယ်ကူလာစေကြောင်း အင်တာနက်သုံးစွဲသူတစ်ဦးကဆိုသည်။




7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# စွမ်းဆောင်ရည်များသော မော်ဒယ်လ်မြင့် ဖုန်းအိမ်များကို ပို၍အသုံးပြုလာဟုဆို

သိမ့်သိမ့်စိုး

ပြည်တွင်းဟန်းဆက်(ဖုန်းအိမ်) ဈေးကွက်တွင် ယခုနောက်ပိုင်း၌ စွမ်းဆောင်နိုင်မှုမြင့်မားသည့်မော်ဒယ်လ်မြင့်ဟန်းဆက်ကိုသာ ရွေးချယ်အသုံးပြုမှုများလာကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

လက်ကိုင်ဖုန်းသုံးစွဲသူတို့၏ ၆၅ ရာခိုင်နှုန်းသည် ယခုနောက်ပိုင်းတွင် စွမ်းဆောင်ရည်နှင့်Function စုံလင်ပြီး၊ လုပ်ဆောင်နိုင်မှုများပြားသည့်ဟန်းဆက်များကိုသာ အသုံးပြုလာကြကြောင်း အထက်ပါပုဂ္ဂိုလ်တို့က ဆိုသည်။

ဆယ်လူလာဖုန်းနှင့် ဂျီအက်အမ်ဖုန်းများချထားပေးချိန်မှစ၍ အသုံးပြုမှုများလာသော မိုဘိုင်းဖုန်းအိမ်ဈေးကွက်မှာ ၂၀၀၈ ခုနှစ်နှစ်ကုန်ပိုင်း၌ ပို၍ကြီးထွားလာခဲ့သည်။ယင်းကဲ့သို့ သုံးစွဲမှုမြင့်တက်လာရခြင်းမှာ လူတန်းစားအလွှာမျိုးစုံသုံးစွဲနိုင်သော ဂျီအက်စ်အမ်နှင့် စီဒီအမ်အေကတ်ဖုန်းများကို ကျပ်ငါးသောင်းနှင့် ကျပ်နှစ်သောင်းဖြင့်စတင်ရောင်းချလာ၍ ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ ထို့အပြင် ကျပ်ငါးသိန်းတန်ဖုန်းဟုခေါ်သော စီဒီအမ်အေအမျိုးအစား ဖုန်းများ ချပေးလာသောအခါ ဖုန်းအိမ်ဈေးကွက်မှာ ပို၍ကျယ်ပြန့်လာသည်။

ထိုအခြေအနေတွင် ထူးခြားသည်မှာ ယခုနှစ်သည် မော်ဒယ်လ်မြင့်ဟန်းဆက်သုံးစွဲမှုအမြင့်ဆုံး အချိန်ဖြစ်ကြောင်း ယင်းတို့ကဆိုသည်။

ဖုန်းသုံးစွဲသူများကြားတွင် ယခင်က ဖုန်းခေါ်ရုံ၊ သတင်းတို (Short Message)ကို သာမန်အသုံးပြု၍ရသော ဟန်းဆက်အမျိုးအစားများထက်၊ ကင်မရာ၊ ဗီဒီယို Bluetooth စသည့်ဖန်ရှင်များပါသောဟန်းဆက်များမှ တစ်ဆင့် ယခုနောက်ပိုင်းတွင် Wi-Fi ရသော ဟန်းဆက်များကိုပါ အသုံးပြုမှု များလာခဲ့သည်ဟု ဆိုသည်။

ထို့မှတစ်ဆင့် Touch Screen, Smart Phone, iPhone စသော ဖန်ရှင်စုံလင်ပြီး စွမ်းဆောင်နိုင်မှုမြင့်မားသောဟန်းဆက်များကို ရွေးချယ်အသုံးပြုလာကြကြောင်း သိရသည်။

မော်ဒယ်မြင့်ဖုန်းများထဲ၌ ပင် ဖန်ရှင်အသစ်အဆန်းများပါဝင်သော ဖုန်းများ၊ ဆော့ဖ်ဝဲများ ဖြည့်စွက်အသုံးပြုနိုင်သော ဖုန်းများကိုသုံးစွဲရန် ပိုမိုစိတ်ဝင်စားလာကြကြောင်း မိုဘိုင်းဖုန်းအ



ရောင်းဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

အဆိုပါဖုန်းများအနက် Wi-Fi (ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုစနစ်)ရရှိမှုနေရာများ ပေါ်ထွက်လာသည်နှင့်အမျှ ဝိုင်ဖိုင်ရရှိသောဖုန်းများသည် ဈေးကွက်တွင် စိတ်ဝင်စားမှု အများဆုံးဟန်းဆက်များဖြစ်နေကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

"Touch Screen ရဲ့ အရသာကို သိချင်လို့သုံးတာ"ဟူသော အသံမှာ မိုဘိုင်းဖုန်းသုံးစွဲသူများအကြားတွင် ခေတ်စားနေသော စကားသဖွယ်ကြားနေသော စကားစုတစ်ခုဖြစ်လာသည်။

"ကိုယ့်လက်နဲ့ နှိပ်ပြီးမှ ကိုယ်လုပ်ချင်တာလုပ်လို့ရတာနဲ့စာရင် ထိလိုက်ရုံနဲ့ အဆင်ပြေသွားမယ့် အရာကိုပဲ သုံးချင်လို့"ဟု ဆိုလာသူမှာ Touch Screen ဖုန်းသုံးစွဲသူအသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးကပြောသည်။

ကျပ်ငါးသိန်းတန်ဖုန်းများ စတင်အသုံးပြုရလာချိန်မှစ၍ မိုဘိုင်းဖုန်းဈေးကွက်၏ ရောင်းအားမှာလည်း ထက်ဝက်ကျော် မြင့်တက်လာခဲ့သောကာလတစ်ခုဖြစ်ကြောင်း ကံထူးမိုဘိုင်းမှ ကိုနေထက်ကျော်ကပြောသည်။

ယင်းအချိန်မှစ၍ မော်ဒယ်မြင့်ဟန်းဆက်အသုံးပြုလာသော ပမာဏမှာလည်း သိသာစွာမြင့်တက်လာခဲ့ကြောင်းလူကြီးမင်းမိုဘိုင်းစင်တာမှ ဦးကိုကိုအောင်က ပြောသည်။

"မော်ဒယ်မြင့်တဲ့ဖုန်းတွေကို သုံးလာတာက နည်းပညာမြင့်တာကို သုံးချင်တဲ့ သူတွေရှိသလို ခေတ်မီတယ်ထင်လို့ သုံးတဲ့သူတွေလည်းရှိတယ်"ဟု လူကြီးမင်း ဖုန်းဆိုင်မှ ဦးကိုကိုအောင်က ပြောသည်။

ယနေ့ခေတ်ကာလသည် အပြိုင်အဆိုင်များသည့်ကာလတစ်ခုဖြစ်သည့်အလျောက် သူငယ်ချင်းများ၊ မိတ်ဆွေများ သုံးစွဲခြင်းကြောင့် ပြောင်းလဲအသုံးပြုလာခြင်းမှာလည်း မော်ဒယ်မြင့်ဖုန်းများကို ရောင်းအားကောင်းစေသော အချက်များထဲ၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း မိုဘိုင်းကင်းမှ မမိုးသူဇာကပြောသည်။

မော်ဒယ်မြင့်ဟန်းဆက်များကို ယခင်က သုံးစွဲနိုင်သောသူမှာ လူတန်းစားအလွှာတစ်ခု၌သာများသော်လည်း ယခုနောက်ပိုင်း၌ မိုဘိုင်းဖုန်းဈေးနှုန်းများကျဆင်းခြင်းနှင့် ဈေးနှုန်းနည်းသည့်ဟန်းဆက်များ၌လည်း Touch Screen ကဲ့သို့သော အမြင့်ပိုင်းမော်ဒယ်များ ထွက်လာခြင်းကြောင့်လည်း သုံးစွဲမှုပိုများလာခဲ့ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

"အမြင့်ပိုင်း မော်ဒယ်လ်တွေက ဂိမ်းသုံးစွဲလို့ရတာကလည်း လူငယ်တွေ အကြိုက်ဖြစ်စေတာကြောင့် မော်ဒယ်မြင့်တဲ့ဖုန်းကိုသုံးတာပါတယ်"ဟု မိုဘိုင်းဖုန်းသုံးစွဲသူ ကိုကောင်းဆက်က ပြောသည်။

Touch Screen ဖုန်းများ သုံးစွဲမှုများလာခြင်းအပေါ်တွင် သုံးစွဲသူ အများစုမှာ Touch Screen ၏ နူးညံ့သော အထိအတွေ့ကိုကြိုက်နှစ်သက်ခြင်းအပြင် အများနှင့်အပြိုင် ဖန်ရှင်ပါဝင်မှုများ ပြိုင်ဆိုင်နေခြင်းမှာလည်း အဓိကအချက်ဖြစ်ကြောင်း သိရသည်။

"အရင်က မိုဘိုင်းဖုန်းကို ဖော်ရှိုးအနေနဲ့ သုံးခဲ့ကြပေမယ့် အခုက Notebook တစ်ခုလို သုံးနိုင်သ လောက်နီးပါး အသုံးပြုလို့ရတဲ့အတွက်ကြောင့်လည်း အမြင့်ဖုန်းတွေ ကိုင်လာတာ ပါတယ်"ဟု ကိုကောင်းဆက်က ပြောသည်။

သို့သော် မော်ဒယ်လ်မြင့် ဖုန်းများရှိဆော့ဖ်ဝဲများကို ကောင်းကောင်းအသုံးပြုသော ပမာဏမှာ အမြင့်ဖုန်းကိုင်သူများ၏ ၅၀ ရာခိုင်နှုန်းဝန်းကျင်သာ ရှိနေသေးကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောသည်။

မော်ဒယ်လ်မြင့်ဖုန်းများတွင် အသုံးများသော ဆော့ဖ်ဝဲများမှာ အလွယ်တကူ Busy သံ လုပ်နိုင်သော ဆော့ဖ်ဝဲများ၊ ကိုယ်မကိုင်ချင်သော ဖုန်းကို Blacklist လုပ်နိုင်သော ဆော့ဖ်ဝဲ၊ ဖိုင်များကို password ဖြင့်သိမ်းနိုင်သော ဆော့ဖ်ဝဲနှင့် Antivirus ဆော့ဖ်ဝဲတို့မှာ သုံးစွဲမှု အများဆုံး ဆော့ဖ်ဝဲများဖြစ်ကြောင်း သိရသည်။

ထိုအထဲတွင် စီးပွားရေးလုပ်ငန်းရှင်အများစုမှာ အသံဖမ်းယူထားနိုင်သော Recording ဆော့ဖ်ဝဲနှင့် Busy သံ လုပ်နိုင်သော ဆော့ဖ်ဝဲများ သုံးစွဲမှုများကြောင်းသိရသည်။

ယခုနောက်ပိုင်း ဖုန်းရွေးချယ်မှုများတွင် အဓိက ထားသော Wi-Fi ကို သုံးစွဲသူမှာ ၂၀ ရာခိုင်နှုန်းလောက်သာရှိကြောင်း လူကြီးမင်းမိုဘိုင်းစင်တာမှ ဦးကိုကိုအောင်က ပြောသည်။

Wi-Fi သုံးစွဲသူနည်းရခြင်းမှာ Connection မကောင်း၍ ဖုန်းဖြင့်အသုံးပြု၍မရခြင်းများလည်းပါကြောင်း ဦးကိုကိုအောင်က ပြောသည်။

လတ်တလော ဖုန်းဈေးကွက်တွင်း၌သုံးစွဲမှုများသော မော်ဒယ်မြင့်ဖုန်းများမှာ Nokia 5800, N97, Google OS Version အသုံးပြုထားသော HTC Android ဟန်းဆက်များနှင့် Apple ၏ iPhone များ၊ Sony Ericsson X10 ၊ U5၊ U8 စသည်တို့ဖြစ်ကြောင်း သိရသည်။

ဟန်းဆက်ဈေးကွက်တွင် အနိမ့်ဆုံးကျပ်ရှစ်သောင်းဝန်းကျင်မှ အမြင့်ဆုံး ကျပ်ခုနစ်သိန်းကျော်ဝန်းကျင်ထိရှိပြီး သုံးစွဲသူအများစုမှာ ကျပ်တစ်သိန်းခွဲဝန်းကျင်ဟန်းဆက်များအား သုံးစွဲမှုအများဆုံးဖြစ်နေကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ တာဝန်ရှိသူများကပြောကြားသည်။






7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 62,400 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 110,400 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775)Processor | 132,500 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 107,500 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 288,000 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,900 |
| MSI G41 M-P33 (775) Motherboard | 60,500 |
| MSI P43- C51 (775) Motherboard | 79,700 |
| MSI P55A-GD55 (1156) Motherboard | 175,700 |
| ASUS P7H55D- M Pro (775) Motherboard | 116,200 |
| ASUS P7P55-LX (1156) Motherboard | 112,300 |
| ASUS P5P43 TD/USB3 (775) Motherboard | 103,700 |
| ASUS P5G41T-MLX (775) Motherboard | 60,500 |
| Gigabyte H57M-USB3 (1156) Motherboard | 133,400 |
| Gigabyte H55M-USB3 (1156) Motherboard | 123,800 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 24,000 |
| 2 GB DDR2 (800) Kingston Memory | 40,300 |
| 2 GB DDR3 (1333) Kingston Memory | 43,200 |
| **Harddisk** | |
| 320 GB Seagate SATA | 43,200 |
| 500GB Seagate SATA | 50,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 95,000 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 80,600 |
| MSI R5750-PM-2D 1GB PCI Express Card | 150,700 |
| ASUS EAH 5450 1GB PCI Express Card | 68,200 |
| ASUS EAH 5750 Formula 1GB PCI Express Card | 161,300 |
| ASUS EAH 4350 512 MB PCI Express Card | 43,200 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 139,200 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 105,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 8GB | 18,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 9,500 |
| Memory Stick SanDisk 8GB | 18,500 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick Toshiba 16GB | 36,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Imation 8GB | 18,500 |
| Memory Stick Adata 4GB | 12,500 |
| **UPS** | |
| SVC (600VA) | 29,300 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,700 |
| STAR (650 VA) LCD Display | 36,500 |
| Orient (650 VA) | 36,500 |
| Orient (1.2KVA) | 63,400 |
| **DVD Writer** | |
| Sony (SATA) | 30,700 |
| ASUS (SATA) | 31,700 |
| **အိတ်ဆောင်တီဗီငွေကအဘိတန်** | 210,000 |

Technoland ဆိုင်မှ စက်တင်ဘာ (၁၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0" | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0" | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3" | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0" | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0" | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6" | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0" | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာစက်တင်ဘာ(၁၈)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည်ရေတွက်ပုံ | ဈေးနှုန်း | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၇၀၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၈)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၄၀၀-၁,၆၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ(၁၇) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၀၀- ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁,၈၀၀-၃,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၂၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၄,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၄၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

စက်တင်ဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ၊သ၊အ | ၁၅၀-၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | ၄က/၃၇ | ၁ဂ | ၂၃၀-၂၄၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီး R- (2 Way) | - | ၃စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၇ | ၄ဂ | ၉၀၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၅/၉၆နယ်စပ်သွင်း | ၄ဂ | ၅၀၀ |
| ရွှေငါး | ၂၀၀၂ | | ၉၀၀၊ ၁,၀၀၀ |
| | ၂၀၀၄ | | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | ၁,၀၀၀ |

စက်တင်ဘာ(၁၇)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေနေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Sep(12) | Sep(13) | Sep(14) | Sep(15) | Sep(16) | Sep(17) | Sep(18) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ |
| Octane ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

ဒူမွန်ကတော့ 'ရိုက်ညီနောင်'လို လေယာဉ်ပျံကို စတင်ဖန်တီးခဲ့သူလို့ အသိအမှတ်ပြုခံထားရတဲ့ပုဂ္ဂိုလ်တစ်ဦးပါ။ ဇရာပိုင်းရောက်လာချိန် သူတွေ့ရှိကြိုးပမ်းခဲ့တဲ့ လေယာဉ်ပျံနဲ့စစ်ပွဲတွေမှာ ဗုံးကြဲချပြီးလူတွေသေအောင်အသုံးချနေကြတာတွေ့ရတော့ ယူကျုံးမရဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသွားပါတယ်။ (တေးရေး သုခမိန်လှိုင်၊ မောင်သစ်မင်း၏ တေးမြုံငှက်စာအုပ်မှ)

# သူလိုကိုယ်လို ကမ္ဘာကြီး

ချမ်းငြိမ်း



(၁)

လွန်ခဲ့တဲ့တစ်ပတ်လောက်က မီဒီယာတွေပေါ်မှာ သတင်းတစ်ခုတက်ခဲ့ပါတယ်။ ပမာဏကြီးမားတဲ့ ဂြိုဟ်သိမ်နှစ်ခုဟာ ကမ္ဘာနဲ့အနီးကပ်ဆုံးအကွာအဝေးတစ်ခုက ဖြတ်သန်းသွားတယ်ဆိုတဲ့ သတင်းပါပဲ။ ဖြစ်ပြီးမှသိရတာဆိုတော့ လူတွေထိတ်လန့်တုန်လှုပ်မှုသိပ်တော့မရှိပါဘူး။ ဒါပေမဲ့အဲဒီသတင်းဟာမိမိတို့ရဲ့ တည်ရှိမှုအတွက် မိမိတို့ရဲ့ကမ္ဘာကြီးပေါ်မှာနေထိုင်မှုအတွက် သေချာမှုရောရှိပါရဲ့လားဆိုတဲ့ သတိပေးချက်ပေါ်ထွက်လာသလိုပါပဲ။ တစ်ဆက်တည်းမှာ ပဲကမ္ဘာကျော် သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းရဲ့ မကြာသေးမီက ထုတ်ပြန်ပြောကြားချက်ကိုလည်းအမှတ်ရမိစေပါတယ်။ စတီဖင်ဟော့ကင်းဆိုသူကတော့ ၂၀ ရာစုမှာ ဩဇာတိက္ကမအရှိဆုံး အတော်ဆုံးလို့ သတ်မှတ်ကြတဲ့ သိပ္ပံပညာရှင်ကြီးအဲလ်ဘတ်အိုင်းစတိုင်းပြီးရင် ကမ္ဘာမှာ အတော်ဆုံးသဘော တရားရေးရာ ရူပဗေဒပညာရှင်တစ်ဦးပါ။ ၁၉၄၂ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ကာလနဲ့အချိန်၊ မဂ္ဂင်းနစ်နဲ့ ဘလက်ဟိုးလို့ခေါ်တဲ့ စကြဝဠာထဲက တွင်းနက်ကြီးတွေအကြောင်း အထူးပြုလေ့လာခဲ့သူပါ။ သူဟာ ကျောင်းသားဘဝမှာပဲ အာရုံကြောချို့ယွင်းမှုကြောင့် မသန်စွမ်းဖြစ်ကာ ဘီးတပ်ကုလားထိုင်လေးပေါ်မှာ ဘဝတစ်လျှောက်လုံးနေခဲ့ရသူပါ။ ဒါပေမဲ့ သူဟာ အင်မတန်ထူးချွန်တဲ့ ပါရမီရှင်တစ်ဦးဖြစ်ခဲ့ပါတယ်။ အိုင်းစတိုင်း ဟာ သူ့ရဲ့ နှိုင်းရဓမ္မတရား၊ ရီလေတီဗီတီကို သူထိုးတဲ့တယောပြားလေးထဲ ထည့်ထားတယ်လို့ ဆိုကြသလို ဟော့ကင်းဟာလည်း သူ့ရဲ့ ရူပဗေဒနဲ့ပတ်သက်တဲ့ ကမ္ဘာကြီးပေါ် တွေးခေါ်ရှုမြင်ပုံတွေကို ဘီးတပ်ကုလားထိုင်လေးပေါ် တင်ထားတယ်လို့တောင်ပြောရမယ့် ပုဂ္ဂိုလ်မျိုးပါ။ ဟော့ကင်းက "လူသားမျိုးနွယ်အတွက် ကြီးမားတဲ့အန္တရာယ်ကြီးကို ကျွန်တော်မြင်နေပါတယ်။ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော ကာလရှည်ရပ်တည်နိုင်ရေးနည်းလမ်းကတော့ အာကာသထဲကို ဖြန့်ကြက်ဖို့ပါပဲ" လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ သူဘာကြောင့် ဒီလိုပြောကြားရပါသလဲ။

(၂)

တစ်နေ့က အိမ်မှာရှိတဲ့ စာအုပ်ပုံကိုရှင်းတုန်း နိုင်ငံခြား မဂ္ဂဇင်းတစ်စောင်က စာမဲ့ကာတွန်းရုပ်ပုံတစ်ခုကို အသေအချာ ကြည့်မိပါတယ်။ ကာတွန်းက ၂၀ ရာစုအစောပိုင်း လက်ရာတစ်ခုပါ။ ပြောရရင် နှစ်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က ကာတွန်း၊ ပုံမှာ ကလေးကို ချီပိုးထားတဲ့မိန်းမတစ်ယောက်ဟာ ကမ္ဘာကြီးကိုလည်း ကျောပေါ်မှာ မနိုင်မနင်းတင်ထမ်းထားတာပါ။ အဲဒီ့ကမ္ဘာလုံးကြီးပေါ်မှာတော့ ယောကျ်ားနှစ်ယောက်ဟာ သူသေကိုယ်သေ ဓားနဲ့ခုတ်ထစ်နေကြတဲ့ပုံပါပဲ။ အဓိပ္ပာယ်ကတော့ ၂၀ ရာစုကမ္ဘာကြီးမှာ ယောကျ်ားတွေ စစ်မက်ဖြစ်ပွားနေချိန်မိန်းမတွေက နောက်ပိုင်းတာဝန်အဝဝကို ယူပြီး သားသမီးတွေပါ ထိန်းကျောင်းနေရတဲ့ ဖြစ်စဉ်ကို သရုပ်ဖော်ထားခြင်းပါပဲ။ အတော်လေးထိမိတဲ့ကာတွန်းပါ။ သိကြတဲ့အတိုင်း ၂၀ ရာစုအတွင်းမှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့တယ်မဟုတ်လား။ အဲဒီကာလတွေကိုရည်ညွှန်းပြီး ကာတွန်းဆရာက ရေးဆွဲခဲ့တာပါ။ တစ်နည်းပြောရရင် လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်းများစွာက ကမ္ဘာကြီးရဲ့ သရုပ်သကန်အစစ်အမှန်ကို ဖော်ကျူးထားတဲ့ပုံပါ။ အခုနှစ်ပေါင်းများစွာ ကျော်လွန်လာပြီးတဲ့နောက် ၂၁ ရာစုကို ရောက်ရှိလာခဲ့ပါပြီ။ ကမ္ဘာကြီးဟာ ဟိုတုန်းက အချိန်တွေနဲ့နှိုင်းစာရင် ဘာများပြောင်းလဲခဲ့ပါသလဲ။ ကာတွန်းထဲက အတိုင်း ဆက်လက်ကျန်ရှိနေမြဲလား။ သိသာထင်သာမြင်သာရှိတဲ့ နည်းပညာပိုင်းတိုးတက်မှုတွေ၊ ဆေးသိပ္ပံတိုးတက်မှုအချို့ရှိခဲ့ပေမယ့် ယနေ့ကမ္ဘာကြီးကတော့ အခြေခံဖြတ်သန်းမှုဘာမှကို မပြောင်းလဲသေးပါဘူး။ ဆိုရရင်ပိုလို့သာဆိုးလာတယ်လို့ပဲပြောရမှာပါ။ ယနေ့ကမ္ဘာကြီးကိုကြည့်ပါ။

(၃)

အစာရေစာငတ်မွတ်ခေါင်းပါးမှု၊ စစ်မက်ဖြစ်ပွားမှု၊ အေ့စ်ရောဂါ၊ သစ်တောပြုန်းတီးမှု၊ သံယံဇာတရှားပါးလာခြင်း၊ ငလျင်၊ မုန်တိုင်းကြီးများ၊ ရေနံယိုဖိတ်မှုများ၊ တောမီးအကြီးအကျယ်လောင်ကျွမ်းမှု ပါကစ္စတန်ရေကြီးမှု၊ အာဖရိကတိုက်ရှိ ကလေးသူငယ်များ အာဟာရချို့တဲ့မှုများကြောင့် နေ့စဉ်သေဆုံးနေခြင်း၊ လူမျိုးဖြုတ်စစ်ပွဲများ၊ အလုပ်လက်မဲ့ပြဿနာ၊ အကြမ်းဖက်ဝါဒ၊ အသေခံဗုံးခွဲတိုက်ခိုက်မှုများ. . .။

ကမ္ဘာကြီးဟာ အကြီးအကျယ် နာကျင်ကိုက်ခဲနေပါပြီ။ အဲဒီဖြစ်စဉ်တွေနဲ့အတူ လူသားတွေကြားထဲမှာလည်း လောဘ၊ ဒေါသ၊ ဣဿာ မစ္ဆရိယတွေနဲ့ ကျပ်ခဲနေလိုက်တာ၊ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေနဲ့ မွန်းကျပ်လိုက်တာ။ တကယ်တော့ နေစကြဝဠာထဲကကြည့်ရင် ကမ္ဘာကြီးဟာ အမြဲဆူပွက်နေတဲ့ ရေနွေးအိုးကြီးတစ်ခုလိုမြင်တွေ့ရမှာပါ။

(၄)

တစ်နေ့ကပဲ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်ကထွက်ရှိခဲ့ဖူးတဲ့ မောင်သစ်မင်းရေးတဲ့ တေးမြုံငှက်စာအုပ်လေးပြန်ဖတ်မိပါတယ်။ အဲဒီစာအုပ်ရဲ့ အမှာစာကိုတော့ တေးရေးသုခမိန်လှိုင်(သိဒ္ဓိတ္ထလှိုင်) က ရေးသားပေးခဲ့တာပါ။ အဲဒီအမှာမှာ ၂၀ ရာစုကမ္ဘာကြီးအကြောင်းကို သူ့အမြင် Opinion ပုံစံမျိုးနဲ့ ရေးသားခဲ့တာပါ။ ဒီအမှာကို ဖတ်ရတော့ အခုနှစ်ပေါင်း ၃၀ ကျော်လာချိန်မှာလည်း ကမ္ဘာကြီးဟာ ဘာမှ သိပ်မပြောင်းလဲသေးဘူးဆိုတာ အထူးသဖြင့် လူသားတွေရဲ့ အခြေခံစိတ်ဓာတ်တွေဟာ ဘာမှသိပ်မပြောင်းလဲသေးဘူးဆိုတာတွေးမိပါတယ်။ စတီဖင်ဟော့ကင်းကလည်း ဒါကိုဆိုလိုတာပါ။ ဒီလိုသာရှေ့ဆက်သွားနေရင် ရာစုနှစ်ခုအတွင်း လူတွေရဲ့မိုက်မဲမှု၊ လူတွေရဲ့ ပြဟ္မစိုရ်တရားခေါင်းပါးလာမှုကြောင့် လူသားမျိုးနွယ်ကြီးတစ်ခုလုံး ကြေပျက်သွားနိုင်တယ်ဆိုတာပါပဲ။ သည်ဖြစ်ရပ်တွေကြောင့်ပဲ နိုင်ငံကျော်တေးပြုစာဆို မြို့မငြိမ်းဟာ ဘီးကျိုးလေးတစ်ချောင်း၊ အဝတ်အထည်လေးအနည်းငယ်နဲ့ ဖိနပ်လေးတစ်ရန်ကို သစ်ပင်တစ်ပင်ရဲ့ သောက်ရေအိုးစဉ်ရှေ့မှာထားခဲ့ပြီး လော်လီကားကြီးတစ်စီးရဲ့ ဘီးအောက်မှာ သူ့ခေါင်းကိုထိုးဝင်ခံခဲ့တာပါ။ ကမ္ဘာကြီးကို သူနားလည်သိရှိသွားချိန်မှာ လူတွေကို နားလည်သွားချိန်မှာ မြို့မငြိမ်းဟာ သူ့ကိုယ်သူ သတ်သေသွားတယ်လို့ပဲဆိုရမှာပါ။ တကယ်တမ်းကျွန်တော်တို့ မေ့နေတာကတော့ လူသန်းပေါင်းခြောက်ထောင်ကျော် တင်ဆောင်ထားတဲ့ ကမ္ဘာဆိုတဲ့ မိမိတို့နေထိုင်ရာ ဂြိုဟ်ဟာ ရပ်တည်နေတာမဟုတ်။ တစ်နာရီမိုင်ခြောက်သောင်းနှုန်းနဲ့ အာကာသထဲအမြန်ရွေ့လျား နေတယ်ဆိုတာပါပဲ။ ကမ္ဘာလိုဂြိုဟ်တွေလည်းနေစကြဝဠာထဲမှာ ထောင်သောင်းချီ ပြေးလွှားသွားနေကြတာပါ။ တကယ်တော့ လူမဆိုထားနဲ့ ကမ္ဘာကြီးတောင် သူလိုကိုယ်လို ကမ္ဘာကြီးမဟုတ်လား။

ကမ္ဘာကြီးဟာ အကြီးအကျယ် နာကျင်ကိုက်ခဲနေပါပြီ။
အဲဒီဖြစ်စဉ်တွေနဲ့အတူ လူသားတွေကြားထဲမှာလည်း
လောဘ၊ ဒေါသ၊ ဣဿာ မစ္ဆရိယတွေနဲ့ ကျပ်ခဲနေလိုက်တာ၊
လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်တွေနဲ့ မွန်းကျပ်လိုက်တာ၊
တကယ်တော့ နေစကြဝဠာထဲကကြည့်ရင် ကမ္ဘာကြီးဟာ
အမြဲဆူပွက်နေတဲ့ ရေနွေးအိုးကြီးတစ်ခုလိုမြင်တွေ့ရမှာပါ။

## ဗဟိုဘဏ်က ငွေစက္ကူအကြွေ ကျပ်သန်း ၄၀၀၀ ကျော်ဖိုး လဲလှယ်ပေးခဲ့ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူအကြွေများကို တစ်နှစ်ကျော်ကာလအတွင်း ကျပ်သန်း ၄၀၀၀ ကျော်ဖိုးအထိလဲလှယ်ပေးထားပြီးဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငွေစက္ကူအကြွေလဲလှယ်နေသော ဌာနများကိုလည်း အကြွေလဲပေးသည့်တန်ဖိုးတိုးမြှင့်လဲလှယ်ပေးနေခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ မထသယာဉ်လိုင်းသို့လည်း ယခင်က တစ်ပတ်လျှင် ကျပ်နှစ်ဆယ့်ခြောက်သိန်းဖိုး လဲပေးနေရာမှ ယခု ကျပ်သိန်း ၁၅၀ အထိ တိုး၍လဲလှယ်ပေးခဲ့ကြောင်းသိရသည်။ စည်ပင်သာယာနှင့် ဈေးများဌာနသို့လည်းယခင်က တစ်ပတ်လျှင် ကျပ် ၂၅ သိန်းမှ သိန်း ၆၀ အထိတိုးမြှင့်လဲပေးခဲ့ကြောင်း ယင်းကပြောသည်။

"ဘဏ်ကလဲပေးသလောက် သက်ဆိုင်ရာဌာနက ပြန်လဲပေးရင် အကြွေပြဿနာအဆင်ပြေမယ်။ ကားအစီးရေက ၇၀၀၀ ကျော်ရှိလို့ တစ်စီးမှ ၁၀၀၀ ကျပ်ပဲ အကြွေရတယ်ဆိုပြီး လဲမပေးဘဲ ရောင်းစားရင်တော့ အဆင်မပြေနိုင်ဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် တန်ဖိုးတူခြင်း ငွေစက္ကူအဟောင်းနှင့် အသစ်လဲလှယ်ပေးခဲ့ရာ ကျပ်သန်းပေါင်း ၂,၁၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ငွေလဲလှယ်မှုကို ၂၀၀၉ ခုနှစ် ဩဂုတ် ၃ ရက်က စတင်ခဲ့သည်။

ထို့အပြင် တန်ဖိုးကြီး ငွေစက္ကူမှ တန်ဖိုးငယ်ငွေစက္ကူသို့ပြောင်းလဲ လဲလှယ်ပေးခဲ့သောပမာဏမှာလည်း ကျပ်သန်း ၂,၀၀၀ ကျော်ပြီဖြစ်ကြောင်းသိရသည်။

7 DAY NEWS JOURNAL

# Current Affairs

Vol.9, No.27 • SEPTEMBER 23, 2010

## အန်ဒီအက်ဖ်နှင့် ဒီမိုကရက်တစ်ပါတီတို့၏ဆက်ဆံရေး မထိခိုက်နိုင်ဟု တာဝန်ရှိသူများပြော

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၀**

အမျိုးသားဒီမိုကရေစီအင်အားစု (အန်ဒီအက်ဖ်)ပါတီနှင့် ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)တို့မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အများစုတွင် ကိုယ်စားလှယ်လောင်းအချင်းချင်း တွေ့ဆုံနေမှုကြောင့် ပါတီနှစ်ခု၏ ဆက်ဆံရေးကို မထိခိုက်နိုင်ကြောင်း အဆိုပါပါတီနှစ်ခုမှ တာဝန်ရှိသူများက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)တို့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်များတွင် နေရာ၂၀၌ ပါတီကိုယ်စားလှယ်လောင်း အချင်းချင်း တွေ့ဆုံလျက်ရှိသည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)ဥက္ကဋ္ဌဦးသုဝေကို ဒီမိုကရက်တစ်အင်အားစုအချင်းချင်း တွေ့ဆုံနေမှုကြောင့် ပါတီနှစ်ခု၏ ဆက်ဆံရေး ထိခိုက်နိုင်ပါသလားဟုမေးရာ "မထိခိုက်နိုင်ပါဘူး။ ဒါပေမဲ့ ထပ်သွားတာတော့ မကောင်းဘူးပေါ့။ ဒီမိုကရက်တစ်အင်အားစုတွေအနေနဲ့ အားနည်းသွားတာပေါ့"ဟု ဖြေကြားသည်။

အမျိုးသားဒီမိုကရေစီအင်အားစု ရန်ကုန်တိုင်းဒေသကြီး စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန်းဝင်းကလည်း "ပါတီနှစ်ခုရဲ့ဆက်ဆံရေးက သိပ်တော့ မထိခိုက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခြေခံမူချင်းက တူနေတာကိုး။ ဒါပေမဲ့ နည်းနည်းတော့ အေးသွားတာပေါ့။ အခုကျတော့ ကိုယ့်ပါတီအောင်နိုင်ရေးအတွက်ဖြစ်သွားတာပေါ့"ဟု ပြောသည်။ ထိုသို့ ဒီမိုကရက်တစ်အင်အားစုပါတီအချင်းချင်း မဲဆန္ဒနယ်အများအပြားတွင် တွေ့ဆုံနေခြင်းကို မိမိအနေဖြင့် စိတ်မကောင်းကြောင်း ဒေါက်တာသန်းဝင်းက ဆက်လက်ပြောသည်။

ထိုသို့ ပါတီနှစ်ခု၏ ကိုယ်စားလှယ်လောင်းများ မဲဆန္ဒနယ် ၂၀တွင် ထပ်သွားခြင်းမှာ ကိုယ်စားလှယ်လောင်းတင်သွင်းရသည့်အချိန် နည်းပါးခြင်းမှာ အချက်တစ်ချက်ဖြစ်ပြီး၊ ပါတီနှစ်ခု၏ ထိပ်ပိုင်းခေါင်းဆောင်အချင်းချင်း တရားဝင်တွေ့ဆုံဆွေးနွေးမှုများ မပြုလုပ်နိုင်ခဲ့၍ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အထက်ပါပါတီနှစ်ခုအပါအဝင် ဒီမိုကရက်တစ်အင်အားစုများမှာ ရွေးကောက်ပွဲတွင် ငွေကြေး၊ လူအင်အားနှင့် အချိန်အခက်အခဲများကြောင့် ပါတီတစ်ခုယှဉ်ပြိုင်သောနေရာများတွင် အခြားပါတီက မယှဉ်ပြိုင်ဘဲ ရှောင်ပေးကြရန် အစီအစဉ်များ ယခင်က ရှိခဲ့သည်။ သို့သော် လက်တွေ့တွင် ထိုပါတီနှစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီးမှာပင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နေရာ၂၀၌ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့ပါတီနှစ်ခုမှာ မဲဆန္ဒနယ်များ ထပ်နေခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲမတိုင်မီကာလများတွင် တွေ့ဆုံဆွေးနွေးရန် မဖြစ်နိုင်သေးဘဲ ရွေးကောက်ပွဲအပြီးတွင် တွေ့ဆုံဆွေးနွေးသွားရန်အစီအစဉ်ရှိကြောင်း ဦးသုဝေက ပြောသည်။

"လောလောဆယ်တော့ ညှိဖို့ခက်သွားတာပေါ့။ ကျွန်တော်သိသလောက် သူတို့ပါတီက ကိုယ်စားလှယ်လောင်းတင်ရမယ့်အချိန်မှကပ်ပြီး ရန်ပုံငွေရသွားလို့ ကိုယ်စားလှယ်လောင်းတွေ အများကြီးတင်နိုင်သွားတယ်"ဟု ဦးသုဝေကပြောသည်။

အထက်ပါ ပါတီနှစ်ခုမှာ ရွေးကောက်ပွဲမတိုင်မီ ထပ်မံတွေ့ဆုံဆွေးနွေးရန် မသေချာဟုဆိုသော်လည်း ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)မှာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဆယ်ဦးနှင့် ပူးတွဲဆောင်ရွက်ရန် သဘောတူထားကြောင်း ဦးသုဝေက စက်တင်ဘာ၂၀တွင် ပြောကြားသည်။ ၎င်းတို့ပါတီမှာ တစ်ပြည်လုံးတွင် မဲဆန္ဒနယ် ၄၈နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီအနေဖြင့်လည်း ယခင် မျှော်မှန်းထားသည်ထက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ပို၍တင်သွင်းနိုင်ခဲ့သည်ဟု ဒေါက်တာသန်းဝင်းကပြောသည်။ ယင်းတို့၏ပါတီအနေဖြင့် တစ်ပြည်လုံးတွင် ကိုယ်စားလှယ်လောင်း ၁၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

## ပြည်နယ် ၅ ခုမှ ကျေးရွာအုပ်စု ၃၀၀ နီးပါးနှင့် မြို့နယ်အချို့တွင် ရွေးကောက်ပွဲကျင်းပမည်မဟုတ်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**

ပြည်နယ်ငါးခုမှ ကျေးရွာအုပ်စု ၃၀၀ နီးပါးနှင့် မြို့နယ်အချို့အား လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့်အတွက် ထိုနယ်မြေများတွင် ရွေးကောက်ပွဲများကျင်းပမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ ကျေးရွာအုပ်စု ၂၉၄ စုနှင့် မြို့နယ် ၄ မြို့နယ်နှင့် မြို့နယ်ခွဲ ၂ခုတို့ဖြစ်သည်။

ယခုကြေညာလိုက်သည့် ပြည်နယ်များတွင် ကရင်ပြည်နယ်မှ ကျေးရွာအုပ်စု ၁၅၅ စု၊ ကချင်ပြည်နယ်မှ ကျေးရွာအုပ်စု ၆၈ စု၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ၉ စုပါဝင်သည်။

## တိုးတက်ရေး ဦးအုန်းမြင့် (သခင်အုန်းမြင့်) ကွယ်လွန်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၇**



တို့ဗမာအစည်းရုံးဝင် သခင်တစ်ဦးဖြစ်ပြီး သတင်းစာဆရာတစ်ဦးလည်း ဖြစ်သည့် ဦးအုန်းမြင့်သည် ယခုလ ၁၇ ရက် နံနက် ၄ နာရီက နေအိမ်တွင်ပင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် (၉၃)နှစ်ရှိပြီဖြစ်သော သခင်အုန်းမြင့်သည် အနေထိုင်အေးအေးနှင့် ထင်ပေါ်လိုစိတ်မရှိသူတစ်ဦးဖြစ်ကာ သူသည် သတင်းစာသမားတစ်ဦးအဖြစ် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေးနှင့် အမျိုးသားဒီမိုကရေစီတော်လှန်ရေးတို့တွင် တက်တက်ကြွကြွပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

ပဲခူးတိုင်း၊ လက်ပံတန်းမြို့တွင် ၁၉၁၈ ဧပြီ ၂၈ ရက်က ဦးမိုးကောင်း၊ ဒေါ်အေးတင်တို့က မွေးဖွားခဲ့သည့် သခင်အုန်းမြင့်သည် ၁၉၃၃ ၌ တို့ဗမာအစည်းအရုံး ကြွေးကြော်သံများဖြန့်ဝေရင်း နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် စတင်ပါဝင်ခဲ့ခြင်းဖြစ်သည်။

လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်သို့ စာရင်းသာသွင်းကာ ကျောင်းမတက်ဘဲ ရန်ကုန်သတင်းစာလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၃၄ တွင် ရန်ကုန်သို့ရောက်ရှိလာပြီး ဂျာနယ်ကျော်ဦးချစ်မောင်နှင့်နေထိုင်ကာ သတင်းစာများတွင် ဆောင်းပါးနှင့် အခန်းဆက်ဝတ္ထုရှည်များရေးသားခဲ့သည်။

ဆယ့်နှစ်ရာသီပြုံး၊ မြင့်အုန်း၊ ဆီမီးခွက် စသည့်ကလောင်အမည်များဖြင့် စာပေလောကတွင် ရေးသားမှုများပြုလုပ်ခဲ့သည်။ ၁၉၃၈ တွင် တိုးတက်ရေးသတင်းစာ၌ သတင်းအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဦးချစ်မောင်နှင့်အတူ ထုတ်ဝေသူနာမည်ခံ၍ ဂျာနယ်ကျော်ကိုထုတ်ဝေခဲ့ကာ နိုင်ငံရေးဆောင်းပါးများအမြောက်အမြား ရေးသားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် တိုးတက်ရေးသတင်းစာ၌ ဆီမီးခွက်ကလောင်ဖြင့် "ရန်သူများကို ကလဲ့စားချေကြလော့"ဆိုသည့် သူရေးသားခဲ့သောဆောင်းပါးကြောင့် တိုးတက်ရေးသတင်းစာကို အင်္ဂလိပ်အစိုးရက အာမခံကြေး ၃၀၀၀ ကျပ် တောင်းခံခဲ့သည်။

**PHOTO NEWS**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရသူများစာရင်းကို စက်တင်ဘာ ၂၀ ရက်နေ့က ကြေညာခဲ့ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်ရပ်ကွက် ရပ်ကွက်ကော်မရှင်ရုံးတွင် ကြေညာထားသော မဲပေးခွင့်ရသူများစာရင်းကို ကြည့်ရှုနေကြသူများ**

**ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)**

## ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၂၆ ဦးရှိ

**စုစုပေါင်းကိုယ်စားလှယ်လောင်း ၄၅၈ ဦးကို ကော်မရှင်ကအတည်ပြုလိုက်ပြီး ရန်ကုန်တိုင်းကော်မရှင်က ပယ်လိုက်သည့်ကိုယ်စားလှယ် ၁၂ ဦးရှိ**

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၄၅၈ ဦးကို ကော်မရှင်က စိစစ်အတည်ပြုလိုက်ပြီဖြစ်ကြောင်းနှင့် တင်သွင်းလာသော ကိုယ်စားလှယ်များထဲမှ ပယ်ဖျက်ခံရသူ ၁၂ ဦးသာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည်။

"အပယ်ခံရတဲ့ ကိုယ်စားလှယ်လောင်း ၁၂ ဦးမှာ တစ်သီးပုဂ္ဂလလည်းပါတယ်။ ပါတီက ကိုယ်စားလှယ်လောင်းတွေလည်း ပါတယ်။ ကော်မရှင်က ဥပဒေနဲ့အညီ စစ်ဆေးထားတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်ရုံးမှ တာဝန်ရှိသူကပြောသည်။

ကိုယ်စားလှယ်လောင်း ၄၅၈ ဦးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၉၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၄၈ ဦး၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁၄ ဦးတို့ဖြစ်သည်။ ကော်မရှင်က အတည်ပြုလိုက်သော ယင်းကိုယ်စားလှယ်စာရင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ယှဉ်ပြိုင်မည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆ ဦးပါဝင်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနက် အများစုက ပြည်သူ့လွှတ်တော်တွင်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးခွင့်ရှိသော ၁၈ နှစ်ပြည့်ပြီးသူ ၄၄ သိန်းရှိကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ကိုယ်စားလှယ်လောင်း တင်သွင်းနိုင်ခြင်းမရှိသည့် နိုင်ငံရေးပါတီငါးခုအား ဖျက်သိမ်း

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသော်လည်း အနည်းဆုံးလွှတ်တော်မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့်အတွက် ပါတီငါးခုအားပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်းကြေညာလိုက်သည်။

ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ခြင်းဖြစ်ပြီး ယင်းပါတီများမှာပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာဒီမိုကရေစီကွန်ကရက်ပါတီ၊ မြို့တိုင်းရင်းသားပါတီနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)တို့ဖြစ်ကြသည်။

ပါတီ ဖျက်သိမ်းခံရသည့် မြန်မာ့ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွန်းက ပါတီဖျက်သိမ်းလိုက်သော်လည်း တသီးပုဂ္ဂလအနေဖြင့်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းပြောဆိုသည်။

"ကျွန်တော်တို့က ကိုယ်စားလှယ်သုံးဦးတင်နိုင်အောင်တော့ ကြိုးစားတာပဲ။ နောက်ဆုံးမရလိုက်တော့ ကျွန်တော်တစ်ယောက်ပဲ စာရင်းဝင်သွားတယ်။ ကျွန်တော်တောင်ဥက္ကလာပ ပြည်သူ့လွှတ်တော်အမတ်အနေနဲ့ တစ်သီးပုဂ္ဂလဝင်ပြိုင်မှာပါ"ဟု နိုင်ငံပိုင် သတင်းစာက ကြေညာချက်ထုတ်ပြန်လိုက်သည့် ယနေ့မှာပင် ဦးကောင်းမြတ်ထွန်းက 7Day Newsသို့ပြောသည်။

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဦးဇင်အောင်ကတော့ ပါတီကိုဖျက်သိမ်းလိုက်ပြီဖြစ်သည့်အပြင် ပါတီဝင်များဝင်ရောက်ယှဉ်ပြိုင်ရန် မရှိကြောင်းပြောကြားသည်။

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့သည့်ပါတီ ၄၂ ခုအနက် နိုင်ငံရေးပါတီ ၃၇ခုသာ လွှတ်တော်သုံးရပ်အတွက်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## အင်န်အယ်လ်ဒီပါတီအပါအဝင် ပါတီဟောင်းငါးခုကိုဖျက်သိမ်းကြောင်း ရွေးကောက်ပွဲကော်မရှင် ကြေညာ

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ၁၉၉၀ လက်ကျန်နိုင်ငံရေးပါတီငါးခုအားပါတီအဖြစ်မှ ဖျက်သိမ်းလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်သည်။

ဖျက်သိမ်းခံရသည့် နိုင်ငံရေးပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ ဝ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်တို့ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲလက်ကျန်ပါတီ ၁၀ပါတီရှိသည့်အနက် ငါးပါတီကနိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်ကို သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်လျှောက်ထားခြင်းမရှိသော အထက်ပါ ငါးပါတီအား နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈)အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိသည့်အခါ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု ဖော်ပြထားသည်။

## အထွေထွေရွေးကောက်ပွဲတွင် ပါတီ(၃၇)ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန်၊ စက်တင်ဘာ – ၁၅**

**နှစ်ပေါင်း ၂၀ အတွင်းပထမဆုံးအကြိမ်ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင်နိုင်ငံရေးပါတီ(၃၇)ပါတီကဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ သိရသည်။**

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ခွင့်ရသော နိုင်ငံရေးပါတီ ၄၂ ပါတီအနက်(၃၇)ပါတီက ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး(သို့)ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံးမဲဆန္ဒနယ်သုံးနယ်တွင် ယင်းတို့၏ပါတီမှလွှတ်တော် ကိုယ်စားလှယ်လောင်းများဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း စက်တင်ဘာလ ၁၄ရက်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကြေညာချက်အမှတ် ၉၇/၂၀၁၀ဖြင့် ကြေညာခဲ့သည်။ ထိုပါတီများမှာ-

၁။ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ. ခ. မ. ည. ဖ)၊
၂။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊
၃။ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
၄။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
၅။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊
၆။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
၇။ ကယန်းအမျိုးသားပါတီ၊
၈။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊
၉။ ကရင်ပြည်သူ့ပါတီ၊
၁၀။ "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊

စာ(၂၈)သို့



# ပါတီများ၏မဲဆွယ်ဟောပြောမှုများ စက်တင်ဘာ ၂၄ မှစတင်ကာ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်မည်

**တစ်ပါတီလျှင် ၁၅ မိနစ်စာဟောပြောခွင့်ရပြီး ဟောပြောမည့်စာမူကို ကော်မရှင်က စိစစ်ခွင့်ပြုမည်**

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးဟောပြောမှုများကို ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ယခုလ ၂၄ ရက်တွင် စတင်ကာထုတ်လွှင့်သွားမည်ဖြစ်ပြီးပါတီတစ်ခု၏ ဟောပြောမှုကိုနှစ်ကြိမ်ပြန်လည်ထုတ်လွှင့်မည်ဖြစ်ကြောင်း ကော်မရှင်က ပါတီများသို့ပေးသောအကြောင်းကြားစာအရသိရသည်။



နိုင်ငံရေးပါတီများကို ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ၁၅ မိနစ်ဟောပြောတင်ပြခွင့်ပြုမည်ဖြစ်ပြီး ဟောပြောတင်ပြလိုသည့် စာမူများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လိုအပ်သလို စိစစ်ခွင့်ပြုမည်ဖြစ်ကြောင်း ကော်မရှင်ကယနေ့ထုတ်ပြန်ကြေညာသည်။

အောက်တိုဘာ ၃၀ ရက်အထိ တစ်ပါတီလျှင် ၁၅ မိနစ်ကြာ ဟောပြောခွင့်ပေးရန်ရှိသည်ဟုကြေညာထားသော်လည်း မည်သည့်နေ့တွင်စတင်ခွင့်ပြုမည်ဖြစ်ကြောင်းကိုမူ ဖော်ပြထားခြင်းမရှိပေ။ သို့သော်ကော်မရှင်က နိုင်ငံရေးပါတီများသို့ပေးပို့သောစာတွင် စက်တင်ဘာ ၂၄ရက်တွင် နိုင်ငံရေးပါတီနှစ်ခုဖြင့်စတင်ထုတ်လွှင့်မည်ဖြစ်ကာ ယင်းထုတ်လွှင့်ချက်ကိုပင် နောက်တစ်ကြိမ် အလှည့်ကျပြန်လည်ထုတ်လွှင့်ပေးမည်ဖြစ်သည်။

"ရိုက်ကူးမှုတွေက လွှင့်မယ့်ရက်မတိုင်မီ ၂ ရက်အလိုမှာစမှာပါ။ ၁၄ရက်တည်းက ပါတီတွေကို စာထုတ်လိုက်ပြီး ဘယ်နေ့ဘယ်နေ့တွေမှာ ပြောရမယ်ဆိုတာ အချိန်ဇယားနဲ့အကြောင်းကြားပြီးပါပြီ"ဟု ရန်ကုန်တိုင်းကော်မရှင်ရုံးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဟောပြောလိုသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌသို့မဟုတ် အတွင်းရေးမှူးသည် သတ်မှတ်ခွင့်ပြုပေးသည့် ရက်မတိုင်မီ အနည်းဆုံး ၇ရက်ကြိုတင်ကာ ကော်မရှင်သို့ A4 အရွယ်အစား စက္ကူ ၇ မျက်နှာထက်မပိုသောဟောပြောလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်သည်။

"၁၅ မိနစ်စာပေးပြောတယ်ဆိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပါတီတွေအတွက်ကျတော့ မီဒီယာတွေကနေ လွတ်လွတ်လပ်လပ်ပြောလို့ရတာမျိုးကို ပိုကြိုက်တယ်။ တီဗီကနေလူတွေစောင့်ကြည့်ဖို့က မလွယ်တာရယ် အချိန် ကန့်သတ်ချက်ကြောင့်ရယ်ပါ။ ဒါပေမဲ့ ရသလောက်တော့ယူ ရမှာပေါ့လေ" ဟု မတူကွဲပြားခြားနားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက သုံးသပ်ပြောသည်။

ပါတီများ မဲဆွယ်စည်းရုံးရေးအတွက် ယင်းတို့၏ မူဝါဒ၊သဘောထားနှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ထားသောအချိန် ၁၅ မိနစ်အတွင်း ဟောပြောရသည့် အချိန်အတွင်းပါတီ၏ သီချင်းများကို ထုတ်လွှင့်ခွင့်ပြုမည်ဖြစ်သည်။

ကော်မရှင်က ပါတီများမှတင်ပြလာသည့်စာမူများကို စစ်ဆေးပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်းသို့မဟုတ် ငြင်းပယ်နိုင်သည်ဟု ဖော်ပြထားပြီး၊ ဟောပြောရာ၌ ရှောင်ကြဉ်ရမည့်တားမြစ်ချက် ၉ ချက်ကိုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ကြောင့်တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်ကိုဖြစ်စေ လိုက်နာခြင်းမရှိပါက အရေးယူခြင်းခံရမည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

## ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ရန် ပြည်သူရှစ်သောင်းကျော်ကိုသင်တန်းပေးပြီးဟုဆို

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ- ၁၆**

ရန်ကုန်တိုင်းဒေသကြီးတွင် ရွေးကောက်ပွဲကာလအတွင်း တာဝန်ထမ်းဆောင်ရန် သင်တန်းပေးထားသူ ပြည်သူပေါင်း ရှစ်သောင်းကျော်ထိရှိကြောင်း သက်ဆိုင်ရာ ကော်မရှင်ရုံးများမှ ရရှိသောစာရင်းများအရသိရသည်။

သင်တန်းတက်ထားသူများမှာ မဲရုံများတွင် မဲရုံမှူးနှင့် အဖွဲ့ဝင်များအဖြစ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

လာမည့်နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ ဆန္ဒမဲပေးရာတွင် မဲခိုးမှု၊ မဲလိမ်မှုနှင့် မသမာမှုစသည့် မသမာမှုများမရှိနိုင်ကြောင်း မဲရုံမှူးသင်တန်းဆင်းတစ်ဦးကပြောသည်။

မဲရုံမှူးနှင့် အဖွဲ့ဝင်များ၏တာဝန်မှာ ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ အဆင့်ဆင့်အားကြီးကြပ်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊ ရရှိသည့်ရန်ပုံငွေများကို စနစ်တကျသုံးစွဲခြင်း၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊ ကော်မရှင်ကပေးအပ်သည့် တာဝန်ကို ထမ်းဆောင်ခြင်းစသည်တို့ဖြစ်သည်။

ရွေးကောက်ပွဲကြီးတွင် ကျေးရွာ၊ ရပ်ကွက်များအထိ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးနှင့် အဖွဲ့ဝင်များမှာ ရပ်ကွက်၊ ကျေးရွာများမှ အများပြည်သူများဖြစ်ပြီး ယင်းတို့အား မဲရုံမှူးနှင့် အဖွဲ့ဝင်သင်တန်းများကို ပို့ချခဲ့ပြီးဖြစ်သည်။

အရှေ့ပိုင်းခရိုင်၌ မဲရုံမှူးနှင့် အဖွဲ့ဝင်သင်တန်းဆင်း ကျား၊မ ပေါင်း ၂၇,၅၉၆ဦး၊ အနောက်ပိုင်းခရိုင်၌ ၁၂,၁၈၆ဦး၊ တောင်ပိုင်းခရိုင်၌၂၀,၅၃၂ ဦးနှင့် မြောက်ပိုင်းခရိုင်၌ ၂၀,၂၇၈ ဦးစုစုပေါင်း ၈၀,၅၉၂ဦးတို့သည် ရွေးကောက်ပွဲကြီး၌တာဝန်ထမ်းဆောင်ရန် အသင့်အနေအထားဖြင့် မဲရုံမှူးသင်တန်းများ ဆင်းပြီးဖြစ်ကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ဦးလုပ်ပေါင်း(ဥက္ကဋ္ဌ)

### ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ



နိုင်ငံရေးအတွေ့အကြုံလုံးဝမရှိခဲ့ဘဲ ပါတီတည်ထောင်သည့် ၂၀၁၀ မေလ ၂၁ ရက်တွင် ပါတီဥက္ကဋ္ဌအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့ရာမှ နိုင်ငံရေးလောကသို့ ရောက်ရှိခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော ကွမ်လုံတိုက်ပွဲကာလများက မွေးဇာတိ နတ်မဘောဒမှ စစ်ပြေးဒုက္ခသည်များအဖြစ် ထွက်ပြေးခဲ့ကာ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်ရှိ မွေးစားမိဘများနှင့် သွားရောက်နေထိုင်ရင်း အ.လ.က(၂)ဒဂုံတွင် အဌမတန်းအထိ ပညာသင်ခဲ့သည်။ ထို့နောက် ယခုမိသားစုအခြေချရာ လားရှိုးမြို့သို့ပြန်လည်အခြေချရင်း စီးပွားရေးလုပ်ငန်းမှာ ပဲနို့ထုတ်လုပ်ဖြန့်ချိခြင်းဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံရေးလောကသို့ ဝင်ရောက်လာရခြင်းမှာ ‘ဝ’ အမျိုးသားများ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် အမျိုးသားအကျိုးကိုမျှော်မှန်းကာ ဝင်ရောက်ခြင်းဖြစ်သည်။

အသက် ၄၆ နှစ်ရှိပြီဖြစ်သော ဦးလုပ်ပေါင်းသည် ‘ဝ’လူမျိုးဖြစ်ကာ ခရစ်ယာန်ဘာသာဝင် မိဘနှစ်ပါးက ၁၉၆၄ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နတ်မရွာတွင်မွေးဖွားခဲ့သည်။ ဦးလုပ်ပေါင်းကိုယ်တိုင် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ကာ လားရှိုးရှိ ‘ဝ’ နှစ်ချင်းအသင်းတော်(WBC)တွင် ဥက္ကဋ္ဌအဖြစ် ၇ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည်။

## ဦးတင်ဆန်း

### တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း



၁၉၈၈ ခုနှစ် ကျောင်းသားဘဝကပင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး ယခု တာမွေမြို့နယ်တွင် ပြည်သူ့လွှတ်တော်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခင် မည်သည့်နိုင်ငံရေးပါတီတစ်ရပ်ကိုမျှ ဝင်ရောက်ခဲ့ခြင်းမရှိပေ။

၂၀၁၅ တွင်မှ ပါတီတစ်ခုတည်ထောင်ကာ ရွေးကောက်ပွဲဝင်မည်ဟု မှန်းထားခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ယခုနှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးကျင်းပမည့် ရွေးကောက်ပွဲသို့ ဝင်ခဲ့ခြင်းဖြစ်သည်ဟု ဦးတင်ဆန်းကဆိုသည်။

နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ငါးကြိမ်တိတိဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ နောက်ဆုံးအကြိမ်က ထောင်အတွင်း နှစ်နှစ်နေခဲ့ရပြီး နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မုံရွာအကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဖြစ်၍ ဦးတင်ဆန်းကို ခရမ်းမြို့နယ်တွင် ၁၉၆၂ ခုနှစ်က မွေးဖွားခဲ့ပြီး အသက် ၄၈ နှစ် ရှိပြီဖြစ်သည်။ မြန်မာဘာသာအထူးပြုဖြင့် ဒေသကောလိပ်အမှတ်(၃) ကြည့်မြင်တိုင်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ လူလွတ်တစ်ဦးဖြစ်ပြီး ဘဝရပ်တည်မှုအတွက် စီးပွားရေးသီးသန့်လုပ်ကိုင်ခြင်းမရှိဘဲ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသည်ဟု ဆိုသည်။

## ဦးအုန်းလွင် (ဒု ဥက္ကဋ္ဌ-၂)

### အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်



အသက် ၆၈ နှစ်ရှိပြီဖြစ်သော ဦးအုန်းလွင်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ကာ မုပွလင်၊ ကျိုက်ထိုမြို့နယ်တွင် ၁၉၄၃ ခုနှစ်၌ မွေးဖွားခဲ့သည်။

၁၉၆၃ ခုနှစ် ဆယ်တန်းအောင်ပြီးချိန်မှ ရှမ်းကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ စက်ပြင်ဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးနောက် သမဝါယမစက်မှုလယ်ယာဌာန၊ ထို့နောက် တပ်မတော်လေသို့ဝင်ကာ ၅၀၂ လေတပ်စခန်း (မင်္ဂလာဒုံ)၊ လေယာဉ်မောင်းသင်တန်းကျောင်း(မိတ္ထီလာ)၊ ၅၀၃ လေတပ်စခန်း (မြစ်ကြီးနား)တို့တွင်အမှုထမ်းခဲ့သည်။ ၁၉၇၃ တွင် အနားယူခဲ့သည်။

၁၉၈၇ ခုနှစ်ကစတင်ကာ ပါတီနိုင်ငံရေးနယ်ပယ်သို့ ရောက်ရှိခဲ့ပြီး ယခု အမျိုးသား နိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ(၂)ဖြစ်သည်။ ဘိုကလေး၊ ကျိုက်လတ် မဲဆန္ဒနယ်မြေအမှတ် (၁၁)တွင် အမျိုးသားလွှတ်တော်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၁၉၉၀ ခုနှစ်တွင် ညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မြင်းခြံမြို့၊ မြို့နယ်အထွေထွေအတွင်းရေးမှူးနှင့် အရန်ဗဟိုကော်မတီအဖြစ်ဆောင်ရွက်ခဲ့ကာ ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်အဖြစ် အရွေးမခံရသဖြင့် ပါတီဖျက်သိမ်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံရေးဘောဂဗေဒလေ့လာရေးမျိုးဆက်သစ်ကျောင်းတော်သားစုတွင် အထွေထွေအတွင်းရေးမှူးချုပ်၊ ၂၀၀၇ တွင် မြန်မာနိုင်ငံသို့ ပိတ်ဆို့အရေးယူမှုဆန့်ကျင်ရေးအဖွဲ့ ၉ ဖွဲ့ပေါင်းထားသော အမျိုးသားနိုင်ငံရေးအင်အားစုများတွင် ပူးတွဲလုပ်ငန်းကော်မတီဝင်အဖြစ် ပါဝင်ခဲ့သည်။

## စာ(၂၆)- အထွေထွေရွေးကောက်ပွဲတွင် ပါတီ (၃၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည် မှ

၁၁။ တအာင်း(ပလောင်)အမျိုးသားပါတီ
၁၂။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
၁၃။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ
၁၄။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
၁၅။ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)
၁၆။ ဂဂမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ
၁၇။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်
၁၈။ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်
၁၉။ ချင်းအမျိုးသားပါတီ
၂၀။ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)
၂၁။ ခေတ်သစ်ပြည်သူ့ပါတီ
၂၂။ ပြည်ထောင်စု ဒီမိုကရေစီပါတီ
၂၃။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
၂၄။ ချင်းတိုးတက်ရေးပါတီ
၂၅။ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၂၆။ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ
၂၇။ “ဝ” ဒီမိုကရက်တစ်ပါတီ
၂၈။ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ
၂၉။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ
၃၀။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
၃၁။ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ
၃၂။ ကမန်အမျိုးသားတိုးတက်ရေးပါတီ
၃၃။ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၃၄။ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ
၃၅။ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)
၃၆။ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
၃၇။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

## ပြတိုက်နှင့် ယဉ်ကျေးမှုဇုန်ငါးခုတွင် ကြိုတင်ငွေပေးကတ်စနစ် ကျင့်သုံးတော့မည်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၈**

ပြတိုက်နှင့်ယဉ်ကျေးမှုဇုန် ငါးခုတွင် ကမ္ဘာလှည့်ခရီးသည်များအား ကြိုတင်ငွေပေးကတ်စနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ စတင်ကောက်ခံတော့မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

ယင်းကြိုတင်ငွေပေးကတ်စနစ်ကို ဧပြီတွင် စတင်အသုံးပြုမည်ဟု ထုတ်ပြန်ကြေညာထားခဲ့သော်လည်း နည်းပညာဆိုင်ရာ အခက်အခဲများကြောင့် အချိန်နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။ ငွေကြိုတင်ပေးကတ်စနစ်ကို အောက်တိုဘာ ၁ ရက်တွင် အထက်ပါပြတိုက်နှင့် ယဉ်ကျေးမှုဇုန်ငါးခုတွင် ကျင့်သုံးမည်ဖြစ်သောကြောင့် ကတ်များကို ရှေးဟောင်းသုတေသန၏ရုံးခွဲ ခြောက်မိုင်ခွဲနှင့် အမျိုးသားပြတိုက်(ရန်ကုန်)၊ နေပြည်တော်ရုံးချုပ်တို့တွင် ဝယ်ယူနိုင်သည်။

ကတ်၏သက်တမ်းသည် တစ်ရက်ဖြစ်ပြီး ကတ်များကို ကြိုတင်ဝယ်ယူထားနိုင်ကာ ကတ်စတင်အသုံးပြုသောနေ့ကိုသာ မှတ်တမ်းတင်မည်ဖြစ်သည်။ အကယ်၍ ယင်းကတ်ပျောက်ဆုံးပါက သက်ဆိုင်ရာဝန်ကြီးဌာနကို အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ထိုအပြင် ကြိုတင်ဝင်ရောက်မည့် နိုင်ငံခြားသား၏အမည်ကို ပြောင်းလိုပါက အထက်ပါကဲ့သို့ပင် အကြောင်းကြားရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ကတ်စတင်ကျင့်သုံးမည့်နေရာများမှာ ပဲခူး၊ မန္တလေး၊ ပုဂံ၊ ကျိုက်ထီးရိုးနှင့် အမျိုးသားပြတိုက် (ရန်ကုန်)တို့ဖြစ်သည်။ ပဲခူးဇုန်တွင် ၅ နေရာ၊ မန္တလေးဇုန်တွင် ၂၀ နေရာ၊ ပုဂံဇုန်တွင် ၁၀ နေရာ ပါဝင်မည်ဖြစ်သည်။

ဦးပစ္စရင်းကုမ္ပဏီများအုပ်စု
[illegible]

သို့ /
နိုင်နိုင်ကျော်ထမင်းဆိုင်
[illegible]
[illegible]
ကျောင်းအုပ်၊ ဆရာဝန်၊ ပါမောက္ခ၊ ညွှန်ချုပ် အကုန်ပါတယ် . . . ။
[illegible]
ကြီးပွားတိုးတက်ကြပါစေ
အငြိမ်းစားကြီးများ


7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



**ထိုင်း** နိုင်ငံ၏နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်သည်အိမ်နီးချင်းနိုင်ငံများမှ အလုပ်လာလုပ်နေကြသောနှစ်သန်းခန့်အလုပ်သမားများကို တရားဝင်အောင်ပြုလုပ်ပေးသည့် ထိုင်းအစိုးရ၏ ပေါ်လစီပင်ဖြစ်သည်။ ထိုအလုပ်သမားများသည် ထိုင်းနိုင်ငံ၏အမှန်စုစုပေါင်းပြည်တွင်းထွက်ကုန်တန်ဖိုး(ဂျီဒီပီ) ၅ ဒသမ ၆ရာခိုင်နှုန်းရှိအောင် ဆောင်ရွက်ပေးနေကြသူများဖြစ်သည့်အပြင် ထိုင်းနိုင်ငံရှိအလုပ်သမား အင်အား၏ ၅ ရာခိုင်နှုန်း ပါဝင်လုပ်ဆောင်နေသူများ ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အသက်အန္တရာယ်ရှိသော၊ ညစ်ပတ်သော၊ အောက်တမ်းကျသည့်အလုပ်များကိုလုပ်နေကြသောထိုအလုပ်သမားများအတွက် နိုင်ငံသားစိစစ်မှုပြုမှုသည်လိုအပ်သောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့မိခင်နိုင်ငံမှ ထွက်လာကတည်းကစပြီး တရားဝင်ခွင့်ပြုချက် အထောက်အထားများနှင့် လာရောက်ကြခြင်း မဟုတ်ဘဲ တရားမဝင်လာရောက်အလုပ်လုပ်ကိုင်ကြခြင်းကြောင့်ဖြစ်သည်။ သို့ကြောင့်လည်း လက်ရှိ အခြေအနေအရ ၎င်းတို့သည်နိုင်ငံသားဖြစ်မှု မလုပ်ရသေးသော အလုပ်သမားဖြစ်နေသည်။ ထိုကိစ္စကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရက ကြီးကြပ်လုပ်ကိုင်နေသည့် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ် လုပ်ဆောင်နေသော်လည်း ထိုင်းရဲအချို့နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်အချို့တို့က ရွှေ့ပြောင်းအလုပ်သမားများအပေါ် ငွေညှစ်မှု၊ မတရားဖမ်းဆီးမှုနှင့် မဟားတရားပြုကျင့်မှုများ ဆက်လက်လုပ်နေဆဲဆိုသည့်သတင်းများကထွက်ပေါ်နေဆဲဖြစ်သည်။




# ထိုင်းပုလိပ်ကြောင့် လိုင်းပိတ်နေသူများ

ဝင်းနိုင်ထွန်း

ထိုင်းနိုင်ငံတွင် ရောက်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအပေါ် ထိုင်းအာဏာပိုင်များက အနိုင်ကျင့်မှုများနှင့် မတရားပြုကျင့်မှုများ ပြုလုပ်နေမှုကို ထင်ဟပ်စေသည့် ကိုယ်တွေ့ဖြစ်ရပ်ကို ထိုင်းနိုင်ငံ အခြေစိုက် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တစ်ဖွဲ့အား အသက် ၂၁ နှစ်အရွယ် ကရင်လူမျိုး ရွှေ့ပြောင်းအလုပ်သမားတစ်ဦးကပြန်လည်ပြောပြခဲ့သည်။ထိုသူသည် ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူတစ်ဦးဖြစ်သည်။ ထိုင်းအစိုးရ၏ နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သူ၊ အချိန်ကုန်၊ ငွေကုန်ဆောင်ရွက်ခဲ့ရသူ ဖြစ်သည်။ ထိုသူသည် စမုစခွန်ဒေသရှိ ပရိဘောဂစက်ရုံတွင်အလုပ်လုပ်နေသူတစ်ဦးဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်မှာ ယင်း၏ အစ်ကိုနေထိုင်ရာ ဘန်ကောက်မြို့ရှိ Baan Bo မှ ဘတ်စ်ကားဖြင့် စမုစခွန်သို့ ပြန်လာသည်။ ထိုလိုင်းကားသည် တိုက်ရိုက်မရောက်သည့်အတွက် Rama II လမ်းရှိ Lotus ကုန်တိုက် အနီးတွင် ဘတ်စ်ကားတစ်ဆင့် ပြန်စောင့်စီးရန် ကားဂိတ်တွင် စောင့်နေခဲ့သည်။

ထိုစဉ် ထိုင်းရဲနှစ်ဦးမောင်းလာသည့်ရဲကား ယင်းအနီးသို့ လာရပ်ပြီး ဆင်းကာ မြန်မာဟုတ်မဟုတ်မေးမြန်းသည်။ မြန်မာရွှေ့ပြောင်းအလုပ်သမားမှန်းသိသည်နှင့် ရဲကားအတွင်းသို့ ဆွဲခေါ်ကာ ပလတ်စတစ်ကြိုးဖြင့် လက်နှစ်ဖက်တုတ်နှောင်ထားသည်။ ယာယီနိုင်ငံကူးလက်မှတ်ပြသော်လည်း စိတ်ဝင်စားဟန်မရှိကြ၊ ထိုင်းဘတ်ငွေ ၃၀၀၀ ပေးမှ ပြန်လွှတ်မည့် အရေးသာပြောနေတော့သည်။ သို့သော် ယင်းတွင်လည်း ထိုင်းဘတ်ငွေ ၄၀၀သာပါသည်။ ထိုအခါ ထိုင်းရဲက ဆွေမျိုးအသိများထံအကြောင်းကြားပြီး ငွေလာပို့စေလိုကြောင်းပြောသဖြင့် ထိုင်းရဲများ၏ မိုဘိုင်းဖုန်းဖြင့် ယင်း၏အစ်ကိုထံ ငွေလာပို့ရေး အကြောင်းကြားလိုက်ရသည်။ အကြောင်းကြားပြီးသည်နှင့် ထိုင်းရဲကားသည် Soi 71 တွင် အစ်ကိုဖြစ်သူအလာကို စောင့်နေခဲ့ကြသည်။ မြန်မာရွှေ့ပြောင်းအလုပ်သမား၏အစ်ကိုက ထိုင်းဘတ်ငွေ ၂၀၀၀ ပေးလိုက်မှသာ ရဲလက်က လွတ်ခဲ့ရသည်။ သို့သော် ထိုင်းရဲများက ယာယီနိုင်ငံကူးလက်မှတ်ကို ဆုတ်ဖြဲပစ်လိုက်ကြသည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ အချိန်ကုန်ငွေကုန်လုပ်ခဲ့ရသည့် ယာယီနိုင်ငံကူးလက်မှတ်ကသူ့အားမည်သည့် အာမခံချက်မျှမပေးခြင်းဖြစ်နေသည်။

အမှန်မှာ ထိုင်းအစိုးရ၏ နိုင်ငံသား စိစစ်မှုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်ပြီးသူ၊ ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူမည်သည့် ရွှေ့ပြောင်းနိုင်ငံသားမဆို ထိုင်းနိုင်ငံအတွင်း မည်သည့်နေရာမဆို လွတ်လပ်စွာ သွားလာခွင့်ရှိသည်။ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေး၏ အခွင့်အရေးများကိုလည်း ရရှိခံစားပိုင်ခွင့်ရှိသည်။ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်ခွင့်ပါ လျှောက်ထားနိုင်သည်။ သို့သော် ထိုအလုပ်သမားများသည် မှတ်ပုံတင်ထားသည့် ခရိုင်အတွင်းမှ အခြားခရိုင်တစ်ခုသို့ သွားလာသည်နှင့် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးငွေညှစ်မှု၊ အနိုင်ကျင့်မှုတို့ ခံနေရသည့် သတင်းများက ဆက်တိုက်ထွက်ပေါ်နေဆဲဖြစ်သည်။

မကြာသေးမီ ရက်သတ္တပတ်ခန့်ကရနောင်းဘက်တွင် အာဏာပိုင်များက နိုင်ငံသားစိစစ်ပြီးသူများ မော်တော်ဆိုင်ကယ်လိုင်စင်လျှောက်ထားမှုကို လက်မခံတော့ဘဲ ရပ်ဆိုင်းလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံသားဆိုင်ကယ်တက္ကစီသမားများသည် ယင်းတို့လုပ်ငန်းတွင် ထိုရွှေ့ပြောင်းအလုပ်သမားများက နေရာဝင်ယူလုပ်ကိုင်လာမည်စိုးသဖြင့်ဆန္ဒပြကန့်ကွက်ကြခြင်းကြောင့်ဖြစ်သည်။

ထိုဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံတွင် ဆောင်ရွက်နေသည့် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်သည် တဖြည်းဖြည်းနှင့် ယိုယွင်းလာသည်ကို တွေ့မြင်လာရသည်။ အာဏာပိုင်များ၏ အကြမ်းဖက်မှု၊ မဟားတရားပြုကျင့်မှု၊ ငွေညှစ်မှုများနှင့် ဥပဒေမဲ့ဖမ်းဆီးမှုများတို့ကို ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် ကျူးလွန်သူများကို အရေးယူပေးရန် တိုင်ကြားလိုသည့် ဆန္ဒမရှိချေ။ အကြောင်းမှာ ထိုရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် ထိုင်းနိုင်ငံအတွင်းမှာပင်အလုပ်ဆက်လုပ်နေထိုင်လိုချင်သောကြောင့် ဖြစ်သည်။ထိုကိစ္စများသည် ထိုင်းနိုင်ငံအတွင်း ဖြစ်ရိုးဖြစ်စဉ်ကိစ္စအဖြစ် သာသဘောထားနေကြသည်။

ရွှေ့ပြောင်းအလုပ်သမားများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့သည် လူမှုပေါင်းစည်းညီညွတ်မှုကို မတည်မငြိမ်ဖြစ်စေပြီး နောက်ဆုံးတွင် အုပ်ချုပ်ရေးနှင့် နိုင်ငံတည်ငြိမ်ရေးကိုပါ ထိခိုက်စေမည်ဖြစ်သည်။

ထိုကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အရေးများကို အကာအကွယ်ပေးခြင်းသည် ယင်းတို့ဘဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မှုများ အကျိုးရှိအောင် မြှင့်တင်ပေးရာလည်း ရောက်ပေမည်ဖြစ်သည်။

*Source: Life is No Easier for Legal Burmese Migrants in Thailand*

## နိုင်ငံရေးအဆိုအမိန့်များ

မောင်ဝံသ

The Vice Presidency is sort of like the last cookie on the plate. Everybody insists he won't take it, but somebody always does.

***- Bill Vaughan***

ဒုတိယသမ္မတအလုပ်ဟာ ပန်းကန်ပြားထဲ နောက်ဆုံးကျန်တဲ့ ကွတ်ကီးမုန့်ကလေးတစ်ချပ်လိုပဲ၊ လူတိုင်းက မစားတော့ဘူးလို့ငြင်းတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ စားလိုက်စမြဲပါ။

***- ဘီလ်ဗောင်ဂန်***

A statesman is any politician it's considered safe to name a school after.

***- Bill Vaughan***

နိုင်ငံပြုခေါင်းဆောင်ဆိုတာ ကျောင်းတစ်ကျောင်းကို သူ့နာမည်နဲ့ စိတ်ချလက်ချမှည့်ခေါ်လို့ဖြစ်တဲ့နိုင်ငံရေးသမားကိုခေါ်တယ်။

***- ဘီလ်ဗောင်ဂန်***

He must be very ignorant for he answers every question he is asked.

***- Voltaire (Francois Marie Arouet)***

အမေးခံရတဲ့မေးခွန်းတိုင်းကို ဖြေဆိုသူဟာ အလွန်အတဲ့လူဖြစ်ရမယ်။

***- ဗော်လ်တိုင်းယား***

Opinion has caused more trouble on this little earth than plagues or earthquakes.

***- Voltaire (Francois Marie Arouet)***

သည်ကမ္ဘာမြေသေးသေးလေးပေါ်မှာ ပလိပ်ရောဂါတို့၊ မြေငလျင်တို့ထက် သဘောထားထင်မြင်ချက်တွေက ပိုပြီးအန္တရာယ်ပေးတယ်။

***- ဗော်လ်တိုင်းယား***

Meeting Franklin Roosevelt was like opening your first bottle of champagne; knowing him was like drinking it.

- ***Winston Churchill,*** **British Prime Minister**

ဖရန့်ကလင်းရုစဗဲ့နဲ့တွေ့ရတာ ပထမဆုံး ရှန်ပိန်ပုလင်းဖောက်လိုက်တာနဲ့ တူတယ်။ သူနဲ့သိကျွမ်းရတာဟာ အဲဒီပုလင်းကို သောက်လိုက်ရတာနဲ့တူတယ်။

***- ဝင်စတန်ချာချီ***

# ဆယ်စုနှစ်သုံးစုကြာပြီးနောက်

ဝင်းဇော်မင်း

လူဦးရေသန်း ၇၀ ကျော်ရှိပြီး လူနေထူထပ်တဲ့ဥရောပတိုက်ကတူရကီနိုင်ငံအတွက်တော့ ပြီးခဲ့တဲ့ ၂၀၁၀ စက်တင်ဘာလ ၁၂ ရက်နေ့ဟာ နိုင်ငံရဲ့ခေတ်သစ်သမိုင်းမှာ ထူးခြားတဲ့နေ့တစ်နေ့ပါ။ မြို့တော်အစ္စတန်ဘူလ်ရဲ့လမ်းမပေါ်မှာ အစိုးရကို ထောက်ခံကြသူတွေက ကြွေးကြော်သံတွေကို အော်ဟစ်ပြီး အောင်ပွဲခံနေကြပါတယ်။ အောက်ခံအနီရောင်ပေါ်မှာ အစ္စလာမ်ဘာသာရဲ့အထိမ်းအမှတ်အဖြူရောင်လခြမ်းနဲ့ကြယ်ပုံပါတဲ့ တူရကီနိုင်ငံရဲ့အလံကိုဝှေ့ရမ်းပြီးပျော်ရွှင်နေကြတဲ့ ပြည်သူတွေရဲ့ပုံတွေကိုကမ္ဘာ့မီဒီယာကြီးတွေကထုတ်လွှင့်ပြသခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်စတဲ့ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွေ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုထွက်ပေါ်လာပါတယ်။

အကြောင်းရင်းကတော့တူရကီမဲပေးခွင့်ရှိသူများဟာနှစ်ပေါင်းသုံးဆယ်ကစစ်အစိုးရလက်ထက်မှာရေးဆွဲထားခဲ့တဲ့တိုင်းပြည်ရဲ့အခြေခံဥပဒေကိုပြုပြင်ပြောင်းလဲခွင့်အတွက်မဲခွဲဆုံးဖြတ်ခဲ့ကြပါတယ်။မဲအားလုံးရဲ့ ၉၉ ရာခိုင်နှုန်းကို ရေတွက်ပြီးတဲ့အခါမှ လက်ရှိဝန်ကြီးချုပ်ရီဆစ်တေရစ်အာဒိုဂန်အဆိုပြုထားတဲ့အတိုင်း အခြေခံဥပဒေကို ပြင်ဆင်ဖို့ ထောက်ခံမဲ ၅၈ ရာခိုင်နှုန်းနဲ့ပြင်ဆင်ခွင့်ရရှိခဲ့ကြပါတယ်။ ဝန်ကြီးချုပ်အာဒိုဂန်က ဆန္ဒမဲခံယူပွဲမှာ အခြေခံဥပဒေကိုပြင်ဆင်ဖို့ ထောက်ခံမဲပေးခဲ့ကြတာဟာ တူရကီနိုင်ငံသားတွေရဲ့ ဒီမိုကရေစီကို ဆာလောင်ငတ်မွတ်မှုရဲ့ရလဒ်ဖြစ်တယ်လို့ပြောဆိုခဲ့ပါတယ်။

တူရကီနိုင်ငံမှာ ၁၉၈၀ ခုနှစ် မတိုင်မီက လက်ဝဲယိမ်းဝါဒီတွေနဲ့ လက်ယာယိမ်းဝါဒီတွေကြား ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေရှိခဲ့ပါတယ်။ လက်ဝဲဝါဒီတွေက ကွန်မြူနစ်တော်လှန်ရေးတွေ ဆင်နွှဲလိုကြပြီး လက်ယာအမျိုးသားရေးဝါဒီတွေက တိုင်းပြည်အတွင်းဘာသာရေး




ဆိုင်ရာနိုးထမှုတွေကိုလုပ်ဆောင်ခဲ့ပါတယ်။ ဒီလို မတည်ငြိမ်မှုတွေဖြစ်ပေါ်နေတဲ့အချိန်မှာ ဗိုလ်ချုပ်ကြီးကီနန်အိဗ်ရန်ခေါင်းဆောင်တဲ့ အမျိုးသားလုံခြုံရေးကောင်စီဟာ ၁၉၈၀ ခုနှစ်မှာ နိုင်ငံ့အာဏာကို သိမ်းယူခဲ့ပြီး ပါလီမန်ကိုဖျက်သိမ်းခဲ့ပါတယ်။

အာဏာသိမ်းပြီး နှစ်နှစ်အကြာ ၁၉၈၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးကီနန်အိဗ်ရန်ဟာ အငြင်းပွားဖွယ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုထားတဲ့ အခြေခံဥပဒေသစ်အရ တူရကီနိုင်ငံရဲ့သမ္မတကြီးဖြစ်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးကီနန်အိဗ်ရန်ဟာ သူ့အဆိုအရ တူရကီနိုင်ငံအတွက် လွတ်လပ်ခွင့်တွေများလွန်းတဲ့၊ သိပ်စည်းစိမ်ကြီးလွန်းတဲ့အခြေခံဥပဒေအဟောင်းကို သူ့လက်ထက်မှာရေးဆွဲထားတဲ့အခြေခံဥပဒေအသစ်နဲ့အစားထိုးခဲ့ပါတယ်။ သူဟာ ပြည်သူတွေရဲ့လွတ်လပ်ခွင့်နဲ့ လူ့အခွင့်ရေးတွေကို နိုင်ငံတည်ငြိမ်ရေးဆိုတဲ့အကြောင်းပြချက်နဲ့ ပယ်ဖျက်ခဲ့ပြန်တယ်။ ဗိုလ်ချုပ်ကြီးကီနန်အိဗ်ရန်ရဲ့ စစ်အုပ်ချုပ်ရေးကာလအတွင်းမှာ လူအတော်များများဟာ နိုင်ငံရေးယုံကြည်ချက်ကြောင့် ညှဉ်းပန်းကွပ်မျက်ခံခဲ့ရပါတယ်။ ဒါပေမဲ့ သူ့ခေတ်မှာတော့ နိုင်ငံရေးအရ လက်ဝဲ၊ လက်ယာအစွန်းရောက်တိုက်ခိုက်မှုတွေ ပပျောက်ခဲ့ပေမယ့် လူ့အခွင့်အရေးနဲ့ လူငယ်တွေရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေလည်း ကန့်သတ်ခံခဲ့ရပါတယ်။ စာ(၃၆) သို့

# ကမ္ဘာကြီး ကျဉ်းမသွားစေနဲ့

ထက်ကျော်



**တကယ့်** တကယ်သာ လူတွေအနေနဲ့တစ်ဖက်နဲ့တစ်ဖက် အပေးအယူ အလျှော့အတင်းတွေ ရှိကြမယ်ဆိုရင် တစ်ပေလောက်အကွာအဝေးကလေးကကိုပဲ လိုတာထက် ပိုနေတတ်ပြီး၊ အပြန်အလှန်သာ မာန်တင်းနေကြလို့ကတော့ ကမ္ဘာကြီးတောင်မှ ကျဉ်းမြောင်းသေးငယ်သွားနိုင်တယ်လို့ ပညာရှိများကပြောကြပါတယ်။

လူတစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆက်ဆံကြရာမှာ အခြားတစ်ယောက် လက်မခံနိုင်တာကို ကျန်တစ်ယောက်က ကိုင်ဆွဲလုပ်ကိုင်ထားမယ်ဆိုရင် အဲဒီအနေအထားဟာ ကျောချင်းကပ် အနေအထားဖြစ်နေရုံမက တစ်ယောက်နဲ့တစ်ယောက် ကြာလေဝေးလေဆိုသလို၊ ဖြစ်နိုင်ခြေရှိမှုဟူသမျှဟာ ပိုမိုဝေးကွာသွားဖို့သာ ရှိပါတယ်။ ဒီလိုအနေအထားမျိုးကို တစ်ဖက်နဲ့ တစ်ဖက် ရင်ကြားစေ့နိုင်အောင် ကြိုးစားတာ၊ ဘယ်လိုအလျှော့အတင်း အပေးအယူမျိုးတွေမဆို လုပ်ကြည့်ကြတာတွေဟာ အမှန်တကယ်လည်း လိုအပ်ပြီး လက်ခံစဉ်းစားသင့်တဲ့ ကိစ္စလို့ မြင်ပါတယ်။

ရင်ကြားစေ့တာဟာ အကျိုးတရားတွေကို ရရှိစေနိုင်မှာဖြစ်ပြီး ကျောခိုင်းစွန့်ခွာတာကတော့ အကျိုးတရားနဲ့ ဆန့်ကျင်ဘက် အမုန်းတရားတွေသာ ပွားများလာပါလိမ့်မယ်။ အာဃာတတွေဟာ လူတစ်ယောက်ရဲ့ အတ္တကို ဓာတ်ဆီလောင်း၊ မီးရှို့တတ်သလို ခွင့်လွှတ်နိုင်မှုကသာ မေတ္တာရနံ့တွေ ထုံသင်းမွှေးပျံ့နိုင်တာပါ။

“သင့်မှာ မိတ်ဆွေတစ်ရာ ရှိသလား၊ နည်းလွန်းလှတယ်။ ရန်သူတစ်ယောက်ရှိသလား၊ များလွန်းလှတယ်” ဆိုတဲ့ စကားတစ်ခွန်းကို မှတ်သားဖူးတယ်။ စကားလုံးအတိအကျတော့ ဟုတ်ချင်မှ ဟုတ်နိုင်ပေမယ့် အဓိပ္ပာယ်ကတော့ အဲဒီလိုပဲ သက်ရောက်ပါတယ်။ ဒီတော့ရန်သူဆိုတာ ဘာလဲလို့ဆက်ပြီး စဉ်းစားမိတယ်။ ရန်သူဆိုတာကို မိမိအား အန္တရာယ်အနှောင့်အယှက်ပြုသူ၊ မိမိအကျိုးစီးပွားကိုဟန့်တားဖျက်ဆီးသူ၊ မိမိအား တိုက်ခိုက်ဆန့်ကျင်သူရယ်လို့ မြန်မာအဘိဓာန်မှာတော့ တွေ့ဖူးပါတယ်။ ခက်တာက အဲဒီရန်သူဟာ မိုးပေါ်ကကျလာတာ မဟုတ်ဘဲ ကိုယ်ကိုယ်တိုင် ဖန်တီးပြီး လက်ယပ်ခေါ်ယူတာမျိုးတွေ ရှိတတ်ပါတယ်။

ဆိုလိုချင်တာကတော့ ကိုယ်နဲ့အမြင်မတူတာ၊ အယူအဆ မတူတာ၊ ပြောရဆိုရ အဆင်မပြေတာတွေ ဖြစ်နေတဲ့ ကိုယ့်ပတ်ဝန်းကျင်က ဆွေမျိုးသားချင်းတွေ၊ မိတ်ဟောင်းဆွေဟောင်းတွေ၊ လက်အောက်ငယ်သားတွေ အားလုံး ကို ဘယ်လိုအဆင်ပြေအောင် ဆက်ဆံမလဲဆိုတဲ့ အတွေးကို အစမချီဘဲ မာနဒေါသ၊ အမြင်ကျဉ်းမှုစတာတွေက အစချီပြီး ပြုမူလှုပ်ရှားလိုက်တဲ့အခါ မသင့်လျော်တာတွေ ဖြစ်သွားတတ်ပါတယ်။

အကျိုးဆက်ကတော့ တစ်ယောက်နဲ့ တစ်ယောက် အခေါ်အပြော နည်းသွားမယ်။ ဒီကတစ်ဆင့် ပြောကြဆိုကြပြန်တော့လည်း တစ်ဖက်သား နားမခံသာတာတွေ ပြောလာမယ်။ ဆက်ပြီး တစ်ဖက်သား နစ်နာဆုံးရှုံးရလေအောင် ပြုမူဆောင်ရွက်တော့မယ်။ နောက်ဆုံးတော့ တစ်ဖက်နဲ့တစ်ဖက် ရန်သူလိုသဘောထားပြီး ဝေးကွာသွားကြတာမျိုးပဲ ဖြစ်ပါတယ်။ ဒါဟာ ကိုယ့်ရန်သူကို ကိုယ်မွေးယူတာလို့ ပြောရင်ရပါတယ်။

ဒီလို အခြေအနေမျိုးဟာ မီးခဲကို စက္ကူနဲ့ထုတ်ပြီး တစ်ဖက်နဲ့တစ်ဖက်ပစ်ပေါက်နေတာနဲ့ တူပါတယ်။မီးခဲကိုစက္ကူနဲ့ထုတ်ပြီး ပစ်ပေါက်နေတဲ့ဘက်မှာလည်းသူ့ရဲ့လက်ကို အရင်ဆုံးအပူခံကြရမယ်။ မီးခဲထိမှန်ခံရတဲ့ဘက်မှာလည်း အလားတူပဲ အပူခံကြရဦးမယ်။ ဒီတော့ နှစ်ဖက်စလုံးမှာ အကျိုးရှိစေတာထက် အကျိုးယုတ်စေတာက ပိုပြီးများနေမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာလိုမယ် မထင်ပါဘူး။

ဒီလို ဖက်နှစ်ဖက်စလုံး နစ်နာနေမှုကို ဘယ်လိုဟန့်တား ကာကွယ်ကြမလဲ၊ အင်မတန်ကိုပဲ လွယ်ကူရှင်းလင်းပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အထင်မှား၊ အမြင်မှားဖြစ်နေတာတွေကို ရှာရမယ်။ တစ်ဖက်စီကလည်း ပြင်ဆင်သင့်တာတွေပြင်ရမယ်။ ပုံမှန်အနေအထားကိုပြန်ရောက်အောင် ကြိုးစားရမယ်။ ရှေ့ဆက်ပြီးတော့လည်း ဥမကွဲသိုက်မပျက် ချီတက်သွားကြမယ်။ ဒါဆိုရင် အာဃာတတွေ အမုန်းတွေ ပျောက်သွားကြပြီး အပြုံးတွေနားလည်ခွင့်လွှတ်မှုတွေ ရလာမယ်ဆိုတာ သေချာပါတယ်။ ဒီနေရာမှာ မိတ်ဆွေကောင်းတွေ ကိုယ့်မှာအမြဲရှိနေဖို့ ရှေးပညာရှင်စကားတစ်ခု ဝေမျှလိုပါတယ်။ “ကိုယ်ပြုတဲ့ ကျေးဇူးကို မေ့လိုက်ပါတယ်။ သူပြုတဲ့ ကျေးဇူးကို အမြဲသတိရပါ”ဆိုတဲ့ စကားပါ။

ပညာရှိရဲ့အမည်ကို မသိတော့ပေမယ့် ဒီစကားဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ သေချာချာတွေးကြည့်လေ ပိုသိနိုင်လေပါပဲ။ ရန်သူနည်းပြီး မိတ်ဆွေများဖို့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ အမြဲဆောင်ထားသင့်တဲ့ “သင်ဆိုးလည်း ကျွန်ုပ် ကောင်းပါတယ်” ဆိုတဲ့မူနဲ့ အတူတူပါပဲ။

အဲဒီအနေအထားကို ရဖို့ဆိုတာ တစ်ဦးနဲ့တစ်ဦး အထင်မှား၊ အမြင်မှားခဲ့ကြတာတွေ ပြောမှား၊ ဆိုမှားရှိခဲ့ကြတာတွေကို ဘေးဖယ်ပြီး စကားပြောနိုင်ဖို့ ကြိုးပမ်းသင့်တယ်လို့ မြင်ပါတယ်။ ပြောကြည့်မှ တစ်ဖက်နဲ့တစ်ဖက် နားလည်မှု လွဲနေတာတွေသိရမယ်။ အမြင်တိမ်းစောင်းနေတာတွေကို တွေ့လာရမယ်။ နှစ်ဖက်စလုံးရဲ့ အားနည်းချို့ယွင်းချက်တွေကို မြင်လာကြမယ်။ ဒီအထဲမှာ တူညီတဲ့အချက်တွေလည်း မလွဲမသွေပါရှိနေမှာ သေချာပါတယ်။ အဲဒီလို တူညီမှုတွေကနေ အစချီပြီး တိုးကြ၊ ဆုတ်ကြ၊ လျှော့ကြ၊ တင်းကြရင်း နားလည်မှုရရှိသွားအောင် ကြိုးစားယူကြမယ်ဆိုရင် မြေကြီးလက်ခတ်မလွဲအောင်မြင်မှာပါ။

တစ်ယောက်နဲ့တစ်ယောက် နားလည်မှု လွဲနေတာဟာ အကျိုးမဲ့မှုတွေကို ဖြစ်စေပါတယ်။ ငြင်းခုံနေကြရင်း အချိန်ကုန်သွားတတ်ပါတယ်။ အငြင်းအခုန်နဲ့ ပဋိပက္ခတွေသာများလာရင် ကြားလူစားသွားတတ်တာလည်း ရှေးလူကြီးသူမများရဲ့ပုံပြင်တွေထဲမှာ တွေ့နိုင်ပါတယ်။ တခြားမကြည့်နဲ့ လေ၊ ဖျံနှစ်ကောင် ငါးကြင်းတစ်ကောင်မိတဲ့အခါ အမြီးပိုင်း၊ ခေါင်းပိုင်း အဝေမတည့်ဘဲ အငြင်းအခုံ ဖြစ်နေတော့ ကြားလူဖြစ်တဲ့ မြေခွေးကတရားသူကြီးလုပ်ပြီး ကောင်းတဲ့အပိုင်း(အလယ်ပိုင်း)ကို အလစ်သုတ်သွားတဲ့အကြောင်းဟာ စဉ်းစားယူရင် ပြက်ပြက်ထင်ထင်တွေ့ရမှာပါ။

မညီညွတ်ကြရင် ကြားလူစားသွားမယ်ဆိုတဲ့ သဘောကို ဒီပုံပြင်မှာ အထင်အရှားတွေ့ရပါတယ်။

ပညာရှိကြီး “တိန့်တိ”ပြောသလို တစ်ဖက်နဲ့တစ်ဖက် မာန်တင်းနေကြရင် ကမ္ဘာကြီးတောင် ကျဉ်းသွားလိမ့်မယ်ဆိုတာ အမှန်တရားတစ်ခုပါ။ ရင့်ကျက်တာ၊နားလည်ခွင့်လွှတ်တာ၊ စည်းလုံးညီညွတ်တာတွေဟာလူသာခု ခေါ်စရာနတ်သာခုခေါ်စရာကိစ္စတွေပဲ ဖြစ်ပါတယ်။ ကျဉ်းမြောင်း သေးသိမ်မှုနဲ့ကျယ်ပြန့်တဲ့ နားလည်မှုဟာမြင်းမိုရ်တောင်နဲ့ ဇီးစေ့ (ဆီးစေ့)လို ကွာခြားတတ်ပါတယ်။

လူတစ်ဦးချင်းက အစချီပြီး နိုင်ငံနဲ့ကမ္ဘာနဲ့ချီတဲ့ညီညွတ်မှု ပြိုကွဲနေတာတွေ အားလုံးကိုညီညွတ်မှု ရသွားစေချင်တယ်။ ဆွေးနွေးပွဲတွေကတစ်ဆင့် ရင်ကြားစေ့ကြစေချင်တယ်။ ဒေါသနဲ့ အာဃာတနဲ့ ဖြေရှင်းမှုထက် မေတ္တာနဲ့နားလည်ခွင့်လွှတ်မှုတွေနဲ့ စားပွဲတိုင်းမှာ ဖြေရှင်းကြတာမျိုးဟာ အောင်မြင်မှုရဖို့ ပိုပြီးနီးစပ်နိုင်တယ်ဆိုတာ ယုံပါတယ်။ တခြားမကြည့်နဲ့လေ၊ စစ်နဲ့ ဖြေရှင်းလို့ မရတဲ့ကိစ္စကြီးမျိုးတွေကိုတောင် နောက်ဆုံးမှာ စားပွဲဝိုင်းဖြေရှင်းနည်းတွေနဲ့ ဖြေရှင်းကျော်လွှားသွားကြတာ လူတိုင်းအသိပါ။

တကယ်ပါပဲ၊ တစ်ပေလောက် အကွာအဝေးကလေးကတောင် လိုတာထက် ပိုနေလိမ့်မယ်ဆိုတဲ့ အပေးအယူ၊ အလျှော့အတင်းရှိမှုနဲ့ ကမ္ဘာကြီးကျဉ်းသထက် ကျဉ်းသွားစေမယ့် မာန်မာနတွေ ထားရှိမှုဆိုတာဟာ ဘယ်ဟာက သဘာဝကျတယ်။ ဘယ်ဟာကို ရွေးချယ်သင့်တယ်ဆိုတာ ပြောစရာ မလိုတော့အောင်ကိုပဲ ရှင်းနေတယ်လို့ ထင်ပါတယ်။ ။

## JOKE

### သဘာဝချစ်သူ

မြို့ကြီးပြကြီးတွင်နေထိုင်ပြီး သဘာဝပတ်ဝန်းကျင်ချစ်သူ အမျိုးသမီးငယ်တစ်ဦးသည် ကျေးရွာတစ်ရွာသို့ရောက်ရှိနေရာ လယ်သမားကြီးတစ်ဦးအား ယခုလိုမေးခွန်းထုတ်သည်။

“ဦးကြီး ဒီနွားကြီးမှာ ဘာဖြစ်လို့ဦးချိုမရှိတာလဲ”

လယ်သမားကြီးက အမျိုးသမီးငယ်အား စောင်းငဲ့ကြည့်လိုက်ပြီးနောက်

“ဒီလိုကလေးမရဲ့ ချိုရှိတဲ့ကျွဲ၊ နွားတွေကြောင့် ထိခိုက်ပျက်စီးမှုတွေအများကြီးဖြစ်တယ်။ တစ်ခါတလေ ဦးကြီးတို့က သူတို့ရဲ့ချိုတွေကို လွှနဲ့ဖြတ်ထားတယ်။ ငယ်သေးတယ်ဆိုရင်တော့ အက်ဆစ်နဲ့တို့ထားတယ်။ အဲတချို့ကောင်တွေကျတော့လည်း ချိုလုံးဝမပေါက်ကြဘူး။ ဒါပေမဲ့ ဒီနွားမှာချိုမရှိတဲ့အကြောင်းရင်းကတော့ ဒီကောင်ဟာမြင်းဖြစ်နေလို့ပါပဲ” ဟု စိတ်ရှည်လက်ရှည် ရှင်းပြပါလေ၏။

### မိန်းမချစ်ဆေး

၁။ နေ့စဉ် ဖက်လဲတကင်းအနည်းဆုံးတစ်ကြိမ်ပြုပါ။
၂။ ဖုန်းပြောပြီးတိုင်း ‘I love you’ ဟု ပြောပါ။
၃။ အမှိုက်ပစ်ဖို့ သတိရပါ။
၄။ ကလေးတွေနဲ့ လမ်းလျှောက်ထွက်ပါ။
၅။ သူမရဲ့ တစ်နေ့တာအကြောင်းကို မေးမြန်းပါ။
၆။ မကြာခဏဆိုသလို ညနေစာဝင်ချက်ပါ(သို့မဟုတ်)ဆိုင်မှ ဝယ်လာပါ။
၇။ သူမကြည့်တဲ့တီဗီဇာတ်လမ်းတွဲ(ကိုရီးယားကားဖြစ်ပါစေ) လိုက်ကြည့်ပါ။
၈။ ဆံပင်ပုံစံသစ်ညှပ်လာရင် (သရဲပုံပေါက်နေပါစေ) လှတယ်လို့ ပြောပါ။
၉။ အငြင်းပွားရင် မိန်းမကိုအနိုင်ပေးပါ။ (အကြိမ်တိုင်းဖြစ်ပါစေ)
၁၀။ မိန်းမကြိုက်တဲ့ သောက်စရာတစ်ခုခု အမြဲလုပ်ပေးပါ။ (လက်ဖက်ရည်၊ ကော်ဖီ၊ ဝီစကီ ဘာပဲဖြစ်ဖြစ်ပါ)

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်း၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7 DAY NEWS JOURNAL
Vol.9, No.27 • SEPTEMBER 23, 2010

# စီးပွားရေးလုပ်ငန်းအများစု ကုန်စည်ပြပွဲများတွင်ရောင်းရန်ထက် ပြရန်ဦးတည်

ဇာဇာနီ၊ အိမ့်ဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ – ၁၆**

ရန်ကုန်မြို့ ဈေးကွက်ချဲ့ထွင်လိုသောလုပ်ငန်းရှင်များသည် ယင်းတို့၏ကုန်ပစ္စည်းများကို ဈေးပွဲတော်များတွင် ရောင်းချခြင်းထက် ပြသကြော်ငြာခြင်းကို ယခုနှစ်နောက်ပိုင်းတွင် ပိုမိုပြုလုပ်လာကြကြောင်း လုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်မြို့တွင် ဈေးပွဲတော်အများဆုံးပြုလုပ်သည့် တပ်မတော်ခန်းမ၌ ယခုနှစ်ပိုင်းအတွင်း ပြပွဲပြသမှု တစ်လလျှင် အနည်းဆုံးနှစ်ကြိမ်ရှိလာသည်။ ရန်ကုန်မြို့တွင် ပြပွဲပြုလုပ်သောနေရာများမှာ တပ်မတော်ခန်းမနှင့် မြန်မာအင်ဖိုတက်ချ်တို့ဖြစ်သည်။

ယခုနောက်ပိုင်းကျင်းပသောပြပွဲများသို့ တစ်ရက်လျှင် လာရောက် ကြည့်ရှုသူ ပျမ်းမျှသုံးထောင်ကျော်ခန့်ရှိသည်။ ထို့ကြောင့် ပြပွဲတွင် အခန်းနေရာယူရောင်းချသည့်ကုမ္ပဏီများသည် ရောင်းချရမှုထက် မိမိကုန်ပစ္စည်းလူသိများစေရန် ရည်ရွယ်ချက်ဖြင့် လာရောက်ပြသကြသည်။

"ဒီနောက်ပိုင်း ကုမ္ပဏီအများစုက ပြပွဲတွေမှာ ပြသချင်လာကြတယ်။ ဘာကြောင့်လဲဆိုရင် ပုံနှိပ်မီဒီယာမှာ ကြော်ငြာတာနဲ့စာရင် ပြပွဲမှာ Customer သိချင်တဲ့အကြောင်းအရာကို ရှင်းပြလို့လည်းရတယ်။ ကြည့်ရှုသူများတဲ့အတွက် သူတို့အတွက်လည်း ကြော်ငြာပြီးသား ဖြစ်သွားတာပေါ့"ဟု လောဂျစ်မြန်မာကုမ္ပဏီမှ ကိုကျော်သူအောင်ကပြောသည်။



ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် စက်တင်ဘာတတိယပတ်ကကျင်းပခဲ့သော ကုန်စည်ပြပွဲသို့ သွားရောက်ကြည့်ရှုသူများ ပြပွဲအပြန် လက်ကမ်းစာစောင်များကို ကြည့်ရှု၍ ခေတ္တအနားယူနေသည်ကို စက်တင်ဘာ၁၈ရက်ကတွေ့ရစဉ်။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ပြပွဲကာလအတွင်း ပြခန်းစရိတ်ကို အက်ဖ်အီးစီ၊ ဒေါ်လာနှင့်သတ်မှတ်၍ ပေးချေရသည်။ အခန်းနေရာပေါ်မူတည်၍ ပြခန်းစရိတ်သည် အနည်းဆုံးကျပ်သုံးသိန်းတွင်ရှိသည်။ ပြပွဲကာလတွင် ရောင်းချရမှု အနည်းငယ်သာရှိ၍ ပြခန်းစရိတ်မကာမိသော်လည်း လုပ်ငန်းရှင်များသည် ပြပွဲများအပေါ် စိတ်ဝင်စားမှုလျော့နည်းသွားခြင်းမရှိပေ။

"ပြပွဲလုပ်တဲ့စရိတ်နဲ့တွက်ရင်တော့ မကိုက်ဘူးပေါ့။ ဒါပေမဲ့ ဒီမှာက ရောင်းဖို့ထက် ကိုယ့်အမှတ်တံဆိပ်ကြော်ငြာရဖို့လုပ်ကြတာများတယ်။ အမြတ်ကို မကြည့်ကြဘူး။ အရောင်းပြခန်းထက်စာရင် ဒီမှာပြရတာက လူသိများတယ်" ဟု ပြပွဲပေါင်း ၁၅ ပွဲကျော်ပြသခဲ့ဖူးသည့် MSI ကွန်ပျူတာအရောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အချို့ကုမ္ပဏီများသည် ပြပွဲတွင် ပြသရောင်းချပြီးနောက် မိမိကုန်ပစ္စည်းများကို ပို၍လူသိများလာပြီး အရောင်းသွက်လာကြောင်း ပြသသည့် ကုမ္ပဏီများကပြောသည်။

"ပြပွဲပြတာက ရှစ်ပွဲရှိပြီ။ ပြပွဲက လူပိုလာတော့ ပိုအဆင်ပြေတာပေါ့။ ဆိုင်မှာကျတော့ တကူးတကလာဖို့က မလွယ်ဘူး။ အဲလိုလည်း လာကြည့်ကြမှာ မဟုတ်ဘူး။ လာကြည့်တဲ့သူအများစုကတော့ ဈေးသက်သာလို့ ဝယ်ကြတာများတယ်"ဟု စိန်နှင့်မြမွေ့ယာဆိုင်မှ ပြပွဲတာဝန်ခံကိုဝင်းဇော်ဌေးကပြောသည်။

ပြည်တွင်းထုတ် စွမ်းထက်ကားကုမ္ပဏီသည် ပြပွဲမတိုင်မီကာလထက် ပြပွဲပြီးကာလတွင် မိမိကားကို လူသိများလာကာ စုံစမ်းဝယ်ယူသည့်အနေအထားတွင်ရှိကြောင်း ယင်းကားကုမ္ပဏီပိုင်ရှင်ကပြောသည်။

ယခုအခါ ပြပွဲတွင် ကုန်ပစ္စည်းထုတ်လုပ်သည့်အကြီးစားကုမ္ပဏီများအပြင် ကွန်ပျူတာနှင့်ဖေဒင်တွက်ချက်သည့် အသေးစားဖေဒင်ခန်းများ၊ စားသောက်ဆိုင်များနှင့် အခြားအသေးစားကုမ္ပဏီများသည်လည်း ပြပွဲတွင် ပါဝင်ပြသလာကြသည်။

"အရင်ကထက်စာရင် Customer များလာတယ်။ အစ်မတို့လုပ်ငန်းက ဆိုင်ခန်းဝင်ငွေနဲ့ ဆိုင်ခန်းခကိုက်တယ်။ တချို့လတွေဆိုရင် မြတ်တယ်"ဟု ကုဗ္ဗေ ၆၀၀ ဖေဒင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အချို့ကုန်စည်ပြပွဲတွင် လုပ်ငန်းရှင်အများစုသည် မိမိတို့အရောင်းထိုင်းသောကုန်ပစ္စည်းများကို ဈေးချရောင်းချကြပြီး အချို့အီလက်ထရွန်နစ်ကုန်ပစ္စည်းများသည် ပြင်ပဈေးများထက် ဈေးနှုန်းသက်သာသည်ကိုတွေ့ရှိရကြောင်း ဈေးဝယ်သူအချို့ကဆိုသည်။

"ပြပွဲတွေတိုင်းရောက်ဖြစ်တယ်။ အီလက်ထရွန်နစ်ပြပွဲတွေကတော့ ဝယ်သူအတွက် ပိုတန်တယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဈေးကလည်းချထားတယ်။ နာမည်ရှိတဲ့ Brand တွေဖြစ်နေလို့ပဲ။ စားသောက်ကုန်နဲ့ အဝတ်အထည်တွေကတော့ ပြပွဲတိုင်းမဝယ်ဖြစ်ဘူး။ ရွေးစရာသိပ်မရှိဘူး။ နောက် အပြင်နဲ့လည်း သိပ်မထူးဘူးလေ။ ဈေးချရင်လည်း အပြင်မှာ သူတို့ရက်လွန်တော့မယ့်ပစ္စည်းတွေကို ဒီမှာလာထုတ်တဲ့သဘောပါပဲ"ဟု ပြပွဲသို့လာရောက်ခဲ့သော မအိကပြောသည်။

ယခုနှစ်၌ ကြော်ငြာဆိုင်းဘုတ်ကုမ္ပဏီများသည် ဈေးပွဲတော်ဦးစီးကျင်းပပေးသည့်လုပ်ငန်းကို စီးပွားရေးလုပ်ငန်းအနေနှင့်လုပ်ကိုင်ကြသည်။

"အရင်က ကျွန်တော်တို့က ကြော်ငြာဆိုင်းဘုတ်ပဲလုပ်တယ်။ အခုပွဲက ကျွန်တော်တို့အတွက် ပထမဆုံးပွဲပါ။ လုပ်ငန်းတစ်ခုအနေနဲ့ စမ်းပြီးတော့ လုပ်ကြည့်တာပါ"ဟု လောဂျစ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

ပြပွဲဦးစီးပြီးကျင်းပရသောကုမ္ပဏီများသည် ပြပွဲကျင်းပရန်အတွက် ငါးလအချိန်ယူ၍ပြင်ဆင်ကြရသည်ဆိုသည်။ ရန်ကုန်မြို့တွင် ပြပွဲအများစုကို ဦးဆောင်ကျင်းပပေးသည့်ကုမ္ပဏီလေးခုရှိသည်။


# ဆောက်လုပ်ရေးပစ္စည်းတင်သွင်းရောင်းချသူများ အရှုံးပေါ်

ပြည့်သိမ်း

**ရန်ကုန်၊ စက်တင်ဘာ – ၁၂**

ဆောက်လုပ်ရေးပစ္စည်း တင်သွင်းရောင်းချသူအချို့သည် ဈေးနှုန်းများကျဆင်းလာမှုကြောင့် လုပ်ငန်းတွင် ဆုံးရှုံးမှုများကြုံတွေ့နေရကြောင်း အဆိုပါဈေးကွက်မှ စုံစမ်းသိရသည်။

"လက်ထဲမှာ ဘိလပ်မြေ အိတ်နှစ်ထောင်လောက်ကျန်ခဲ့တယ်။ တစ်အိတ်ကို ၅,၇၀၀ ကျပ်နဲ့ ဝယ်ထားခဲ့တာ"ဟု ဘိလပ်မြေရောင်းချသူ လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။



ဓာတ်ပုံ – အောင်အောင်

လက်ရှိအချိန်၌ ဘိလပ်မြေဈေးကွက်တွင် ဆင်တံဆိပ်ဘိလပ်မြေတစ်အိတ်လျှင် ကျပ်ငါးထောင်ဝန်းကျင်သာ ဈေးရှိသည်။

ယင်းသို့ ဈေးနှုန်းများ ကျရခြင်းသည် ဒေါ်လာတန်ဖိုးကျဆင်းသဖြင့် ထိုင်းနိုင်ငံရှိ ကုမ္ပဏီမှ ဈေးလျှော့ချခြင်းကြောင့်ဖြစ်သည်။ ယင်းကဲ့သို့ ဈေးနှုန်းလျှော့ချမှုသည် ဈေးကွက်၌ ပထမတစ်ကြိမ်လျှော့ချဖူးသည်။

"ကုမ္ပဏီက ဈေးချတော့ ဆုံးရှုံးမှုနည်းနည်းတော့ ရှိတာပေါ့။ တက်တော့လည်း ဆိုင်က အကျိုးအမြတ်ရခဲ့တာပဲ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်ကရှင်းပြသည်။

ထို့အပြင် ဆောက်လုပ်ရေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များသည် အကြွေးရောင်းချမှုကိုလည်း ရပ်ဆိုင်းထားကြောင်းသိရသည်။

ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ငွေပေးငွေယူပြုလုပ်ရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံခြားငွေတန်ဖိုးမတည်ငြိမ်သည့်အတွက် အခက်အခဲရှိခြင်းကြောင့်ဖြစ်သည်။ ပြည်တွင်း၌ ငွေလည်ပတ်မှုနှေးကွေးနေခြင်းကလည်း လုပ်ငန်းရှင်များကို အခက်အခဲဖြစ်နိုင်စေနိုင်သည့်အကြောင်းဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းကဲ့သို့ အကြွေးစနစ်ဖြင့် မရောင်းချခြင်းသည် တစ်နိုင်တစ်ပိုင်ဆောက်လုပ်ရေးလုပ်ငန်းငယ်များကိုထိခိုက်စေသည်။ လုပ်ငန်းလည်ပတ်မှုနှေးကွေးပြီး ရပ်ဆိုင်းထားသည်အထိ ဖြစ်လာနိုင်ကြောင်းလည်း ပုဇွန်တောင်မြို့နယ်မှ ကန်ထရိုက်တာတစ်ဦးကရှင်းပြသည်။

# ရွှေဈေး နှစ်ရက်အတွင်း ကျပ်တစ်သောင်း ပြန်တက်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ဒေါ်လာဈေးနှုန်းများ ယခုတစ်ပတ်တွင် ပြန်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း ၂ ရက်အတွင်း ကျပ်တစ်သောင်းဝန်းကျင်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းများသည် စက်တင်ဘာ ၁၃ ရက်တွင် ခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၁,၅၀၀ ကျပ်ရှိနေရာမှ ယခုစက်တင်ဘာ ၁၅ ရက်တွင် ၆၅၀,၀၀၀ ကျပ်ထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်များမှစုံစမ်းသိရသည်။

စာ(၃၂)သို့

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၉၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၆၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၅. ၈၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၇၂၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၈၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၃၅၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၀၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၈၂. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၃၃၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၇၈ | ဒေါ်လာ | (နယူးဇီလန်) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၂၇၇. ၁၀၀ |
| ရေနံ | စည် | ၇၈. ၂၁၀ |
| ငွေ | ၁ အောင်စ | ၂၀. ၈၁၆ |
| ကြေးနီ | ပေါင် | ၃၅၂. ၂၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၂၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ငွေဈေးကျနေသော်လည်း အီလက်ထရွန်နစ်ပစ္စည်းသွင်းသူများ ဈေးကွက်စောင့်ကြည့်နေ

ပြည်သိမ်း

ရန်ကုန်၊ စက်တင်ဘာ - ၁၁

အီလက်ထရွန်နစ်ဈေးကွက်တွင် တန်ဖိုးကျဆင်းနေသော်လည်း လုပ်ငန်းရှင်များက ပြည်ပမှတင်သွင်းခြင်းမပြုဘဲ ဈေးကွက်ကိုသာ စောင့်ကြည့်နေကြကြောင်း အီလက်ထရွန်နစ်တင်သွင်းနေသော လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းအီလက်ထရွန်နစ်ဈေးကွက်သည် အရောင်းအဝယ်အေးကာ ဒေါ်လာတန်ဖိုးမှာလည်း ရက်ပိုင်းအတွင်း ဆက်လက်ကျဆင်းနေခြင်းကြောင့် ပစ္စည်းတင်သွင်းသူများ ဈေးကွက်ကိုစောင့်ကြည့်နေကြသည်။

"ထပ်ဝယ်ဖို့ကလည်း ငွေကဘယ်လောက်ကျမယ်ဆိုတာမမှန်းနိုင်ဘူး။ တန့်သွားရင်တော့ ဝယ်ကြမှာပါ။ လက်ရှိက သုံးစွဲမှုအားလည်းလျော့နေတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

လက်ရှိအီလက်ထရွန်နစ် ဈေးကွက်သည် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှ တင်သွင်းမှုများရပ်တန့်ပြီးနောက်ပိုင်းတွင် ပစ္စည်းအမျိုးအစားအလိုက် တစ်လုံးလျှင် ကျပ်တစ်သောင်းမှ တစ်သောင်းခွဲထိဈေးတက်သွားကြောင်းလည်း မဟာဗန္ဓုလပန်းခြံလမ်းရှိ အီလက်ထရွန်နစ်အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

စာ(၃၁) - ရွှေဈေး နှစ်ရက်အတွင်း ကျပ်တစ်သောင်း ပြန်တက် မှ

ယခုကဲ့သို့ ဈေးတက်လာရခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁,၂၅၅ ဒေါ်လာမှ ၁,၂၆၉ ဒေါ်လာထိတက်လာသကဲ့သို့ အမေရိကန်ငွေဈေးမှာလည်း တစ်ဒေါ်လာလျှင် ၉၄၀ ကျပ်ကျော်ရှိနေရာမှ ၉၇၀ ကျပ်သို့ တက်လာခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

"ဈေးက ဒီနေ့မှ ၆၅၀,၀၀၀ ကျပ်ဖြစ်လာတာ။ မနေ့က ကျပ် ၆၄၃,၅၀၀ ကျပ်ပဲဆိုတော့ ရောင်းအားကောင်းနေသေးတယ်။ ပုံမှန်လောက်ပဲ။ ရောင်းအားကျတယ်လို့ပြောလို့မရဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယခင်အပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၉၀၀ ကျပ်ကျော်ထိကျဆင်းလာခြင်းကြောင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၃၀,၀၀၀ ကျပ်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။ "အထည်ဈေးကွက်ကတော့ ပုံမှန်ပဲ။ အပိုင်းဈေးကွက်မှာပဲ နည်းနည်းလျော့သွားတာ။ ဒါပေမဲ့ ရောင်းအားကောင်းနေသေးတယ်"ဟု လမ်းမတော် ၁၅ လမ်းထိပ်ရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ ပြည်တွင်းရွှေဈေးနှုန်းများသည် စက်တင်ဘာ ၁၅ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၀,၀၀၀ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၁၀,၀၀၀ ကျပ်ဈေးရှိကြောင်းသိရသည်။






# 7DAY BOOK REVIEW

## ကိုယ်တွေ့စစ်အတွင်းဂျပန်ပြည် (ဂါဒီယန်ဦးစိန်ဝင်း)




ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်က ဂျပန်ပြည်မှ ပညာတော်သင်ခရီးပြန်လာသော လူငယ်တစ်ဦး (နောင်ဂါဒီယန်ဦးစိန်ဝင်း)သည်'ချယ်ရီ'ကလောင်အမည်ဖြင့် ဂျပန်ပြန်အတွေ့အကြုံများကို**'ကိုယ်တွေ့စစ်အတွင်း ဂျပန်ပြည်'** အမည်နှင့်အရှေ့တိုင်းစာအုပ်တိုက်မှရေးသားထုတ်ဝေခဲ့သည်။ ထိုမှတ်တမ်းစာအုပ်ငယ်သည် ရှားပါးသော စာအုပ်စာရင်းထဲ ယခုအခါအကျုံးဝင်နေပြီဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်အကြာမှ ပြန်လည်ထွက်ရှိလာသည့် ယခုအချိန်တွင် သတင်းစာဆရာကြီး ဂါဒီယန်ဦးစိန်ဝင်းသည် ၈၈ နှစ်ရှိပြီဖြစ်သည်။ ပျိုနုရွယ်စဉ် ၂၀ ကျော်အရွယ်က ဂျပန်နိုင်ငံသို့ ပညာတော်သင်ခရီးသွားရောက်ခဲ့ခြင်းကို စစ်အပြီး မြန်မာပြည်ပြန်ရောက်ကာမှ ရေးသားခဲ့ခြင်းဖြစ်၏။

စာအုပ်တွင် "မြန်မာပြည်ပြင်ပမှနေပြီး မြန်မာပြည်ကိုကြည့်ကြ၊ ဂျပန်ပြည်ပညာရေးစနစ်၊ လေကြောင်းရန်၊ ဂျပန်လူမျိုးနှင့် အစိုးရ၊ မြို့ရွာစည်ပင်သာယာရေး၊ ဝီရိယနှင့် စစ်ဘီလူး၊ ဂျပန်ဘာကြောင့် စစ်ရှုံးသနည်း၊ စစ်ပြီးချိန်၊ ပြည်တော်ပြန်"စသဖြင့် ၁၂ ခန်းခွဲကာ စာဖတ်သူစိတ်ဝင်စားဖွယ် မှတ်တမ်းပြုစုရေးထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးလုံခြုံစိတ်ချမှုမရှိ ခက်ခဲသောစစ်အတွင်း အချိန်အခါတွင် ရန်ကုန်မှ သံဖြူဇရပ်၊ ယင်းမှ ယိုးဒယားနိုင်ငံ ဘန်ကောက်၊ ဘန်ကောက်မှ စင်ကာပူထိ မီးရထားဖြင့် အဆင့်ဆင့်သွားရပုံ၊ စင်ကာပူမှ သင်္ဘောဖြင့် ဂျပန်သို့ သွားရောက်ရာ လမ်းတစ်လျှောက်၌ တို့ဗမာသီချင်း၊ ရဲရဲတောက်သီချင်း၊ ခါနေဝန်းသီချင်းများသီဆိုရင်း တက်တက်ကြွကြွရှိခဲ့ပုံ၊ ရေလမ်းခရီး၌ ရေငုပ်သင်္ဘော၊ လေယာဉ်ပျံဘေးရန်တို့မှ ရှောင်လွှဲခဲ့ရပုံများကို ဖတ်ရှုရမည်ဖြစ်သည်။

'မြို့ရွာစည်ပင်သာယာရေး' အခန်းတွင် ဂျပန်ပြည်၌ အရပ်ထဲအကြောင်း တစ်စုံတစ်ရာရှိပါက အုပ်ချုပ်ရေးစနစ်အရ အထက်မှ ဆယ်အိမ်ခေါင်းသို့ အကြောင်းကြားပြီး အနီးဆုံးအိမ်သို့ စာလက်မှတ်ရေးထိုးပို့လိုက်ပြီး ထိုမှတစ်အိမ်ချင်း အဆင့်ဆင့်လက်မှတ်ရေးထိုးပေးပို့ခြင်းဖြင့် နောက်ဆုံးငါးဆယ်အိမ်ခေါင်းထံ အားလုံးလက်မှတ်ရေးထိုးဖတ်ရှုထားသော အသိပေးစာ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ပုံကို ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုရမည်ဖြစ်သည်။

အထူးသဖြင့် "စစ်ပြီးချိန်" အခန်း၌ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ စစ်ရှုံး၍ ဂျပန်ဘုရင်က ရေဒီယိုမှတစ်ဆင့်ကြေညာပုံ၊ ဂျပန်ပြည်သူလူထု၏ ကြေကွဲမှုမြင်ကွင်းကို အနီးကပ် သိရှိနိုင်မည်ဖြစ်ပြီး "ဂျပန် ဘာကြောင့် စစ်ရှုံးသနည်း" အခန်း၌ စာရေးသူ၏အမြင်နှင့်သုံးသပ်ချက်များကို ဆင့်ပွားတွေးတောနိုင်မည်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သော "ပြည်တော်ပြန်"၌လည်း စစ်ပြီး၍ ပညာတော်သင်တစ်ပိုင်းတစ်စနှင့် ပြန်လာခဲ့ရသောမြန်မာကျောင်းသားတို့၏ ခက်ခဲကြမ်းတမ်းသော လမ်းခရီး အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်ပါသည်။ စစ်အတွေ့အကြုံကြောင့် ဂျပန်ပြည်ခရီးသည် စာရေးသူအတွက် မှတ်တမ်းပြုဖွယ်ရာဖြစ်ခဲ့ပြီး စာအုပ်အဖြစ်ရေးသားရာ၌လည်းရိုးရှင်းပြေပြစ်သောစကားပြေဖြင့် ထိထိမိမိ အပိုအလိုမရှိရေးသားနိုင်ခဲ့သောစာအုပ်ဖြစ်ခဲ့သည်။ ထို့ကြောင့်ဂါဒီယန်ဦးစိန်ဝင်း၏ ကိုယ်တွေ့စစ်အတွင်း ဂျပန်ပြည်သည် ပါးပါးလှပ်လှပ်စာအုပ်လေး ဖြစ်သော်လည်း သမိုင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ ပြည့်နှက်နေပါသည်။

သူရိယစာအုပ်တိုက်မှ တန်ဖိုး ၁,၀၀၀ ကျပ်ဖြင့် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိခြင်း ဖြစ်သည်။

# Knowledge ဗဟုသုတ

## လက်ဖဝါးကိုပဲ Touch Screen လုပ်ကြည့်ရအောင်

ခန္ဓာကိုယ်တစ်ခုလုံးအသုံးပြုနိုင်လျက်နှင့် အဘယ်ကြောင့်သေးသေးကွေးကွေးကျဉ်းကျဉ်းကျုတ်ကျုတ် မိုဘိုင်းဖုန်းမျက်နှာပြင်များကို ကြိုးစားပမ်းစားနှိပ်နေရပါသလဲ။ Skinput ဟုခေါ်သော ပစ္စည်းသစ်တစ်မျိုးက သင်၏ခန္ဓာကိုယ်ကို Mouse အကြီးစားတစ်ခုအသွင် ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။

အဆိုပါနည်းပညာသစ်ကို မိုက်ကရိုဆော့ဖ်နှင့်ပူးပေါင်းသုတေသနပြုခဲ့သည့် ပါရဂူကျောင်းသား ခရစ္စဟာရီဆင်က iPod နှင့် အခြားသောခေတ်ပေါ်ပစ္စည်းများကို ကိုယ့်လက်ဖဝါးအတွင်း Touch Screen ပုံစံပြုလုပ်အသုံးပြုနိုင်အောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားသည်။

Skinput ပစ္စည်းသစ်တွင် ပရော်ဂျက်တာအသေးစားပါရှိပြီး အသုံးပြုသူ၏လက်ဝါးပေါ်တွင် Touchpad ကိုပေါ်စေမည်ဖြစ်ကာ အသုံးပြုသူက Touchpad ကိုနှိပ်လိုက်လျှင် အသံပျံ့နှံ့ခြင်းဆိုင်ရာ အာရုံခံကိရိယာက လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ခန္ဓာကိုယ်ရှိ အရိုးပုံစံ၊ ကြွက်သား၊ အရွတ်ပုံစံပေါ်မူတည်၍ တုန်ခါမှုအဆင့်မှာမျိုးစုံဖြစ်ပေါ်နိုင်ပြီး ခန္ဓာကိုယ်၏စိတ်ကြိုက်နေရာတွင် Touchpad လုပ်ဆောင်ကာ အသုံးပြုနိုင်မည်ဖြစ်သည်။ Skinput ကအရေးကြီးအီးမေးလ်များကို ကိုယ့်ခြေ၊ ကိုယ့်လက်ပေါ်တွင်ရိုက်နှိပ်ပေးပို့နိုင်မည့်အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။

—*Source: Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

စံကောင်းကို

စက် တင် ဘာ ၂၃ ရက် မှ ၂၉ ရက် အထိ

## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ခက်ခဲသော ပြဿနာများဖြေရှင်းအောင်မြင်မည်။ ကြန့်ကြာနေသည့်ကိစ္စများ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ရပ်တန့်ထားသောကိစ္စများ ပြန်လည်စတင်ပြီးလုပ်သင့်သည်။ သူတစ်ပါးနှင့် အတွေး၊ အမြင်မတူခြားနားလေတိုးတက်လေဖြစ်သည်။ ပြည်ပနှင့်တိုက်ရိုက်ဆက်ဆံသော လုပ်ငန်းများအောင်မြင်မည်။ နိုင်ငံခြားနှင့်ပတ်သက်သော ကံကောင်းသည်။ မိသားစုတွင် အမှုထမ်းများရှိပါကတိုးတက်မှုနှင့် အပြောင်းအလဲကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ လူမျိုးကွဲများနှင့်ဆက်ဆံ၍ ကောင်းကျိုးပေးမည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ကြိုးစားမှု၏ ရလဒ်ကောင်းများကို အခိုင်အမာရရှိမည်။ ရည်ရွယ်ချက်များ အောင်မြင်မည်။ အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ ငွေကြေးကံလုပ်ငန်းကံအထူးကောင်းသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စမှန်သမျှဦးစားပေး၍မရသေး။ အများကိစ္စများဆောင်ရွက်ရမည်။ ပညာအတတ်တိုးတက်မည်။ နာမည်ကောင်းသတင်းနှင့်ကျော်ကြားမည်။ ခရီးသွားရန်စီစဉ်ပြီး နောက်နေ့ကြန့်ကြာနေသူများ အလုံးစုံအဆင်ပြေ၍ ချောမွေ့စွာအလိုပြည့်ခြင်း၊ အဆင်ပြေခြင်းများ ကြုံမည်။ မိဘအကြီးအကဲကျန်းမာရေးညံ့မည်။

## GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အပြောင်းအလဲများရှိမည်။ စကားကတိမတည်သောသူများနှင့်တွေ့တတ်သည်။ လူလည်၊ လူရှုပ်များအိမ်သို့ အဝင်အထွက်များနေမည်။ တွဲဖက်နေသောမိတ်ဆွေများကိုအကြောင်းပြု၍ နာမည်သိက္ခာထိခိုက်မည်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးစကားအမျိုးမျိုးပြော၍ ဆိုးညစ်သောသူများနှင့်တွေ့တတ်သည်။ သေသေချာချာကျကျနန စီစဉ်ထားသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်နေရသည်ကတစ်မျိုးဖြစ်တတ်သည်။ မိသားစုတွင် အိုးအိမ်ခြံကားကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အရေးပါသောစာရွက်များလုံခြုံစွာသိမ်းပါ။

## CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

ပေါ်ထွန်းလာမည့် အခွင့်အရေးကောင်းမည်မှုရှိစေ ရယူလက်ခံလိုစိတ်မရှိဘဲ ရပ်တန့်ပစ်လိုက်မည်ဟုပင် အတွေးပေါ်မည်။လောကဓံ၏အားစမ်းမှုကိုထိပ်တိုက်ရင်ဆိုင်ရသည်။ အလွန်စိတ်ရှည်သည်းခံရမည်။ စိတ်ဇွဲကြီးကြီးဖြင့်ဆောင်ရွက်ခြင်းဖြင့် အလုံးစုံအောင်မြင်မည်။ စိတ်ကူးသစ်များကိုတိုးချဲ့ဆောင်ရွက်နိုင်ပါသည်။ လုပ်ငန်းခွင်မှသူများအဖို့ ထူးခြားသည့်တိုးတက်မှု၊ ကံမြင့်မားမှုအခိုင်အမာဖြစ်ပေါ်မည်။ မိသားစုတွင် ခရီးကိစ္စ၊ ပြည်ပတိုင်းတစ်ပါးနှင့် ချိတ်ဆက်လုပ်ကိုင်မှုများ အဆင်ပြေသွားမည်။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အောင်မြင်တိုးတက်မှုနှင့် လိုအင်ဆန္ဒပြည့်ဝမှုများအခိုင်အမာဖြစ်ပေါ်မည်။ ဘဝအခြေအနေမြင့်မားမှုနှင့် လိုအင်ဆန္ဒပြည့်စုံမှုအပြည့်အဝကြုံမည်။ ယခင်ကာလဆောင်ရွက်၍မရ ရပ်တန့်ထားသည့်ကိစ္စများကို ရှေ့တိုးဆောင်ရွက်အကျိုးပေးမည်။ မိတ်ဆွေအကြီးကဲများထံမှ အထောက်အကူကောင်းရမည်။ သူတစ်ပါးနှင့်မတူသောရှုထောင့်မှ သုံးသပ်ဆောင်ရွက်သည်များမှ အကျိုးထူးရမည်။ ခက်ခက်ခဲခဲလုပ်ဆောင်ရမည့်ကိစ္စမှန်သမျှကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ သူတစ်ပါးပေ့ါဆမှုကြောင့်ဖြစ်ပေါ်လာသောအညံ့များ ခေါင်းခံဖြေရှင်းရမည်

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ငွေကြေးအပေးအယူ စာရွက်စာတမ်းလက်ပြောင်းလက်လွှဲ မှန်သမျှသတိနှင့်ဆောင်ရွက်ပါ။ ခိုင်လုံသော သက်သေရှိသင့်သည်။ အဖိုးတန်ပစ္စည်းများဝယ်ယူရန်မသင့်။ ဈေးပေါသည်။ အချောင်ရသည်ဟူ၍ ပစ္စည်းဝယ်ယူခြင်းမှရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ခိုးရာပါပစ္စည်းလက်ခံမိသလို ကြုံမည်။ ဥပဒေနှင့်မကင်းသော ကိစ္စမှန်သမျှ လုံးဝမလုပ်သင့်။ ပစ္စည်းလျှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ လူမှုရေးကိစ္စနှင့် အလုပ်ကိစ္စရောထွေး၍ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လက်ရှိလုပ်ဆောင်နေသည့် ကိစ္စ၊ အကြံအစည်းများမှထူးခြားသောအကျိုးကောင်းရရှိမည်။ ဖြစ်ပေါ်ပြီးသောပြဿနာများကို အကျယ်ချဲ့ရန်မသင့်။ မာန်မာနကို လျှော့ချ၍ လုပ်သင့်လုပ်ထိုက်သည့် ကိစ္စများကိုပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ခြင်းဖြင့် ကောင်းသောတက်လမ်းအဆင့်ဆင့်ရရှိမည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများတွင် ပြောဆိုစကားများဆောင်မြင်မည်။ မိသားစုပိုင်လက်လွှန်ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်ရမည်။ အခွင့်အရေးသစ်များ ပေါ်ထွန်းမည်။ အတွေ့အကြုံဆန်းများကြုံမည်။ မေတ္တာရေးကံကောင်းမည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဆုံးဖြတ်ချက်မှန်မည်။ ပြောင်းလဲမှုများမှ တိုးတက်သောအနေအထားရှိမည်။ စတင်ဆောင်ရွက်လိုက်သည့် ကိစ္စမှန်သမျှမှ ဆုံးခန်းတိုင်အောင် အဆင်ပြေချောချောမွေ့မွေ့ဖြစ်ထွန်းမည်။ ဖြစ်ပေါ်လာသော အခွင့်အရေးများသည်လည်း မိမိအတွက် အကျိုးရှိစေမည်။ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုမှုများပြုရမည်။ ကာလအတန်ကြာ ဖြေရှင်းရခက်သောပြဿနာဟောင်းများကို ပြေလည်အောင်ညှိနှိုင်းနိုင်မည်။ ဆုံးဖြတ်ချက်ချထားသည်များကို ပြန်လည်ပြုပြင်ရန်မသင့်။ ပြင်ဆင်ကာမှ မှားယွင်းသွားတတ်သည်။ ပြဿနာဟောင်းများဖြေရှင်းရမည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဘဝအောင်မြင်မည်။ မိမိစိတ်ကူး၊ ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်မှုများတွင် မိမိဘက်မှအနိုင်ရမည်။ မိသားစုလိုက် စီးပွားတက်မည်။ ကိုယ်တိုင်တွင်လည်း အဆင့်မြင့်မားတိုးတက်မည်။ ကိုယ်တိုင်တွင်လည်း ဥစ္စာခနေတိုးပွားမည်။ ကာလအတန်ကြာပိတ်နေသောလမ်းကြောင်းများ ပြန်ပွင့်မည်။ အတတ်ပညာရှာဖွေသူများအဖို့ အထူးမြင့်မားစွာအောင်မြင်မှုရမည်။ ခရီးဝေးနိုင်ငံရပ်ခြားနှင့် ဆက်စပ်လုပ်ကိုင်သောလုပ်ငန်းများ အောင်မြင်မည်။ အကြောင်းအမျိုးမျိုးနှင့်ထွက်ပေါက်ရှာပြီး ငွေကုန်မည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆောင်ရွက်သမျှ မိမိရောက်ရောက်နှင့် တိုးတက်မှု၊ အောင်မြင်မှုများရရှိမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ သူစိမ်းလူမျိုးကွဲ၊ လူမျိုးခြားများအကျိုးပေးသည်။ မထင်မှတ်ဘဲသွားလိုက်သော ခရီးမှကောင်းသော အကျိုးရမည်။ မစီစဉ်ဘဲလုပ်ကိုင်လိုက်သော လုပ်ငန်းကကောင်းကျိုးရရှိမည်။ လူမျိုးကွဲတို့နှင့် ဆက်နွှယ်လုပ်ကိုင်မှုများမှ မိသားစုစီးပွားရေးလုပ်ငန်းအပြင်ပြောင်းလဲလာမည်။ ကြိုးစားအားထုတ်ပြီး လုပ်သင့်ကစားအကျိုးရရှိမှု အားနည်းသောလုပ်ငန်းများကို တစ်ဇွတ်ထိုးရှေ့တိုးမနေပါနှင့်လမ်းသစ်ထွင်၍ ဆောင်ရွက်ပါ။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ထူးခြားသော အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ဘဝအတွက်အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ငွေကြေးကံကောင်းမည်။ လုပ်ငန်းခွင်မှသူများအလုပ်ပုံစံဖွဲ့စည်းမှုသစ်ပေါ်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများတွင် သူတစ်ပါးနှင့်မတူခြားနားသော ရှုထောင့်မှဆောင်ရွက်၍တိုးတက်မည်။ ပညာရေးဆောင်ရွက်သူများ သေချာပေါက်အောင်မြင်မည်။ အဆင့်မြင့်အောင်မြင်မှုကို ရနိုင်သောကာလဖြစ်သည်။ မိသားစုအလုပ်စီးပွားများ ချဲ့ထွင်နိုင်မည်။ အိုးအိမ်နေရာ ထိုင်ခင်းနှင့်ပတ်သက်သော ကိစ္စများပြောဆိုဆောင်ရွက်အောင်မြင်မည်။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကောင်းသော စကားများပြောဆိုရမည်။ စိတ်ချမ်းမြေ့ဖွယ် မင်္ဂလာရှိသောအကြောင်းအရာများ မိသားစုတွင်ဖြစ်ပေါ်မည်။ တစ်ပါးသူနှင့် ပူးပေါင်းလုပ်ကိုင်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ဖြစ်ပေါ်မည်။ မိတ်ဆွေများထံမှကောင်းသော အထောက်အကူရရှိမည်။ လုပ်ငန်းခွင်မှသူများ အကြီးအကဲနှစ်သက်မှုခံရမည်။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းမည်။ အချစ်ရေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိမိအပေါ် ကောင်းကျိုးပြုသောသူများနှင့်တွေ့မည်။ ကျန်းမာရေးဂရုစိုက်ရမည်။ လုပ်ငန်းသစ်တိုးချဲ့နိုင်မည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



# ကွန်မြူနစ်စည်းခွံထဲမှ တိုးထွက်လာသော ကျူးဘား

ကြည်နေဝင်းမင်း

အစိုးရအလုပ်သမား ငါးသိန်းအား ပြည်သူ့ဝန်ထမ်းဘဝမှ အနားပေးရန်အစိုးရက စီစဉ်နေကြောင်း၊ ၎င်းအလုပ်သမားများသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြလိမ့်မည်ဟုမျှော်လင့်ထားကြောင်း ကျူးဘားအလုပ်သမား ဖယ်ဒရေးရှင်းက ကြေညာခဲ့ရာ ယင်းမှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ကျူးဘားနိုင်ငံတွင် အရှိန်ရလာပြီဆိုသော အထင်ရှားဆုံး လက္ခဏာပင်ဖြစ်ပါသည်။

လွန်ခဲ့သော လပေါင်းများစွာကပင် ကျူးဘားနိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည် အလုပ်သမားများကို အစပြု၍ ပြောင်းလဲပစ်ရမည်ဟု ကျူးဘားသမ္မတ ရာလ်ကက်စထရိုက တင်းတင်းရင်းရင်း သတိပေးပြောကြားခဲ့ပါသည်။

အစိုးရ လစာစာရင်းတွင် ပိုလျှံနေသော အလုပ်သမား တစ်သန်းကျော်အား လုပ်ခလစာများ ပေးနေရခြင်းအတွက် အစိုးရသည် လုပ်ချင်ကိုင်ချင်စိတ် လျော့ပါးနေပြီး နိုင်ငံ၏ အလုပ်သမား အများအပြားကို အကာအကွယ်ပေးနေသောဖောင်းပွနေသည့် ဗျူရိုကရေစီယန္တရားကြီးကို ပံ့ပိုးပေးနေရသလိုဖြစ်ကြောင်း မစ္စတာ ကက်စထရိုက ပြောကြားသည်။ "အလုပ်မလုပ်ဘဲ ထိုင်စားလို့ရတာ ကမ္ဘာပေါ်မှာ ကျူးဘားတစ်နိုင်ငံပဲရှိတယ်ဆိုတဲ့ အမြင်ကို ထာဝရဖျက်ပစ်ရပါမယ်" ဟုယခင်လအတွင်းပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံတွင် သမ္မတကက်စထရိုကပြောသည်။

၎င်း၏ အစ်ကို ဖီဒယ်ကက်စထရိုထံမှ လွန်ခဲ့သော ၂ နှစ်က အာဏာအပြီးအပိုင် လွှဲပြောင်းရယူပြီးနောက်ပိုင်း ကျူးဘားနိုင်ငံ၏ ဗဟိုချုပ်ကိုင်သော ဆိုဗီယက်စတိုင်စီးပွားရေးကို ပိုမို၍ သွက်လက်ထက်မြက်လာစေရန် ပြုလုပ်မည် ပြည်သူများအတွက် အခွင့်အလမ်းများ ဖွင့်ပေးမည်ဟု မစ္စတာကက်စထရိုက မကြာခဏပြောကြားခဲ့သည်။ နိုင်ငံပိုင် လယ်မြေကေ အများအပြားကိုလည်း ပုဂ္ဂလိက လယ်သမားများထံ လွှဲပြောင်းပေးခဲ့သလို စိုက်ပျိုးရေးထုတ်ကုန်များအတွက်လည်း ဈေးကွက်များ ဖွင့်လှစ်ပေးခဲ့သည်။ ဆဲလ်ဖုန်းနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများအပေါ် အကန့်အသတ်များ ဖြေလျှော့ပေးခဲ့သည်။ ပုဂ္ဂလိက စီးပွားရေးနယ်ပယ်အချို့ဖော်ထုတ်ခဲ့သည်။ ဆံပင်ညှပ်ဆိုင်များကို သမဝါယမများ ဖြစ်လာစေခဲ့ပြီး ပုဂ္ဂလိကတက္ကစီအမောင်းသမားလိုင်စင်များ ပိုမိုချထားပေးခဲ့သည်။

သို့သော် ယင်းကနဦးပြုပြင်ပြောင်းလဲမှုများမှာ အကန့်အသတ်နှင့်သာ ဖြစ်ကြောင်း ဆန်းစစ်ဝေဖန်သူများက အခိုင်အမာပြောကြားပြီး ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်းနှင့် ၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသောဟာရီကိန်းမုန်တိုင်းပျက်စီးမှုများနှင့်ရုန်းကန်နေရသော ကျူးဘား နိုင်ငံ၏စီးပွားရေးမှာ အခြေမလှဖြစ်နေသည်ဟု ၎င်းတို့က ဆိုပါသည်။

ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဝင်ငွေထိုးကျနေပြီး ဆန်စပါးမလုံလောက်မှုများလည်း ကြုံတွေ့နေရသောအချိန်မှာပင် နိုင်ငံ၏ကြံအထွက်နှုန်းမှာ အကြီးအကျယ်ကျဆင်းနေသည်။ ကုန်ခဲ့သောနှစ်ကလည်း အစိုးရက အသည်းအသန်လိုအပ်နေသည့် ငွေမာများကိုမှီတွယ်ဆုပ်ကိုင်ထားခဲ့ရာ ကုန်ပစ္စည်းတင်သွင်းမှု ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်။ ယခင်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင်လည်း ကျူးဘားအလုပ်သမား ဗဟိုဌာနက နိုင်ငံ့စီးပွားရေး အခက်အခဲတွေ့နေသည်ဟု အသိအမှတ်ပြုထားပြီးပြုပြင် ပြောင်းလဲမှုများ မဖြစ်မနေလိုအပ်ပြီး ယင်းတို့ကိုလည်း အချိန်ဆွဲနေ၍မဖြစ်တော့ကြောင်း ဖော်ပြခဲ့သည်။

"ကျူးဘားနိုင်ငံက စီးပွားရေးအရဖွံ့ဖြိုးတိုးတက်ဖို့ အရေးတကြီးအခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ထုတ်ပြန်ချက်က ဖော်ပြထားသည်။ လုပ်ခလစာများကို ဖောင်းပွစေပြီး နိုင်ငံစီးပွားရေးကို ပျက်စီးစေသည့် အရှုံးပြမှုများပြားသော ကုမ္ပဏီများကို အစိုးရက ဆက်လက်မထောက်ပံ့နိုင်ကြောင်း၊ တန်ပြန်အကျိုးသက်ရောက်မှုသာဖြစ်ပေါ်စေပြီး အကျင့်ဆိုးများ မွေးဖွားပေးသည့်ကုမ္ပဏီများနှင့် အစိုးရလုပ်ငန်းများကိုဆက်လက်၍လည်း အစိုးရက မထောက်ပံ့သင့်ကြောင်း အလုပ်သမားဖယ်ဒရယ်ဒေးရှင်း အစီရင်ခံစာက ဖော်ပြသည်။

ယင်းရည်မှန်းချက်ကြောင့်ပင်စီးပွားရေး လုပ်ငန်းရှင်များအားလိုင်စင် အသစ်များချထားပေးမည်ဟု အစိုးရက ယခင်ကပြောကြားခဲ့သည်။ ပုဂ္ဂလိကကဏ္ဍက လုပ်ကိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်ခြင်းဖြစ်သည်။ သို့သော် အလုပ်သမားလျှော့ချမှုများကို လာမည့် မတ်လတွင် အပြီးသတ်ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု ကြေညာထားသည်ဖြစ်ရာ မစ္စတာကက်စထရိုသည် ပြုပြင်ပြောင်းလဲမှုများပို၍အင်တိုက်အားတိုက် ရှေ့ဆက်လုပ်ဆောင်မည်ဟု ရည်ရွယ်ထားပုံရပါသည်။

"ရက်အတိအကျ သတ်မှတ်ပြီး အလုပ်သမားငါးသိန်း အလုပ်ဖြုတ်မယ်လို့ပြောခဲ့တာက အံ့အားသင့်စရာပါ" ဟု လက်စင်တန်အင်စတီကျူ့ဒ်မှ ကျူးဘားလေ့လာသူ ဖိလစ်ပီတာက ပြောကြားရင်း "ဆိုရှယ်လစ် စီးပွားရေးစနစ်မှာပုဂ္ဂလိကကဏ္ဍ ကြီးထွားလာရေးဆီကို သိသိသာသာ ရွေ့လျားလာတာပါ" ဟု၎င်းကသုံးသပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ပွင့်လင်းလာခြင်းကို ကျူးဘားအများစုက လက်ကမ်းကြိုဆိုကြပါလိမ့်မည်။ ကျူးဘားနိုင်ငံသားများမှာ နိုင်ငံ၏စီးပွားရေး ရပ်တန့်နေခြင်းကို ငြီးငွေ့နေပြီဖြစ်ပြီး အခွင့်အလမ်းသစ်များအတွက် မွတ်သိပ်နေကြပါပြီ။

သို့တိုင်အောင် အလုပ်နေရာထောင်ပေါင်းများစွာ ပျောက်ဆုံးသွားခြင်း၊ ယင်းနှင့်အတူလစာဖူလုံမှု၊ အလုပ်ခွင်တွင် ထမင်းကျွေးခြင်းနှင့် အချို့နေရာများတွင် အပိုဝင်ငွေရနိုင်မှုများ ပျောက်ဆုံးသွားခြင်းမှာ အချို့အတွက် ထိတ်လန့်စရာအဖြစ် ရောက်ရှိလာပါလိမ့်မည်။


ကျူးဘားနိုင်ငံသားများမှာ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ အခမဲ့ပညာရေးနှင့် အချိုးကျစားနပ်ရိက္ခာနှင့် အိမ်ရာနေထိုင်မှုရရှိကြသော်လည်း တစ်လလျှင် ပျမ်းမျှ ဒေါ်လာ ၂၀ သာရှိသောဝင်ငွေအပြင် အခြား၎င်းတို့အားကိုးအားထားပြုရသော ပစ္စည်းခွဲတမ်းအချို့ကို အစိုးရက ဖြတ်တောက်လိုက်ပြီ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းသစ်များ မိတ်ဆက်ရာတွင် တွန့်ဆုတ်၊ တွန့်ဆုတ် ရှိတတ်သော အစိုးရ၏ ရာဇဝင်ကြောင့်လည်း အစိုးရအလုပ်နေရာများ လျှော့ချလိုက်သလောက် အလုပ်အကိုင်သစ်များကို ဖန်တီးနိုင်မည်လား ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိလှပေ။


"ကျူးဘားလူနေမှု ဘဝမှာ အစိုးရရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ အရွယ်အစားကို အကြီးအကျယ် လျှော့ချဖို့ သူတို့ပြင်ဆင်နေကြတာပါ" ဟု ဟာဗားနားသို့ လွန်ခဲ့သောရက်သတ္တပတ် အနည်းကပင် ရောက်ရှိခဲ့သော နိုင်ငံခြား ဆက်ဆံရေးကောင်စီမှ ကျူးဘားကျွမ်းကျင်သူ ဂျူလီယာအီးဆွတ်က ပြောပါသည်။ "တစ်ဖက်မှာ ပုဂ္ဂလိကကဏ္ဍရဲ့ မျိုသိပ်ထားရတဲ့ အလုပ်သမား လိုအပ်ချက်ရှိနေပြီး တစ်ဖက်မှာ ကျွမ်းကျင်မှု အမြောက်အမြား ရှိလို့ ပုဂ္ဂလိကကဏ္ဍက အလုပ်သမားတွေကို အလျင်အမြန်ပဲ အလုပ်ခန့်ထားပေးနိုင်မယ်လို့ ယုံကြည်နေကြတယ်" ဟုမစ္စဂျူလီယာက ဆက်ပြောပါသည်။ ထို့အတွက် အစိုးရက အိမ်ထောင်ပရိဘောဂများ ထုတ်လုပ်ခြင်းနှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်းကဲ့သို့ ကုန်ထုတ်လုပ်ငန်း အငယ်စားများကို ဖွင့်လှစ်ခွင့်ပေးရန် ပြင်ဆင်နေပုံရကြောင်း ၎င်းက ဆက်ပြောပါသည်။ တစ်ဖက်တွင်လည်း အစိုးရသည် ၎င်း၏ အစဉ်အလာ စီးပွားရေးအတွေးအခေါ်များကို မည်မျှပြင်းပြင်းထန်ထန် ဖက်တွယ်ထားမည်နည်း ဆိုသည်မှာ ငြင်းခုံစရာတစ်ရပ်ဖြစ်နေပါသည်။

ယခင်ရက်သတ္တပတ်ကပင် အတ္တလန်တစ် ဝက်ဘ်ဆိုက်ကပုံနှိပ်ဖော်ပြခဲ့သော အင်တာဗျူးတွင်ကျူးဘား၏ စီးပွားရေးမော်ဒယ်ပုံစံမှာ အလုပ်မဖြစ်တော့ကြောင်း မစ္စတာဖီဒယ်ကက်စထရိုကပြောကြားခဲ့သည်ဟု ဖော်ပြခဲ့ပါသည်။ သို့သော် ၎င်း၏ မှတ်ချက်များကို ပုံနှိပ်ဖော်ပြပြီး မကြာမီမှာပင် ပြောကြားသည့် ဟာဗားနားတက္ကသိုလ်မိန့်ခွန်းတွင် မစ္စတာဖီဒယ်ကက်စထရိုက ယင်းမှာ ၎င်း၏ပြောကြားချက်များကို မှားယွင်းအဓိပ္ပာယ်ကောက်ယူခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး အရင်းရှင်စီးပွားရေးစနစ်မှာ အလုပ်မဖြစ်ဟု ၎င်းက ဆိုလိုခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

ပထမအင်တာဗျူးတွင် လူကိုယ်တိုင်ရှိနေခဲ့သော ကျူးဘားကျွမ်းကျင်သူ မစ္စဂျူလီယာကမူ မစ္စတာ ကက်စထရိုက ၎င်းကိုယ်၎င်းပြန်လည် ပြင်ဆင်ခြင်းမှာ နောက်ပြန်ဆုတ်ခြင်း မဟုတ်ကြောင်း မစ္စတာကက်စထရိုက ကျူးဘားသည် အမေရိကန်စတိုင်အရင်းရှင်စနစ်ကို တင်သွင်းမည်မဟုတ်ကြောင်း ကျူးဘားနိုင်ငံသားများအား အာမခံပြောကြားခြင်းဖြစ်သည်ဟု ၎င်းကဆိုပါသည်။ "ဒါဟာ တဖြည်းဖြည်းချင်း ပြောင်းလဲလာတဲ့ (ကွန်မြူနစ်နဲ့ အရင်းရှင်) နှစ်မျိုးစပ်ပုံစံပါ" ဟု ကျူးဘားကျွမ်းကျင်သူက ပြောပါသည်။

—*Ref: NY Times*



7 DAY NEWS JOURNAL

Vol.9, No.24 · SEPTEMBER 2, 2010

# စိုးရိမ်မိပါသည်

ဥပဒေလေ့လာသူတစ်ဦး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီသည် ပြည်သူတို့လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်၍တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ပဥ္စမအဆင့်ဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီလွှတ်တော်များဖွဲ့စည်းနိုင်ရေးအတွက် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများကျင်းပရန် အကြိုလုပ်ငန်းစဉ်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ များကို ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်းပြီးသည့်နောက် အသစ်တည်ထောင်သည့် နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ရရှိရန်လည်းကောင်း၊ ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်ရရှိရန်လည်းကောင်း၊ ဥပဒေပါ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန်ဖြစ်ပါသည်။ ထိုသို့လျှောက်ထားမည့်ပါတီများသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျှက်ရှိရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော ပါတီများဖြစ်ရန်အထူးလိုအပ်ပေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအားဥပဒေနှင့်အညီမှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားနိုင်ကြောင်း ၁၈-၃-၂၀၁၀ ရက်စွဲပါ ကြေညာချက် အမှတ် (၁/၂၀၁၀)ဖြင့် ကြေညာခဲ့ပါသည်။ ထို့ပြင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ တွင် အကျုံးဝင်သော ယခင်ကတည်ရှိခဲ့သည့် နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက သတ်မှတ်ထားသောရက်ပေါင်း ၆၀ အတွင်းကော်မရှင်သို့ လျှောက်ထားနိုင်ကြောင်းကိုလည်း ၉-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀/၂၀၁၀) ဖြင့် အသိပေးကြေညာခဲ့ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈) အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။"

ယင်းဥပဒေပုဒ်မ ၂၇ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၄/၈၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။"

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့်ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄ ခြွင်းချက်တွင် ရုပ်သိမ်းခြင်းပြုသောဥပဒေ၏ အကျိုးသက်ရောက်မှုကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

ခြွင်းချက်။ ရုပ်သိမ်းခြင်းပြုသော ဥပဒေ၌ တစ်နည်းတစ်ဖုံဖော်ပြထားလျှင် ယင်းသို့ဖော်ပြထားသည့် အတိုင်းသာဖြစ်စေရမည်။

သို့ဖြစ်ပါ၍ ၂၀၁၀ ပြည့်နှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များသည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၄ ခြွင်းချက်ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ပါသဖြင့် ပုဒ်မ ၂၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများသည် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားရမည်ဖြစ်ပါသည်။ သို့သော် ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီ ၁၀ ပါတီအနက် ၅ ပါတီသာလျှင် သတ်မှတ်ထားသည့်ရက်အတွင်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခဲ့ပြီး ကျန် ၅ ပါတီမှာ လျှောက်ထားခဲ့ခြင်းမရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄-၉-၂၀၁၀ ရက်စွဲပါ ကြေညာချက် အမှတ်၊ ၉၇/၂၀၁၀ တွင် တွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၂ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဤဥပဒေအရဖွဲ့စည်းသောကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကဆက်ခံဆောင်ရွက်ရမည်။"

သို့ဖြစ်၍ ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(၂/၂၀၁၀) ၏ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီမှတ်ပုံတင်ခွင့်ကို သတ်မှတ်ရက်အတွင်း လျှောက်ထားနိုင်ကြောင်း ကြေညာချက်အမှတ် (၁/၂၀၁၀) ဖြင့်အသိပေး ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသောရက်အတွင်း မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားခဲ့ခြင်း မရှိသည့်နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ တွင် "ကော်မရှင်သည်မှတ်ပုံတင်ခွင့်ပြုသည့်နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း၊ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း ကြေညာချက်ထုတ်ပြန်ရမည်" ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၄-၉-၂၀၁၀ ရက်စွဲပါ ကြေငြာချက်အမှတ်၊ ၉၇/၂၀၁၀ ဖြင့် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်းလျှောက်ထားခြင်းမရှိသော နိုင်ငံရေးပါတီ ၅ ပါတီသည် ဥပဒေအရအလိုအလျောက်ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ပါတီများကိုလည်းဖျက်သိမ်းလိုက်ကြောင်း ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီထုတ်ပြန်ကြေညာခဲ့ပါသည်။

ပါတီတစ်ခုသည် ဥပဒေအရ သတ်မှတ်ထားသည့် ကာလအတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းမရှိသည့်အပြင် ၎င်းတို့၏ပါတီသည် ပျက်ပြယ်ခြင်းမရှိကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီဟောင်းတစ်ခုအားဖျက်သိမ်းရန် ကြေညာပိုင်ခွင့်မရှိကြောင်းစသည်ဖြင့်ပြောဆိုနေခြင်းမှာ ဥပဒေပါပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုပြီး ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်နေခြင်းသာဖြစ်ပါသည်။

ထို့ပြင်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "ရွေးကောက်ပွဲမှာ မဲမပေးဘဲ သပိတ်မှောက်ကြရန်" လှုံ့ဆော်ပြောဆိုဆောင်ရွက်လျက်ရှိကြောင်း ကြားသိနေရပါသည်။ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ မဲပေးခြင်း မပြုဘဲနေနိုင်သောအခွင့်အရေးများသည် "ရွေးကောက်မှု ဆိုင်ရာအခွင့်အရေး"ဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၁-က ပုဒ်မခွဲ (ခ) တွင်လည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင်လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ယင်းအခွင့်အရေးကိုမိမိဆန္ဒအလျောက် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း ရွေးကောက်ပွဲမှာ မဲမပေးဘဲ သပိတ်မှောက်ကြရန်စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေမည်ဆိုလျှင် မဲဆန္ဒရှင်များ၏ ရွေးကောက်မှုအခွင့်အရေးကို လွတ်လပ်စွာသုံးစွဲ၍ မရစေရန် မလျော်သြဇာသုံးခြင်းဖြစ်၍ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၇ နှင့် ငြိစွန်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ တွင်"ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကိုကျင့်သုံးခြင်းမပြုနိုင်စေရန် မလျော်သြဇာသုံးခြင်းပြုလုပ်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည့်အပြင် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) တွင်လည်း "ဆန္ဒမဲပေးခြင်းပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ၊ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများအသုံးပြုခြင်းသို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းပြုလုပ်လျှင် ထိုသူအားတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ပြည်သူအများ အထူးလိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမည့် ရွေးကောက်ပွဲကို ပျက်ပြားရာပျက်ပြားကြောင်း ပြုလုပ်ခြင်းသည် ပြည်သူလူထု၏ဆန္ဒကို မလေးမစားပြုရာရောက်မည်ဖြစ်ပါသည်။ သို့ပါ၍ ဥပဒေကို မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ၊ ပြုမူဆောင်ရွက်ချက်များသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနိုင်ပါ၍ ယင်းသို့ငြိစွန်းကြမည်ကို စိုးရိမ်မိပါသဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# စာ(၂၉) ဆယ်စုနှစ်သုံးစုကြာပြီးနောက် မှ

လက်ရှိဝန်ကြီးချုပ်အာဒိုဂန်လက်ထက်မှာ အခြေခံဥပဒေကို ပြင်ဆင်ခွင့်ရတာဟာ ဝန်ကြီးချုပ်ဦးစီးတဲ့ တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအတွက်တော့ မဟာအောင်ပွဲကြီးတစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ ဒီအခြေခံဥပဒေရဲ့အောက်မှာ နှစ်ပေါင်းသုံးဆယ်အတွင်း စစ်တပ်က အာဏာသိမ်းမှုသုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး၊ ရွေးကောက်ခံအစိုးရများက အာဏာလွှဲပေးခဲ့ရပါတယ်။

ဒါကြောင့်လည်း အစိုးရအဆက်ဆက်က ဒီအခြေခံဥပဒေကို ပြင်ဆင်ဖို့ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းဆယ်ကြိမ်မက ကြိုးစားခဲ့ပေမယ့် အချည်းနှီးပါပဲ။ ဒီလိုအောင်မြင်မှုရဖို့ ဝန်ကြီးချုပ်အာဒိုဂန်နဲ့ သူ့ပါတီဟာ အစွမ်းကုန်ကြိုးစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့လပိုင်းအတွင်း တူရကီနိုင်ငံအနှံ့ ခရီးသွားခဲ့ကြပြီး အခြေခံဥပဒေပြင်ဆင်ဖို့ ထောက်ခံမဲရရှိရေး စည်းရုံးလှုံ့ဆော်ခဲ့ကြပါတယ်။ အခုတော့ဒီအဖိုးအခရဲ့ အကျိုးကို သူတို့ရရှိတော့မှာပါ။

တကယ်တော့ တူရကီရဲ့ လက်ရှိအခြေခံဥပဒေဟာ စစ်တပ်နဲ့တရားစီရင်ရေးအဖွဲ့ကို အာဏာအလွန်အကျွံပေးထားတယ်လို့ တက်ကြွလှုပ်ရှားသူပရိုဒီမိုကရေစီသမားတွေကဆိုပါတယ်။ အခုအခြေခံဥပဒေကို ပြင်ဆင်ဖို့ အဆိုပြုထားတဲ့အချက်တွေအရ စစ်တပ်ဟာ အရပ်ဘက်တရားရုံးတွေရဲ့အဆုံးအဖြတ်ကို ပိုမိုလိုက်နာလာရဖွယ်ရှိပါတယ်။ လက်ရှိမှာတော့ စစ်တပ်ရဲ့အမှုကိစ္စတွေကို တပ်တွင်းအထူးတရားရုံးတွေမှာပဲ အမှုစီရင်ဆုံးဖြတ်လေ့ရှိပါတယ်။ နောက်ထပ်အရေးပါတဲ့အဆိုပြုချက်တစ်ချက်ကတော့ ၁၉၈၀ အာဏာသိမ်းစစ်ခေါင်းဆောင်တွေကို အခြေခံဥပဒေနဲ့ တရားဝင်အကာအကွယ်ပေးထားတဲ့ဥပဒေတွေကို ပယ်ဖျက်ပေးဖို့အချက်ဖြစ်ပါတယ်။

ဒါ့အပြင် အခြားအဆိုပြုချက်တွေအရ ပါလီမန်အနေနဲ့ လက်ရှိမှာ အခြေခံဥပဒေအရ မျက်နှာသာအပေးခံရဆုံး တရားစီရင်ရေးအဖွဲ့အပေါ်မှာလည်း ပိုမိုသြဇာညောင်းလာဖွယ်ရှိပါတယ်။ အမျိုးသမီးများ၊ ကလေးများနဲ့ အရပ်ဘက်ဝန်ထမ်းတွေနဲ့ အဖွဲ့အစည်းတွေရဲ့အခွင့်အရေးတွေလည်း ပိုမိုရရှိလာနိုင်ပါတယ်။ ဝန်ကြီးချုပ်အာဒိုဂန်က ဆန္ဒခံယူပွဲရဲ့ ရလဒ်ကို အခုလို အဓိပ္ပာယ်ဖွင့်ပါတယ်။"ဒီနေ့ မဲပုံးတွေကနေ ထွက်ပေါ်လာတဲ့အဓိကအကြောင်းအရာကကျွန်တော်တို့နိုင်ငံအနေနဲ့အဆင့်မြင့်ဒီမိုကရေစီကို ထောက်ခံခဲ့တာပါ။ လွတ်လပ်မှုကို မဲပေးခဲ့တာပါ။ ကျွန်တော်တို့ဟာ အကြီးအကဲတွေရဲ့ ဥပဒေကို ထောက်ခံခဲ့တာ မဟုတ်ပါဘူး။ တရားဥပဒေရဲ့ ကြီးမြတ်မှုကို မဲပေးခဲ့တာပါ"

လေ့လာသုံးသပ်သူတွေရဲ့ အဆိုအရ အခု မဲရလဒ်ဟာ လာမယ့်နှစ်မှာကျင်းပဖို့ရှိနေတဲ့ အထွေထွေရွေးကောက်ပွဲတွေမှာ လက်ရှိအာဏာရအစိုးရပြန်လည်ရွေးကောက်ခံရဖို့အတွက် အခွင့်အလမ်းတစ်ခုလို့ ဆိုပါတယ်။ တကယ်တော့ လက်ရှိအစိုးရဟာ စီးပွားရေးမတည်ငြိမ်မှုတွေကြောင့် လွန်ခဲ့တဲ့လအနည်းငယ်အတွင်း လူထုထောက်ခံမှုကျဆင်းနေတာနဲ့ ရင်ဆိုင်နေရတာပါ။ ဒါ့အပြင် အခု မဲရလဒ်ဟာ ဝန်ကြီးချုပ်အာဒိုဂန်ကို သူ့ရဲ့နိုင်ငံခြားရေးရာမူဝါဒတွေနဲ့ပတ်သက်ပြီး ပိုမိုရဲရင့်စေလိမ့်မယ်လို့ အနောက်နိုင်ငံတွေရဲ့ သံတမန်တွေကဆိုပါတယ်။ ဝန်ကြီးချုပ်နဲ့ သူ့ရဲ့ပါတီတွေဟာ တူရကီနိုင်ငံကို ဥရောပနဲ့ မွတ်ဆလင်ကမ္ဘာအကြား ဆက်သွယ်ပေးတဲ့ ဒေသတွင်းဒစ်ပလိုမေစီပလေယာဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်များအတွင်း တူရကီနိုင်ငံဟာ အီရန်ရဲ့ နျူကလီးယားပြဿနာမှာလည်း ပါဝင်ညှိနှိုင်းခဲ့တာတွေရှိပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့မေလတုန်းက တူရကီအဖွဲ့အစည်းတစ်ခုက စားနပ်ရိက္ခာတွေ တင်ဆောင်ထားတဲ့ သင်္ဘောကို ဦးဆောင်ပြီး အစ္စရေးတွေ ပိတ်ဆို့ထားတဲ့ဂါဇာကမ်းမြှောင်ဒေသကို ဝင်ရောက်ရာမှာ အစ္စရေးတပ်ဖွဲ့တွေရဲ့ အကြမ်းဖက်နှိမ်နင်းမှုတွေကြောင့် သွေးစွန်းခဲ့တဲ့ကိစ္စတစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဖြစ်ရပ်အပေါ် တူရကီရဲ့ ပြစ်တင်ဝေဖန်မှုတွေနဲ့ ဒီဖြစ်ရပ်ကြောင့် ပိတ်ဆို့ထားတဲ့ဒေသတွေကို ထောက်ပံ့ရေးပစ္စည်းတွေတင်ပို့တဲ့နေရာမှာ အစ္စရေးရဲ့မူဝါဒတွေပျော့ပျောင်းလာတာတွေကြောင့် ဝန်ကြီးချုပ်အာဒိုဂန်ဟာ မွတ်ဆလင်ကမ္ဘာရဲ့ သူရဲကောင်းတစ်ယောက်ဖြစ်ခဲ့ပါတယ်။

အခုလို တူရကီအနေနဲ့ မွတ်ဆလင်ကမ္ဘာနဲ့ အလွမ်းသင့်နေတဲ့ကိစ္စတွေကိုစိုးရိမ်မကင်း ဖြစ်နေကြတာတွေလည်းရှိပါတယ်။ ဝန်ကြီးချုပ်အာဒိုဂန်ရဲ့ တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (AKP)ဟာ အစ္စလာမ်ဘာသာရေးကို အခြေခံတဲ့နိုင်ငံရေးအဖွဲ့အစည်းဖြစ်တာကြောင့် တရားစီရင်ရေးအပေါ် သြဇာလွှမ်းမိုးနိုင်အောင်ကြိုးစားနေတာကို သံသယရှိနေကြတာပါ။ ဝေဖန်သူအချို့က 'အစ္စလာမ် အာဏာသိမ်းပွဲ' လို့တောင် သရော်နေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တူရကီနိုင်ငံအနေနဲ့ အခုလိုအပြောင်းအလဲတွေကြောင့် ဥရောပသမဂ္ဂရဲ့ သတ်မှတ်ချက်တွေနဲ့ကိုက်ညီလာပြီးတူရကီရဲ့ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေးအိပ်မက်မက်တဲ့အဆင့်ကနေအပြင်မှာ စိတ်ကူးယဉ်လို့ရလာပြီလို့ဆိုနိုင်ပါတယ်။ ဥရောပကော်မရှင်က ဆန္ဒမဲရလဒ်ကိုကြိုဆိုခဲ့ပြီး ယင်းရဲ့သဘောထားကို အခုလိုထုတ်ဖော်ပြောကြားပါတယ်။

"ကျွန်တော်တို့ အရင်ကတည်းက တစ်စိုက်မတ်မတ်ပြောကြားခဲ့သလိုပါပဲ။ ဒီပြုပြင်ပြောင်းလဲမှုတွေက မှန်ကန်တဲ့ လမ်းကြောင်းပေါ်ရောက်ဖို့ ခြေလှမ်းတစ်လှမ်းပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီပြောင်းလဲမှုတွေဟာ တူရကီနိုင်ငံ ဥရောပသမဂ္ဂအဖွဲ့ကိုဝင်ရောက်နိုင်ရေးအတွက် အရင်ကတည်းက ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စတွေဖြစ်လို့ပါ"

တူရကီနိုင်ငံဟာ အနာဂတ်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမယ့် ကမ္ဘာ့ဇာတ်ခုံပေါ်ကနိုင်ငံတစ်နိုင်ငံပါ။ အနောက်နိုင်ငံတွေရဲ့ မွတ်ဆလင်ကမ္ဘာကြားက မင်းသားကြီးတူရကီ။ အခြေခံဥပဒေပြုပြင်ပြောင်းလဲပြီးနောက်ပိုင်း တူရကီနိုင်ငံ ဥရောပသမဂ္ဂသို့ ဝင်ရောက်ရေး။ အခြေခံဥပဒေအသစ်နဲ့ အသက် ၉၃ နှစ်အရွယ် အငြိမ်းစားဗိုလ်ချုပ်ကြီး ကီနန်အိဗ်ရန်ရဲ့ အနာဂတ်။

*စာညွှန်း။ ။ NY Times, BBC*

Environment

7 DAY NEWS JOURNAL

Vol.9, No.27 · SEPTEMBER 23, 2010

# အင်းလေးကန် ပုံမှန်ရေအမှတ်ရောက်ရန် အနည်းငယ်သာလို

ဒဲနစ်အောင်အောင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

အင်းလေးကန်သည် ယခုနှစ်နွေရာသီတွင် စံချိန်တင်ရေခန်းခြောက်ခဲ့သော်လည်း ယခုအခါ ဖောင်တော်ဦးဘုရားပွဲကျင်းပရန် သတ်မှတ်ထားသော ရေအမြင့်စံချိန်ကိုပြည့်မီရန် အနည်းငယ်ခန့်သာလိုတော့ကြောင်း အင်းလေးဒေသကျွမ်းကျင်သူများထံမှ သိရသည်။



စံချိန်တင်ရေလျှော့နည်းမှုဖြင့် ကြုံတွေ့ခဲ့ရသော အင်းလေးကန်တွင် စက်တပ်ရေယာဉ်တစ်စီး ခုတ်မောင်းနေသည်ကို ဩဂုတ်လ(၁၅)ရက်က တွေ့ရစဉ်။ ဓာတ်ပုံ- အောင်အောင်

ယခင်က ဖောင်တော်ဦး ဘုရားခြေရင်းအထိ ရေပြည့်နေသောကန်ရေမှာ ယခုအခါ ဖောင်တော်ဦး ဘုရားအောက်မှ လှေစီးရသော နေရာအထိ အနည်းငယ်လမ်းလျှောက်သွားရကြောင်း ဘုရားဖူးခရီးသည်များက ပြောသည်။

ဖောင်တော်ဦးဘုရားပွဲ ကျင်းပနေစဉ် ရွှေသားဆင်းတုတော်များအား ဖောင်တော်ကြီး၊ ဖောင်တော်ငယ်များဖြင့် ပင့်ဆောင်၍ ကန်ဝန်းကျင်ရွာများ အပူဇော်ခံခြင်း၊ လှေပြိုင်ပွဲကျင်းပခြင်းများ ပြုလုပ်လေ့ရှိရာ အင်းလေးဒေသ၏ ယင်းရိုးရာကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သောရေပမာဏရှိရန်လိုအပ်ကြောင်းကျွမ်းကျင်သူများကပြောသည်။

ယခုနှစ်တွင် စံချိန်တင်ရေခန်းခြောက်မှုကြုံခဲ့သော်လည်း ယခုအခါ သတ်မှတ်ရေပမာဏပြည့်မီရန် တစ်ပေသာ လိုတော့ သဖြင့်ဘုရားဖူးဂိတ်များတွင်လည်း အင်းလေးဖောင်တော်ဦးခရီးစဉ်လက်မှတ်များ စတင်ရောင်းချနေပြီဖြစ်ကြောင်းသတင်းရရှိသည်။

အင်းလေးဖောင်တော်ဦးပွဲအား လာမည့် သီတင်းကျွတ်လဆန်း ၁ရက်တွင်စတင်ကျင်းပမည်ဖြစ်ရာ ပွဲမကျင်းပမီ ကြားကာလအတွင်း လိုအပ်သော ရေပမာဏပြည့်မီဖွယ်ရှိကြောင်း ကျွမ်းကျင်သူများမှ သုံးသပ်ပြောကြားသည်။

# မျက်ခုံးဖြူ မျောက်လွဲကျော်ကို သုတေသနပြုမည်

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ကျောက်ပန်းတောင်းဘေးမဲ့တောနှင့်နတ်မတောင် အမျိုးသားဥယျာဉ်တို့တွင် မျိုးသုဉ်းပျောက်ကွယ်နိုင်းအန္တရာယ်နှင့် ရင်ဆိုင်နေရသော မျက်ခုံးဖြူမျောက်လွဲကျော်အားလေ့လာသုတေသနပြုလုပ်မည်ဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအသင်း(BANCA)မှ သတင်းရရှိသည်။ ယင်းမျက်ခုံးဖြူမျောက်လွဲကျော်ကို တစ်နှစ်အကြာလေ့လာသုတေသနပြုမှတ်တမ်းတင်မည်ဖြစ်သည်။ ချင်းတွင်းမြစ်အနောက်ဘက်တွင်ကျက်စားသော အဆိုပါ မျောက်လွဲကျော်ကို BANCA အသင်းနှင့် ဗြိတိန်နိုင်ငံအခြေစိုက် FFI(Fauna and Flora) နှင့် အမေရိကန်နိုင်ငံအခြေစိုက် PRCF (People Resource and conservation foundation) တို့ ပူးပေါင်း၍လေ့လာသုတေသနပြုမည်ဖြစ်သည်။

လေ့လာသုတေသနပြုမည့် တစ်နှစ်တာကာလတွင်း သုတေသနပြုထားသော မျက်ခုံးဖြူမျောက်လွဲကျော်များကို ပြန်လည်သုံးသပ်မှတ်တမ်းတင်ခြင်းနှင့် ရှားပါးမျိုးစိတ်မျက်ခုံးဖြူမျောက်လွဲကျော်များထိန်းသိမ်းရန်အတွက် ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်မည်ဖြစ်သည်။

မျက်ခုံးဖြူမျောက်လွဲကျော်အပါအဝင် မျောက်လွဲကျော်မျိုး စိတ်သုံးမျိုးစလုံးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ပြည်နယ်နှင့်တိုင်းဒေသကြီး ငါးခုတွင်၂ နှစ်အကြာ လေ့လာသုတေသနပြုလုပ်ခဲ့သည်။ မျက်ခုံးဖြူမျောက်လွဲကျော်နှင့်ပတ်သက်၍ လေ့လာသုတေသနပြုမှုသည် ဒုတိယအကြိမ်ဖြစ်သည်။

ယခုသုတေသနသည် မျက်ခုံးဖြူမျောက်လွဲကျော်တစ်မျိုးကိုသာ လေ့လာသုတေသနပြုမည်ဖြစ်သည်။ လေ့လာမည့်အထက်ပါဘေးမဲ့တောနှင့်အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ်တွင် တည်ရှိသည်။ နတ်မတောင်အမျိုးသားဥယျာဉ်သည် စတုရန်းကီလိုမီတာ ၇၂၂ ဒသမ ၆၁ ကျယ်ဝန်းပြီး ကျောက်ပန်းတောင်းဘေးမဲ့တောသည် စတုရန်းကီလိုမီတာ ၁၃၂ ဒသမ ၆၁ ကျယ်ဝန်းသည်။

# မိန်းမလှကျွန်းရေရှည်တည်တံ့ရေး ဒေသခံများစားဝတ်နေရေးပြေလည်အောင်ဆောင်ရွက်ရန်လိုဟုဆို

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ- ၁၀**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ဒေသခံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသောကြောင့် မိန်းမလှကျွန်းဘေးမဲ့တောရေရှည်တည်တံ့ရေးအတွက် ယင်းကျွန်းအနီးတစ်ဝိုက်တွင် နေထိုင်ကြသော ဒေသခံများစားဝတ်နေရေးပြေလည်စေရန် ဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင် လုပ်ကိုင်သောလူမှုရေးအဖွဲ့အစည်းနှစ်ခုမှ တာဝန်ရှိသူတို့ကပြောသည်။

ယင်းဒေသတွင် စီးပွားရေးအဆင်မပြေမှုများကြောင့် ဒေသခံများသည် သဘာဝထိန်းသိမ်းရေးတောများတွင် သစ်ခိုးခုတ်မှုများဖြစ်ပေါ်လာပြီးနောက်ပိုင်း သစ်ခိုးခုတ်မှုများ လျော့နည်းစေရန် ဒေသခံများနှင့် ကိုက်ညီသောလုပ်ငန်းများလုပ်ဆောင်ပေးရန် လိုအပ်ကြောင်း သဘောဝ ပတ်ဝန်းကျင်ကျွမ်းကျင်ပညာရှင် အချို့က ထောက်ပြပြောဆိုခဲ့ခြင်းဖြစ်သည်။

မိန်းမလှကျွန်းအနီးတွင် နေထိုင်ကြသော ဒေသခံများ စားဝတ်နေရေးပြေလည်စေရန် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများအနေဖြင့်ဒေသနှင့် ကိုက်ညီသောငါးမွေးမြူရေးကန်၊ ပုစွန်မွေးမြူရေးကန်များနှင့်ကုန်တွင်းမွေးမြူရေးလုပ်ငန်းဖြစ်သည့် ဆိတ်၊ နွား၊ ဘဲ၊ ခိုင်းကျွဲမွေးမြူခြင်းများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း ပြည်တွင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ပေးသည့် ကျွမ်းကျင်ပညာရှင်အချို့ကပြောသည်။

"ဒီဘက်မှာ စပါးစိုက်တော့ မြေငန်ပြီး စပါးမဖြစ်ဘူး။ ကွမ်းရွက်နဲ့ ဥယျာဉ်ခြံမြေလည်း လုပ်လို့ မဖြစ်ဘူး။ မြေဧရိယာလည်း များများစားစားသိပ်မရှိဘူး။ စိုက်ပျိုးရေးက သိပ်မဖြစ်တော့ မွေးမြူရေးကို ပြန်လှည့်သင့်တယ်လို့ထင်တယ်။ ဆိတ်မွေးတာကို တစိုက်မတ်မတ်လုပ်သင့်တယ်။ ဒီမှာ မြစ်ချောင်းတွေက ပင်လယ်တွေနဲ့ နီးတော့ ငါးရှာဖားရှာကြတယ်။ အဲလိုမရတဲ့ရာသီဆိုရင် သစ်ခိုးခုတ်တဲ့စီးပွားရေးပဲရှိတာ" ဟု ဘိုကလေးမြို့နယ်အခြေစိုက် သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA)မှကျွမ်းကျင်အဆင့်(၁)ဦးကျော်ငြိမ်းက ပြောသည်။ယင်းအသင်းအနေဖြင့်ယခင်က ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဒေသထွက်ကုန်ပေါ်မူတည်၍ပုစွန်ခြောက်လုပ်နည်းသင်တန်းများ၊ ငါးမုန့်လုပ်သည့်သင်တန်းများ၊ လယ်ယာသားငါးရောနှောစိုက်ပျိုးမွေးမြူသည့်သင်တန်းများ ပို့ချသင်ကြားပေးသော်လည်း ဒေသခံများ စိတ်ပါဝင်စားမှုလျော့နည်း၍ အောင်မြင်မှု မရရှိခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။



ဓာတ်ပုံ- ပုသိမ်စီးတီးဝက်ဘ်ဆိုက်

ဧရာဝတီတိုင်း အခြေစိုက် ဒီရေတောစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA)မှ တာဝန်ရှိသူတစ်ဦးကဒေသနှင့် ကိုက်ညီပြီး မွေးမြူရေးစရိတ်သက်သာသော ပုစွန်ကန်၊ ငါးကန်များ မွေးမြူရန်လိုအပ်ကြောင်း အထက်ပါတာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။

"မြစ်ချောင်းထဲက ဖမ်းလာတဲ့ငါးပဲဖြစ်ဖြစ်၊ ပုစွန်ပဲ ဖြစ်ဖြစ် ကြီးကြီးသေးသေးအကုန်ရောင်းကြတာ။ အဲဒီဒေသက ပုစွန်ကျားသားပေါက်တွေ ကျက်စားတာများတယ်။ စာ(၁၈) သို့






Tourism
7 DAY NEWS JOURNAL
Vol.9, No.27 • SEPTEMBER 23, 2010

# ပျဉ်းမနားနှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော် ပုံမှန်ကျင်းပမည်

**နန္ဒာအောင်**

**နေပြည်တော်၊ စက်တင်ဘာ - ၁၈**

နေပြည်တော်ပျဉ်းမနားမြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်သော နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပနေကျအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း တပ်တွင်းမွေ့ရုံနှစ်ကျိုပ်ရှစ်ဆူစံကျောင်းတော်ဂေါပကဥက္ကဋ္ဌဦးလှသောင်းက ပြောကြားသည်။

ရိုးရာမီးထွန်းပွဲဖြစ်သော နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်ကို (၉)ကြိမ်မြောက်ကျင်းပမည်ဖြစ်ကြောင်း သီတင်းကျွတ်လဆန်း ၁၄ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၂ မှ ၂၄) ထိ စုစုပေါင်းသုံးရက် ကျင်းပမည်ဖြစ်သည်။

မြို့ရွာရပ်ကွက်အေးချမ်းသာယာခြင်း၊ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းခြင်း စသည့် အတိတ်နိမိတ်ဆောင်ခြင်းတို့ကြောင့် ဘုရားပွဲတော်ကိုကျင်းပကြောင်း၊ လပြည့်ကျော် တစ်ရက်နေ့ ညနေတွင် နေပြည်တော် တိုင်းမှူးကိုယ်တိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

"အရင်နှစ်တွေကတော့ ညနေ ၅နာရီကနေ နံနက် ၁နာရီထိ စတိတ်ရှိုးကားတွေကို လှည့်လည် ဖျော်ဖြေခွင့်ပြုတယ်။ ဒီနှစ်ကတော့ သက်ဆိုင်ရာညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရမှာပဲ" ဟု ၎င်းကပြောသည်။

ပွဲတော်ရက်များတွင် ပျဉ်းမနားမြို့ပေါ်ရှိမွေ့ရုံအသင်း ၈ သင်းနှင့်ဌာနဆိုင်ရာများမှ ဘုရား ၂၈ ဆူအား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာတွင် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် မွမ်းမံပြင်ဆင်ကြသည်။

ထိုဘုရားကားများ အနက်မှ ပထမ၊ ဒုတိယ၊ တတိယ သုံးဆုနှင့် နှစ်သိမ့်ဆု ရွေးချယ်ချီးမြှင့်လေ့ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

ပွဲတော်နှင့်ပတ်သက်၍ဖျော်ဖြေမည့်တီးဝိုင်းများ၊ အနုပညာရှင်များကိုဖိတ်ကြားခြင်းနှင့် ပတ်သက်၍ လောလောဆယ် ညှိနှိုင်းဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# အမ်အေအိုင်က အောက်တိုဘာ ၃၁ ရက်မှစ၍ ခရီးစဉ်များတိုးချဲ့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း အမ်အေအိုင်၏ခရီးစဉ်များအား အောက်တိုဘာ ၃၁ ရက်မှစ၍ တိုးချဲ့ပျံသန်းမည်ဟု အဆိုပါလေကြောင်းလိုင်း၏ဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ပြောသည်။

"ရန်ကုန်-ဘန်ကောက်ကို နေ့စဉ် တစ်နေ့ ၂ နှစ်ကြိမ်ဆွဲမယ်။ ဘန်ကောက်-စင်ကာပူ နေ့စဉ်ဆွဲမယ်။ ရန်ကုန် ကေအယ်လ် (ကွာလာလမ်ပူ) ကို တစ်ပတ် ၆ ရက်ပျံသန်းမယ်"ဟု ယင်းကဆိုသည်။



ယခုတိုးချဲ့သော ခရီးစဉ်များတွင် ဘန်ကောက်-စင်ကာပူ ခရီးစဉ်မှာ အသစ်ဖြစ်ပြီး ဘန်ကောက်မှ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်သည်။

အခြားသော ရန်ကုန်-ဘန်ကောက်ခရီးစဉ်များမှာ လက်ရှိ ပျံသန်းနေသော တစ်ပတ် ၁၀ ကြိမ်အစား နေ့စဉ်ပျံသန်းလာခြင်းဖြစ်ပြီး၊ တစ်ပတ်လျှင် ၅ ရက်ပျံသန်းနေသော ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ်ကိုလည်း ၆ ရက်တိုး၍ စနေနေ့မှ လွှဲ၍ ပျံသန်းလာခြင်းဖြစ်သည်။

အဆိုပါ ခရီးစဉ်များအပြင် အမ်အေအိုင် လေကြောင်းလိုင်းသည် လက်ရှိတွင် ရန်ကုန် - စင်ကာပူအား နေ့စဉ်နှင့် ရန်ကုန်-ဂါယာ ခရီးစဉ်အား အပတ်စဉ် စနေနေ့တိုင်း ပျံသန်းပေးလျက်ရှိသည်။

အမ်အေအိုင် လေကြောင်းလိုင်းအား ယခုနှစ်မှစ၍ ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုပြီး နောက်လေယာဉ်အသစ်များ ထပ်မံတိုးချဲ့ကာခရီးစဉ်အသစ်များကို တိုးချဲ့ပြေးဆွဲလာခြင်းဖြစ်သည်။

# ခရီးသွားလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်တစ်ဦး အင်န်ဒီအက်ဖ်ကိုယ်စားလှယ်လောင်းအဖြစ်ရွေးကောက်ပွဲဝင်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှအလုပ်အမှုဆောင် ဦးကျော်မင်းလှိုင်သည် အမျိုးသားဒီမိုကရေစီအင်အားစု(NDF) ပါတီ၏ ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲဝင်မည်ဟု ကာယကံရှင်ကိုယ်တိုင်ကပြောသည်။

စီးပွားရေးနှင့်အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်ရွေးကောက်ပွဲဝင်ရခြင်းဖြစ်ပြီး၊ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီ၏ မူဝါဒအားနှစ်သက်၍ ယင်းပါတီအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ရွေးကောက်ပွဲဝင်သည့်အကြောင်းရင်းကို ဦးကျော်မင်းလှိုင်ကဆိုသည်။

ဦးကျော်မင်းလှိုင်သည် ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယင်းကို ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံရပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်အဖြစ်မှ နုတ်ထွက်ရဖွယ်ရှိနိုင်သည်ဟု အသင်းအတွင်းရေးမှူးကပြောသည်။

ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုသောစည်းမျဉ်း ယနေ့ထိဆက်လက်ထားရှိသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင်လေးဦးကမူ ရွေးကောက်ပွဲဝင်ရန် မကြာသေးမီကအဖွဲ့မှ နုတ်ထွက်လိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသင်းအဖွဲ့ ၁၀၀ ကျော်ရှိသည့်အနက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်အချို့မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်လောင်းများ အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

# ဟာဂျ်သွားမည့်သူများအတွက် မက္ကာလေးမှ ဆော်ဒီသို့ တိုက်ရိုက်လေယာဉ်ပျံသန်းမည်

**အောင်သူရ၊ မြန်အောင်စိုးမြင့်**


**ရန်ကုန်၊ စက်တင်ဘာ - ၁၅**

ပထမဆုံးအကြိမ်အဖြစ် ယဉ်ကျေးမှုမြို့တော် မန္တလေးမှ ဆော်ဒီအာရေဗျနိုင်ငံဂျက်ဒါ(Jeddah)မြို့သို့ ဘာရိန်းလေကြောင်းလိုင်းမှ တိုက်ရိုက်ပျံသန်းမည်ဖြစ်ကြောင်း စီစဉ်ဆောင်ရွက်သူ Gulf ခရီးသွားကုမ္ပဏီကပြောသည်။

"နိုဝင်ဘာ ၃ ရက်နေ့ မန္တလေးက ထွက်မယ်။ နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက်မှာ ရန်ကုန်ကထွက်မယ်" ဟု Gulf ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

ဟာ့ဂျ်သွားရောက်မည့် အစ္စလာမ်ဘာသာဝင်များအတွက် ရှစ်နာရီကြာလေယာဉ်ဖြင့်သွားရသော အဆိုပါခရီးစဉ်အား တစ်ဦးလျှင်ကန်ဒေါ်လာ ၁၄၀၀ ခန့်ကျသင့်မည်ဟုသိရပြီး ခရီးသည် ၃၈၆ ဦးဆံ့ နှစ်ထပ်လေယာဉ်ဖြင့် ပျံသန်းမည်ဖြစ်သည်ဟုဆိုသည်။

အဆိုပါခရီးစဉ်ကို နိုဝင်ဘာ ၃ ရက်မှ ၁၉ရက်အထိ မန္တလေးလေဆိပ်မှထွက်ခွာပေးပြီး ဒီဇင်ဘာ ၁၉ ရက်တွင် မန္တလေးသို့ ပြန်လည်ရောက်ရှိမည်ဟု မက္ကာ၊ မဒီနာ ခရီးသွားလုပ်ငန်းဌာန တစ်ခုမှသိရသည်။




ထို့အပြင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း အမ်အေအိုင်ကလည်း နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့မှ ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့သို့ ပျံသန်းရန်စီစဉ်ထားကြောင်း အဆိုပါလေကြောင်းလိုင်း၏ ဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ပြောကြားသည်။

အဆိုပါခရီးစဉ်အား ဘိုးရင်း ၇၄၇ လေယာဉ်ဖြင့် ပျံသန်းမည်ဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ဝန်စည်စလယ် ကီလို ၄၀သယ်ဆောင်နိုင်၍ အပြန်ခရီးတွင်လည်း ရေစင်တော် ၁၀ လီတာ သယ်ဆောင်ခွင့်ပေးမည်ဟုဒေါ်အေးမရသာက ဆိုသည်။

ယခင်နှစ် ဟာ့ဂျ်သွားရောက်သည့်အချိန်၌ Gulf ခရီးသွားကုမ္ပဏီသည် ပါကစ္စတန်လေကြောင်းလိုင်း (PIA)ဖြင့် ရန်ကုန်မြို့မှ လေယာဉ်ခြောက်စီးပျံသန်းခဲ့ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

The Cartoon Logo





















7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# မွေ့ထိုင်းလက်ဝှေ့ကိုမြှင့်တင်ရန် ထိုင်းပါလီမန်ရှေ့တွင် လွှတ်တော်အမတ် နှစ်ဦးထိုးသတ်

**ဘန်ကောက်၊ စက်တင်ဘာ - ၁၃**

ထိုင်းလွှတ်တော် အမတ်နှစ်ဦးသည်ထိုင်းရိုးရာ မွေ့ထိုင်းလက်ဝှေ့ကို နိုင်ငံတကာသိအောင် ရည်ရွယ်သည့်အနေဖြင့် ဘန်ကောက်မြို့တော်ရှိ ထိုင်းပါလီမန်အဆောက်အအုံရှေ့တွင် လက်ဝှေ့ထိုးပြခဲ့ကြောင်း သိရသည်။ ယင်းအမတ်နှစ်ဦးတွင် တစ်ဦးဖြစ်သည့် မစ္စတာပေယပ်တုန်ချူယန်က "လက်ဝှေ့ပွဲပြီးတော့ ကျွန်တော်ရပ်နေနိုင်သေးတာ တော်တော်ကောင်းပါတယ်" ဟုဂင်းတို့၏ နှစ်ချီသာထိုးသည့်ပွဲအပြီးတွင် အရွှန်းဖောက်ပြောကြားသည်။ အထက်လွှတ်တော်အမတ်နှစ်ဦး ဖြစ်သည့် မစ္စတာပေယပ်နှင့် ဒီရက်တုန်ဖန်တို့၏ ပါလီမန်ရှေ့ ကြိုးဝိုင်းထဲမှ မွေ့ထိုင်းလက်ဝှေ့ပွဲကို ဒိုင်က နှစ်ဦးစလုံး ပူးတွဲအနိုင်ရသူများ ဖြစ်ကြောင်း ကြေညာပေးခဲ့သည်။



အဆိုပါ အမတ်နှစ်ဦးတွင် မစ္စတာဒီရက် (၆၄ နှစ်)မှာ ဘန်ကောက်မြို့တော် မြောက်ဘက်ခွန်သာဘူရီ ပြည်နယ်မှဖြစ်ပြီး မစ္စတာပေယပ် (၅၉ နှစ်)မှာ အရှေ့ပိုင်းပြည်နယ် ဆာကေယိုမှ ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် မွေ့ထိုင်းလက်ဝှေ့သမားဟောင်းများဖြစ်ကြသည်။ ယခုပွဲနှင့် ပတ်သက်၍ မစ္စတာဒီရက်က "ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က မွေ့ထိုင်းလက်ဝှေ့ကစားနည်းကို နိုင်ငံတကာအဆင့် မြှင့်တင်ပေးနိုင်ဖို့ပါ။ ဒါဟာ လူငယ်မျိုးဆက်သစ်တွေအတွက်လည်း ဒီရိုးရာအားကစားကို ထိန်းသိမ်းဖို့ လှုပ်ရှားဆောင်ရွက်တာလည်း ဖြစ်ပါတယ်" ဟုပြောသည်။

*—Ref: AP*

## ဆူနာမီသတိပေးချက်များ မှားယွင်းထုတ်ပြန်မိ၍ ထိုင်းအာဏာပိုင်များက ပြည်သူများအား တောင်းပန်

**ဘန်ကောက်၊ စက်တင်ဘာ - ၁၄**

ထိုင်းအစိုးရသည် ယခုအပတ်အတွင်းဖြစ်ပေါ်ခဲ့သည့် ဆူနာမီသတိပေးချက် မှားယွင်းစွာထုတ်ပြန်မိခြင်းအတွက် နိုင်ငံအနောက်တောင်ပိုင်းဒေသမှ ပြည်သူများအား တောင်းပန်လိုက်ကြောင်းသိရသည်။ ထိုင်းအာဏာပိုင်များသည် တနင်္လာနေ့က အနောက်တောင်ပိုင်းပြည်နယ် ဖန်ငါ၌ဆူနာမီကာကွယ်ရေးစမ်းသပ်မှု တစ်ခုကိုမိနစ်သုံးဆယ်ခန့်ကြာအောင် ပြုလုပ်ခဲ့ရာတွင် ထိုသို့အချက်ပေးဥဩသံများ အဆက်မပြတ်ထုတ်လွှင့်ခဲ့မှုကြောင့် ဒေသတွင်းမှ ရွာသားထောင်နှင့်ချီ၍ မှားယွင်းထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

အာဏာပိုင်များသည် ဆူနာမီကာကွယ်ရေး လေ့ကျင့်မှုကို ထိုဒေသရှိ ဘန်နမ်ခမ်ရွာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုရွာသည် ၂၀၀၄ ဆူနာမီ ဖြစ်စဉ်တွင် ပျက်စီးခဲ့ရသောရွာတစ်ရွာလည်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ အက်ဒမန်ကမ်းရိုးတန်းဒေသတွင် ၂၀၀၄ ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပေါ်ခဲ့သော ငလျင်ဒဏ်ကြောင့်ဆူနာမီလှိုင်းလုံးကြီးများ၏ ဖျက်ဆီးမှုကိုခံခဲ့ရပြီး လူပေါင်း ၅,၃၉၈ ဦး သေဆုံးကာ လူ ၃,၀၀၀ ခန့်ပျောက်ဆုံးခဲ့ရသည်။



*—Ref: Reuters*



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



## Leader's Profile

# ကမ္ဘာ့အသေးငယ်ဆုံးကျွန်းနိုင်ငံနာအူရူး၏ သမ္မတ မားကတ်စ်စတီဖင်

ရဲမင်း

မားကတ်စ်စတီဖင်သည် ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းရှိ ကမ္ဘာ့အသေးငယ်ဆုံး ကျွန်းနိုင်ငံနာအူရူး၏သမ္မတဖြစ်ပြီး ၂၀၀၇ ခုနှစ်ဒီဇင်ဘာလတွင် အာဏာရရှိခဲ့သည်။ သမ္မတရာထူးအပြင် မားကတ်စ်သည် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနလေးခုကိုတာဝန်ယူထားသူဖြစ်သည်။

မားကတ်စ်သည် ထိပ်တန်းအလေးမဟောင်းသမားတစ်ဦးဖြစ်ပြီး ခနသဟာယနိုင်ငံများအားကစားပွဲများတွင် ရွှေတံဆိပ် ၇ ဆုနှင့် ငွေတံဆိပ် ၅ ဆုရရှိထားသူဖြစ်ပြီး သမုဒ္ဒရာပိုင်းဇုန် အလေးမအဖွဲ့ချုပ်နှင့် နာအူရူးအမျိုးသားအိုလံပစ်ကော်မတီ၏ ဥက္ကဋ္ဌတာဝန်များကို လက်ရှိထမ်းဆောင်လျက်ရှိသည်။

မားကတ်စ်အား ၁၉၆၉ ခုနှစ်အောက်တိုဘာလ ၁ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်း၏ ဖခင်လော့ရန်စ်စတီဖင်သည် နာအူရူးနိုင်ငံ၏ ပါလီမန်အမတ်အဖြစ် ၁၉၇၁-၁၉၇၇ နှင့် ၁၉၈၀-၁၉၈၆ သက်တမ်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ နာအူရူး၏ ထင်ရှားသော မိသားစုကြီးကီကီနှင့်လည်းစတီဖင်တို့မှာ ဆွေမျိုးတော်စပ်သည်။

ငယ်စဉ်က ဩစတြေးလျဘောလုံးကစားခဲ့သော မားကတ်စ်သည်နောက်ပိုင်းတွင် အလေးမအားကစားပြောင်းလဲကစားခဲ့ပြီး ထိပ်တန်းအလေးမသမားဖြစ်လာသောအချိန်တွင် နိုင်ငံတကာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ၁၉၈၉ ခုနှစ်တွင် နာအူရူးအလေးမအဖွဲ့ချုပ်ပေါ်ပေါက်လာသည်။

မားကတ်စ်စတီဖင်၏ အားကစားသမားဘဝ အောင်မြင်မှုအများစုကို ခနသဟာယ အားကစားပြိုင်ပွဲများတွင် ရရှိခဲ့ပြီး ၁၉၉၀ ခုနှစ် အုတ်ကလန် (နယူးဇီလန်) မြို့တွင် ပြုလုပ်သည့် ခနသဟာယ အားကစားပွဲ အလေးမပြိုင်ပွဲ (၆၀ ကီလို) တန်း၊ အမြန်မပြိုင်ပွဲတွင် အံ့အားသင့်ဖွယ်ရာ ရွှေတံဆိပ်ရရှိခဲ့ရာမှ ဆုတံဆိပ်ပေါင်းများစွာ ဆက်လက်ရရှိခဲ့သည်။

မားကတ်စ်သည် အိုလံပစ်အားကစားပြိုင်ပွဲ ၃ ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ ၎င်း၏ အကြီးမားဆုံး အောင်မြင်မှုမှာ ၁၉၉၉ ခုနှစ် အေသင်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်သည်။

၁၉၉၇ မှစ၍ နာအူရူး အိုလံပစ်ကော်မတီ၏ ဘဏ္ဍာရေးမှူးဖြစ်နေသော မားကတ်စ်စတီဖင်သည် ၂၀၀၃ ခုနှစ်မေလ ၃ ရက်တွင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရသည်။ သမ္မတရီနီဟေးရစ်လက်ထက်တွင် ၂၀၀၃ ဩဂုတ်လမှ ၂၀၀၄ ဇွန်လအထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ မစ္စတာလူးဝစ်စကော့တီ နာအူရူးနိုင်ငံ၏ သမ္မတဖြစ်လာသောအခါ ရာထူးမှ ဆင်းပေးခဲ့ရသော်လည်း ၂၀၀၄ ခုနှစ်တွင် ပါလီမန်၌ ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၀၇ ပါလီမန်ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံရသော ပါလီမန်အမတ် မားကတ်စ်စတီဖင်သည် ၂၀၀၇ ဩဂုတ်လ ၂၈ ၌ပြုလုပ်သည့် ပါလီမန်မဲခွဲဆုံးဖြတ်မှုတွင် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ သို့သော် ပါလီမန်တွင် သမ္မတစကော့တီအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းအောင်မြင်ခဲ့သောအခါ ၂၀၀၇ ဒီဇင်ဘာလ ၁၉ ရက်တွင် မစ္စတာမားကတ်စ်စတီဖင်သည် နာအူရူးသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပါလီမန်က သမ္မတအားရွေးချယ်၍ အချိန်မရွေးအယုံအကြည်မရှိ အဆိုတင်သွင်းနိုင်သောနာအူရူးနိုင်ငံ၏အစဉ်အလာကြောင့် မားကတ်စ်စတီဖင်၏ အစိုးရအဖွဲ့သည်လည်း ၂၀၀၈ မတ်လတွင် အယုံအကြည်မရှိအဆိုတင်သွင်းခြင်းခံရသည်။ နိုင်ငံရေး မငြိမ်မသက်မှုများကြောင့် ၂၀၀၈ ဧပြီလ ၁၈ ရက်တွင် အရေးပေါ်အခြေအနေကြေညာပြီး မားကတ်စ်စတီဖင်က ရွေးကောက်ပွဲခေါ်ယူခဲ့ရာ ဧပြီလ ၂၆ရက် ရွေးကောက်ပွဲတွင် ၎င်း၏အစိုးရက မဲအသာစီးရရှိခဲ့သည်။ သို့သော် ၂၀၁၀ ဧပြီလတွင် နောက်ဆုံးပြုလုပ်ခဲ့သော ရွေးကောက်ပွဲရလဒ်အဖြေမပြတ်သားခဲ့ရာ နာအူရူးသမ္မတ မားကတ်စ်စတီဖင်က ရွေးကောက်ပွဲအသစ် ထပ်မံခေါ်ယူရန် ပါလီမန်ကိုဖျက်သိမ်းထားသည်။

—Ref: Wikipedia

# နှစ်ဖက်ဆက်ဆံရေး ပိုမိုကောင်းလာရန် အမေရိကန်နှင့် ရုရှားကာကွယ်ရေး အကြီးအကဲများ မျှော်မှန်း

ဝါရှင်တန်၊
စက်တင်ဘာ - ၁၆

အမေရိကန်နှင့် ရုရှား ကာကွယ်ရေးအကြီးအကဲများသည် ၎င်းတို့၏နာကျင်စရာ စစ်ဘက်ပြုပြင်ပြောင်းလဲမှုများကို နားလည်ခံစားမိကြောင်း ပြောကြားကြပြီး နှစ်ဖက်ဆွေးနွေးပွဲများ တိုးမြှင့် ပြုလုပ်ရန် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြရာ ယင်းမှာ စစ်အေးခေတ် ပြိုင်ဘက်များကြား ဆက်ဆံရေးတိုးတက်လာကြောင်းပြသရန် ရည်ရွယ်ခြင်းဟု ရိုက်တာသတင်းက ဖော်ပြသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်နှင့် ရုရှားကာကွယ်ရေး ဝန်ကြီးအနာတိုလီဆာယူကော့ဗ်တို့သည် ဥရောပတွင်ဒုံးကျည်ကာကွယ်ရေး စနစ်ချထားရေး အမေရိကန်၏ အစီအစဉ်နှင့် ရုရှားနှင့် ဂျော်ဂျီယာအပစ်အခတ်ရပ်စဲမှု အပါအဝင် အခြားခက်ခဲသော အကြောင်းအရာများကိုဆွေးနွေးခဲ့ကြသည်။ သို့သော် အထက်ပါကိစ္စနှစ်ရပ်တွင် အောင်မြင်မှုလမ်းစ ရှာမတွေ့ခဲ့ကြပေ။

သို့သော် ယခုတွေ့ဆုံဆွေးနွေးမှုများအကြောင်းကို ကာကွယ်ရေးဝန်ကြီးနှစ်ဦးစလုံးက အပြုသဘောဖြင့် ပြောကြားကြသည်။ အမေရိကန် ကာကွယ်ရေး ဝန်ကြီးရောဘတ်ဂိတ်စ် အနေဖြင့် ငါးနာရီကျော်ကြာ အချိန်ပေးဆွေးနွေးခြင်းမှာ မည်သည့်နိုင်ငံခြားဧည့်သည်တော်နှင့်မဆို အကြာဆုံးအချိန်ပေး ဆွေးနွေးမှုဖြစ်ကြောင်း ၎င်း၏ အကူအရာရှိများကပြောကြားသည်။

"ကျွန်တော်ရဲ့ အမေရိကန်အလည်အပတ်ခရီးဟာ ကျွန်တော်တို့နှစ်နိုင်ငံ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကောင်းသောသန္နိဋ္ဌာန်ပြုသည့် ဖြစ်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်" ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ၎င်းတို့ရေးထားခဲ့သော သဘောတူညီမှုများကြောင့် နှစ်နိုင်ငံကာကွယ်ရေးအကြီးအကဲများကြား အနည်းဆုံး တစ်နှစ်တစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်၍ ယင်းမှတစ်ဆင့် နှစ်နိုင်ငံစစ်ဘက်များကြားပူးတွဲ အစီအစဉ်များ၊ စစ်ရေးလေ့ကျင့်မှု များအပြန်အလှန်လူပို့လွှတ်မှုများ ရှိလာမည်ဟု မျှော်လင့်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

—Ref: Reuters

# အကျဉ်းသားလွှတ်ပေးမှုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အထောက်အကူဖြစ်မည်ဟု ဂျင်မီကာတာမျှော်လင့်



အတ္တလန္တာ၊ စက်တင်ဘာ - ၁၅

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်အကျဉ်းသားတစ်ဦးအား မိမိထံသို့အပ်နှံလွှတ်ပေးလိုက်ခြင်းသည် နျူကလီးယားဖျက်သိမ်းရေး ခြောက်နိုင်ငံဆွေးနွေးပွဲစတင်ရန် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း ယင်းမှနေ၍ ကိုရီးယားကျွန်းဆွယ်တွင် ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဟောင်းဂျင်မီကာတာက ပြောကြားသည်။

မစ္စတာကာတာသည် ဩဂုတ်လအတွင်း မြောက်ကိုရီးယားသို့ ပုဂ္ဂလိကခရီးသွားလာ၍ အမေရိကန်နိုင်ငံသား အိုင်ဂျာလွန်ဂေါမက်ဇ်(၃၁နှစ်)အား ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ ဂေါမက်ဇ်သည် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံမှတစ်ဆင့် မြောက်ကိုရီးယားသို့ဝင်ရောက်ခဲ့ခြင်းကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ရှစ်နှစ် ပြစ်ဒဏ်ကျခံခဲ့ရသည်။

မြောက်ကိုရီးယားသို့ ခရီးသွားလာခွင့်ပြုရန် အိမ်ဖြူတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအားရက်သတ္တပတ်ငါးပတ်ကြာအောင် တောင်းဆိုခဲ့ရကြောင်း ကန်သမ္မတဟောင်းက ကာတာစင်တာ၌ ပြုလုပ်သည့်ဆွေးနွေးပွဲတွင်ပြောကြားသည်။ "ကျွန်တော်တို့ မြောက်ကိုရီးယားနဲ့အဆက်အသွယ်မရှိပါဘူး။ ဆိုတော့ သူတို့က ကျွန်တော့်ဆီဖုန်းဆက်ပြီး မစ္စတာဂေါမက်ဇ်ကိုလာခေါ်ဖို့ပြောပါတယ်"ဟု မစ္စတာကာတာကပြောကြားသည်။

၂၀၀၂ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်ဖြစ်သော ဂျင်မီကာတာ (၈၅နှစ်)သည် ၁၉၇၇ မှ ၁၉၈၁ ခုနှစ်အထိ အမေရိကန်သမ္မတဖြစ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ကာ ထိုစဉ်ကမြောက်ကိုရီးယားခေါင်းဆောင် ကင်အီဆွန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ဖူးသည်။ —Ref: AP

# ဖီဂျီဝန်ကြီးများကို ထိုက်ချီသိုင်းသင်ပေးရန် တရုတ်က ပညာရှင်တစ်ဦးပို့

ဆူဗာ၊ စက်တင်ဘာ - ၁၄

တရုတ်အစိုးရသည် ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော ဖီဂျီရှိ အစိုးရဝန်ကြီးများအား တရုတ်ရိုးရာကိုယ်ခံပညာ ထိုက်ချီသိုင်းသင်ပေးနိုင်ရန်အတွက် ပညာရှင်တစ်ဦးစေလွှတ်ထားကြောင်း ဖီဂျီမြို့တော်ဆူဗာမှ တာဝန်ရှိသူများကပြောကြားသည်။ ဖီဂျီပညာရေးဝန်ကြီး ဖီးလစ်ဘိုးလ်ကလည်း ဘေဂျင်းနှင့် ဆူဗာကြားဆက်ဆံရေးတိုးပွားလာခြင်းကို ပြသသည့်အနေဖြင့် တရုတ်ပြည်သည် ထိုက်ချီပညာရှင်တစ်ဦးကိုပေးပို့ထားကြောင်း၊ ယင်းမှာ ယခုနှစ်အစောပိုင်းက အားကစားဝန်ကြီး လျူပင်သည် ဖီဂျီနိုင်ငံသို့ အလည်အပတ်ခရီးထွက်လာပြီးနောက်ဖြစ်ကြောင်းဆိုသည်။

ဝန်ကြီးဘိုးလ်က အဆိုပါထိုက်ချီပညာရှင်သည် ဖီဂျီအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရဝန်ထမ်းများ၊ ရဲများ၊ စစ်သားများနှင့်သာမန်ပြည်သူများကိုပါ ဖီဂျီနိုင်ငံတွင်သုံးလကြာနေထိုင်၍ ထိုက်ချီပညာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

—Ref: AFP

နောက်ကျောဖုံး - စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ရာသီဥတုဆွေးနွေးပွဲ အမေရိကန်က လက်ခံကျင်းပမည် မှ

အမေရိကန်ပြည်ထောင်စုတွင်ပြုလုပ်မည့်ဆွေးနွေးပွဲတွင် ဩစတြေးလျ၊ ဘရာဇီး၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ တောင်အာဖရိက၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ(EU)တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

—Ref: Reuters

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010




ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲဟာ ရာထူးမှအနားယူပြီးနောက် အရှေ့အလယ်ပိုင်း အထူးသံတမန်အဖြစ်ဆောင်ရွက်နေသလို မကြာသေးမီကလည်း အငြင်းပွားဖွယ်ရာအတ္ထုပ္ပတ္တိမှတ်တမ်းစာအုပ် A Journey ကို ထုတ်ဝေခဲ့တဲ့အတွက် အီရတ်စစ်ပွဲဆန့်ကျင်သူများရဲ့ ရှုတ်ချမှုတွေကိုခံယူနေရသူတစ်ဦးဖြစ်ပါတယ်။ ယခုဖော်ပြလိုက်တဲ့ စပိုင်းဂဲလ်မီဒီယာနဲ့အင်တာဗျူးမှာတော့ ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲဟာ အီရတ်စစ်ပွဲကို ၎င်းနဲ့အတူဆင်နွှဲခဲ့တဲ့ ကန်သမ္မတဟောင်းဂျော့ချ်ဒဗလျူဘုရှ်အကြောင်း၊ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအလားအလာအကြောင်းနဲ့ နျူလက်နက်ထုတ်လုပ်ဖို့ကြိုးစားနေတဲ့အီရန်အပေါ် အမြင် စတာတွေကို ပြောကြားခဲ့ပါတယ်။

# ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့်တွေ့ဆုံခြင်း

ကျော်မျိုး

**မစ္စတာဘလဲခင်ဗျာ လူကြီးမင်းဟာ အတ္ထုပ္ပတ္တိမှတ်တမ်း စာအုပ် A Journey ကိုရေးသားခဲ့ရာမှာ ကိုယ့်အတွက်တော့ ဘာသာရေးဟာ နိုင်ငံရေးထက်တောင် အရေးကြီးတယ်လို့ ရေးခဲ့တယ်နော်။ ဒါပေမဲ့ အဲဒီစာအုပ်ထဲမှာ ဘာသာရေးက လူကြီးမင်းရဲ့ နိုင်ငံရေးအမြင်တွေကို ဘယ်လိုပုံသွင်းခဲ့သလဲဆိုတာကိုတော့ ဖော်ပြတာနည်းပါးလွန်းပါတယ်။ ဘာကြောင့်ပါလဲ။**

တချို့သော အများကြိုက်သိမှုပုံစံတွေနဲ့ယှဉ်ရင်တော့ ကျွန်တော်ကတော့ ဘုရားသခင်ကို နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုအတွက် အစားထိုးနိုင်တယ်လို့ တစ်ခါမှမထင်ပါဘူး။ ကျွန်တော်က နိုင်ငံရေးခေါင်းဆောင်ဖြစ်ခဲ့တာပါ။ ဘာသာရေး ခေါင်းဆောင်ဖြစ်ခဲ့တာမဟုတ်ပါဘူး။

**လူကြီးမင်းဟာ ကန်သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်နဲ့ ရောနီးနီးကပ်ကပ် လက်တွဲနိုင်ဖို့အရေးမှာ ဘာသာရေးယုံကြည်မှုကအထောက်အကူရခဲ့ပါသလား။**

ဟင့်အင်း။ အဓိကကိစ္စတစ်ခုကိုပဲ ကျွန်တော်တို့သဘောတူခဲ့တယ်။ အဲဒါကလည်း လုံခြုံရေးကိစ္စပါ။ ဘာသာရေးမဟုတ်ပါဘူး။ ၉/၁၁ ဖြစ်စဉ်စဖြစ်တော့ နယူးယောက်လမ်းတွေပေါ်မှာ အပြစ်မဲ့ပြည်သူပေါင်းသုံးထောင်ကျော် သေဆုံးတော့ အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒတစ်ခုလုံးဟာလည်း အလှည့်အပြောင်းတစ်ရပ်ကြုံခဲ့ရတယ်။ ကျွန်တော့်အတွက်လည်း အဲဒီလိုပါပဲ။ ဒီလုံခြုံရေးခြိမ်းခြောက်မှုကိုဖြေရှင်းဖို့ ကိုယ်တစ်ဦးတည်းနဲ့ မတတ်နိုင်ဘူးဆိုတာ ကျွန်တော်တို့သဘောတူခဲ့တယ်။ အန္တရာယ်ကိုတွက်ချက်ရတာလည်း ပြောင်းလဲသွားတယ်။ ဒီအမြင်ကတော့ အဲဒီကတည်းကရခဲ့ပြီး ယနေ့အထိကျွန်တော်ကိုင်စွဲထားတာပါ။ အဲဒီကလွဲရင်တော့ သမ္မတဘုရှ်နဲ့ နယ်ပယ်အတော်များများဟာ ကျွန်တော်သဘောတူညီမှုမရခဲ့ပါဘူး။ ဥပမာဆိုရရင် ရာသီဥတုပြောင်းလဲမှု၊ အရှေ့အလယ်ပိုင်းအရေးစတဲ့ကိစ္စတွေမှာ အချိန်နဲ့အမျှ သဘောတူညီမှုမရခဲ့ပါဘူး။

**ပြီးခဲ့တဲ့အပတ်က လူကြီးမင်းရဲ့ စာအုပ်ထွက်လာတော့ လူကြီးမင်းဟာလည်း အရှေ့အလယ်ပိုင်းလေးပွင့်ဆိုင်အုပ်စုရဲ့ အထူးသံတမန်အဖြစ် ဝါရှင်တန်မှာရှိနေတယ်နော်။ အိမ်ဖြူတော်မှာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်စလာတာကို မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ ဒီဆွေးနွေးမှုတွေကရော အောင်မြင်နိုင်ပါ့မလား။**

အကောင်းမြင်ဖို့တော့ အကြောင်းပြချက်တွေအများကြီးရှိပါတယ်။ သမ္မတအိုဘားမားဟာလည်း ဒီဆွေးနွေးမှုကို အမေရိကန်အတွက် မဟာဗျူဟာအရ ဦးစားပေးကိစ္စအဖြစ်လုပ်ထားတာပါ။ ညစာစားပွဲလေးတစ်ခု(အဲဒီမှာ) လုပ်ဖြစ်တော့ သူဟာ ကိစ္စကို အာရုံအပြည့်စူးစိုက်ခဲ့ပြီး ဘာတွေဖြစ်ပေါ်ဖို့လိုတယ်ဆိုတဲ့အသေးစိတ်တွေကိုပါပြောခဲ့ပါတယ်။

**အရှေ့အလယ်ပိုင်းဒေသတွင်းမှာ တိုးတက်မှုတချို့တလေကိုရော လူကြီးမင်းမြင်တွေ့ရပါပြီလား။**

အခုဆိုရင် ကျွန်တော်ဟာ ကိုယ့်ရဲ့အချိန်အများစုကို ငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်ရေးအတွက် အသုံးချနေပါတယ်။ ကျွန်တော်တို့ဟာ ပါလက်စတိုင်းအာဏာပိုင်တွေ အုပ်ချုပ်ရေးစွမ်းဆောင်ရည်မြင့်မားဖို့ကူညီနေပါတယ်။ အနောက်ဘက်ကမ်းခြေမှာ ဖြစ်ထွန်းနေမှုတွေကတော့ အံ့သြစရာပါ။ ပါလက်စတိုင်းအာဏာပိုင်တွေက လုံခြုံရေးကိုထိန်းချုပ်ပေးထားတယ်။ ဒီတော့ ရလဒ်အနေနဲ့ အစ္စရေးဘက်ကိုသွားမယ့် စစ်ဆေးရေးဂိတ်တွေဟာလည်း တော်တော်များများပွင့်လာပါတယ်။ အဲဒါရဲ့ နောက်ဆက်တွဲရလဒ်အနေနဲ့ စီးပွားရေးကလည်း တိုးတက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က နတ်ဘလူးစ်မှာ ကျွန်တော်ရှိနေခဲ့တယ်။ လွန်ခဲ့တဲ့နှစ်ကတော့ အဲဒီမှာ အလုပ်လက်မဲ့နှုန်း ၃၀ ရာခိုင်နှုန်းရှိခဲ့တယ်။ ဒီနေ့အချိန်မှာတော့ ၁၂ ရာခိုင်နှုန်းပဲရှိတော့တယ်။ ဒါတွေဟာ ကြီးမားတဲ့အပြောင်းအလဲတွေပါ။ တစ်ဖက်ကကြည့်ရင် ဂါဇာကမ်းမြောင်ဒေသကတော့ ကြီးမားတဲ့ပြဿနာတစ်ရပ်အဖြစ်ရှိနေဆဲပါ။

**သမ္မတဘုရှ်ရဲ့ အရေးအပါဆုံး မဟာမိတ်တစ်ဦးအနေနဲ့ သမိုင်းဝင်အတွေ့အကြုံတွေရခဲ့တာကို လူကြီးမင်းသတိရ လွမ်းဆွတ်မိပါသလား။ အီရတ်စစ်ပွဲကိစ္စမှာ လူကြီးမင်းရဲ့ ထောက်ခံမှုကို အပြန်အလှန် အလျော်အစားအနေနဲ့ ဘုရှ်အစိုးရဆီကနေ အရှေ့အလယ်ပိုင်းကိစ္စအတွက် (သံတမန်အဖြစ်)လုပ်ဆောင်ခွင့်ရခဲ့တယ်နော်။**

ဒါဟာမှန်ပါတယ်။ ကျွန်တော်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုပြီးကြီးကြီးမားမားတွန်းအားပေးနေချင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုကိစ္စမျိုးတွေကိုတော့ အလွယ်မလုပ်နိုင်ပါဘူး။ ကျွန်တော်တို့ ဘာတွေ သဘောတူညီမှုရခဲ့တယ်ဆိုတာမမေ့ပါနဲ့။ အားလုံးရှေ့ဆက်သွားနိုင်ဖို့ အဓိကအချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ကျွန်တော်တို့ ဖန်တီးထားတာပါ။

**နောက်ဆုံး အမေရိကန်တပ်ဖွဲ့တွေကတော့ တစ်စစီကျိုးပဲ့နေတဲ့ အီရတ်ကနေ အခုတော့ထွက်ခွာရုတ်သိမ်းခဲ့ပါပြီ။ အဲဒီ့တိုင်းပြည်ဟာ ဝရုန်းသုန်းကားဖြစ်စဉ်တွေနဲ့ ပြည်တွင်းစစ်ချောက်ကမ်းပါးထဲကို ပြန်ရောက်သွားနိုင်တယ်လို့ လူကြီးမင်းစိုးရိမ်မိပါသလား။**

ဒီအတွက်တော့ စိုးရိမ်ရမှာပဲပေါ့။ ဒါပေမဲ့ အီရတ်စစ်တပ်ဟာ စွမ်းဆောင်ရည်ပိုင်းမြင့်မားလာနေပါတယ်။ အီရတ်တွေဟာ အခုတော့ သူတို့တိုင်းပြည်ကို ပြန်လည်တည်ဆောက်ဖို့အခွင့်အရေးရခဲ့ပြီပေါ့။

**၂၀၀၃ နွေရာသီတုန်းကတော့ (အီရတ်နိုင်ငံ) ဘာဆရာမြို့ကို အလည်သွားစဉ် လူကြီးမင်းက “လူတွေဟာ တစ်ချိန်မှာ ဒီအခြေအနေ၊ ဒီပဋိပက္ခကို နောက်ပြန်လှည့်ကြည့်မိမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ရာစုနှစ်ကြီးရဲ့ အဓိကကာလတွေထဲက တစ်ခုဆိုတာ မြင်လာမှာကို ကျွန်တော်ရိုးသားစွာယုံကြည်ပါတယ်”လို့ ပြောခဲ့တယ်နော်။ အီရတ်တွေအဖို့အခု အဲသလိုယုံကြည်လို့ရနေပြီလား။**

ဘာတွေဖြစ်မယ်ဆိုတာကို ကျွန်တော်တို့စောင့်ကြည့်ရဦးမှာပါ။ ဒါပေမဲ့ ကျွန်တော်မျှော်လင့်တဲ့အတိုင်း အီရတ်ဟာ တည်ငြိမ်ပြီး တိုင်းပြည်ဟာလည်းရှေ့ဆက်တိုးတက်လာမယ်ဆိုရင် ဒီမိုကရက်တစ်အဖွဲ့အစည်းတွေဟာလည်း ခေတ်ကျပ်ကြီးတွေထဲမှာတောင် ရှေ့ဆက်တိုးတက်လာမယ်ဆိုရင် ဒါဟာ အရှေ့အလယ်ပိုင်း ဒေသအတွက်ရော အလွန်အရေးပါတဲ့ကာလတစ်ရပ်ဖြစ်လာမှာပါ။

**လူကြီးမင်း ရာထူးကထွက်ခွာစဉ်မှာ ကျန်ခဲ့တဲ့အာဖဂန်နစ္စတန်ဟာလည်း စစ်ဖြစ်နေဆဲဖြစ်ပြီး အရင်ကထက်တောင် အခြေအနေပိုဆိုးလာနေတယ်နော်။**

အာဖဂန်နဲ့ပတ်သက်လို့ ကျွန်တော်တို့မှာရှိနေတဲ့ပြဿနာက အီရတ်မှာ ဖြစ်နေသလိုပါပဲ။ အဲဒီနေရာတွေမှာ အစ္စလာမ်ဘာသာကိုတလွဲမြင်ပြီးအခြေခံထားတဲ့ (အကြမ်းဖက်ဝါဒ)လှုပ်ရှားမှုရှိနေပါတယ်။ ဒီလူတွေ(အကြမ်းဖက်ဝါဒီတွေ)ကလည်း အကြမ်းဖက်ဝါဒကိုသုံးပြီး တိုက်ပွဲဝင်ဖို့ပြင်နေကြတယ်။ အဲဒီလှုပ်ရှားမှုရဲ့ တစ်စိတ်တစ်ပိုင်းကိုတော့ အီရန်ကထောက်ပံ့နေတာပါ။ ကျွန်တော်တို့ဟာ ဒီအကြမ်းဖက်သမားတွေကိုပြန်လည်တိုက်ခိုက်ရပါမယ်။ အချိန်တွေဘယ်လောက်ကြာကြာပေါ့။

**လူကြီးမင်းဟာ အီရန်ကိစ္စကို ဘယ်လိုကိုင်တွယ်ချင်ပါသလဲ။**

ကျွန်တော် တီဟီရန်ကို ရှင်းရှင်းလင်းလင်းပြောမှာပါ။ “ခင်ဗျားတို့ဟာ နျူလက်နက်ထုတ်လုပ်နေမှုကိုရပ်တန့်ရမယ်။ ဆက်လုပ်ရင်တော့ ကျွန်တော် ခင်ဗျားတို့ကို ရပ်တန့်အောင်လုပ်မယ်”လို့ပြောထားပါတယ်။

**လူကြီးမင်းဟာ အီရန်နဲ့ စစ်တိုက်ဖို့လည်းပြင်ဆင်ခဲ့တယ်ပေါ့။**

ကျွန်တော်ကတော့ စစ်ရေးနည်းလမ်းကိုရှောင်ကြဉ်နိုင်ဖို့ ဖြစ်နိုင်သမျှအရာအားလုံးကိုလုပ်မှာပါ။ ဒါပေမဲ့ စစ်ရေးကိစ္စကိုတော့ စားပွဲဝိုင်းအပြင်မှာပဲထားပါတယ်။ တကယ်လို့ ပိတ်ဆို့မှုတွေက အလုပ်မဖြစ်ဘူးဆိုရင်တော့ ခက်ခက်ခဲခဲရွေးချယ်စရာတချို့ကို ကျွန်တော်တို့ရင်ဆိုင်ရမှာပါ။ နျူလက်နက်တပ်ဆင်ထားတဲ့အီရန်ဟာ အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို မတည်ငြိမ်အောင်လုပ်နိုင်ပါတယ်။ ဒီအန္တရာယ်ကို ကျွန်တော်တို့နားမလည်ရင် အမှားကြီးတစ်ခုကိုလုပ်မိသွားမယ်။

**လူကြီးမင်းဟာ ဗြိတိန်ဝန်ကြီးချုပ်နောက်တစ်ကြိမ်ဖြစ်ခွင့်မရတော့တာကို သတိရနေမိပါသလား။**

အချိန်နဲ့အမျှပေါ့။ ဒါပေမဲ့ ကျွန်တော်ရဲ့ဘဝသစ်ကို မြတ်နိုးပါတယ်။ တကယ်ပါ။

**ပြီးခဲ့တဲ့နှစ်ကလည်း လူကြီးမင်းဟာ ဥရောပသမဂ္ဂကောင်စီရဲ့ ဥက္ကဋ္ဌဖြစ်ဖို့ ကြိုးစားခဲ့သေးတယ်နော်။**

လူတွေကလည်း ကျွန်တော့်ကို အဲဒါလုပ်စေချင်တော့ ကျွန်တော်နှစ်ခြိုက်စွာလုပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ တစ်ချိန်မှာ နောက်ထပ်ပြည်သူ့အကျိုးဆောင်အလုပ်တစ်ခုထပ်လုပ်ရမယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။ ဥရောပမှာ အခုဆိုရင် ကြီးမားတဲ့အခွင့်အရေးတွေအများကြီးရှိနေပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအင်အားအကြီးဆုံးအဖွဲ့ကြီးပါ။ ဒီအင်အားကို ကျွန်တော်တို့ အသုံးပြုရပါမယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘာ့အင်အားချိန်ခွင်လျှာဟာ အရှေ့ဘက်ကိုရွှေ့နေတယ်။ တရုတ်၊ အိန္ဒိယနဲ့အင်ဒိုနီးရှား တို့ကိုလည်း ကျွန်တော်တို့စောင့်ကြည့် ရပါမယ်။ ဒီချိန်ခွင်လျှာကို ကျွန်တော်တို့ထိန်းညှိရမယ်။ အသေအချာလုပ်ရပါမယ်။ အဲဒါမှမဟုတ်ရင်တော့ ကျွန်တော်တို့ နောက်ကျ ကျန်နေခဲ့လိမ့်မယ်။



*—Ref: 'Spiegel Interview with Tony Blair', 6-9-10*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.27 · SEPTEMBER 23, 2010



## ထုတ်လုပ်ရေးနှစ်ခုနဲ့ စာချုပ်ထပ်ချုပ်လိုက်တဲ့ အောင်ရဲလင်း

အေးသူ

ရန်ကုန်၊

စက်တင်ဘာ-၁၃

မဟာထွန်းရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဇာတ်ကားများရိုက်ကူးရန်စာချုပ်ချုပ်ဆိုထားသော သရုပ်ဆောင်အောင်ရဲလင်းသည်ယခုလအတွင်း အခြားထုတ်လုပ်ရေးနှစ်ခုနှင့် ဇာတ်ကားများရိုက်ကူးရန် ထပ်မံစာချုပ်ချုပ်ဆိုခဲ့သည်ဟု အောင်ရဲလင်းက ပြောကြားသည်။

"ကျွန်တော် အောင်တိုင်းကျော် ထုတ်လုပ်ရေးနဲ့ ခရေဖြူ ထုတ်လုပ်ရေးနှစ်ခုအတွက် ငါးကားစီ ရိုက်ဖို့ ပေးလိုက်ပါတယ်။ နောက်လထဲမှာ စရိုက်ဖြစ် ပါတော့မယ်။ ဇာတ်လမ်းကိုလည်း သူတို့ကြိုက်တဲ့ဇာတ်လမ်းနဲ့ ကျွန်တော်ကြိုက်တဲ့ဇာတ်လမ်းတွေကို ညှိပြီး ရွေးချယ်သွားမှာပါ" ဟု အောင်ရဲလင်းကပြောသည်။

ယခုချုပ်ဆိုလိုက်သော ထုတ်လုပ်ရေး နှစ်ခုအတွက်မဟာထွန်းထုတ်လုပ်ရေးနှင့်ညှိနှိုင်းတိုင်ပင်ပြီးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မိခင်ထုတ်လုပ်ရေးဖြစ်သော မဟာထွန်းနှင့်လည်း ဇာတ်ကားများ ဆက်လက်ရိုက်ကူးမည်ဖြစ်သည်ဟု သိရသည်။ "အောင်တိုင်းကျော်နဲ့ခရေဖြူက ကိုယ့်ကိုလာကမ်းလှမ်းတော့ မဟာထွန်းနဲ့လည်းတိုင်ပင်ပြီး ရိုက်ဖြစ်ပါတယ်။ မကြည်ဖြူက ကိုယ့်ရဲ့ ဆရာရင်းလည်းဖြစ်တော့သူနဲ့ပဲ အများဆုံးတိုင်ပင်ပြီးလုပ်ဖြစ်တယ်။ အခုလိုကမ်းလှမ်းခံရတဲ့အတွက် ပျော်လည်းပျော်တယ်။ အလုပ်တွေအ များကြီးလုပ်ရတော့မှာမို့ ဝမ်းလည်းသာတယ်" ဟု ၎င်းကထပ်မံပြောကြားသည်။ အောင်ရဲလင်းသည် ယခုအခါ ဒါရိုက်တာကြည်ဖြူသျှင်ရိုက်ကူးသည့် 'ဘောက်ဆင်ချစ်သူ' ဇာတ်ကားတွင် သဥ္ဇာဝင့်ကျော်နှင့် တွဲဖက်သရုပ်ဆောင်လျက်ရှိပြီး ယင်းဇာတ်ကားပြီးပါက မိုးဟေကိုနှင့် ဆက်လက်ရိုက်ကူးသွားရန်ရှိကြောင်း သိရသည်။

တစ်ကိုယ်တော်ခွေစီစဉ်နေတာကြာပြီဖြစ်တဲ့ အဆိုတော်သဇင်နဲ့ "ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ" တစ်ကိုယ်တော်စီးရီးကို အောက်တိုဘာ ၃ရက်နေ့မှာ ထွက်တော့မယ်လို့ အသိပေးလာပါတယ်။ တစ်ကိုယ်တော်ခွေမှာ ယခင်ပုံစံနဲ့မတူတဲ့သီချင်းတွေအများစုပါဝင်နေတာကြောင့် သူမရဲ့အသံ၊ သူမရဲ့ဟန်ဆိုတာ "ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ" စီးရီးနဲ့ဖြစ်နိုင်မလားဆိုတာကို စောင့်ကြည့်နားထောင်ရင်း သုံးသပ်နိုင်တော့မှာဖြစ်ပါတယ်။

## 'ပရိသတ်တွေရင်ထဲမှာ ခံစားချက်လေးတစ်ခုခုတော့ ကျန်ခဲ့မယ်လို့ထင်ပါတယ်'

### သဇင်နှင့်တွေ့ဆုံခြင်း



ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

အေးသူ

**တစ်ကိုယ်တော်စီးရီးခေါင်းစဉ်ကို "ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ"လို့ ဘာကြောင့် ပေးဖြစ်ခဲ့တာပါလဲ။**

'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ'သီချင်းအကြောင်းကို အခုမှပြောပြတာပါ။ ဒီသီချင်းကို အဓိကရွေးချယ်တာကတော့ အမေသီချင်းဖြစ်နေလို့ပါ။ သမီးတို့အရွယ်နဲ့ နည်းနည်းငယ်တဲ့ကလေးအရွယ်တွေက မိဘမေတ္တာကိုသိတော့သိတယ်။ ဒါပေမဲ့ အရမ်းကြီးနားမလည်ကြသေးဘူး။ သမီးတို့သိတဲ့အသိလေးကို ရေးချင်တယ်။ သမီးကိုယ်တိုင်က မေမေလို့ခေါ်တဲ့အတွက် အသုံးအနှုန်းကိုလည်း မေမေလို့ပဲသုံးချင်တယ်လို့ ဦးစိုးလင်းကိုတိုင်ပင်တယ်။ သီချင်းပုံစံကိုလည်း သမားရိုးကျသီချင်းအေးအေးလေး မဟုတ်ဘဲ အမေသီချင်းကို အမြူးလေးနဲ့သွားချင်လို့။ 'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ'ဆိုတော့ သူ့ထက်မြင့်တာ ဘာမှမရှိတော့ဘူး။ အဖေကတော့ တစ်ကဏ္ဍပါတာပေါ့။ အဓိကက အမေက ကိုယ့်ကိုမွေးထုတ်ထားတာဆိုတော့ အဲဒါကိုရွေးဖြစ်သွားတာပါ။

**စီစဉ်ချိန်ကြာသွားတော့ သီချင်းရွေးချယ်မှုအပိုင်းမှာ ခေတ်နဲ့လျော်ညီတဲ့သီချင်းဖြစ်ဖို့ ဘယ်လိုပြန်ချိန်ညှိရလဲ။**

စီစဉ်တာကြာသွားတော့ သမီးလက်ထဲမှာ သီချင်းတွေ အများကြီးစုမိသွားတယ်။ ရွေးရတာလည်း တော်တော်များသွားတယ်။

စာ(၄၅)သို့

## ကယ်လီဖိုးနီးယားပြည်နယ်ခရီးသွားသံတမန်အဖြစ်ခန့်အပ်ခံရတဲ့ လီဗျောင်ဟွန်း



ဆိုးလ် - စက်တင်ဘာ ၁၅

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ GI Joe ကားဖြင့် နေရာတစ်နေရာရရှိထားပြီဖြစ်သော တောင်ကိုရီးယားမင်းသားလီဗျောင်ဟွန်းကို ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအာနိုးက ပြည်နယ်ခရီးသွားသံတမန်အဖြစ်ခန့်အပ်လိုက်ကြောင်း ကေဘီအက်စ်သတင်းဌာနတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယား ပြည်နယ်၏ခရီးသွားသံအမတ်အဖြစ်ခန့်အပ်လွှာကိုယခုလ၁၅ရက်နေ့က ဂျေဒဗလျူမာရီးယော့ဟိုတယ်တွင်ကျင်းပသောအခမ်းအနားတစ်ရပ်၌ အာနိုးကလီအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ခရီးသွားသံတမန်အဖြစ်ခန့်အပ်ရခြင်းမှာလီအနေနှင့်အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၏ အလှအပများ၊ ဆွဲဆောင်မှုများကို တောင်ကိုရီးယားခရီးသွားများ သိရှိအောင်စွမ်းဆောင်ပေးနိုင်ရန် ခန့်အပ်ခြင်းဖြစ်ကြောင်း သိရသည်။ ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအာနိုးသည် တောင်ကိုရီးယားနိုင်ငံသို့အလည်အပတ်ရောက်ရှိနေစဉ်အတွင်း လီနှင့်တွေ့ဆုံကာသံအမတ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယင်းနှင့်ပတ်သက်၍လည်း တောင်ကိုရီးယား၏ဩဇာလွှမ်းမိုးမှုအရှိဆုံးအနုပညာရှင်ဖြစ်သည့်လီကို ခရီးသွားသံတမန်အဖြစ် ခန့်အပ်နိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပြောကြားသွားခဲ့သည်။

Ref; KBS

## ပင်နီလုပ်ခရုဇ် ကိုယ်ဝန်ကြောင့် Pirates of Caribbean ဇာတ်ကားသစ် ရိုက်ကူးရေး နှောင့်နှေးဖွယ်ရှိ

လော့စ်အိန်ဂျလိစ်၊

စက်တင်ဘာ - ၁၅

စပိန်နာမည်ကျော် မင်းသမီး ပင်နီလုပ်ခရုဇ်သည် ပြီးခဲ့သည့် အင်္ဂါနေ့က ကိုယ်ဝန်လေးလလွယ်ထားရကြောင်း သတင်းထုတ်ပြန်ခဲ့သဖြင့် သူမပါဝင်ရိုက်ကူးနေသော Pirates of the Caribbean: On Stranger Tides ဇာတ်ကားသစ်ရိုက်ကူးရေးကိစ္စမှာ နှောင့်နှေးဖွယ် ရှိနေကြောင်း သိရသည်။ မင်းသမီးပင်နီလုပ်သည် ခင်ပွန်းသည် သရုပ်ဆောင်မင်းသား ဂျာဗီးယားဘာဒင်မ်နှင့် သူမ၏ ပထမဆုံးကလေးကို အောင်မြင်စွာမွေးဖွားပေးနိုင်ရန် မျှော်လင့်နေသည်။

အမေရိကန် Life & Style မဂ္ဂဇင်း၏ အဆိုအရလည်း Pirates ဇာတ်ကား၏ ထုတ်လုပ်သူများကလည်း မင်းသမီး၏ ကိုယ်ဝန်ကြောင့် ဇာတ်ကားရိုက်ကူးရေးအစီအစဉ်များ ပျက်ယွင်းမည်ကို ပူပန်နေကြောင်းဆိုသည်။

နီးစပ်သူတစ်ဦးက "ရုပ်ရှင် ကုမ္ပဏီဘက်ကတော့ မင်းသမီးရဲ့ ကိုယ်ဝန်ကိစ္စကြောင့် ရိုက်ကူးရေးအစီအစဉ်တွေ ရွှေ့ရမှာ ပူပန်နေပါတယ်။ ဒါပေမဲ့ တချို့အခန်းတွေကိုတော့ ပြီးစီးအောင်ရိုက်မှာပါ" ဟုပြောသည်။ မင်းသမီးချော ပင်နီလုပ်သည် ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ အထူးလျှို့ဝှက်တတ်သူဖြစ်ပြီး အသက် ၄၁ နှစ်အရွယ်ရှိ မင်းသားဂျာဗီးယားနှင့် ပြီးခဲ့သည့် ဇူလိုင်လအစောပိုင်းကမှ ဘဟားမားစ်ကျွန်းတွင် သီးသန့်အခမ်းအနားဖြင့် လက်ထပ်ခဲ့သူဖြစ်သည်။

—Ref: Showbizspy



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## နှာခေါင်းရှုံ့ခဲ့ကြသည့်လေဒီဂါဂါ၏အသားဝတ်စုံ



ပေါ့ပ်ဂီတလောကတွင် လောလောဆယ်၌ လူကြိုက်အများဆုံးဖြစ်နေသူ လေဒီဂါဂါသည် ဗီဒီယိုမြူးဇစ်ဆုပေးပွဲ(VMA)တွင်အများထက်ထူးခြားသော 'အသားဝတ်စုံ'ကို ဝတ်ဆင်ခဲ့၍ လူအများအပြားက နှာခေါင်းရှုံ့ခဲ့ကြကြောင်း သိရသည်။

အထူးသဖြင့် တိရစ္ဆာန်များ၏ အခွင့်အရေးကာကွယ်ကာကွယ်ရေးအုပ်စု(PETA)က ၎င်း၏ ဝတ်စုံရွေးချယ်မှုကို ရှုတ်ချပြောဆိုခဲ့ပြီး VMA အခမ်းအနားအပြီး နောက်တစ်ရက်မှာပင် "တီဗီမီးရောင်တွေအောက်မှာ အဲသလောက် အချိန်ကြာကြာနေလိုက်ရင် အသားပုပ်နံ့ ထွက်နေလောက်ပါတယ်။ အသားတွေပုပ်ပြီး ပိုးဟပ်တွေ၊ လောက်တွေတက်လာလောက်ပါတယ်"ဟု ရှုတ်ချပြောဆိုခဲ့သည်။

လေဒီဂါဂါကမူ မည်သူ့ကိုမှ မလေးမစားလုပ်ခြင်းမဟုတ်ကြောင်း သူမသည်လည်း ကမ္ဘာပေါ်တွင် သူတစ်ပါးအပေါ် အဆုံးအဖြတ်ပေးမှုအကောင်းဆုံးလူသားတစ်ဦးဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။ —Ref: Seattleepi

## မိခင်ဘဝကို သဘောကျနေတဲ့ ကေတီဟုမ်း



**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ – ၁၅**

ဟောလိဝုဒ်မင်းသမီး ကေတီဟုမ်းက သူမသည် မိခင်ဘဝကို သဘောကျမိသော်လည်း တစ်ခါတစ်ရံငြီးငွေ့နိုင်ကြောင်းဝန်ခံလိုက်သည်။ ခင်ပွန်းသည်တွမ်ခရုဇ်နှင့်အတူ ချစ်စရာသမီးငယ် ဆူရီ(၄နှစ်)ကို ထိန်းကျောင်းနေသည့် မင်းသမီးက "ဒီအရွယ်မှာတော့ သူတို့ကို ထိန်းသိမ်းဖို့လုပ်ရင်း အလုပ်ရှုပ်နေတာပါပဲ။ မိခင်ဘဝနဲ့ ပတ်သက်လို့ကတော့ အားလုံးကောင်းပါတယ်။ အိပ်မက်ဆန်တယ်။ ဘဝမှာ အံ့သြစရာ အကောင်းဆုံးအချိန်ပေါ့။ ဆူရီဟာ အကူအညီလည်းရပြီး သိပ်ချစ်စရာကောင်းပါတယ်။ သူက သီချင်းဆိုရတာ၊ ကရတာကိုကြိုက်တယ်" ဟုပြောသည်။

သို့သော် ကေတီဟုမ်းက ၎င်းတို့ ဇနီးမောင်နှံသည် ဆူရီအား မိဘများကဲ့သို့ နာမည်ကြီးသရုပ်ဆောင်ဖြစ်လာရန်ကိုမူတွန်းအားပေးမည်မဟုတ်ကြောင်း ငြင်းဆန်ခဲ့သည်။ "သူ့အတွက် ကျွန်မလိုချင်တာကတော့သူဖြစ်ချင်တဲ့အတိုင်းပဲ လုပ်နိုင်ဖို့ပါ။ တွမ်နဲ့ကျွန်မလည်း သူ့ကိုအမြဲအားပေးသွားမှာပါ။ ဒါပေမဲ့ သူဘာဖြစ်လာမယ်ဆိုတာ တွေးကြည့်ဖို့တောင်စောလွန်းပါသေးတယ်"ဟုပြောသည်။ —Ref: Showbizspy






ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

## အိမ့်ချစ် သီချင်းရေးနေပြီ

အေးသူ

**ရန်ကုန်၊ စက်တင်ဘာ- ၁၅**

တေးသီချင်းသီဆိုမှုအပြင် တေးရေးဘက်ကိုပါကူးပြောင်းလာသည့် အဆိုတော်အိမ့်ချစ်သည် သူမ Featuring သီဆိုထားသော 'နှုတ်မဆက်ချင်ဘူး'အပြင်ချမ်းအေးဝင်းနှင့်သီဆိုထားသည့် 'တစ်မျိုးကြီး' သီချင်းများမှာလူငယ်ကြားရေပန်းစားလျက်ရှိပြီး သဇင်၊ ဂျင်းနီတို့အတွက် တေးသီချင်းများရေးပေးဖြစ်ကြောင်း ပြောသည်။

အသက်ငယ်ရွယ်သူဖြစ်သော်လည်းသဇင်၏တစ်ကိုယ်တော်ခွေတွင်သူမပါဝင်ရေးသားဖြစ်ပုံကိုမေးမြန်းရာ "သီချင်းရေးတဲ့အတွေ့အကြုံကတော့ ဘာမှမရှိသေးပါဘူး။ ကိုယ့်စိတ်ထဲမှာ ရေးချင်နေတဲ့စိတ်ဖြစ်လာတဲ့အချိန်ကျတော့ရေးဖြစ်သွားတာပေါ့။ရေးကြည့်ထားတဲ့သီချင်းလေးတွေကို မသဇင်နဲ့ စကားစမိတော့ သီချင်းတွေပြခိုင်းလို့ ၃ ပုဒ်ပြဖြစ်တယ်။ မကြိုက်ရင်ရတယ်လို့လည်းပြောပါတယ်။ ဒါပေမဲ့ မသဇင်က သုံးပုဒ်လုံးကိုကြိုက်တယ်ဆိုတော့ ညီမအရမ်းပျော်သွားပါတယ်" ဟု အိမ့်ချစ်က ပြောသည်။

အိမ့်ချစ်ရေးသားထားသည့် ၁၆ နှစ်အချစ်၊ စိတ်ကူးချစ်သူနှင့် ဂစ်တာသံလေးသုံးပုဒ်ကို သဇင်၏တစ်ကိုယ်တော်ခွေတွင် ထည့်သွင်းထားသည်။ ထို့ပြင် 9 Night 2 အခွေတွင် ထည့်သွင်းရန်စီစဉ်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပါဝင်ဖြစ်ခဲ့သည့် ချမ်းအေးဝင်းနှင့် တွဲဖက်သီဆိုထားသည့် 'တစ်မျိုးကြီး' သီချင်းမှာ လည်း အင်တာနက်ကတစ်ဆင့် ပျံ့နှံ့နေပြီး လူငယ်တွေကြား အားပေးမှုကို ရရှိနေသည်။

# စာ – ၄၃၊ သဇင်နှင့်တွေ့ဆုံခြင်းမှ

အရင်က ကြိုက်တဲ့ပုံစံနဲ့ ခုကြိုက်တဲ့ ပုံစံမတူနိုင်ဘူး။ သမီးကိုယ်တိုင်က လည်း တစ်ခွေလုံးမှာ မိန်းကလေး နဲ့လိုက်ဖက်မယ့်ပုံစံမျိုး ဥပမာ- ရှိုးမှာ ဆိုလို့ရမယ့်ပုံစံလေးတွေပါ မယ်။ အော်လ်တာတို့၊ ရော့ခ်တို့ ဆိုလည်း အစစ်ကြီးမဟုတ်ဘူး။ သမီးဆိုပန့်ခ်ကိုအရမ်းကြိုက်တယ်။ ဒါပေမဲ့ ကိုယ်နဲ့မလိုက်တော့ ပါ တယ် ဆိုရုံလေး၊ ပါးပါးလေး မိန်းက လေးနဲ့လိုက်မယ့်ပုံစံလေးကို တေး ရေးဆရာနဲ့တိုင်ပင်ပြီးတော့ဆို တယ်။ အသံကိုလည်း အန်တီခင် မြတ်နွယ်က ဂိုက်လုပ်ပေးတယ်။ တစ်ခွေလုံးကို နားထောင်ကြည့် လိုက်ရင် မပျင်းရအောင်တော့ ကြိုးစားထားပါတယ်။

**ဒီခွေထဲမှာ ဦးနောက်အစားဆုံးသီချင်းဆိုရင် ဘယ်သီချင်းတွေဖြစ်မလဲ။**

နှစ်ပုဒ်ရှိတယ်။ 'ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ'နဲ့ ဦးမင်းချစ်သူရေးတဲ့ 'အချစ်တံတိုင်း'။ မိုင်လီဆိုင်းရပ်စ်ရဲ့သီချင်းကို ပြန်ရေးထားတာ။ သီချင်းပုံစံက သမီးဆိုနေကျပုံစံမျိုးမဟုတ်ဘူး။ အရမ်းခက်တယ်။ ကိုယ်ကတော့ နားထောင်နေကျဆိုတော့ သိပ်မခက်ဘူးထင်တာ။ ပထမဆုံးအသံသွင်းတော့ကောင်းတယ်လို့ထင်တယ်။ ဒါပေမဲ့ နည်းနည်းကြာလို့ ပြန်နားထောင်ကြည့်တော့ လိုနေတာတွေတွေ့လို့ နောက်တစ်ခေါက်ထပ်သွင်းရတယ်။

**ဒီစီးရီးအပေါ်မှာ ပရိသတ်တွေကို ဘယ်လိုအာမခံချက်မျိုးတွေပေးနိုင်မလဲ။**

ပရိသတ်တွေရင်ထဲမှာ ခံစားချက်လေးတစ်ခုခုတော့ကျန်ခဲ့မယ်လို့ သမီးထင်ပါတယ်။ ဒီအခွေကို သမီးအရမ်းကြိုးစားထားတယ်။ တကယ့်ကို ချွေးနဲ့လုပ်ထားရတဲ့ အတွက် ပရိသတ်အားပေးမှုကို ရမယ်လို့ သမီးယုံကြည်ပါတယ်။

**သဇင် ဒါမျိုးဆိုတတ်ပါလားလို့ သတိပြုသွားမယ့် သီချင်း ဘယ်နပုဒ်လောက်ပါမလဲ။**

ဦးမင်းချစ်သူရေးတဲ့ အချစ်တံတိုင်း၊ ချစ်တာကို၊ နောက် ထိပ်ဆုံးရဲ့ထိပ်ဆုံးမှာ၊ ၁၆နှစ်အချစ် သီချင်းတွေပေါ့။ ၁၆နှစ်အချစ်ဆို သံစဉ်က တန်းသလိုလိုနဲ့ အလိမ်လေးတွေပါတယ်။ နည်းနည်းလေးခက်တယ်။ ဒီယံရေးတဲ့ 'မိုးလင်းတိုင်း' သီချင်းလေးကျတော့ သမီးဆိုနေကျ သမားရိုးကျပုံစံမဟုတ်ဘဲ လုပ်ဆိုတဲ့နေရာလေးတွေပါတယ်။ 'အချစ်တံတိုင်း' ကျတော့ ကီးအမြင့်ကြီးတွေပါတယ်။ 'ချစ်တာကို' ကျတော့ တရုတ်သီချင်း နားထောင်ကြည့်တာမခက်ဘူးထင်တာ။ ဆိုကြည့်တော့ အရမ်းခက်တယ်။ ဟာမိုနီလုံး၀ မပါဘူး။

**ဒီအခွေမှာ ပရိသတ်ကို ရွှေဆုတွေ ဖောက်ပေးမယ်ဆိုတဲ့ အစီအစဉ်လည်းရှိတော့ အခွေက ပြန်ရလာမယ် ့ အကျိုးအမြတ်ကို ဘယ်လောက်ထိများ မျှော်လင့်ထားသလဲ။**

သမီးတို့ အနုပညာရှင်တွေအကုန်လုံးဟာ တကယ်ဝါသနာပါပြီး လေ့လာတယ်။ လုပ်ကြတယ်။ ကိုယ်လုပ်တဲ့အလုပ်ကို အောင်မြင်ချင်ကြတာချည်းပဲ။ ဖြစ်ဖို့ဆိုတာကလည်း ပရိသတ် အသိအမှတ်ပြုဖို့ကံရယ်၊ စန်းရယ် ပေါင်းဆုံရင်တော့ဖြစ်သွားမှာပေါ့။ အဓိကက ဘုရားကိုပဲ အားကိုးပါတယ်။

**ဗီဒီယို၊ ရုပ်ရှင်ဘက်မှာ အရင်က လှုပ်ရှားမှုရှိခဲ့ပြီး ခုနောက်ပိုင်း ကားရိုက်ကျဲသွားတာက ဘာကြောင့်လဲ။**

ဗီဒီယိုဘက်ကို ရပ်လိုက်တာက သီချင်းတွေစလုပ်ချိန်ကပါ။ အခွေကို တစ်စိုက်မတ်မတ်လုပ်ချင်တာ။ သမီးက မောင်နှမမရှိဘူး။ မေမေတို့က အကုန်ပံ့ပိုးပေးတယ်ဆိုပေမယ့် အနုပညာအသိုင်းအဝိုင်းက မဟုတ်ဘူးလေ။ ကိုယ်ကိုယ်တိုင် အကုန်လိုက်လုပ်ရတော့ ဟိုဘက်ကို နားမှပဲဖြစ်မှာမို့လို့ပါ။ ဗီစီဒီခွေရိုက်တဲ့အထိ နားထားဦးမှာပဲ။ ကြားထဲမှာ ကြော်ငြာတွေ ဘာတွေရိုက်ဖြစ်တယ်။

**ဗီစီဒီခွေကို ဘယ်တော့လောက် စရိုက်မလဲ။**

တစ်ပုဒ်ကတော့ အပြည့်အစုံရိုက်ပြီးသွားပြီ။ သမီး အမေရိက သွားတုန်းက ရိုက်လာတာ။ ဒီဇင်ဘာလောက်ရိုက်ဖြစ်မယ်။ '၁၆ နှစ်အချစ်'သီချင်းဆိုရင် မဇာကြီး (မေသဥ္ဇာဦး)ကို ၁၆ နှစ်လုပ်ဖို့ စဉ်းစားထားတယ်။(ရယ်လျက်)

**ဒီနှစ်ထဲမှာ ပြည်ပခရီးတွေအနေနဲ့ ဘယ်သွားဖို့ရှိပါသလဲ။**

အခု ၁၈ ရက်နေ့ ကိုရီးယားသွားရမယ်။ ၂၅ ရက်နေ့ ပြန်ရောက်မယ်။ ပြီးရင် ဒီအခွေထွက်မယ်။ ၁၀ လပိုင်း ၁၃ရက်၊ ဒါမှမဟုတ် ၁၅ရက်မှာ ဩစတြေးလျ သွားမယ်။

**မိန်းကလေးအဖွဲ့တွေ ထပ်မံပေါ်ပေါက်လာတဲ့အပေါ် ညီမအမြင်လေးသိပါရစေ။**

သမီးကတော့ ဝမ်းသာပါတယ်။ နောက်ပိုင်း ဂရု(ပ်)ခွေလေးတွေမှာ ညီညီလေးတွေတွေ့ရတာကောင်းတယ်။ သမီးတို့တုန်းကဆိုလည်း ကြည့်လိုက်ရင် ညီညီလေးနဲ့ ယူနီဖောင်းဖြစ်နေတာမျိုးပေါ့။ ကြည့်လိုက်ရင် အရမ်းမိုက်တယ်။ သမီးစိတ်ထဲမှာ သူတို့ကိုဖြစ်လည်းဖြစ်စေချင်တယ်။ သေချာလေး ဂရုတစိုက်နဲ့ လုပ်ကြစေချင်တယ်။



## အနုပညာသတင်းတိုများ

**အေးသူ**

■ဂျပန်စာရေးဆရာကြီး Mr.Atsumi Oda ရေးသားပြီး ဆရာရဲမြလွင် မြန်မာဘာသာပြန်ဆိုရေးသားသော 'သေမင်းနှင့်လက်တစ်ကမ်းအလို'စာအုပ် ဒုတိယအကြိမ်ထုတ်ဝေခြင်းအထိမ်းအမှတ်ညှော့ခံပွဲကို စက်တင်ဘာလ ၁၈ ရက်က စီးတီးစတားဟိုတယ်တွင်ကျင်းပခဲ့ကြောင်း သိရသည်။

■မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရန်ပုံငွေအဖြစ် အောက်တိုဘာလ ၁၆ ရက်နှင့် ၁၇ရက်တို့တွင် ရုပ်ရှင်ဂီတပဒေသာဖျော်ဖြေပွဲနှင့် King & Queen မော်ဒယ်ရှိုးပွဲတို့ကို အမျိုးသားအားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

■လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်ပြီး နေတိုး၊ မယ်လိုဒီ၊ မိုးယုစံနှင့် ပိုးဝတ်မှုံတို့အဓိကသရုပ်ဆောင်ထားသော 'စိတ်ရဲ့မာယာ' ဒီဗီဒီဇာတ်ကားအထူးပွဲကို စက်တင်ဘာ ၁၈ ရက်နေ့က ရွှေမန်းရုပ်ရှင်ရုံတွင် ပြသခဲ့သည်။

■Sky Int'l မော်ဒယ်အေဂျင်စီက ဦးစီးကျင်းပမည့် 'The Romantic Wedding Fair 2010' ကို ဆီဒိုးနားဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကိုစက်တင်ဘာလ ၁၆ ရက်က စီးတီးစတားဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

## ဇာတ်ကား ၃၀ ရိုက်ကူးရန် စာချုပ်ချုပ်လိုက်တဲ့ မြတ်သူအောင်

အေးသူ

ရန်ကုန်၊ စက်တင်ဘာ-၁၃

သုခမိန်ထုတ်လုပ်ရေးဖြင့် ဇာတ် ကားနှစ်ကားရိုက်ကူးပြီးနောက် သရုပ်ဆောင်မြတ်သူအောင်သည် ယင်းထုတ်လုပ်ရေးဖြင့် ကားသုံးဆယ်ရိုက်ကူးရန် စာချုပ်ချုပ်ဆိုလိုက်ကြောင်း ယင်းကပြောသည်။

"သုခမိန်ထုတ်လုပ်ရေးနဲ့က စာချုပ်မချုပ်ခင် ချစ်သုဝေနဲ့တစ်ကား၊ မိုးယုစံ၊ နိုဘယ်လ်ကျော်ကျော်တို့နဲ့ တစ်ကားရိုက်ခဲ့ပါတယ်။ အခုကားသုံးဆယ်စာချုပ်ချုပ်လိုက်ပါတယ်။ သုခမိန်နဲ့ ကျွန်တော့်ရဲ့မိသားစုကခင်မင်ကြပြီးတော့ ကျွန်တော့်ကိုလည်း သူတို့ယုံကြည်လို့လက်တွဲဖြစ်ကြတာပါ။ လောလောဆယ်တော့ သုခမိန်နဲ့သုံးကားမြောက် 'ဥယျာဉ်မရှိပေမယ့် မြေကြီးရှိတယ်' ကားကို ခိုင်သင်းကြည်၊ မိုးယုစံတို့နဲ့ ရိုက်နေပါတယ်" ဟု မြတ်သူအောင်ကပြောသည်။ မြတ်သူအောင်သည် တစ် ကိုယ်တော်စီးရီးထွက်ရှိရန်လည်း စီစဉ်နေပြီး လတ်တလောတွင် ဘိုင်အိုဂျက်စစ်ဆေးကြော်ငြာ၊ ဂျေဒိုးနပ်မုန့်ကြော်ငြာတို့ဖြင့် ပရိသတ်သတိထားမှုရရှိထားသည်။

## ထောင်ဒဏ်ချမှတ်ခံရခြင်းအတွက် ဂျော့ချ်မိုက်ကယ် ဝမ်းနည်းစွာငိုကြွေး

**လန်ဒန်၊ စက်တင်ဘာ – ၁၅**

ဗြိတိန်အဆိုတော်ကြီး ဂျော့ချ်မိုက်ကယ်သည် မူးယစ်ဆေးသုံးစွဲပြီး မဆင်မခြင် ယာဉ်မောင်းနှင်မှုကြောင့် ယင်းအား လန်ဒန်ရှိဟိုက်ဘူရီကော်နာ တရားရုံးက ထောင်ဒဏ်ရှစ်ပတ် (နှစ်လခန့်) ကျခံစေရန်အမိန့်ချလိုက်ရာ ကလေးငယ်တစ်ဦးကဲ့သို့ပင် ဝမ်းနည်းစွာ ငိုကြွေးခဲ့သည်ဟု ဆိုသည်။ ဂျော့ချ်သည် ယင်း၏ ထောင်ဒဏ်ကို လန်ဒန်ရှိပန်တန်ဗီးလ်အကျဉ်းထောင်တွင်ကျခံရမည်ဖြစ်သည်။

ယင်း၏ ထောင်ကျအခန်းဖော် ရစ်ချတ်ဟေးဆိုသူ အကျဉ်းသားကလည်း "ကျွန်တော် အရှေ့မှာရှိနေတာ ဂျော့ချ်မိုက်ကယ်လားဆိုတာကို မယုံနိုင်အောင် ဖြစ်ခဲ့ရတယ်။ အခန်းထဲဝင်လာပြီး သူ့နောက်ကနေအချုပ်ခန်းတံခါးပိတ်လိုက်ချိန်မှာတော့ သူဘာလုပ်ရမယ် မသိဘူး။ သူဟာ ဒီလိုဖြစ်ရတာမယုံနိုင်ဘူးလို့ပြောပြီး ငိုကြွေးပါတယ်။ ကောင်လေးတစ်ယောက်လို ဝမ်းနည်းပန်းနည်းငိုနေတာပါ" ဟု ဗြိတိန်ဒေးလ်လီးမေးရာ သတင်းစာသို့ပြောသည်။ ဂျော့ချ်မိုက်ကယ်သည် ပြီးခဲ့သည့် ဇူလိုင်လ ၄ ရက်က လန်ဒန်မြောက်ပိုင်း ဟမ်းစတိဒ်အရပ်ရှိ ဓာတ်ပုံဆိုင်တစ်ဆိုင်ကို ကားဖြင့်တိုက်မိခဲ့ခြင်းဖြစ်သည်။ တရားရုံးတွင် ဂျော့ချ်၏ ရှေ့နေက အမှုကို ဝန်ခံခဲ့ပြီးဂျော့ချ်သည် ထိုညဖြစ်စဉ်အပါအဝင် မူးယစ်ဆေးသုံးစွဲမှုများအပေါ် အနည်းငယ်သာမှတ်မိတော့ကြောင်း ဆိုခဲ့သည်။

အသက် ၄၇ နှစ်အရွယ်ရှိ အဆိုတော်ဂျော့ချ်မိုက်ကယ်သည် ယခင်ကလည်း မူးယစ်ဆေးမှုနှင့် စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုများကြောင့် ငါးကြိမ်ခန့်အဖမ်းခံခဲ့ရဖူးသည်။ —Ref: Showbiz

## TOP 10 MOVIES IN AMERICA


ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Resident Evil: Afterlife | Sony Pic. | ၂၇,၇၀၀,၀၀၀ | ၁ |
| ၂။ | Takers | Sony Pic. | ၄၈,၁၀၅,၀၀၀ | ၃ |
| ၃။ | The American | Focus Featuers | ၂၆,၇၃၁,၀၀၀ | ၂ |
| ၄။ | Machete | 20th Century Fox | ၂၀,၈၂၂,၀၀၀ | ၂ |
| ၅။ | Going the Distance | Warner Bros. Pic. | ၁၄,၀၀၀,၀၀၀ | ၂ |
| ၆။ | The Other Guys | Sony Pic. | ၁၁၂,၆၉၄,၀၀၀ | ၆ |
| ၇။ | The Last Exorcism | Lionsgate | ၃၈,၁၉၀,၀၀၀ | ၃ |
| ၈။ | The Expendables | Lionsgate | ၉၈,၄၉၀,၀၀၀ | ၅ |
| ၉။ | Inception | Warner Bros. Pic. | ၂၈၂,၄၂၅,၀၀၀ | ၉ |
| ၁၀။ | Eat Pray Love | Sony Pic. | ၇၄,၆၃၃,၀၀၀ | ၆ |

## Movie Review

### The Social Network

၂၀၀၃ ခုနှစ် ဆောင်းရာသီ ညတစ်ညတွင် ဟားဗတ်တက္ကသိုလ်ကျောင်းသား၊ ကွန်ပျူတာ ပရိုဂရမ်ပါရမီရှင်မာ့ခ်ဇက်ကာဘာ့ဂ်တစ်ယောက် စိတ်ကူးသစ်တစ်ခုကို အားတက်သရော အကောင်အထည်ဖော်သည်။ မာ့ခ်က ဘလော့ဂ်များတွင် ဝင်ရောက်ကြည့်ရှုဆက်သွယ်ပြီး ပရိုဂရမ်များရေးဆွဲသည်။ တက္ကသိုလ်ကျောင်းသားအဆောင်မှ စတင်ခဲ့သောဇာတ်လမ်းမှာ ခြောက်နှစ်အကြာတွင် ကမ္ဘာလုံးဆိုင်ရာလူမှုရေးကွန်ရက်ဖြစ်လာကာ မာ့ခ်ဇက်ကာ




ဘာ့ဂ်သည်လည်း ကမ္ဘာ့အသက်အငယ်ဆုံးဘီလျံနာဖြစ်လာခဲ့သည်။ သို့သော် မာ့ခ်သည် အိုင်ဒီယာများခိုးယူသည်ဟုစွပ်စွဲခံရပြီး တရားစွဲဆိုမှုများလည်း ကြုံတွေ့ရပါသည်။

ဖေ့စ်ဘွတ်လူမှုရေးဝက်ဘ်ဆိုက် တည်ထောင်သူအကြောင်းခြေရာကောက် ဇာတ်လမ်းဆင်ထားသောဇာတ်ကားတွင် Jesse Eisenberg, Justin Timberlake, Andrew Garfield တို့ပါဝင်သရုပ်ဆောင်ထားပြီး David Fincher က ရိုက်ကူးထားသည်။ Colombia Pic. က အောက်တိုဘာလ ၁ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.27 • SEPTEMBER 23, 2010

## မြန်မာနေရှင်နယ်လီဂ်တွင် ယှဉ်ပြိုင်ခွင့်ရရန် အသင်းသစ်သုံးသင်း အဆိုပြု

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၁၈**

၂၀၁၁ မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန်အတွက် အသင်းသစ်သုံးသင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)သို့ အဆိုပြုလွှာ တင်သွင်းထားကြောင်း သတင်းရရှိသည်။

"လာမယ့် ဘောလုံးရာသီမှာ မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲဝင်ဖို့ အဆိုပြုထားတဲ့ အသင်းသုံးသင်း ရှိပါတယ်။ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ အမ်အင်န်အယ်လ်ပြိုင်ပွဲဝင်မယ့်အသင်းတွေအတွက်သတ်မှတ်ချက်တွေရှိပါတယ်။ အသင်းသစ်တွေဆီကနေ အသေးစိတ်အချက်တွေရရင် သတ်မှတ်ထားတဲ့အချက်တွေနဲ့ ညီမညီစစ်ဆေးပြီး အဖွဲ့ချုပ်က နေခွင့်ပြုသင့်မပြုသင့်ဆုံးဖြတ်သွားမှာပါ" ဟု ယခုလ ၇ ရက်က ပြုလုပ်ခဲ့သော ရက္ခပူရအသင်း၏ စပွန်ဆာစာချုပ်ဆိုပွဲတွင် (MFF)၏ အမှုဆောင်အရာရှိချုပ်ဦးသန်းဇော်က ပြောသည်။

ထို့အပြင် မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည့် ကလပ်အသင်းအား ရွေးချယ်မှုသည် ဘောလုံးအဖွဲ့ချုပ်၏ လုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘောလုံးအသင်းများ ထူထောင်လာခြင်းကို အပြည့်အဝအားပေးပါကြောင်းနှင့်လိုအပ်သည့် အကူအညီများအားလုံးကို အဖွဲ့ချုပ်အနေဖြင့် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း MFF ၏ အမှုဆောင်အရာရှိချုပ်က ဆက်လက်ပြောကြားသည်။

ထပ်မံလျှောက်ထားသည့် အသင်းသစ်များတွင် ရခိုင်ဒေသကို ကိုယ်စားပြုဖွဲ့စည်းထားသည့် ရက္ခပူရယူနိုက်တက်အသင်း ပါဝင်သော်လည်း ကျန်နှစ်သင်း၏ အမည်များကိုမူ ဦးသန်းဇော်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

၂၀၀၈ ခုနှစ်မှစတင်၍ ဘောလုံးကလပ်အသင်း ၈ သင်းဖြင့် စတင်ခဲ့သော မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲသည် ယခုနှစ် ၂၀၁၀ တွင် အသင်းပေါင်း ၁၁ သင်းအထိ ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီဖြစ်သည်။



မြန်မာနေရှင်နယ်လီဂ်တွင် ရတနာပုံနှင့်ဒဲလ်တာအသင်းတို့ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ – အောင်အောင်

## ထိုင်းတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာဝင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

အာရှနိုင်ငံပေါင်း ၂၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲအား ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အမျိုးသားလေးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်းအားကစားသမားရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟုသိရသည်။

ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် (အမျိုးသား) မီတာ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀၊ ၁၀၀၀၀ ပြိုင်ပွဲများတွင်လည်းကောင်း၊ (အမျိုးသမီး)မီတာ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀၊ ၁၀၀၀၀ နှင့် ၂၀ ကီလိုလမ်းလျှောက်ပြိုင်ပွဲများတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ဒီပြိုင်ပွဲအတွက် လူရွေးပွဲကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းကပြုလုပ်ခဲ့ပြီး စံချိန်အကောင်းဆုံးသူတွေကို ရွေးချယ်စေလွှတ်ယှဉ်ပြိုင်တာပါ။

ပြည်ပပြိုင်ပွဲ အတွေ့အကြုံရရုံသာမက ဆီးဂိမ်းပြိုင်ဘက်နိုင်ငံတွေလည်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ကစားသမားတွေအနေနဲ့ နောက်ပြိုင်ပွဲတွေမှာ ကြိုးစားချင်စိတ် ပိုဖြစ်လာအောင် စိတ်ဓာတ်မြှင့်တင်ပေးချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက်က ပြောသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြသန်းထိုက်၊ နည်းပြများအဖြစ် ဦးလှသိန်းနှင့် ဦးညွန့်ဝင်း၊ အားကစားသမားများအဖြစ် ကြည်မင်းစိုး၊ ကျော်လွမ်းအောင်၊ သက်ဇော်ဝင်း၊ မောင်ချက်၊ သန်းတိုးခင်မျိုးအောင်၊ စောမာလာနွယ်၊ ပပ နှင့် နီလာစန်းတို့ ပါဝင်ကြောင်း သိရသည်။

## ဆူဇူကီးဖလားတွင် ပြိုင်ဘက်ဟောင်း စင်ကာပူနှင့် မြန်မာအသင်းတွေ့ဆုံပြန်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ဒီဇင်ဘာလတွင် ကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲ၌ မြန်မာအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အဓိကပြိုင်ဘက်ဖြစ်လာသော စင်ကာပူအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲ၏ ပွဲစဉ်ရေးဆွဲမှု အခမ်းအနားအား စက်တင်ဘာ ၁၅ ရက်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် စင်ကာပူ၊ ဗီယက်နမ်နှင့် ခြေစစ်ပွဲဒုတိယရသည့် အသင်းနှင့် ကျရောက်လျက်ရှိသည်။ အုပ်စု(က)တွင်မူ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် ခြေစစ်ပွဲပထမရသည့် အသင်းများပါဝင်ကြောင်း သိရသည်။

အာဆီယံဒေသတွင်းမှ လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂ နှစ်တစ်ကြိမ် ကျင်းပသော အဆိုပါပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်အသင်းသည် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ် ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့ပြီး စင်ကာပူအသင်းအား ရှုံးနိမ့်ခဲ့သည်။

၂၀၀၈ ခုနှစ် ပြိုင်ပွဲတွင်လည်း မြန်မာအသင်းသည် စင်ကာပူအသင်းနှင့် အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ပြီး အနိုင်မရခဲ့ပေ။ နောက်ဆုံးပြုလုပ်ခဲ့သည့် အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမရရှိထားပြီး ထိုင်းအသင်းက ဒုတိယရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာအသင်းသည် စင်ကာပူအသင်းကိုရှုံးနိမ့်ခဲ့သည်။

၂၀၁၀ ဆူဇူကီးပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များကို လာမည့် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

## တရုတ်၌ကျင်းပမည့် ဝူရှုးပွဲတော်တွင် မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့်(၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဝူရှုးပွဲတော်သို့ မြန်မာဝူရှုးအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဝူရှုးပွဲတော်အား တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့တွင် လာမည့် အောက်တိုဘာ ၂၂ မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၆၀ ကျော်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဝူရှုးအားကစားအဖွဲ့သည် ထောက်လုနှင့်ဆန်းဆို အားကစားနည်းများတွင် လူငယ်အား ကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဝူရှုးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အပြည်ပြည်ဆိုင်ရာ ဝူရှုးပွဲတော်ကို ကျား လေးဦးနဲ့ မ နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ကလေးတွေရဲ့ အသက်ဟာ ၁၅ နဲ့ ၁၇ နှစ်ကြားရှိတဲ့ လူငယ်လေးတွေပါ။ လာမယ့် ဆီးဂိမ်းပြိုင်ပွဲတွေအတွက် ရည်ရွယ်ပြီး နိုင်ငံတကာအတွေ့အကြုံရရှိအောင် စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြစ်ပါတယ်" ဟု မြန်မာဝူရှုးအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူးဦးအေးချိုတူးက ပြောသည်။

## အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား နောက်ဆုံးပွဲများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ပြသမည်



အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နောက်ဆုံးပွဲစဉ်များ မဲနှိုက်ရွေးချယ်စဉ် မြန်မာမော်ဒယ်တစ်ဦးက တာဝန်ရှိသူ မဲဖောက်ရန် မဲလိပ်နှိုက်ပေးစဉ်။
ဓာတ်ပုံ – အောင်အောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား AFC President's Cup 2010 ပြိုင်ပွဲ၏ ရတနာပုံအသင်းယှဉ်ပြိုင်ကစားမည့် အကြိုဗိုလ်လုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များအား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ရတနာပုံ အသင်းကစားမယ့် အကြိုဗိုလ်လုပွဲစဉ်နဲ့ ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲစဉ်ကို ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပြသသွားမှာပါ။ ကျန်တဲ့အကြိုဗိုလ်လုပွဲစဉ် တစ်ပွဲကိုတော့ နောက်ကျထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(အမ်အက်ဖ်အက်ဖ်)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲအဖြစ် ရတနာပုံအသင်းသည် တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းနှင့် စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းနေ့ည ၇ နာရီတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဒိုဒွိုင်းဒိုင်နမိုအသင်း(တာဂျစ်စတန်)နှင့် အိုင်တီတီယူ(တာ့ခ်မင်နစ္စတန်)တို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ အကြိုဗိုလ်လုပွဲစဉ် ၂ ခုမှ အနိုင်ရရှိသော အသင်းနှစ်သင်းသည် စက်တင်ဘာ ၂၆ ရက်၊ ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဝင်းပြိုင်ပွဲ၏ ကွင်းဝင်ကြေးအဖြစ် လက်မှတ်တစ်စောင်လျှင် အထူးတန်း ကျပ်သုံးထောင်နှင့် ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ထားကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)သည် ဘောလုံးပွဲများ၌ ဒိုင်လူကြီးသုံးဦးအပြင် အကူဒိုင်လူကြီးနှစ်ဦးထားရှိသည့်စနစ်သစ်ကို ရန်ကုန်တွင်ကျင်းပမည့် အဆိုပါပွဲစဉ်များ၌ စတင်စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# မသန်စွမ်းသူများအတွက်ရန်ပုံငွေဘောလုံးပွဲကျင်းပမည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**
မသန်စွမ်းသူများအတွက် ရန်ပုံငွေဘောလုံးပွဲအဖြစ် All Star ဘောလုံးအသင်းနှင့် Actor Star ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါရန်ပုံငွေဘောလုံးပွဲအား စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာခွဲအချိန်တွင် အောင်ဆန်းကွင်းတွင်ပြုလုပ်မည်ဖြစ်သည်။ All Star ဘောလုံးအသင်း၌ ၁၉၉၃ ဆီးဂိမ်းငွေတံဆိပ်ဆုရ ကစားသမားများဖြစ်သည့် ဦးတင်မြင့်အောင်၊ ဦးမျိုးလှိုင်ဝင်း၊ ဦးသန်းတိုးအောင်၊ ဦးအောင်ကျော်ကျော်၊ ဦးကြည်လွင်၊ ဦးကျော်မင်း၊ ဦးဝင်းအောင် အစရှိသည့် ကစားသမားများပါဝင်ပြီး Aactor Star ဘောလုံးအသင်းတွင် လူမင်း၊ နေတိုး၊ ဇာနည်၊ မြင့်မြတ်၊ သူထူးစံ၊ ကျော်ကျော်ဗို၊ ထွန်းထွန်း စသည့် အနုပညာရှင်များပါဝင်ကြောင်း သိရသည်။

ယင်းဘောလုံးပွဲမှရရှိသော ကွင်းဝင်ကြေးရန်ပုံငွေအားလုံးကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်လိုအပ်ချက်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပွဲအား ပူးပေါင်းစီစဉ်သူ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဘောလုံးပွဲကွင်း ဝင်ကြေးလက်မှတ်တစ်စောင်လျှင် တစ်ထောင်ကျပ်သတ်မှတ်ထားပြီး၊ ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) ရုံးချုပ်၊ ဖုန်း-၂၂၂၉၂၃ နှင့် အခြားသတ်မှတ်ထားသည့်နေရာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

# အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲ မြန်မာအသင်းရွှေဆု တစ်ဆုရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

(၂၂)ကြိမ်မြောက် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲ(The 22th Thailand International Swan Boat Race 2010) တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလှေလှော်အဖွဲ့သည် ရွှေတံဆိပ်တစ်ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့တွင် ယခုလ ၁၈ ရက်မှ ၁၉ ရက်အထိကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ၌ မြန်မာလှေလှော်အဖွဲ့သည် မီတာ ၆၅၀ (ရိုးရာလှေ) ၂၂ ရက်၊ အမျိုးသားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာအသင်းက ဒီပြိုင်ပွဲအမျိုးအစားတစ်ခုတည်းမှာပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ တရုတ်၊ ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နဲ့မြန်မာအပါအဝင် ၇ နိုင်ငံက ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြတာပါ။ မြန်မာအသင်းက နောက်ဆုံးဗိုလ်လုပွဲမှာ ထိုင်း(က)အသင်းနဲ့ တွေ့ဆုံခဲ့ပါတယ်။ ထိုင်း(က)အသင်းကို အနိုင်ရရှိခဲ့ပြီး ပထမရရှိခဲ့ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပထမဆုရရှိခဲ့သည့် မြန်မာလှေလှော်အဖွဲ့သည် ဘတ်ငွေလေးသိန်းချီးမြှင့်ခြင်းခံရကြောင်း သိရသည်။ နှစ်စဉ်ကျင်းပပြုလုပ်သည့် အဆိုပါ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲသို့ မြန်မာလှေလှော်အဖွဲ့သည် ၁၉၉၃၊ ၁၉၉၄ နှင့် ၂၀၀၈ ခုနှစ် ပြိုင်ပွဲများတွင် ၎င်းပြိုင်ပွဲအမျိုးအစား၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး သုံးကြိမ်စလုံးတွင် ရွှေတံဆိပ်ဆုများ ရရှိခဲ့ကြောင်းသိရသည်။

# ပထမအကြိမ် အာရှအဆင့် မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်မည်

**သဇင်ထွေး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**
တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် ပထမအကြိမ် အာရှအဆင့် မသန်စွမ်းသူများအားကစားပွဲတော်သို့ မြန်မာနိုင်ငံမှ မသန်စွမ်းသူ ၂၅ ယောက်သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောကြားသည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၁၂ မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၆ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် (၂၂)ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စောပြီးလုပ်တာ။ နှစ်စဉ် နိုဝင်ဘာမှာလုပ်တာ။ အခု စောလုပ်တာက အောက်တိုဘာ၊ နိုဝင်ဘာ စခန်းသွင်းလေ့ကျင့်ဖို့အတွက် အချိန်ရမယ်။ အောင်မြင်မှုတွေရအောင်ပါ"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ပထမအကြိမ် အာရှအဆင့် မသန်စွမ်းသူများအားကစားပွဲတော်တွင် ပြေးခုန်ပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ လုံတို၊ လုံရှည်ပစ်၊ ထိုင်လျက်ဘောလီဘော၊ ရေကူးကျား မ၊ ပက်လက်ကူး၊ မှောက်လျက်ကူး စသည့်အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် (၂၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်း (PaRa Game) ပြိုင်ပွဲကို လာမည့် ၂၀၁၃ တွင် မြန်မာနိုင်ငံမှ လက်ခံကျင်းပမည်ဖြစ်ကာ ယင်းပြိုင်ပွဲအတွက် နေပြည်တော်တွင် အားကစားကွင်းနှင့် လူနေအဆောက်အအုံများကို ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်းသိရသည်။

# နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ စက်တင်ဘာ ၂၅၊ ၂၆ တွင် ကျင်းပမည်



**ကျော်သီဟ**

ရန်ကုန်၊ စက်တင်ဘာ- ၁၈
အမေရိကန်၊ ပြင်သစ်နှင့် ထိုင်းနိုင်ငံမှ လက်ဝှေ့သမားများပါဝင်သော နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

လေးနိုင်ငံမှ လက်ဝှေ့အကျော်အမော်များဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အမေရိကန်လက်ဝှေ့ကျော် Cyrus, ပြင်သစ်လက်ဝှေ့ကျော် Bohan, ထိုင်းမှ PARWEE နှင့် MANKAWRO တို့နှင့် မြန်မာ့လက်ဝှေ့ကျော်များထိုးသတ်မည်ဖြစ်သည်။

လက်မှတ်များကို ၂၂ ရက် ၂၃ ရက်များတွင် ဖြန့်ဝေသွားမည်ဖြစ်ပြီး ကြိုတင်လက်မှတ်အမှာ များလက်ခံနေပြီဖြစ်သည်။ ယခုပွဲအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့မှကြီးမှူး၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် (MTF) နှင့် T&T Group တို့မှ တာဝန်ယူစီစဉ်ခြင်းဖြစ်သည်။ လက်မှတ်ဈေးများမှာ အထူးတန်းကျပ်တစ်သောင်းနှင့် ရိုးရိုးတန်းကျပ်ခုနစ်ထောင်ဖြစ်သည်။

# ၂၀၁၂ လန်ဒန်အိုလံပစ်အပြီးတွင် အနားယူမည်ဟု အူစိန်ဘော့ဆို

**လန်ဒန်၊ စက်တင်ဘာ - ၁၈**
ဂျမေကာမှ အိုလံပစ်ရွှေတံဆိပ်သုံးခုပိုင်ရှင်အပြေးသမားအူစိန်ဘော့က ၎င်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအပြီးတွင် အားကစားလောကမှ အနားယူဖွယ်ရှိကြောင်းပြောကြားလိုက်သည်။ ဩစတြေးလျအေဗီသတင်း၏ ဖော်ပြချက်အရလည်း ဘော့သည် ထိုစကားများကို ဒေသခံမီဒီယာတစ်ခုသို့ပြောခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ဘော့က "ကျွန်တော့်ရဲ့နည်းပြကတော့ နောက်ထပ် အိုလံပစ်တစ်ပွဲလောက် ဆက်ကစားစေချင်နေပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်လုပ်နိုင်မလဲကြည့်ရမှာပါ။ မိုက်ကယ်ဂျွန်ဆင်လိုပဲ ထိပ်တန်းကစားသမားဘဝကနေသာ ကျွန်တော်အနားယူချင်ပါတယ်"ဟုဆိုသည်။ အူစိန်ဘော့သည် ဘေဂျင်းအိုလံပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀ နှင့် ၂၀၀ တို့၌ ကမ္ဘာ့စံချိန်သစ်များတင်နိုင်ခဲ့သည်။ ၎င်းသည် အောက်တိုဘာလတွင် ကျင်းပမည့် နေသဟာယအားကစားပြိုင်ပွဲတွင်မူ လေ့ကျင့်ချိန်အခက်အခဲကြောင့် ပါဝင်မည်မဟုတ်ဘဲ တောင်ကိုရီးယားနိုင်ငံဒေဂူမြို့တွင် ကျင်းပမည့် ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်အပြေးပြိုင်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်မည်ဟုသိရသည်။

—*Ref: Reuters*

# ဇွဲကပင်ယူနိုက်တက် ရှုံးထွက်ဖလားတွင် နိုင်ပွဲစရ



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် နိုင်ပွဲတစ်ပွဲမှမရရှိသေးသော ဇွဲကပင်ယူနိုက်အသင်းသည် ပထမဆုံးနိုင်ပွဲအဖြစ် MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ဆက်သွယ်ရေးအသင်းကိုအနိုင်ရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော အဆိုပါပွဲစဉ်တွင် ဇွဲကပင်အသင်းသည် အပျော်တမ်းလိဂ်မှ တက်ရောက်လာသည့် ဆက်သွယ်ရေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပြိုင်ဘက်အသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကိုခံခဲ့ရပြီး ချေပဂိုးများနှင့် အနိုင်ဂိုးများကို နောက်မှလိုက်သွင်းကာ ပွဲအပြီးတွင် သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲ အနိုင်ရရှိခဲ့သည့်အတွက် ဇွဲကပင်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဉဿာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော အခြားပွဲစဉ်တွင် ဒယ်လ်တာအသင်းက VIVA အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး၊ ကွာတားဖိုင်နယ်တွင် ဇေယျာရွှေမြေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MFF Max Cement ရှုံးထွက်ဖလားပြိုင်ပွဲ၏ ပထမအဆင့်ပွဲစဉ်များအားလုံး ပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်အဆင့်သို့ မကွေး၊ ကာကွယ်ရေး၊ ကမ္ဘောဇ၊ ဆောက်သမ်းမြန်မာ၊ ဇေယျာရွှေမြေ၊ ဉဿာယူနိုက်တက်၊ ဒယ်လ်တာနှင့်ဇွဲကပင်အသင်းတို့ တက်ရောက်ခွင့်ရရှိထားပြီဖြစ်သည်။

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ချယ်လ်ဆီး၊ မန်ယူ၊ စပါးတို့ အဝေးကွင်းနိုင်ပွဲတွေ ရှာဖွေရမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၆) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်



ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၆)မှာတော့ ထိပ်သီးအသင်းတွေဖြစ်ကြတဲ့ ချယ်လ်ဆီး၊ အဲဗာတန်၊ စပါး၊ မန်ယူ၊ ဗီလာတို့ အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပါတယ်။ ဒီအထဲမှာ မန်စီးတီးနဲ့ အဝေးကွင်းပွဲ ယှဉ်ပြိုင်ရမယ့် ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်ကတော့ လူကြိုက်အများဆုံးဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် အိမ်ကွင်းမှာ ဆန်ဒါးလန်းကို ကစားရမယ့် လီဗာပူးနဲ့ မာကျောတဲ့စတုတ်စီးတီးကို ပြိုင်ရမယ့် နယူးကာဆယ်တို့ရဲ့ပွဲစဉ်တွေကလည်း အကြိတ်အနယ်ဖြစ်လာနိုင်ပါတယ်။

**၂၅ စက်တင်ဘာ၊ စနေ**
**ညနေ ၆း၁၅ နာရီ**
**မန်စီးတီး-ချယ်လ်ဆီး**
**ယမန်နှစ်ရလဒ် ၂-၁**

မန်စီးတီးဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ တီမီဆော်ရာနဲ့ ယူရိုပါလိဂ်ပွဲအပါအဝင် သုံးပွဲစလုံးရှုံးပွဲမရှိသေးဘဲ အိမ်ကွင်းခြေစွမ်းမာကျောနေပါတယ်။ ဒါပေမဲ့ ချယ်လ်ဆီးတို့ ထိပ်တန်းအသင်းပီပီ ဒီအဝေးကွင်းပွဲကို ပါးနပ်စွာကစားသွားဖွယ်ရှိတယ်။ မန်စီးတီးမှာ တီဗက်ဇ်၊ ဗီအဲရာ၊ ဂါရက်ဘယ်ရီတို့ဦးဆောင်ကစားပြီး ချယ်လ်ဆီးကတော့ ဒရော့ဂ်ဘာ၊ မာလူဒါ၊ ကာလူး၊ အက်ဆီယန်၊ ဘီနာယောင်တို့နဲ့ ပွဲထွက်လာဖွယ်ရှိကာ အဝေးကွင်းပွဲဆိုပေမယ့် ဦးဆောင်ဂိုးရဖို့ကြိုးစားမှာပါ။ ချယ်လ်ဆီးကိုပိုကြိုက်မိပြီး၊ အိမ်ရှင်မန်စီးတီးတို့ အမြင့်ဆုံးသရေရနိုင်ခြေလည်း ရှိနေတဲ့ပွဲပါ။

**ည ၈း၃၀ နာရီ**
**အာဆင်နယ်-ဝက်စ်ဘရွန်း**
**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်အာဆင်နယ်တို့ ခြေစွမ်းပိုင်းရော၊ ယုံကြည်မှုပါအသာရနေပါတယ်။ ဝက်စ်ဘရွန်းဟာ အာဆင်နယ်နဲ့တွေ့ဖူးတဲ့နောက်ဆုံးငါးကြိမ်မှာ တစ်ကြိမ်မှ မနိုင်ဖူးသေးပါဘူး။ အာဆင်နယ်ရဲ့ ချာမက်၊ ဗီလာ၊ အာရှာဗင်၊ ဖာဘရီဂတ်စ်တို့က ပွဲကိုထိန်းချုပ်ကာ ဖိကစားနိုင်တယ်။ ဝက်စ်ဘရွန်းတို့ အဝေးကွင်းမှာ အများဆုံးတစ်ဂိုးလောက်သာရနိုင်ပြီး အိမ်ရှင်အာဆင်နယ်တို့ အနည်းဆုံးနှစ်ဂိုးအသာလောက်ရမယ့်ပွဲဖြစ်ပါတယ်။

**ည ၈း၃၀ နာရီ**
**ဘာမင်ဂမ်-ဝီဂန်**
**ယမန်နှစ်ရလဒ် ၁-၀**

အိမ်ရှင်ဘာမင်ဂမ်တို့ သရေပွဲတွေဆက်တိုက်ဖြစ်နေပြီး ဒီရာသီရဲ့ဒုတိယမြောက်အိမ်ကွင်းနိုင်ပွဲကိုရရှိအောင် ဝီဂန်ကိုအနိုင်ကစားမှုဖြစ်မှာပါ။ အိမ်ရှင် ဘာမင်ဂမ်တို့ဟာ ဒီပွဲမှာ လီဗာပူးကိုသရေကျခဲ့တဲ့ပွဲကအတိုင်း မက်ဖက်ဒန်၊ ဂါဒနာ၊ လာဆင်၊ ဂျီရုန်းမ်တို့နဲ့ ပွဲထွက်လာနိုင်ပြီး ဖိကစားနိုင်တာမို့ ဝီဂန်တို့ အမြင့်ဆုံးမျှော်လင့်နိုင်တာ သရေပါ။ ဘာမင်ဂမ်တို့ သွင်းဂိုးနည်းနည်းနဲ့ပဲ နိုင်ခြေရှိပါတယ်။

**ည ၈း၃၀ နာရီ**
**ဘလက်ပူး-ဘလက်ဘန်း**
**ယမန်နှစ်ရလဒ် - မရှိ**


တန်းတက်ဘလက်ပူးတို့ဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲတွေမှာ ဝီဂန်ကိုဂိုးပြတ်နိုင်ပြီး၊ ဖူလ်ဟမ်ကိုတော့ သရေကျခဲ့တယ်။ ဧည့်သည်ဘလက်ဘန်းဟာလည်း ပြီးခဲ့တဲ့အဝေးကွင်းနှစ်ပွဲမှာ တစ်ပွဲသာ သရေရထားတဲ့အသင်းပါ။ ဘလက်ပူးတို့ ပရီးမီးယားလိဂ်တန်းတက်အသင်းဖြစ်ပေမယ့် အိမ်ကွင်းမှာ ဘလက်ဘန်းကို ကျော်ဖြတ်မှာပါ။ ဘလက်ပူးအနိုင်ဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ကပ်နိုင်မယ်ထင်ပါတယ်။

**ည ၈း၃၀ နာရီ**
**ဖူလ်ဟမ်-အဲဗာတန်**
**ယမန်နှစ်ရလဒ် ၂-၁**

ဖူလ်ဟမ်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းနှစ်ပွဲမှာ မန်ယူကိုသရေ၊ ဝုလ်ကိုအနိုင်ကစားနိုင်ခဲ့ပြီး၊ အိမ်ကွင်းခြေစွမ်း အကောင်းဆုံးအနေအထားမှာရှိနေဆဲပါ။ ဧည့်သည်အဲဗာတန်တို့ ဒီရာသီအဖွင့်ပွဲလေးပွဲမှာ သရေနှစ်ပွဲသာရသေးပြီး၊ နိုင်ပွဲမရှိသေးတာမို့ ဇယားအောက်ခြေမှာရှိနေပါတယ်။ အိမ်ရှင်ဖူလ်ဟမ်တို့ သွင်းဂိုးနည်းနည်းနဲ့ပဲ အောင်ပွဲခံသွားနိုင်ခြေရှိပါတယ်။

**ည ၈း၃၀ နာရီ**
**လီဗာပူး-ဆန်းဒါးလန်း**
**ယမန်နှစ်ရလဒ် ၃-၀**

လီဗာပူးတို့ ဒီရာသီအစမှာ အိမ်ကွင်းနှစ်ပွဲကစားထားပြီး အာဆင်နယ်နဲ့သရေ၊ ဝက်စ်ဘရွန်းကို ၁-၀ ဂိုးနဲ့ အနိုင်ကစားထားခဲ့ပါတယ်။ ဒါပေမဲ့ အဝေးကွင်းရလဒ်တွေ မကောင်းမွန်သေးတာမို့ ဇယားထိပ်ကို တက်မလာနိုင်သေးပါဘူး။ ဆန်းဒါးလန်းကလည်း လီဗာပူးကို ယမန်နှစ်က သူ့အိမ်ကွင်းမှာနိုင်ခဲ့တယ်ဆိုပေမယ့် လီဗာပူးအိမ်ကွင်းမှာ သုံးဂိုးပြတ်ရှုံးခဲ့ရတာ မမေ့သင့်ပါဘူး။ ဂျိုဟာနိုဗစ်၊ ဂျရတ်၊



လူးကပ်စ်၊ ရိုဒရီဂွက်ဇ်တောရက်စ်တို့နဲ့ပွဲထွက်လာမယ့် အိမ်ရှင်လီဗာပူးတို့ တိုက်စစ်ဖွင့်ကစားပြီး နှစ်ဂိုးအသာလောက်ရနိုင်ခြေရှိပါတယ်။

**ည ၈း၃၀ နာရီ**
**ဝက်စ်ဟမ်း-စပါး**
**ယမန်နှစ်ရလဒ် ၁-၂**

အိမ်ရှင်ဝက်စ်ဟမ်းဟာ မှတ်တမ်းတွေအရ စပါးနဲ့ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်စလုံး ရှုံးနိမ့်ထားပါတယ်။ ဒါ့အပြင် ဒီရာသီ အိမ်ကွင်းရလဒ်ပိုင်းမှာလည်း ဝက်စ်ဟမ်းတို့ ဘော်လ်တန်၊ ချယ်လ်ဆီးတို့ကို တောက်လျှောက်ရှုံးထားတယ်။ စပါးမှာ ဟော်လန်ကွင်းလယ်လူဗန်ဒါဗတ်ခြေစွမ်းပြနေပြီး ကွင်းလယ်အားသာချက်ပိုကောင်းတာမို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ စပါးတို့ အောင်ပွဲဆင်သွားမှာပါ။ နှစ်သင်းပေါင်း သွင်းဂိုးနည်းနိုင်ပါတယ်။

**၂၆ စက်တင်ဘာ၊ တနင်္ဂနွေ**
**ညနေ ၅း၃၀ နာရီ**
**ဘော်လ်တန်-မန်ယူ**
**ယမန်နှစ်ရလဒ် ၀-၄**

ဧည့်သည်မန်ယူတို့ အဝေးကွင်းဆိုပေမယ့် အခက်အခဲမရှိ တိုက်စစ်ကစားသွားနိုင်ပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံးအဝေးကွင်းပွဲမှာအဲဗာတန်ကို အနိုင်ရပြီးမှ သရေပြန်ကျခဲ့ရတာမျိုးကို မန်ယူတို့ အဖြစ်ခံမှာမဟုတ်ပါဘူး။ မန်ယူမှာ စခိုးလ်၊ ဖလက်ချာ၊ ဘာဘာတော့ဗ် စသဖြင့် ပထမလူစာရင်းနဲ့ပဲ ပွဲထွက်လာဖွယ်ရှိပြီး ဗလင်စီယာမပါဝင်နိုင်တော့ပေမယ့် မန်ယူတို့နိုင်ပွဲရမှာပါ။ ဧည့်သည်မန်ယူတို့ နှစ်ဂိုးအသာလောက် အနည်းဆုံးရသွားမှာပါ။


**ည ၇း၃၅ နာရီ**
**ဝုလ်-ဗီလာ**
**ယမန်နှစ်ရလဒ် ၁-၁**

ယမန်နှစ်က ဒီနှစ်သင်းကစားခဲ့ရာမှာ နှစ်ကျော့စလုံး သရေပွဲတွေဖြစ်ခဲ့ရတယ်။ ဗီလာဟာ ပြီးခဲ့တဲ့အဝေးကွင်းနှစ်ပွဲစလုံး နိုင်ပွဲမရသေးဘဲ ပေးဂိုးရှစ်ဂိုးအထိရှိခဲ့ပါတယ်။ အိမ်ရှင်ဝုလ်ကလည်း ပြီးခဲ့တဲ့အိမ်ကွင်းနှစ်ပွဲမှာ တစ်ပွဲ နိုင်၊ တစ်ပွဲသရေရထားပြီး ရှုံးပွဲ မရှိသေးပါဘူး။ အိမ်ရှင်ဝုလ်ကို ရွေးချယ်သင့်ပြီး ဗီလာတို့အများဆုံးရရင် သရေပါ။ နှစ်သင်းပေါင်း သွင်းဂိုးနည်းမယ်။

**ည ၉း၄၀ နာရီ**
**နယူးကာဆယ်-စတုတ်စီးတီး**
**ယမန်နှစ်ရလဒ် - မရှိ**

တန်းတက်နယူးကာဆယ်တို့ ပြီးခဲ့တဲ့အိမ်ကွင်းနှစ်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး ခြေစွမ်းတည်ငြိမ်မှုမရသေးပါဘူး။ ဧည့်သည်စတုတ်ကတော့ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဗီလာကိုသာအနိုင်ရထားပြီး ကျန်ပွဲတွေမှာ ဝုလ်၊ ချယ်လ်ဆီး၊ စပါးတို့ကို တောက်လျှောက်ရှုံးထားတယ်။ နှစ်သင်းစလုံး အကောင်းဆုံးပုံစံမှာ မရှိသေးပေမယ့် အနည်းငယ်မာကျောတဲ့စတုတ်ကို ရွေးချယ်ချင်ပါတယ်။ စတုတ်တို့ကပ်နိုင်မှာပါ။

## စပိန်ထိပ်တန်းတင်းနစ်မယ်ခြောက်ဦးက စပိန်တင်းနစ်အဖွဲ့ချုပ်ကို သပိတ်မှောက်မည်ဟု ထုတ်ပြန်



**မက်ဒရစ်၊ စက်တင်ဘာ - ၁၈**

စပိန်၏ ထိပ်တန်းအမျိုးသမီးတင်းနစ်ကစားသမားခြောက်ဦးက ၎င်းတို့သည် စပိန်တင်းနစ်အဖွဲ့ချုပ် RFET ၏ အမျိုးသမီးတင်းနစ်အားကစားလောကအပေါ် ထားရှိသည့်သဘောထားကို မကျေနပ်သောကြောင့် လာမည့် ၂၀၁၁ ဖက်ဒရေးဖလားတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ သပိတ်မှောက်မည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။ စပိန်ထိပ်တန်းတင်းနစ်မယ်များဖြစ်သော မာရီယာဟိုဆေးမာတီနက်ဇ်၊ အန်နဘယ်မက်ဒီနာ၊ အရန်ချာပါရာ၊ ကာလာဆွာရတ်ဇ်၊ နူရီယာလာဂေါ်စတီရာ၊ လော့ဒတ်စ်ဒိုမင်ဂွက်ဇ်တို့ခြောက်ဦးက စုပေါင်းထုတ်ပြန်ခဲ့သောကြေညာချက်တွင် ၎င်းတို့သည် RFET ၏ ဆုကြေးငွေများလျှော့ချမှု၊ နိုင်ငံတွင်း၌ တင်းနစ်ကွင်းများနည်းပါးမှု၊ ပြည်တွင်းပြိုင်ပွဲများ၌ ဆေးဘက်ဆိုင်ရာပံ့ပိုးမှုများနည်းပါးခြင်းတို့ကို အပြစ်တင်ဖော်ပြခဲ့သည်။ ထို့ကြောင့် ၎င်းတို့က လာမည့်နှစ်ဖေဖော်ဝါရီ ၅နှင့် ၆ရက်တို့တွင် အက်စတိုးနီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် စပိန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ပေးမည်မဟုတ်ကြောင်းဆိုခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ အမျိုးသမီးတင်းနစ်ကစားသမားများ၏ ဝေဖန်မှုပေါ်ပေါက်ချိန်သည် စပိန်အမျိုးသားတင်းနစ်ကစားသမားတစ်ဦးဖြစ်သော ရာဖေးလ်နာဒယ်က ပြီးခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အနိုင်ရကာ ဂရင်းဆလင်းပြိုင်ပွဲခုနစ်ခုစလုံးမှ ချန်ပီယံဆုရရှိသည့်ခုနစ်ဦးမြောက်ကစားသမားဖြစ်လာချိန်နှင့်တိုက်ဆိုင်နေသည်။

—*Ref: Xinhua*




Congratulations!
the Opening Of
Junction
CENTRE
Maw Tin
GREAT MOBILE
City Mart
Supermarket
SAMSUNG
MK
FASHION SHOP
TMW
HABITUDE
osim
Inspiring Life
AUSSINO
GIORDANO
bluecorner
NOBODY
TBY
ROMANSON
Pretty Girl
U.B.O
Girlfriend
LiLy
NEXT
GENERATION
AZ
ELLE
PRESIDENT
POLICE
TONYMOLY
CRAZY COLOURS
KO KO
Salon
PAPILLON
CHIC
WAI DE FOOTWEAR
kiki
BSX
VINCCI
BEST Style
THAI EXPRESS
MOON BAKERY
SEASONS
HAPPY
CAFÉ & NOODLES
VISION
မြန်မာ့အလှ
FASHION EYE
Colourful
Hello baby!
kids shop
SHWE MAWA
Textiles
TAURUS
TAW WIN

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ဗြိတိန်တွင် ကိုယ်ဝန်ဆောင်သီလရှင်ပုံ ရေခဲမုန့်ကြော်ငြာကို ပိတ်ပင်

**လန်ဒန်၊ စက်တင်ဘာ - ၁၅**

ယခုနှစ်အစောပိုင်းက The Lady and Grazia မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် အန်တိုနီယိုဖက်ဒရီချီရေခဲမုန့် ကြော်ငြာတွင် ဘုရားကျောင်းအတွင်း ရပ်နေသောကိုယ်ဝန်ဆောင် သီလရှင်တစ်ဦးက ရေခဲမုန့်ခွက်နှင့် ဇွန်းကို ကိုင်ကာ "ရေခဲမုန့်သည် ကျွန်ုပ်တို့၏ ဘာသာရေးဖြစ်သည်" ဟူသော စာတန်းပါဝင်ခဲ့ရာ ခရစ်ယာန် ကက်သလစ်ဘာသာဝင်များ၏ ကန့်ကွက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

စာဖတ်သူ ဆယ်ဦးက မဂ္ဂဇင်းတွင် ပါဝင်သည့် ယင်းကြော်ငြာသည် ခရစ်ယာန်ဘာသာဝင်များ၊ အထူးသဖြင့် ကက်သလစ်ဘာသာဝင်များကို တိုက်ခိုက်သည့်သဘောဆောင်ကြောင်း ကန့်ကွက်ခဲ့ကြပြီး ကုမ္ပဏီဘက်ကမူ ကြော်ငြာ၏စိတ်ကူးမှာ ၎င်းတို့ကုန်ပစ္စည်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ထုတ်ကုန်အပေါ်ထားရှိသည့် ခံစားမှုမှ ထိုသို့ ဘာသာရေးနိမိတ်ပုံ အသုံးပြုမှုပေါ်ထွက်လာခြင်းဖြစ်ကြောင်းဆိုသည်။

ယခုအခါ The Lady မဂ္ဂဇင်းသည်စာဖတ်သူများ၏ ကန့်ကွက်မှုကြောင့် ကြော်ငြာစံချိန်စံညွှန်းများဆိုင်ရာ အာဏာပိုင်အဖွဲ့ ASA ထံကြော်ငြာအား ဖျက်သိမ်းပြီဖြစ်ကြောင်း၊ စာဖတ်သူများကို တောင်းပန်ကြောင်း ဖော်ပြထားသည်။ ASA အဖွဲ့သည် ယမန်နှစ်ဇူလိုင်လကလည်း အန်တိုနီယိုဖက်ဒရီချီ ရေခဲမုန့်ကုမ္ပဏီ၏ ကြော်ငြာတစ်ခုကို ပိတ်ပင်ခဲ့ဖူးသည်။ ယင်းကြော်ငြာတွင်လည်း ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါးနှင့်သီလရှင် တစ်ပါးတို့ အချင်းချင်းနမ်းရှုံ့မည့်ဟန်ဖြင့် ကြည့်နေပုံကို ဖော်ပြထားရာ ကန့်ကွက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

*—Ref: http://www.dailymail.co.uk/news/article-1307140/Pregnant-nun-ice-cream-ad-faces-ban-Catholic-outcry.html?ito=feeds-newsxml*

# ငါးဖမ်းလှေကိစ္စနှင့်ပတ်သက်၍ တရုတ်နှင့်ဂျပန် အပြန်အလှန် တောင်းဆိုမှုများပြုလုပ်

**ဘေဂျင်း၊ စက်တင်ဘာ - ၁၅**

အငြင်းပွားနေသောရေပြင်တွင် တရုတ်ငါးဖမ်းလှေမာလိန်မှူးအားထိန်းသိမ်းလိုက်ခြင်းနှင့်ပတ်သက်၍ တရုတ်နှင့်ဂျပန်နိုင်ငံတို့သည် အပြန်အလှန်တောင်းဆိုမှုများပြုလုပ်နေကြကြောင်း သတင်းများကဖော်ပြသည်။ ဂျပန်နိုင်ငံက ယခုကိစ္စကို အငြင်းပွားနေသောပင်လယ်ရေအောက်အရင်းအမြစ်များဆိုင်ရာအစည်းအဝေးနှင့်မချိတ်ဆက်သင့်ဟုပြောကြားခဲ့သည်။

တရုတ်အရှေ့ပင်လယ်ရှိ သူပိုင်ကိုယ်ပိုင်အပြိုင်ငြင်းနေကြသောကျွန်းငယ်များအနီးတွင် ဂျပန်ကင်းလှည့်မော်တော်နှစ်စီးအားတရုတ်ငါးဖမ်းလှေတစ်စီးက ဝင်တိုက်ခဲ့ပြီးနောက် တရုတ်ငါးဖမ်းလှေမာလိန်မှူးအား ဂျပန်နိုင်ငံက ဆက်လက်ထိန်းသိမ်းထားသောကြောင့် အာရှအင်အားကြီးနှစ်နိုင်ငံကြား အငြင်းပွားနေမှုနှင့်မယုံသင်္ကာဖြစ်မှုများမြင့်တက်လာသည်။

ဂျပန်နိုင်ငံမှာ ပြည်တွင်းနိုင်ငံရေးစိန်ခေါ်မှုနှင့်လုံးပန်းနေရပြီး ဝန်ကြီးချုပ် နာအိုတိုကန်သည် လက်ရှိအာဏာရပါတီဖြစ်သောဒီမိုကရက်တစ်ပါတီခေါင်းဆောင်နေရာအားစိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။

ငါးဖမ်းလှေပေါ်ပါ သင်္ဘောသား ၁၄ ဦးနှင့် မာလိန်မှူးအားကွင်းလုံးကျွတ်လွှတ်ပေးရေးအတွက် တရုတ်နိုင်ငံကထပ်ခါထပ်ခါတောင်းဆိုခဲ့သည်။ ယခင်ရက်သတ္တပတ်ကပင် တရုတ်နိုင်ငံကဂျပန်၏ဒေါသအားဖော်ထုတ်ပြသခဲ့ပြီး အငြင်းပွားနေသည့် ပင်လယ်ရေအောက် ဓာတ်ငွေ့များကိစ္စဆွေးနွေးရန် နှစ်နိုင်ငံကြား အစည်းအဝေးကိုဖျက်သိမ်းခဲ့သည်။

ဘေဂျင်းမြို့တော်၌ ဂျပန်သံအမတ်ကြီးနှင့်တွေ့ဆုံခဲ့ရာတွင် တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လီဇန်မင်းကဂျပန်နိုင်ငံအနေဖြင့် ငါးဖမ်းလှေမာလိန်မှူးကို ချက်ချင်းလွှတ်ပေးရမည်ဟုထပ်မံတောင်းဆိုခဲ့သည်။ ဂျပန်သံအမတ်ကြီးကလည်းအငြင်းပွားရာနယ်မြေတွင် အခြေအနေပိုမိုဆိုးဝါးစေမည့်လုပ်ရပ်များကိုတရုတ်နိုင်ငံက တားဆီးရမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

*—Ref: Reuters*

# ကုလလက်နက်ဖျက်သိမ်းရေးအစည်းအဝေးသို့ အာမက်ဒီနီဂျက် တက်ရောက်မည်မဟုတ်



**ကုလသမဂ္ဂ၊ စက်တင်ဘာ - ၁၅**

ရပ်တန့်နေသောကမ္ဘာလုံးဆိုင်ရာ လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲများအား ပြန်လည်အသက်သွင်းရန်ရည်ရွယ်ပြုလုပ်မည့် အဆင့်မြင့်ကုလသမဂ္ဂအစည်းအဝေးပွဲသို့ တက်ရောက်ရေးအစီအစဉ်ကို အီရန်သမ္မတအာမက်ဒီနီဂျက်က ဖျက်သိမ်းလိုက်ကြောင်း ကုလသမဂ္ဂအရာရှိများကပြောကြားသည်။

လာမည့်ရက်သတ္တပတ်တွင်ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေး၌ ကမ္ဘာ့ခေါင်းဆောင်များစုရုံးရောက်ရှိနေစဉ် စက်တင်ဘာ ၂၄ ရက်တွင်၎င်းအစည်းအဝေးအားပြုလုပ်ရန်စီစဉ်ထားခြင်းဖြစ်သည်။ နိုင်ငံပေါင်းစုံပါဝင်မည့် လက်နက်ဖျက်သိမ်းရေးတစ်ခုတည်းသောအစည်းအဝေးကို လွန်ခဲ့သော ၁၂ နှစ်က ဂျီနီဗာမြို့တွင် တစ်ကြိမ်ကျင်းပခဲ့ဖူးသည်။

အစည်းအဝေးသို့ အာမက်ဒီနီဂျက်တက်ရောက်လိမ့်မည်ဟု ၎င်းအနေဖြင့် နားလည်ထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။ သို့သော် နောက်တစ်ရက်တွင်မူ ၎င်းအစည်းအဝေးတွင် အီရန်သမ္မတပါဝင်မည်မဟုတ်ဟု ဘန်ကီမွန်းက အင်တာဗျူးတစ်ခုတွင်ထက်မံပြောကြားခဲ့သည်။

အီရန်သမ္မတအာမက်ဒီနီဂျက်သည် ဝန်ကြီးအဆင့်နှင့်အထက်တွေ့ဆုံမည့် အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်မည့် တစ်ဦးတည်းသောနိုင်ငံခေါင်းဆောင်ဟု ကုလသမဂ္ဂအရာရှိများကပြောကြားသည်။ သို့သော် အီရန်ခေါင်းဆောင်သည် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အခြားကုလသမဂ္ဂထိပ်သီးအစည်းအဝေးတစ်ရပ်သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ *—Ref: Reuters*

# တိုင်းပြည်စီးပွားရေး နာလန်ပြန်ထရန် ကျူးဘား အစိုးရဝန်ထမ်း တစ်သန်းခန့် အလုပ်ဖြုတ်ရန်ရှိ

**ဟာဗားနား၊ စက်တင်ဘာ - ၁၃**

ကွန်မြူနစ် ကျူးဘားနိုင်ငံသည် တိုင်းပြည်၏ စီးပွားရေး နာလန်ပြန်ထလာရန်အတွက် အစိုးရ ဝန်ထမ်း တစ်သန်းခန့်ကို အလုပ်မှထုတ်ပယ်ရန် အစီအစဉ်ရှိနေကြောင်း သိရသည်။ ကျူးဘားအာဏာပိုင်များသည် အစိုးရဝန်ထမ်းအများအပြား ထုတ်ပယ်မည့် အစီအစဉ်များကို မကြာသေးမီကကြေညာခဲ့ပြီး ကျူးဘားအလုပ်သမားအဖွဲ့ချုပ်ကလည်း လုပ်သားတစ်သန်းခန့်မှာ အလုပ်အကိုင်များ ဆုံးရှုံးရဖွယ်ရှိနေကြောင်း၊ ယင်း၏ ထက်ဝက် (ငါးသိန်းခန့်) မှာ လာမည့်နှစ် မတ်လတွင် အလုပ်ဖြုတ်ခံရမည်ဖြစ်ကြောင်း ဆိုထားသည်။

ထိုသို့ အစိုးရဝန်ထမ်းများ လျှော့ချရခြင်းမှာ ကိုယ်ပိုင်အလုပ်သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းအသစ်များတွင် ဝင်ရောက်မည့် အလုပ်သမားများ တိုးပွားလာရန် ရည်ရွယ်ကြောင်း ဆိုသည်။ ကျူးဘားသည် မကြာမီကာလအတွင်း အဆိုပါပုဂ္ဂလိက ကဏ္ဍများတွင် လက်ရှိကျင့်သုံးနေသော စည်းကမ်းတင်းကျပ်မှုများကို ရုပ်သိမ်းရန်ရှိနေရာ နိုင်ငံတော်ဦးဆောင်သည့်ဆိုရှယ်လစ် စီးပွားရေးပုံစံအောက်တွင် ပုဂ္ဂလိကကဏ္ဍပြန်လည်ပေါ်ပေါက်လာဖွယ်ရာရှိသည်။ ဆန်းစစ်သူများကလည်း ယခုကဲ့သို့ အစိုးရဝန်ထမ်းဦးရေသိန်းချီလျှော့ချခြင်းသည် ၁၉၅၉ ကျူးဘားတော်လှန်ရေး ပြီးနောက် အကြီးမားဆုံး ပုဂ္ဂလိကကဏ္ဍအလှည့်အပြောင်းပင်ဖြစ်ကြောင်း ဆိုသည်။

ကျူးဘား၏ ကွန်မြူနစ် အစိုးရသည် လက်ရှိတွင်နိုင်ငံ၏ စီးပွားရေးကဏ္ဍ အားလုံးကို ထိန်းချုပ်ထားပြီး တရားဝင်လုပ်သားအင်အားစုစုပေါင်း ၅ ဒသမ ၁ သန်း၏ ၈၅ ရာခိုင်နှုန်းကို အလုပ်ပေးထားသည်။ ထို့ကြောင့် လုပ်သား ငါးသန်းကျော်မှ တစ်သန်းခန့်ကို အလုပ်ဖြုတ်မည်ဆိုပါက နိုင်ငံ၏ လုပ်သားငါးဦးလျှင် တစ်ဦးမှာ အလုပ်နေရာဆုံးရှုံးရဖွယ်ရှိသည်။ ကျူးဘားသမ္မတ



ရောလ်ကတ်စထရိုကလည်း စီးပွားရေးတွင် နိုင်ငံတော်က ထိန်းချုပ်ထားမှုများကို လျှော့ချသွားမည်ဖြစ်ကြောင်း ဩဂုတ်လက ပြောကြားခဲ့သည်။

*—Ref: BBC*






# တောင်ကိုရီးယားနှင့် စစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် မြောက်ကိုရီးယား အဆိုပြု

**ဆိုးလ်၊ စက်တင်ဘာ - ၁၆**
တောင်ကိုရီးယားနှင့် လုပ်ငန်း အကောင်အထည်ဖော်အဆင့် စစ်ဘက်ဆွေးနွေးပွဲများ ပြုလုပ်ရန် မြောက်ကိုရီးယားက အဆိုပြုတင်ပြခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်ခဲ့ပြီး ယင်းမှာ ကိုရီးယားကျွန်းဆွယ်တွင် ဆက်ဆံရေးတိုးတက်လာခြင်း လက္ခဏာဟုရိုက်တာ သတင်းက ဆိုသည်။

မတ်လအတွင်း သင်္ဘောသား ၄၆ ဦးသေဆုံးခဲ့သော စစ်သင်္ဘောနစ်မြုပ်မှုမှာ မြောက်ကိုရီးယား၏ တော်ပီဒိုကြောင့်ဟု တောင်ကိုရီးယားက စွပ်စွဲခဲ့ပြီးနောက် ၎င်းနှစ်နိုင်ငံကြား ဆက်ဆံရေးတင်းမာနေခဲ့သည်။ သို့သော်ယင်းကိစ္စကို မြောက်ကိုရီးယားက ငြင်းဆိုထားပြီး တောင်ကိုရီးယားက ပိတ်ဆို့မှုများ ချမှတ်ပါကအင်အားသုံး၍ လက်တုံ့ပြန်မည်ဟု ပြောကြားခဲ့သည်။

စစ်ဘက်ဆွေးနွေးပွဲများ ပြုလုပ်ရေး မြောက်ကိုရီးယား၏ အဆိုပြုချက်ကို နှစ်နိုင်ငံနယ်စပ် အပစ်အခတ် ရပ်စဲရေးဒေသဖြစ်သော ပန်မွန်ဂျမ်ရွာရှိ စစ်ဘက်ဆက်သွယ်ရေးလိုင်းမှတစ်ဆင့် အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း ဆိုးလ်မြို့ရှိ စစ်ဘက်တာဝန်ရှိသူများအား ကိုးကား၍ ယွန်ဟပ်သတင်းတွင်ဖော်ပြသည်။

ပန်မွန်ဂျမ်မှာပင် ကုလသမဂ္ဂကွပ်ကဲရေးရုံးနှင့် မြောက်ကိုရီးယားစစ်ဘက်ကြား ဗိုလ်မှူးကြီးအဆင့် ဆွေးနွေးပွဲများကို ပဥ္စမအကြိမ်မြောက်ပြုလုပ်ရန် ပြင်ဆင်နေစဉ် ယခုကမ်းလှမ်းမှုထွက်ပေါ်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယားနှင့် ပြုလုပ်နေသော ဆွေးနွေးပွဲများမှာ နောက်ပိုင်းတွင် ဗိုလ်ချုပ်အဆင့် ဆွေးနွေးပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပြုလုပ်ခြင်းဟု ကုလသမဂ္ဂကွပ်ကဲရေးရုံးက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီ တရုတ်နိုင်ငံသို့အလည်အပတ် သွားရောက်ပြီးနောက်ပိုင်းမှစ၍ တောင်နှင့်မြောက်ကိုရီးယား နှစ်ဖက်စလုံးမှ ဆက်ဆံရေး ပြေလည်ရာပြေလည်ကြောင်း အရိပ်အယောင်များပြသလာခဲ့ကြသည်။

—Ref: Reuters



## ပါကစ္စတန် သမ္မတဟောင်း မူရှာရက်ဖ် နိုင်ငံရေးပါတီ အသစ်တစ်ရပ် တည်ထောင်မည်



**ဟောင်ကောင်၊ စက်တင်ဘာ - ၁၆**
ပါကစ္စတန်၏ မုန်တိုင်းထန်နေသောနိုင်ငံရေးသို့ ပြန်လာမည်ဟု ပြောကြားရင်း မကြာမီကာလအတွင်းပါတီအသစ်တစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတဟောင်း ပါဟက်မူရှာရက်ဖ်က စက်တင်ဘာလ ၁၅ ရက်တွင်ပြောကြားသည်။

ပါကစ္စတန် အငြိမ်းစားဗိုလ်ချုပ်ကြီးက အာဖဂန်သမ္မတဟာမစ်ကာဇိုင်းသည် ဥပဒေအရ အကျုံးဝင်မှုလျော့နည်းသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။ သို့သော် တာလီဘန်များအား နှိမ်နင်းရာတွင် လက်ရှိလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ကိုင်ရမည်ဟုလည်း မူရှာရက်ဖ်က အနောက်နိုင်ငံများအား တိုက်တွန်းပြောကြားပြီး သို့မဟုတ်ပါက ဒေသတွင်း နောက်ထပ်မတည်မငြိမ်မှုများဖြစ်ပေါ်နိုင်သည်ဟု သတိပေးပြောကြားသည်။

"အောက်တိုဘာလ ၁ ရက်မှာ ပါတီထူထောင်ကြောင်း ကြေညာပါမယ်။ ကျွန်တော်တို့ဟာ ပါကစ္စတန်မှာ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ဖော်ဆောင်ရပါမယ်"ဟု ဟောင်ကောင်တွင် ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံသူများဆွေးနွေးပွဲတစ်ရပ်တွင် မူရှာရက်ဖ်ကပြောကြားသည်။

ထို့အပြင် လောလောဆယ်တွင် မိမိဘာသာ နယ်နှင်ဒဏ်ပေး၍ လန်ဒန်၌နေထိုင်နေသော မူရှာရက်ဖ်က ၎င်း၏စစ်ဘက်အကြီးအကဲဘဝမှ ထွက်ပေါ်လာနိုင်သည့် ဥပဒေအရ အရေးယူမှုများကိုလည်း ဂရုမထားကြောင်း ပြောကြားသည်။

မူရှာရက်ဖ် (၆၇ နှစ်)သည် ၂၀၁၃ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ပါကစ္စတန်နိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်အဖွဲ့ချုပ်ဟုခေါ်ဆိုမည့် ၎င်း၏ပါတီစတင်ဖွဲ့စည်းကြောင်းကို အောက်တိုဘာ ၁ ရက်တွင် လန်ဒန်၌ ကြေညာဖွယ်ရှိကြောင်း ပါကစ္စတန်သတင်းများကဖော်ပြသည်။

*—Ref: AFP*

## ကဘူးလ်ဘဏ်အား အာဖဂန်ဗဟိုဘဏ် လွှဲပြောင်းရယူ



**ကဘူးလ်၊ စက်တင်ဘာ - ၁၅**
ဒုက္ခတွေ့နေသော ကဘူးလ်ဘဏ်အားအာဖဂန်နစ္စတန် ဗဟိုဘဏ်ကလွှဲပြောင်း ရယူခဲ့ကြောင်း သိရသည်။ ကဘူးလ်ဘဏ်၏ ထိပ်တန်းဒါရိုက်တာနှစ်ဦးနှင့် ရှယ်ယာရှင်များ၏ ငွေကြေးဆိုင်ရာ လုပ်ကိုင် ဆောင်ရွက်မှုများကိုလည်းစတင်၍ စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ အဗ္ဗဒူကာဒါဖီထရက်က ပြောကြားသည်။

ကဘူးလ်ဘဏ်တွင် လာဘ်စားမှုများနှင့် စီမံခန့်ခွဲမှုလွဲမှားမှုများရှိသည်ဟု စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ၎င်းဘဏ်ကျရှုံးမည်ကို စိုးရိမ်သော စားသုံးသူများက ဘဏ်မှနေ၍ ပိုက်ဆံများအလုံးအရင်း ထုတ်ယူနေခဲ့ကြသည်။

ယခုလအစောပိုင်းမှာပင် ကဘူးလ်ဘဏ်သည် လုံခြုံစိတ်ချရကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့အပြင် မီဒီယာများက ယင်းကိစ္စကို ပုံကြီးချဲ့ခဲ့ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ထိုစဉ်က ပြောခဲ့သည်။


သမ္မတဟာမစ်ကာဇိုင်း၏ ညီမာမွတ်ကာဇိုင်းသည် ကဘူးလ်ဘဏ်၏ အကြီးမားဆုံး အစုရှယ်ယာရှင်တစ်ဦးဖြစ်သည်။ နိုင်ငံ၏ဘဏ္ဍာရေး စနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဗဟိုဘဏ်က အရေးယူရခြင်းဖြစ်ကြောင်း သမ္မတနှင့်နီးစပ်သူ အရာရှိတစ်ဦးက ပြောကြားသည်။ *—Ref: BBC*

## အိုဘားမားထံ အရက်မူး၍ အီးမေးလ်ပို့ခဲ့သူ ဗြိတိသျှလူငယ် အမေရိကန်ပြည်ဝင်ခွင့် ရာသက်ပန်အပိတ်ခံခဲ့ရဟုဆို

**လန်ဒန်၊ စက်တင်ဘာ - ၁၅**
ဗြိတိသျှ ဆယ်ကျော်သက် လူငယ်တစ်ဦးဖြစ်သည့် လုခ်အိန်ဂျယ်ဆိုသူသည် ကန်သမ္မတဘားရက်အိုဘားမားထံ ဝေဖန်ရှုတ်ချထားသည့်အီးမေးလ်တစ်စောင် ပေးပို့ပြီးနောက်ပိုင်း အမေရိကန်သို့ ပြည်ဝင်ခွင့်မရဘဲ ပိတ်ပင်ခြင်းခံခဲ့ရကြောင်း သိရသည်။ အသက် ၁၇ နှစ်အရွယ်ရှိ လူငယ် လုခ်အိန်ဂျယ်သည် စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုများအကြောင်း ရုပ်သံအစီအစဉ်တစ်ခုကို ကြည့်ရှုခဲ့ပြီးနောက် ကန်သမ္မတအိုဘားမားထံ ၎င်း၏ အမြင်များကို ဖော်ပြထားသောပေးစာတစ်စောင် ပေးပို့ခဲ့ခြင်းဖြစ်သည်။

၎င်းနေထိုင်ရာ ဘတ်ဖို့ဒ်ရှိုင်းယားမြို့ ရဲတပ်ဖွဲ့ကလည်း မစ္စတာအိန်ဂျယ်သည် အိုဘားမားထံ အီးမေးလ်ပို့ဖူးသည်ကို ဝန်ခံထားကြောင်း၊ သို့သော် စာအရေးအသား အတိအကျကိုမူ မမှတ်မိတော့ကြောင်း ပြောသည်ဟု အတည်ပြုသည်။ မစ္စတာအိန်ဂျယ်ကလည်း သည်ဆန်းသတင်းစာသို့ "ကျွန်တော် အရက်မူးနေတုန်း အီးမေးလ်ပေးစာကို ရေးခဲ့တာမို့ အတိအကျတော့ မမှတ်မိပါဘူး။ ဒါပေမဲ့ အိုဘားမားကို ကြမ်းကြမ်းတမ်းတမ်းတစ်ခွန်းတော့ ခေါ်ဝေါ်မိတယ် ထင်ပါတယ်။ ဒါမျိုးဆိုတာ လူငယ်ဘဝမှာ ဖြစ်တတ်တယ် မဟုတ်လား။ အဲဒီနောက်ပိုင်းမှာ ရဲတပ်ဖွဲ့ဟာကျွန်တော့်ဆီရောက်လာပြီးကျွန်တော့်ကို ဓာတ်ပုံရိုက်ယူကာ အမေရိကန်ကို ထာဝရပြည်ဝင်ခွင့် ပိတ်လိုက်ပြီလို့ပြောပါတယ်" ဟုဆိုသည်။

သို့သော် ယခုကိစ္စနှင့် ပတ်သက်၍ အမေရိကန် အမိမြေလုံခြုံရေးဌာန၏ ဌာနခွဲတစ်ခုဖြစ်သောအမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးအေဂျင်စီကမူ ၎င်းတို့သည် သီးသန့်အကြောင်းအရင်းများကို ဆွေးနွေးမည်မဟုတ်ကြောင်း ပြန်ကြားထားသည်။ အမေရိကန်တွင် လူဝင်မှုဥပဒေအရ နိုင်ငံခြားသားများကိုကျန်းမာရေး ချို့ယွင်းခြင်း၊ လူဝင်မှု ဥပဒေချိုးဖောက်ခြင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ပြည်ဝင်ခွင့် ငြင်းပယ်နိုင်သည့် ကန့်သတ်ချက် ၆၀ ကျော်ရှိကြောင်းသတင်းကဆိုသည်။



—Ref: Telegprah

7 DAY NEWS JOURNAL
# International
Vol.9, No.27 · SEPTEMBER 23, 2010

## အာဖဂန်နစ္စတန်ပါလီမန်ရွေးကောက်ပွဲအပြီးမှာပင် လိမ်လည်မှုတိုင်တန်းချက်များ ထွက်ပေါ်လာ



**ကဘူးလ်၊ စက်တင်ဘာ - ၂၀**
အာဖဂန်နစ္စတန်ပါလီမန်ရွေးကောက်ပွဲ မဲပေးအပြီးနောက် တစ်ရက်မှာပင် လိမ်လည်မှုနှင့် ပုံမှန်မဟုတ်သော အနေအထားများနှင့်ပတ်သက်၍ တိုင်တန်းပြောကြားမှုများ ထွက်ပေါ်လာကြောင်းသိရသည်။

အထူးသဖြင့် မငြိမ်သက်မှုများရှိနေသော နိုင်ငံအရှေ့ပိုင်းနှင့်တောင်ပိုင်းခရိုင်ဒေသများတွင် မဲပေးခြင်းကို ဖိနှိပ်ခြင်းနှင့် မဲပုံးများကို မဲများဖြင့်ဖြည့်ထားခြင်းကဲ့သို့ အဖြစ်အပျက်များရှိခဲ့သည်။ မဲပေးမှုတွင် ပြဿနာများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့သည်လားဆိုသည်မှာ ပြောရန်စောလွန်းနေသေးသော်လည်း ခရိုင်အများအပြားတွင် မူမမှန်မှုများ သေချာပေါက်ဖြစ်ပေါ်ခဲ့ကြောင်း နယူးယောက်စ်တိုင်းမ်သတင်းက ဖော်ပြသည်။

"အခုချိန်ထိတော့ ကျယ်ပြန့်တဲ့၊ စနစ်တကျလိမ်လည်မှုရှိတဲ့ ပုံစံတော့ မတွေ့ရပါဘူး။ ဒါပေမဲ့ ကျယ်ပြန့်တဲ့ မူမမှန်မှုတွေနဲ့အတူ အောက်ခြေလိမ်လည်မှုတချို့ရှိခဲ့တာမျိုးတော့ဖြစ်နိုင်ပါတယ်"ဟု အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂအထူးကိုယ်စားလှယ် စတက်ဖန်ဒီမစ်ဆူရာကပြောကြားသည်။

ကန်ဒါဟာခရိုင်ရှိ နာဂါဟန်ရွာတွင် မဲဆန္ဒရှင်များက မဲပေးရန် မနက်အစောကြီးထ၍ တန်းစီနေခဲ့သော်လည်း ယင်းနေ့တစ်နေ့လုံး မဲပုံးများနှင့် မဲပြားများ မရောက်ရှိခဲ့ကြောင်း ထို့အတွက် ရွေးကောက်ပွဲမှာ ရက်စက်သော ဟာသတစ်ပုဒ်ပုံစံပေါ်ထွက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

*—Ref: NYTimes*



## နျူကလီးယား လူ့အခွင့်အရေး အငြင်းပွားမှုနှင့်ပတ်သက်၍ ကုလအကြီးအကဲက အီရန်အား ဖိအားပေး

**ကုလသမဂ္ဂ၊ စက်တင်ဘာ-၂၀**
အီရန်နိုင်ငံ၏ နျူကလီးယားကြိုးပမ်းမှု၊ လူ့အခွင့်အရေးများနှင့်ပတ်သက်၍ ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းက အီရန်သမ္မတ အာမက်ဒီနီဂျက်အား ထောက်ပြသတိပေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့တွင် ရောက်ရှိနေပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီကုလသမဂ္ဂနှင့် ပထမဆုံး ဆက်ဆံရေးပြုလုပ်ရာ၌ အီရန်သမ္မတသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် တွေ့ဆုံခဲ့သည်။

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားသန့်စင်ရေးအစီအစဉ်ကို ရပ်တန့်ရန် ငြင်းဆန်ခြင်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်သော ပိတ်ဆို့တားဆီးမှုလေးကြိမ်နှင့် ကြုံတွေ့နေလျက်ရှိရာ အီရန်အနေဖြင့် နျူကလီးယားကိစ္စအတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးမှုများတွင် အပြုသဘောပါဝင်ပတ်သက်မည်ဟု မျှော်လင့်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များနှင့်ကိုက်ညီပြီး နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော သဘောတူညီချက်ထွက်ပေါ်လာရေးဆီသို့ ဦးတည်သွားသင့်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြသည်။

ထို့အပြင် မစ္စတာဘန်ကီမွန်းက အခြေခံနိုင်ငံရေးနှင့် လူမှုအခွင့်အရေးများ၏ အရေးကြီးပုံကိုလည်း အီရန်ခေါင်းဆောင်အား အထူးပြုပြောကြားခဲ့ကြောင်း သိရသည်။

*—Ref:AFP*

## စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ရာသီဥတုဆွေးနွေးပွဲ အမေရိကန်လက်ခံကျင်းပမည်

**ဝါရှင်တန်၊ စက်တင်ဘာ - ၁၅**
အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံများနှင့် ပြုလုပ်မည့် ရာသီဥတုဆွေးနွေးပွဲကို နယူးယောက်မြို့တွင် လာမည့်ရက်သတ္တပတ်အတွင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရေးအတွက် အဖွဲ့ဝင် ၂၇ နိုင်ငံပါ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၁၆ နိုင်ငံတို့ ဈေးဆစ်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အဓိကစီးပွားရေးနိုင်ငံများ ဖိုရမ်မှာ ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးဆွေးနွေးပွဲများကို ပံ့ပိုးကူညီရန် စည်းရုံးလုပ်ဆောင်ခြင်းဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရေးအတွက် ကုလသမဂ္ဂ၏ ဆွေးနွေးပွဲများမှာ ယခုအချိန်အထိ သဘောတူညီချက် တစ်စုံတစ်ရာမပေါ်ထွက်သေးပေ။

စာ(၄၁)သို့

## မက္ကဆီကိုပင်လယ်ကွေ့ ဘီပီရေနံတွင်းကို ပိတ်ဆို့နိုင်ပြီဖြစ်ကြောင်း ကြေညာ



**ဝါရှင်တန်၊ စက်တင်ဘာ-၂၀**
သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအများဆုံးနှင့် အကုန်အကျအများဆုံး ဖြစ်ပေါ်စေခဲ့သော မက္ကဆီကိုပင်လယ်ကွေ့မှ ဗြိတိသျှပက်ထရိုပိုင် ရေနံတွင်းကို ပိတ်ဆို့နိုင်ပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ကြေညာသည်။

ရေနံတွင်းပိတ်ဆို့ရေးအတွက် ဦးဆောင်ကိုင်တွယ်နေသူ အငြိမ်းစားရေတပ်ဗိုလ်ချုပ်ကြီး သက်ဒ်အလင်က ၎င်းရေနံတွင်းအား ကြားဖြတ်၍ ဘိလပ်မြေဖြင့် ပိတ်ဆို့မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်းပြောကြားသည်။

"ဒီလုပ်ငန်းစဉ်အောင်မြင်စွာပြီးဆုံးကြောင်းကို ပြည်ထဲရေးဌာနက သမုဒ္ဒရာစွမ်းအင်စီမံခန့်ခွဲမှု ဗျူရိုကိုလည်း အတည်ပြုပေးလိုက်ပြီဆိုတော့ မာကွန်ဒို ၂၅၂ ရေနံတွင်းဟာ 'သေ' သွားပြီကို ကျွန်တော်တို့ ကြေညာနိုင်ပါပြီ"ဟု အငြိမ်းစားဗိုလ်ချုပ်ကြီးက ပြောသည်။

ယခုကြေညာချက်ကြောင့် ပင်လယ်ရေအောက်ပေပေါင်း ၅၀၀၀ မှ ရေနံတွင်းပေါက်ကွဲ၍ မက္ကစီကိုပင်လယ်ကွေ့တွင် ရေနံစည်ပေါင်း ၄ ဒသမ ၉ သန်းဖိတ်စဉ်ခဲ့သော ရေနံတွင်းအား ပိတ်ဆို့ရန် ငါးလတာကြိုးပမ်းမှုအဆုံးသတ်သွားပြီဖြစ်သည်။ ယင်းမှာ ပင်လယ်ရေပြင်တွင် ရေနံဖိတ်စဉ်မှု အများဆုံးအဖြစ်အပျက် ဖြစ်သည်။

ထိုအတောအတွင်းမှာပင် မက္ကဆီကို ပင်လယ်ကွေ့ဒေသအနေဖြင့် ယခုဘေးအန္တရာယ်မှ အပြည့်အဝပြန်လည် နာလန်ထလာရေးအတွက် လုပ်ဆောင်စရာရှိသည်အားလုံးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ် ကြောင်း သမ္မတအိုဘားမားက ပြောသည်။

ရေနံဖိတ်စဉ်မှုကြောင့် မက္ကဆီကိုပင်လယ်ကွေ့ သဘာဝပတ်ဝန်းကျင်နှင့် ၎င်းဒေသမှလူများ၏ အလုပ်အကိုင်များ ထိခိုက်ခဲ့ရမှုကို ပြန်လည်ကုစားရေး ဆက်လက်လုပ်ဆောင်သွားမည်ဟု ဘီပီကုမ္ပဏီကလည်း ကတိပြုပြောကြားသည်။

*—Ref:AFP*



7 DAY NEWS
JOURNAL



CREATION - Chit Bo Bo, PHOTO - J Maung Maung(*Amarapura*)

# အစွန်းရောက် ရာသီဥတုများနှင့် ၂၀၁၀ မြန်မာနိုင်ငံ

SPECIAL REPORT

VOL.9, NO.27 ■ SEPTEMBER 23, 2010

## ကုန်းခေါင်ခေါင်ရွာများသို့ ဝါးဖောင်များရောက်လာခြင်း

မင်းဒင်

**ဝါးဖောင်သည် အညာဒေသမှ ဒီရွာကလေးအတွက် အသုံးဝင်သောအရာမဟုတ်၍ ယခင်က သူတို့ကို ယှဉ်တွဲ၍တွေ့မြင်ရမည် မဟုတ်ပေ။ အခုတော့ မြစ်ဘေး၊ ချောင်းဘေးတွင် တည်ရှိနေသော ရွာမဟုတ်ပါဘဲ အပူပိုင်းဒေသမှ ရွာထဲတွင် ဝါးဖောင်များ တွေ့နေ ရပါပြီ။**

အထက်ပါရွာကလေးတွင် ငယ်ရွယ်စဉ်ကပင် အခြေချနေထိုင်ခဲ့သူတစ်ဦးက "အရင်မိုးရွာပြီးရင် မိုးအေးအေးမှာ အပြင်မထွက်ဘဲ အိမ်ထဲမှာအိပ်ပြီးဖိမ်ယူဖို့ပြင်နေပြီ။ အခုတော့ မိုးရွာရင်ပဲ ကြောက်နေမိပြီ။ ညသန်းခေါင်ချိန်တွေ မိုးကရွာလာတယ်။ မနက်လင်းစဆို ရေကဖွေးဖွေးလှုပ်နေပြီ။ တဖြည်းဖြည်းနဲ့ ရေပြင်ကျယ်ကြီးဖြစ်သွားတော့တာပဲ။ ဒီလိုရေတွေ တက်လာလို့ ဝါးဖောင်တွေလုပ်ထားရတာပါ"ဟု ဆိုသည်။

အဆိုပါရွာကလေးသည် ဝမ်းတွင်းမြို့နယ် သဲတောမြို့ အရှေ့မြောက်ဘက် ကျွဲသားဆိုသော ရွာကလေးဖြစ်ပြီး ယခုနှစ်အတွင်း ရေကြီးမှုကို နှစ်ကြိမ်ခံစားခဲ့ရသည်။ ဩဂုတ်လ ၂၅ရက်တွင် ပထမအကြိမ်၊ စက်တင်ဘာလ ၃ရက်တွင် ဒုတိယအကြိမ် စသည်ဖြင့် နှစ်ကြိမ်တိုင် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ လွန်ခဲ့သော ၉ နှစ်ခန့်က (၂၀၀၁ခုနှစ် ဇွန်လအတွင်း) ဝမ်းတွင်းမြို့ အတွင်း ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့စဉ်ကပင် ရွာသို့ ရေဝင်ရောက်မှုမရှိခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။

"နွေတုန်းက အပူချိန်မြင့်မားမှုကကြောက်စရာပဲ။ ဒီဒေသမှာရှိတဲ့ကန်တွေလည်း အပူဒဏ်ကြောင့် အက်တာကွဲတာတွေရှိတယ်။ မိုးကများလိုက်တော့ ကန်တချို့ရဲ့ အက်ကွဲကြောင်းတွေကနေ ရေလျှံတာတွေဖြစ်တာပေါ့"ဟု ဝမ်းတွင်းမြို့ခံ အငြိမ်းစားမြို့ပြအင်ဂျင်နီယာတစ်ဦးကပြောသည်။

ရေနစ်မြုပ်ခြင်း နှစ်ကြိမ်ဖြစ်ပွားရာတွင် ရေတည်ရှိချိန်အနေဖြင့် နှစ်ရက်ကြာမြင့်ခဲ့ပြီး ရေများ ပြန်လည်ကျဆင်းသွားသော်လည်း ရေတိုက်စားခြင်းကြောင့် လမ်းများ ပျက်စီးကာ သွားလာရခက်ခဲခဲ့သည်။ပထမအကြိမ်ရေဝင်ရောက်အပြီး ပျိုးပင်များချထားစိုက်ပျိုးသည့် စပါးခင်းများ၊ ရေဝင်ရောက်ရာ လမ်းကြောင်းကျသည့် စပါးခင်းများ၊ နွေလက်ကျန် ငရုတ်ခင်းအချို့နှင့် သခွားခင်းများ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း ညောင်အုပ်ဖီးကျေးရွာနေသူတစ်ဦးကပြောသည်။

သဲတော၊ ဝမ်းတွင်းဒေသရေနစ်မြုပ်မှုဖြစ်စဉ်တွင် ဒေသအခေါ် မြို့ပတ်ချောင်းဆိုသည့် မြောင်းမကြီးတိမ်ကောလာခြင်းသည်လည်း ရေကျချိန်ကြာမြင့်မှုနှင့် ရေနစ်မြုပ်မှု ဖြစ်စေသောအကြောင်းအရာတစ်ခုဖြစ်ကြောင်း ဒေသခံများက တညီတညွတ်တည်းထောက်ပြပြောဆိုသည်။

အချပ်ပို(E)သို့

## စိုက်ပျိုးရေးပညာရှင်များအတွက် အရေးကြီးသောအချိန်ရောက်

**"အခုအခါ ကမ္ဘာနဲ့အဝန်းမှာတော့ ရာသီဥတုဒဏ်ကို ရင်ဆိုင်ဖို့အစီအစဉ်တွေ ရေးဆွဲနေကြပြီ။ အဓိက ကိုယ့်ရဲ့စိုက်ပျိုးတဲ့ပတ်ဝန်းကျင်မှာ မိုးခေါင်ရင် ဘာလုပ်မလဲ၊ ရေကြီးရင် ဘာလုပ်ကြမလဲဆိုတဲ့ အစီအမံတွေကို စိုက်ပျိုးရေး ပညာရှင်တွေတိုင်ပင်ပြီး လုပ်သင့်နေပါပြီ" – ဆန်းစပါးစိုက်ပျိုးရေးပညာရှင်တစ်ဦး။**

**ဇာဇာနီ၊ သိမ့်သိမ့်စိုး**

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ဆန်စပါးအထွက်ကျဆင်းလျက်ရှိရာ ထိုအခြေအနေကို ရင်ဆိုင်နိုင်ရန်အတွက် နိုင်ငံအများအပြားတို့မှ ယခုအခါ အစီအမံများချမှတ်ရေးဆွဲနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးသမားများအနေဖြင့် ရာသီဥတုဒဏ်ကို မလွှဲမသွေရင်ဆိုင်နေကြရပြီဖြစ်ရာ ယခုကတည်းက ကာကွယ်ရေးနည်းလမ်းများကို ပြုလုပ်သင့်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနအဖွဲ့ (IRRI)မျိုးစေ့ဌာနမှ ပညာရှင်တစ်ဦးက ပြောသည်။

"အခုအခါ ကမ္ဘာနဲ့အဝန်းမှာတော့ ရာသီဥတုဒဏ်ကို ရင်ဆိုင်ဖို့အစီအစဉ်တွေရေးဆွဲနေကြပြီ။ အဓိက ကိုယ့်ရဲ့စိုက်ပျိုးတဲ့ပတ်ဝန်းကျင်မှာ မိုးခေါင်ရင် ဘာလုပ်မလဲ၊ရေကြီးရင် ဘာလုပ်ကြမလဲဆိုတဲ့အစီအမံတွေကို စိုက်ပျိုးရေးပညာရှင်တွေတိုင်ပင်ပြီး လုပ်သင့်နေပါပြီ"ဟု ယင်းပုဂ္ဂိုလ်က ယခုလ၁၉ရက်ကပြောသည်။

အချပ်ပို(E)သို့

ဘင်္ဂလားပင်လယ်အော် မုန်တိုင်း ၃ကြိမ်မှ ၅ကြိမ်အထိ ဖြစ်နိုင်သေး

အချပ်ပို(H)သို့

ရုတ်တရက် ရေကြီးလျှင် သတိပြု ဆောင်ရွက်ဖွယ်ရာများ

အချပ်ပို(F)သို့

ရေရှားခြင်း၊ ရေလျှံခြင်း နှစ်မျိုးလုံးအတွက် ပြင်ဆင်ထားရမည့် တောင်သူများ

အချပ်ပို(D)သို့

ရာသီဥတုဒဏ် ခံနေရတဲ့ ရခိုင်ဒေသမှ ရေလုပ်ငန်းများ

အချပ်ပို(C)သို့

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# မုံရွာနယ်မှ တောင်သူအချို့ ရာသီဥတုကိုကြည့်၍ စိုက်ပျိုးလာ

**ရန်ကျော်**

**မုံရွာ၊ စက်တင်ဘာ - ၁၈**

မုံရွာခရိုင်အတွင်း ရာသီဥတုပြောင်းလဲမှုအပေါ် အခြေခံ၍ တောင်သူများ ကောက်ပဲသီးနှံစိုက်ပျိုးမှုကို ပြောင်းလဲစိုက်ပျိုးလာကြောင်း အဆိုပါဒေသခံ တောင်သူများက ပြောသည်။

"အရင်နှစ်တွေက အပူချိန်မြင့်မားလာတဲ့နောက်ပိုင်း ငှက်ပျောစိုက်ခင်းတွေအထွက်လျော့နည်းလာပြီး အပင်သေဆုံးမှုပိုများလာတဲ့အတွက် ငှက်ပျောစိုက်ခင်းတွေနေရာမှာ ပဲစင်းငုံစိုက်ခင်းတွေ နေရာယူလာတယ်။ ဒီနှစ် မိုးရေပိုရတယ်ဆိုပေမယ့် မိုးအဆက်ဝေးလို့ လုံလောက်တဲ့မိုးရေ မရသေးဘူး။ စပါးစိုက်ခင်းတွေကလည်း အရင်လိုသက်ရင့်စပါးစိုက်တာ နည်းသွားပြီး ရာသီဥတုအခြေခံပြီး သက်နုစပါးတွေစိုက်တယ်။ မိုးနှောင်းကာလမှ မိုးပိုနိုင်တယ်လို့ဆိုပေမယ့် လတ်တလောစိုက်ပျိုးရေးအတွက် လုံလောက်တဲ့ မိုးရေမရသေးဘူး။ နောက်မိုးက ရာသီချိန်အတွင်း ပုံမှန်ရွာရင် သီးနှံအထွက်ကောင်းမယ်။ မိုးနည်းရင်တော့ ရေသွင်းစိုက်ရမှာဖြစ်သလို မိုးဆက်တိုက် ပုံမှန်ရာသီလွန်သည်းထန်ရင်တော့ ကောက်ပဲသီးနှံတွေ ပျက်စီးမှုကြုံနိုင်တယ်"ဟု မုံရွာခရိုင်၊ ကနီမြို့နယ်၊ တန့်ဆည်ချောင်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ထိုဒေသတွင် ဆည်ရေရသော လယ်မြေများ၌ စပါးစိုက်ပြီး၊ ကုန်းမြင့်ပိုင်းများတွင် မြေပဲ၊ မတ်ပဲ စသော ပဲမျိုးစုံ စိုက်ပျိုးလေ့ရှိသည်။

"ကောက်ပဲသီးနှံကတော့ ပုံမှန်စိုက်ပျိုးတာဆိုပေမယ့် ကုလားပဲမျိုးမှာ ရေသွင်းစိုက်လို့ရမယ့် နိုင်းတူးနိုင်း-929လို မျိုးစိတ်တွေပိုစိုက်လာတယ်။ အရင်တုန်းက ကုလားပဲမျိုးကို ဘီတူးမျိုးစိတ်တွေစိုက်တာ၊ ရေသွင်းစိုက်လို့မရတဲ့အတွက်နောက်ပိုင်း စိုက်သူနည်းသွားတယ်။ မိုးရေက လတ်တလောလုံလောက်မှုမရှိသေးဘူး။ နောက်ပိုင်း မိုးသည်းထန်ရွာသွန်းရင်တော့ သီးနှံတွေပျက်မှာတော့စိုးရတယ်"ဟု မုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံတောင်သူတစ်ဦးကစက်တင်ဘာ ၁၇ရက်တွင်ပြောသည်။

နှစ်စဉ်အားဖြင့်လည်း အထွက်ကောင်းနိုင်သည့်ပဲများ ဈေးကောင်းနိုင်သည့်ပဲများကို စိုက်ပျိုးမှုပိုများသော်လည်း ယခုနှစ်တွင် ရာသီဥတုဒဏ်ခံနိုင်ပြီးဈေးကောင်းနိုင်မည့်ပဲများကို ပိုမိုရွေးချယ်နေရကြောင်း မြောင်မြို့နယ်ရှိ ပဲစိုက်တောင်သူအချို့ကပြောသည်။

"မိုးမရွာဘဲ ထွန်ရစိုက်ရခက်တော့ ရာသီဥတုဒဏ်ကိုခံနိုင်တဲ့ဟာတွေရွေးရတယ်။ ကုန်သည်တွေက ပဲလွန်းဖြူတို့ မတ်ပဲတို့ကို အိတ်စ်ပို့ရှိတယ်ဆိုလို့ အဲဒါတွေစိုက်ဖို့ပိုများနိုင်တယ်" ဟု လက်ရှိပဲဈေးကွက်နှင့် ရာသီဥတုအခြေအနေကိုချိန်၍ ဒေသခံတစ်ဦးကဆိုသည်။

"ပြီးခဲ့တဲ့နှစ်နှစ်လောက်ကစပြီး ချင်းတွင်းမြစ်ရေ မရရှိတဲ့အတွက် စပါးစိုက်ခင်းအချို့မှာ မတ်ပဲ၊ ပြောင်းဖူး စိုက်တာပိုများလာသလို၊ အချို့စိုက်ကွင်းတွေမှာ ဂျုံ၊ ကုလားပဲ၊ ကတ္တီပါပဲ(ပဲနီ) စိုက်တာတွေပိုများလာတယ်။ ရေသွင်းစိုက်ပျိုးစရိတ်တွေကြောင့် စပါးစိုက်စရိတ်ကအပြင် စပါးပေါက်ဈေးထက်ပိုကုန်တာတွေရှိတယ်။ မိုးနှောင်းရာသီလွန် ကောင်းရင်တော့ သီးနှံအထွက်လျော့နိုင်ပြီး ရာသီချိန်အတွင်းမိုးကောင်းရင်တော့ သီးနှံအထွက်ကောင်းနိုင်တယ်။ မြေနိမ့်ပိုင်းရေဝင်ဒေသတွေမှာသက်ကြီး၊သက်လတ်စပါးတွေပိုစိုက်ကြတာ နောက်မိုးနောက်ရေ စိတ်မချရသေးလို့ပေါ့။ ချင်းတွင်းရေဝင်ဒေသမှာ စတင်လုပ်ကိုင်ခဲ့ကြတာတွေ့ရတယ်။ နောက်မိုးနောက်ရေကြီးရင်တော့ စိုက်ခင်းတွေ ရေဝင်ကုန်မှာဖြစ်တယ်" ဟုမုံရွာမြို့နယ်ချင်းတွင်းမြစ်ရေဝင်ဒေသခံတောင်သူတစ်ဦးကပြောသည်။

"မိုးကောင်းလည်း စိုက်ခင်းတွေမှာ ရေမဝပ်ဘူးဆိုရင်တော့ နောက်မိုးကောင်းလည်း စိုက်ခင်းတွေမထိခိုက်နိုင်ပါဘူး။ မြေပဲစိုက်ခင်းတွေက နောက်မိုးကောင်းလေ အထွက်ကောင်းလေပဲ။ ဩဂုတ်လစိုက်တဲ့ မြေပဲတွေ ဒီနှစ်မိုးလေးနဲ့ပိုကောင်းတယ်။ ပဲစင်းငုံ၊ ပြောင်း၊ မြေပဲ၊ ဝါတွေစိုက်ပျိုးကြသလို၊ ဖရဲ၊ သခွား၊ ခရမ်းချဉ်စိုက်ခင်းတွေလည်း မိုးသည်းသည်းရွာပြီးတဲ့နောက်ပိုင်းစစိုက်နေကြပြီ" ဟု ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ယခုနှစ်ဆန်းပိုင်းအတွင်း အပူချိန်မြင့်မားပြီးခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ခဲ့ပြီး၊ မိုးလယ်ပိုင်းတွင်မိုးရွာသွန်းမှုမမှန်ဘဲ၊ မိုးလေဝသပညာရှင်အချို့က လာနီညာရာသီဥတုကြောင့် နောက်ပိုင်းမိုးကောင်းမည်ဆိုသော်လည်း တောင်သူအများစုမှာ ယခင်နှစ်များကအတိုင်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်း အဆိုပါဒေသခံတောင်သူများကပြောသည်။ လာနီညာရာသီဥတု ဖြစ်ပေါ်လာပါက မိုးကောင်းပြီး စိုက်ခင်းများပျက်စီးနိုင်သည့်အတွက် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တောင်သူများအနေဖြင့် ဆောင်ရွက်ထားရှိခြင်းမရှိသေးကြောင်း သိရှိရသည်။

# မြစ်များကို ဝိုင်းဝန်းထိန်းသိမ်းရန်လိုပြီ

လာနီညာ ရာသီဥတုဖြစ်ပေါ်ပါက မြစ်ရေကြီးခြင်းကို ဂရုပြုရန်လို...

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ- ၁၈**

မြစ်လယ်တွင်သဲသောင်ကြီးများ အခိုင်အမာဖြစ်ပေါ်ပြီးများပြားနေပါက ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် သဲနုန်းပို့ချမှုများသောမြစ်များကို ဌာနပေါင်းစုံအပါအဝင် လူထုက ဝိုင်းဝန်းထိန်းသိမ်းမှုကိုပိုမိုပြုလုပ်ရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဧရာဝတီမြစ်၏ ဆည်းဆာအလှအား မန္တလေးမြို့အနီးမှ တွေ့ရစဉ်။ ဓာတ်ပုံ- molon.de

"သဲနုန်းပို့ချတဲ့မြစ်ကတော့ ပျက်နေတာပဲ။ သဲနုန်းပို့ချမှုက တစ်နှစ်နဲ့တစ်နှစ်နည်းမှမနည်းတာ။ ဒါက ရေဝေရေလဲဧရိယာမှာ မြေဆီလွှာထိန်းထားတဲ့ သစ်ပင်တွေမှမရှိတော့လို့ပေါ့။ အဲလိုမြစ်တွေကို သိပ်ပြီးလျစ်လျူရှုထားရင်တော့ ပျက်မှာပေါ့။ ဒီမှာတော့ လျစ်လျူရှုထားတာမရှိပါဘူး။ ပြုပြင်မှုကိုပိုပြီး လုပ်ဖို့လိုတာပေါ့" ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရာသီဥတု ပြောင်းလဲခြင်းသည် မြစ်များအပေါ် သွယ်ဝိုက်၍ အကျိုးသက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံသည်ရာသီဥတုပြောင်းလဲမှုဒဏ်ကို ယခုနှစ်အနည်းငယ်အတွင်း သိသာစွာ ခံစားလာရသည်။ ရာသီဥတုပြောင်းလဲခြင်းကို စောင့်ကြည့်လေ့လာသော ပညာရှင်ကြီးများ၏ ခန့်မှန်းချက်အရ မုတ်သုံမိုးသည် အဝင်နောက်ကျ၍ အထွက်စောမည်ဖြစ်သည်။ တစ်နှစ်၏ မိုးရွာသွန်းမှုပမာဏသည်ပြည့်မီသော်လည်း မိုးလယ်အကြားမိုးပြတ်မှုများဖြစ်ပေါ်ပြီး ရွာသွန်းရက်၌ တစ်ရက်မိုးရေချိန်လက်မထက်ပိုမိုရွာသွန်းပါကမြေပြိုမှု၊ရေကြီးလျှံမှုများ ဖြစ်ပေါ်နိုင်၍ လူထုက သတိပြုသင့်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

ယခုလက်ရှိအခြေအနေ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းခြင်းကို ရေအရင်းအမြစ်နှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြမ်းပြင်ထိန်းသိမ်းသည့် နည်းကို အသုံးပြုနေကြောင်း၊ ယင်းနည်းသည် ရေကြောင်းသွားလာရေးအတွက် အဓိကထားပြုပြင်ထိန်းသိမ်းသောကြောင့် ထိန်းသိမ်းခြင်းကို ပိုမိုပြုလုပ်ရန်လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မြစ်ကြောင်းထိန်းသိမ်းခြင်းကို နည်းပညာနှင့်ကုန်ကျစရိတ်မြင့်မားသော ဆည်မြောင်းဆောက်လုပ်ခြင်းနှင့်ရေထိန်းရေတံခါးများ ပြုလုပ်ရန် လိုအပ်သည်။ ဆည်မြောင်းသည် မြစ်လယ်တွင်ဆောက်လုပ်ရမည်ဖြစ်ပြီး မိုးရာသီတွင် ရေကြီးရေလျှံမှုမဖြစ်ရန် ရေကို ထိန်းသိမ်းပေးပြီး နွေရာသီတွင် ရေခန်းခြောက်ပါက ရေပေးဝေနိုင်သည့် ဆည်ဖြစ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် မြစ်ကြောင်းထိန်းသိမ်းရေးအတွက် မြစ်လယ်တွင် ဆောက်ရသော ဆည်များ မရှိသေးကြောင်းအထက်ပါပုဂ္ဂိုလ်က ပြောသည်။ စိုက်ပျိုးရေးကို အခြေခံသော ဆည်မြောင်းများသာ မြစ်လက်တက်များတွင်ရှိသည်။

ထို့ပြင် မြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များရှိရာ ရေဝေရေလဲဒေသတွင် သစ်တောသစ်ပင်များ လျော့နည်းခြင်းသည် မြေဆီလွှာနှင့် မိုးရေကိုထိန်းသိမ်းနိုင်စွမ်းလျော့နည်းစေပြီး သဲနုန်းပို့ချမှုများဖြစ်ပေါ်နိုင်သည်။ မြစ်ကြောင်း အတွင်းရှိ သဲနုန်းများပြားပြီး သဲသောင်များဖြစ်ပေါ်နေပါက မြစ်၏ သယ်ဆောင်နိုင်စွမ်းအားကို လျော့နည်းစေသည်။ သယ်ဆောင်နိုင်စွမ်းအား လျော့နည်းသောမြစ်ကြီးများတွင်ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သည်။

"ရာသီဥတုအပြောင်းအလဲကြောင့် ရေကြီးရေလျှံတာတွေလည်း ဖြစ်ပေါ်နိုင်တာပေါ့။ အဲလိုမဖြစ်ရအောင် ကြိုတင်ပြင်ဆင်ထားရမှာပေါ့။ မြစ်ရဲ့သယ်ဆောင်နိုင်စွမ်းအားကိုမြှင့်တင်ရမှာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဩဂုတ်လက ပဲခူးမြစ်ရေလျှံရခြင်း၏ အကြောင်းရင်းတစ်ခုမှာ မြစ်ကြမ်းခင်းမြင့်တက်ခြင်းတစ်ခုဖြစ်ကြောင်း ပညာရှင်များက သုံးသပ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏မြစ်များအားလုံးနီးပါးမှာ နုန်းပို့ချမှုကြောင့် မြစ်ကြမ်းခင်းမြင့်တက်မှုရှိနေစဉ် မိုးလေဝသပညာရှင်အချို့က လာနီညာရာသီဥတုကြောင့်နောက်ပိုင်းမိုးကောင်းနိုင်၍ မြစ်ရေကြီးခြင်းကို ဂရုပြုရန်လိုကြောင်းလည်းသတိပေးသည်။ သို့သော်ထူးခြားမှုမှာ ယခုနှစ်မိုးတွင်း၌ ပဲခူးမြစ်မှအပ ကျန်မြစ်ကြီးများမှာ စိုးရိမ်ရေမှတ်မကျော်သေးပေ။

## မိုးဦးနောက်ကျ၍ ရခိုင်တောင်ပိုင်းဒေသရှိ စိုက်ပျိုးရေးလုပ်ငန်းများ မအောင်မြင်

**မြတ်စုမွန်၊ အိဖြူလွင်**

**သံတွဲ၊ စက်တင်ဘာ- ၁၈**

ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများတွင်လည်း ယခုနှစ်မိုးဦးနောက်ကျသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မဖြစ်ထွန်းဘဲရှိနေသည်ဟု ဒေသခံလယ်သမားများက ပြောသည်။

ထိုဒေသသည် တောင်တန်းများကြားတွင် တည်ရှိသောဒေသဖြစ်ပြီး မြေပြန့်ရှားသောကြောင့် စပါးကို စီးပွားဖြစ်စိုက်ပျိုးသူမရှိဘဲ တစ်နိုင်တစ်ပိုင်သာစိုက်ပျိုးကြ၍ ဧကအများဆုံး ပိုင်သူပင် ၅ ဧကခန့်သာရှိကြောင်း သိရသည်။

"ဒီဒေသမှာ လယ်ကတော်တော်အရေးကြီးတယ်။ လယ်ပျက်စီးသွားရင် လူတွေရဲ့ စားရေးသောက်ရေးက တော်တော်ခက်ပြီ။ အားလုံးကဝမ်းစာအတွက်ပဲ လုပ်ကြတာ။ အထွက်နှုန်းကောင်းလို့ ဝမ်းစာပိုမှရောင်းနိုင်ကြတာ" ဟု သံတွဲမြို့နယ်သစ်ကောက်ကျေးရွာမှလယ်သမား တစ်ဦးဖြစ်သူ ဦးတင်မြင့်က ပြောသည်။ လယ်မှာ မိုးဦးတွင်စိုက်သော လယ်၊ မိုးလယ်တွင် စိုက်သောလယ်နှင့် မိုးနှောင်းတွင် စိုက်သောလယ်ဟူ၍ ၃ မျိုးရှိပြီး၊ ယခုနှစ်တွင် မိုးလယ်မှသာ မိုးရွာသွန်းမှု ပုံမှန်ဖြစ်သောကြောင့် မိုးလယ်စပါးများသာ ဖြစ်ထွန်းနေခြင်းဖြစ်သည်ဟု သိရသည်။

သို့သော် ထိုဒေသတွင်ပင် အချို့ဒေသများ၌ ဇူလိုင်လနှင့် ဩဂုတ်လများတွင် နေတစ်ပြိုက်၊ မိုးတစ်ပြိုက်ကြောင့် ပျိုးပင်များ ပျက်စီးကုန်ပြီး ယခုအချိန်တွင်မှအသစ်ပြန်စိုက်ရသော လယ်များလည်းရှိကြောင်း ဂွမြို့နယ်မှ ဒေသခံတစ်ဦးကပြောသည်။ စက်တင်ဘာလဆန်းတွင်လည်း မိုးကြီးသောကြောင့် စိုက်ခါစပျိုးပင်များ ရေနစ်ပျက်စီးမှုများလည်းရှိခဲ့ကြောင်း သိရသည်။

မိုးလယ်တွင် စိုက်ပျိုးသော စပါးများသာဖြစ်ထွန်းနေသဖြင့် မိုးနှောင်းရာသီတွင်လည်း ရာသီဥတု ပုံမှန်ဖြစ်မှသာ စပါးထွက်နှုန်းကောင်းမည်ဟုဒေသခံများက ပြောသည်။ "မိုးနှောင်းကခုတော့ မသိရသေးဘူးပေါ့။ တော်သလင်းလကုန်လောက်မှ သိရမယ်။ စပါးတွေမှည့်တဲ့အချိန်၊ ရိတ်တဲ့အချိန်မှ မိုးမဖျက်ဖို့ပဲ မျှော်လင့်ရမယ်"ဟုသစ်ကောက်ကျေးရွာမှ ဦးတင်မြင့်ကပြောသည်။ ထိုဒေသရှိ လူဦးရေအနည်းငယ်များသော မြို့အချို့တွင် ဒေသတွင်းစပါးထွက်ရှိမှုနှင့်မလုံလောက်၍ ဧရာဝတီတိုင်းရှိ အသုတ်၊ ကျောင်းကုန်းမြို့နယ်များမှ ဆန်ကို ဝယ်ယူစားသုံးကြသည်ဟု ဂွမြို့နယ်မှ ဒေသခံများကပြောသည်။

ယခုနှစ်မိုးရာသီတွင် မိုးဦးအဝင်နောက်ကျသကဲ့သို့မုတ်သုံလည်းယခင်နှစ်များကထက်စော၍ ထွက်ခွာကာ မုန်တိုင်းမိုးများရှိတတ်၍ လယ်သမားများအတွက် သတိပြုရန်ကြေညာချက်များကိုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စက်တင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

# ရာသီဥတုဒဏ်ခံနေရတဲ့ ရခိုင်ရေလုပ်ငန်းများ

မြတ်စုမွန်၊ အိမြူလွင်



ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ကမ်းရိုးတန်းဒေသတွင်ဆိုက်ကပ်ထားသော ငါးဖမ်းလှေများကို စက်တင်ဘာလ တတိယပတ်က တွေ့ရစဉ်။

ရခိုင်ပြည်နယ်သည် ပင်လယ်ရေထွက်သယံဇာတများနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ အဓိကလုပ်ကိုင်လျက်ရှိသည့် ဒေသတစ်ခုဖြစ်ရာ နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်နေသော ရာသီဥတုနှင့် မိုးလေဝသ အပြောင်းအလဲများကြောင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသရှိ ဒေသတွင်း လုပ်ငန်းများအကြား သိသာပြောင်းလဲသော အကျိုးသက်ရောက်မှုများကို ခံစားလာရပြီဖြစ်သည်။

ရာသီဥတုအပြောင်းအလဲများကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများအနက် ပင်လယ်တွင်း ရေစီးကြောင်းပြောင်းလဲမှုနှင့် ရေအောက်ရေစီးနှုန်းမြန်ဆန်လာမှုများကြောင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ငါး၊ ပုစွန်ဖမ်းဆီးရရှိမှု ထက်ဝက်ကျော်ကျဆင်းလာကြောင်း ဒေသခံများ၏ ပြောကြားချက်များအရသိရသည်။

"ရာသီဥတုအပြောင်းအလဲကြောင့်တစ်ခါမှ မကြုံဖူးတာတွေကြုံရတယ်။ အောက်ရေစီးကြောင်းဆိုတာ တစ်ဖက်တည်းကို ၄၊ ၅၊ ၆ ရက် ဆက်တိုက်စီးနေတာ။ နောက်နေ့ရောက်ရင် တခြားတစ်ဖက်ကို ပြန်စီးတယ်။ အောက်ရေစီးကြောင်းမှာ ရေတက်ရေကျဆိုတာမရှိဘူး။ အဲဒီလို အောက်ရေထိုးတဲ့အတွက် ငါးတို့၊ ပုစွန်တို့ ပျောက်တာပေါ့။ ၂ နှစ်လောက်ရှိနေပြီ။ ခဏခဏ ဖြစ်ဖြစ်နေတာ။ အဲဒီလိုဖြစ်ရင် ပိုက်ဆွဲလို့မရဘူး"ဟု သံတွဲမြို့နယ်၊ ဂျိတ္တောကမ်းခြေရှိ Thandwe Marine Product မှ ပုစွန်ကုန်ကြမ်းရှာဖွေရေး မန်နေဂျာ ဦးဟုတ်လွင်က ပြောသည်။

မကြာခဏဖြစ်ပေါ်လာတတ်သော ရေစီးကြောင်းအပြောင်းအလဲများအပြင် ပင်လယ်အောက်ရေပူနွေးလာမှုကိုလည်း ကြုံတွေ့လာရရာ ငါး၊ ပုစွန်များ ကျက်စားရာနေရာများ ရွှေ့လျား ပျောက်ကွယ်လာကြောင်း ဒေသခံရေလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။ ထို့သို့ငါး၊ ပုစွန်အထိအမိလျော့နည်းလာခြင်းကြောင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းတွင် နေရာအသီးသီးက ပါဝင်နေသည့် လုပ်ငန်းရှင် ရေလုပ်သား အရောင်းအဝယ်ဒိုင်သည် လူတန်းစားအားလုံးအတွက် အပြောင်းအလဲများ ကိုယ်စီကြုံတွေ့လာ၍ဖြစ်သည်။

"အခုနားနေတာ ၂ ရက်၊ ၃ ရက်ရှိပြီ၊ ငါးမရလို့။ ပင်လယ်ထဲဆင်းရင်လည်း ငါးက တစ်ပိဿာလောက်ပဲရတယ်။ အိမ်စားငါးလောက်ပဲရတယ်။ ပင်ပန်းသလောက်မရဘူး။ ဆီစရိတ်ကုန်တာပဲရှိတော့ မကာမိဘူး။ ဒါကြောင့်မဆင်းဘဲနားနေရတာ။ ပင်လယ်မှာ လှိုင်းခဏခဏကြီးတယ်။ ရေစီးကြမ်းပြီး အောက်ရေစီးတာသန်တော့ ပိုက်ဆွဲတဲ့ အခါ ငါးသိပ်မရတော့ဘူး။ မနှစ်က ငါးနည်းနည်းရသေးတယ်။ ဒီနှစ်မှာ မနှစ်ကနဲ့စာရင် ထက်ဝက်ကျော်လောက်ထိုးကျသွားတယ်" ဟု သံတွဲမြို့နယ်၊ ဂျိတ္တောကျေးရွာမှ နေ့စားရေလုပ်သားတစ်ဦးက သူ၏အတွေ့အကြုံကို ပြောပြသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများတွင် ယခုနှစ်ပိုင်းအတွင်း ရာသီဥတုပူနွေးလာမှုကို ခံစားလာရပြီး ယခုနှစ်တွင် မိုးဦးကာလအဝင်နောက်ကျ၍ မိုးနှောင်းကာလ မိုးပိုများလာကြောင်း သိရသည်။

"ဒီနှစ် မိုးဦးမကောင်းဘူး။ မိုးနှောင်းမှာတော့ ကောင်းတယ်။ မုန်တိုင်းရိပ်ကလေးတွေကတော့ သူ့ဟာနဲ့သူ အမြဲတမ်းလိုလိုရှိတယ်။ ဒါပေမဲ့ မကြမ်းဘူး။ မိုးလေဝသနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်ကိုတော့ ရေဒီယိုပဲနားထောင်ဖြစ်တယ်။ ရေဒီယိုနားမထောင်မိဘဲ ထွက်သွားလို့ ရာသီဥတုမကောင်းဘူးဆိုရင်လည်း ပင်လယ်ထွက်တဲ့လှေကများတော့ တစ်ယောက်နဲ့တစ်ယောက် သတိပေးကြတာပဲ။ ရာသီဥတုက အရင်နှစ်တွေကထက်စာရင် ဒီနှစ် ပိုပူတယ်လို့ပြောရမှာပဲ"ဟု ဂွမြို့နယ်၊ ကျိန္တလီမြို့နယ်ခွဲ၊ ရမ္မာကျွန်းမှ ရေလုပ်ငန်းလုပ်သက် ၂၀ ရှိ ဦးစိုးမင်းကရှင်းပြသည်။

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်အတွင်းက ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် မာလာဆိုင်ကလုန်းမုန်တိုင်းနောက်ပိုင်းမှစတင်၍ ရာသီဥတုအပြောင်းအလဲများ ဖြစ်ပေါ်လာသည်ကို တွေ့ရကြောင်း ရခိုင်ပြည်နယ်၊ ဂွမြို့နယ်မှ ဒေသခံရေလုပ်သားတစ်ဦးက သုံးသပ်သည်။

"ရာသီဥတုက မာလာဖြစ်ပြီးတဲ့နောက်ပိုင်းမှာသိပ်မကောင်းဘူး။ ဟိုင်းကြီးကျွန်းဘက်မှာဖြစ်ခဲ့တဲ့နာဂစ်ကိုတော့ မပြောလိုဘူးပေါ့။ မာလာမုန်တိုင်း မတိုင်ခင်ဟိုဘက်အပိုင်းတုန်းကဆိုရင် လူတွေ တော်တော်ကြီးအဆင်ပြေကြတယ်။ ဒါတောင် မာလာနောက်ပိုင်းမှ တစ်နှစ်လောက်ငါးတွေရလိုက်သေးတယ်။ မနှစ်ကလည်း သူ့ဟာနဲ့သူစားဝတ်နေရေးအဆင်ပြေကြတယ်။ ဒီနှစ်တော့ ငါးက အရှင်းမရဘူး။ မနှစ်ကရတော့ ဒီနှစ်လည်းရမယ်လို့ မှန်းထားတာ။ မှန်းချက်နဲ့မညီဘူး။ ငါးမရတော့ စက်သုံးဆီဖိုးက မခံနိုင်ဘူး။ ငါးကလည်း မရ၊ ရာသီဥတုကလည်း မကောင်းတော့ အကုန်လုံးလိုလို နားနေကြတယ်"ဟု ဂွမြို့နယ်၊ မကျည်းငူကျေးရွာမှ ရေလုပ်ငန်းလုပ်သက် ၁၇ နှစ်ရှိသူ ကိုမောင်မောင်က သူတို့၏ လက်ရှိအခြေအနေကို ရှင်းပြသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်လျက်ရှိသည့်ရေလုပ်သားများသည် ရာသီဥတုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရေဒီယိုများမှတစ်ဆင့်ကြားသိရပြီး၊ တစ်ခါတစ်ရံတွင် ရေဒီယိုမှ ထုတ်ပြန်ကြေညာသော မိုးသက်လေပြင်းသတင်းများက အနည်းငယ်နောက်ကျလေ့ရှိကြောင်း ရေလုပ်သားများက တညီတညွတ်တည်းပြောသည်။

"ရာသီဥတုနဲ့ပတ်သက်တဲ့ သတင်းအချက်ကို ရေဒီယိုက ကြေညာတာနားထောင်တယ်။ မကြေညာဘူးဆိုရင်လည်း လူကပဲခန့်မှန်းတယ်။ စက်လှေတစ်စီးနဲ့တစ်စီးပဲ့စီးတွေအချင်းချင်း ရာသီဥတုအနေအထားကို ကြည့်ပြီး ထွက်သင့်မထွက်သင့်ခန့်မှန်းကြတယ်။ ရေဒီယိုကိုအားကိုးတကြီးနားထောင်ဖြစ်တယ်။ တစ်ခါတလေမှာကျတော့ကွာဟချက်ကလေးတွေရှိတယ်။ နေသာတယ်ဆိုပြီး ပင်လယ်ထွက်သွားတယ်၊ ပင်လယ်ထဲမှာ မုန်တိုင်းရှိနေလို့ ပြန်ဝင်လာရတယ်။ အဲဒီလိုဖြစ်ပြီး ၂ ရက်လောက်နေမှ ရေဒီယိုက မုန်တိုင်းသတင်းကြေညာတော့ ဒီမှာက ဖြစ်ပြီးသွားပြီ"ဟု ဂွမြို့နယ်၊ မကျည်းငူကျေးရွာမှ ရေလုပ်သားတစ်ဦးက သူ၏အတွေ့အကြုံကို ရှင်းပြသည်။

ရာသီဥတုနှင့် မိုးလေဝသ အပြောင်းအလဲများ၊ ရေစီးကြောင်းပြောင်းလဲလာမှုများကြောင့် နေ့စဉ်အဓိကလုပ်ငန်းထိခိုက်မှု ရှိလာသော်လည်း ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းကိုမူ မခန့်မှန်းတတ်ကြောင်း အထက်ပါရေလုပ်ငန်းလုပ်ကိုင်သူများက တညီတညွတ်တည်း မှတ်ချက်ပေးကြသည်။

"အယ်နီညိုတို့၊ လာနီညာတို့ဆိုတာ ကြားတောင်မကြားဖူးဘူး။ အခုအစ်မတို့ပြောမှသိရတယ်"ဟု ကိုမောင်မောင်ကပြောသည်။

"ကျွန်တော်တို့ကတော့ မိုးလေဝသသတင်းကို အင်တာနက်ကကြည့်တယ်။ သံတွဲက စက်ရုံမှာ အင်တာနက်ကြည့်လို့ရတယ်။ အဖွဲ့ဝင်ထားရင် တစ်ပတ်စာကြည့်လို့ရတယ်။ ဝင်မထားရင်တော့ သုံးရက်စာကြည့်လို့ရတယ်။ လှိုင်းအမြင့်ဘယ်လောက်၊ လေတိုက်နှုန်းဘယ်လောက်ဆိုတာတွေကြိုသိရတော့ ပင်လယ်ထဲက လှေတွေကို ဖုန်းနဲ့လှမ်းပြောထားလို့ရတယ်။ ငါးဦးစီးက လိုင်စင်ထုတ်ပေးထားတဲ့ စကားပြောစက်တွေလည်းရှိတယ်"ဟု ဦးဟုတ်လွင်က ပြောသည်။

ရာသီဥတုအပြောင်းအလဲနှင့် ရုတ်တရက်ကျရောက်လာနိုင်သော မိုးသက်လေပြင်းသတင်းအချက်အလက်များကို ကမ်းနှင့်ပင်လယ်ပြင်သို့ အလွယ်တကူဆက်သွယ်နိုင်ရန်အတွက် စကားပြောစက်များ၊ ကမ်းရိုးတန်း စီဒီအမ်အေဖုန်းများကို ယခင်ကထက်ပိုမို အသုံးပြုလာကြကြောင်း ဒေသခံရေလုပ်သားများထံမှသိရသည်။

ထိုသို့သုံးစွဲလာသည်မှာ ၇ နှစ်ဝန်းကျင်ခန့်ရှိလာပြီဖြစ်ပြီး ယခင်အသုံးမပြုခင်ကနှင့်နှိုင်းစာလျှင် သဘာဝဘေးဒဏ်ကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှု၊ ထိခိုက်ပျက်စီးမှုများသိသာစွာ လျော့နည်းလာကြောင်းလည်း ယင်းတို့က တညီတညွတ်တည်း ပြောကြားသည်။

"ရေလုပ်ငန်းသမားတွေက တစ်လှေနဲ့တစ်လှေ ဆက်သွယ်လို့ရတဲ့စက်ကလေးတွေရှိနေတော့ ရာသီဥတုနဲ့ပတ်သက်တဲ့ သတင်းတွေကိုအချင်းချင်းဖလှယ်ကြတယ်။ ပင်လယ်ထဲမှာ လှိုင်းကြီးတယ်၊ သတိထားထွက်ဆိုတာမျိုး။ မထွက်သင့်ဘူး၊ ငါတို့တော့ ပြန်ဝင်လာပြီစသဖြင့် တစ်ယောက်နဲ့တစ်ယောက်လှမ်းပြောကြတယ်။ တော်တော်အဆင်ပြေတယ်။ လှေပိုင်ရှင်တွေက ပဲ့စီးတွေကိုဝယ်ပေးထားတယ်။ အရင်စက်တွေမရှိတုန်းကနဲ့စာရင် အန္တရာယ်ပိုကင်းသွားတာပေါ့" ဟု ကိုမောင်မောင်ကရှင်းပြသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ သံတွဲခရိုင်အတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ကိုင်သူများသည် ရာသီဥတုနှင့် မိုးလေဝသ အပြောင်းအလဲများကြောင့် နေ့စဉ်လုပ်ငန်းကို ထိခိုက်လာသည့် အပြောင်းအလဲများကို ကြုံတွေ့နေရသော်လည်း ကြီးမားသော ဆုံးရှုံးမှုနှင့် လူအသေအပျောက်များပြားမှုကို မကြုံဖူးသေးကြောင်း ဒေသခံများက တညီတညွတ်တည်းပြောသည်။

ထို့ပြင် ရာသီဥတု အပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုလျော့ကျလာနိုင်သည့် အပေါ်တွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားခြင်းမျိုးကျယ်ကျယ်ပြန့်ပြန့် မရှိသေးသည်ကိုလည်း တွေ့ရသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် ဆိုးကျိုးများနည်းတူ မြန်မာနိုင်ငံတွင်လည်း အယ်နီညိုနှစ်၊ လာနီညိုနှစ်များ ဖြစ်ပေါ်လျက်ရှိသည်ကို ဒေသခံရေလုပ်သားများ သေချာစွာမသိရှိကြသော်လည်း ယခုနှစ်ပိုင်းအတွင်း ငါးအထိအမိနည်းပါးလာခြင်း၊ ရေစီးကြောင်း ပြောင်းလဲမှုများနှင့် ပင်လယ်အောက်ရေပြင်ပူနွေးလာခြင်းများကိုမူ လက်တွေ့ ခံစားလာရပြီဖြစ်သည်။

## မိုးနည်း၍ အင်းငါး အထွက်လျော့နိုင်

အောင်သူရ

ကျောင်းကုန်း၊ စက်တင်ဘာ- ၁၉

ဧရာဝတီတိုင်းအတွင်းရှိ ရေချိုအင်းများတွင် လာမည့်အင်းဖော်ချိန်၌ ငါးရရှိမှု နှစ်ဆယ်ရာခိုင်နှုန်းခန့် လျော့ကျနိုင်ကြောင်း အင်းသူကြီးအချို့က ပြောသည်။

"မိုးနည်းတော့ ရေနည်းတယ်။ ရေနည်းတဲ့အတွက် ငါးပါးတာပါ"ဟု ကျောင်းကုန်းမြို့နယ်၊ ကံကလေးကျေးရွာမှ အင်းသူကြီးဦးစိုးနိုင်က ပြောသည်။

ပုံမှန်အားဖြင့် ဝါဆို၊ ဝါခေါင်လများတွင် ရေကြီးမှုသာ အင်းများအတွင်း ရေရရှိမှုများပြီး တွက်ခြေကိုက်ကြသည်။

အဆိုပါအင်းများအား တော်သလင်းလ(စက်တင်ဘာလ)တွင်ပိတ်လေ့ရှိသဖြင့် နောက်ပိုင်းမိုးရွာသွန်းမှုကောင်း၍ ရေရရှိမှုများသော်လည်း အင်းလုပ်ငန်လုပ်ကိုင်သူများအတွက် အချည်းနှီးဖြစ်သည်ဟု ပန်းတနော်မြို့နယ်မှ အင်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ထိုကဲ့သို့ ငါးရရှိမှုနည်းသောနှစ်တွင် ငါးဈေးကောင်းလေ့ရှိကြောင်း သိရသည်။

အင်းများမှရရှိသောငါးများမှာ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ တီလားဗီးယား၊ ငါးဘဲတို့ကို အဓိကရရှိပြီး အခြားသောငါးမျိုးစုံပါ ရရှိကြသည်။

ရန်ကုန်ဈေးကွက်အတွင်း လက်ရှိ ငါးရံ့၊ ငါးခူအကြီး တစ်ပိဿာလျှင် ကျပ် ၇,၀၀၀၊ တီလားဗီးယားတစ်ပိဿာလျှင် ကျပ် ၂,၀၀၀ ရှိသည်။

ဧရာဝတီတိုင်းအတွင်း ကျောင်းကုန်းမြို့နယ်တွင် အင်း ၃၀ ကျော်၊ ပန်းတနော်မြို့နယ်တွင် ၁၀၀ ကျော်၊ သာပေါင်းမြို့နယ်တွင် ၁၀၀ ခန့်နှင့် အခြားသောမြို့နယ်များတွင်လည်းရှိကြကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ရေရှားခြင်း၊ ရေလျှံခြင်း နှစ်မျိုးလုံးအတွက် ပြင်ဆင်ထားရမည့် မြန်မာတောင်သူများ

သန်းထူး

မိုးလေဝသပညာရှင်တို့၏ အဆိုအရ မြန်မာနိုင်ငံ တစ်နံတစ်လျားလုံးကို မိုးရွာသွန်းမှုဖြစ်ပေါ်စေသည့် မုတ်သုံလေများမှာ စက်တင်ဘာလအကုန်တွင် မြန်မာနိုင်ငံမှ လက်ပြနှုတ်ဆက် ထွက်ခွာပေတော့မည်။ မုတ်သုံလေများနှင့်အတူ မိုးပျောက်သွားမည်ကို တောင်သူအချို့ ပူပန်နေသည်။ ထို့အတွက် ဦးကြီးတို့ လုပ်ဆောင်ရမည့် အဓိကအလုပ်သည် ရေကိုရနိုင်သမျှနည်းလမ်းများသုံး၍ ရအောင်ယူပြီး ဖြစ်နိုင်သမျှမလေလွင့်စေရန် ထိန်းသိမ်းရေးပင်ဖြစ်သည်။

သို့သော်လည်း ခန့်မှန်းမှုများ၏ နောက်ဆက်တွဲအရ မုန်တိုင်းများက ဖြစ်နိုင်ခြေရှိသည်ဟုဆိုသည်။ ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းက ပူပြင်းခြောက်သွေ့သော(အယ်လ်နီညို)ရာသီဥတုအခြေအနေသည် ၂၀၁၀ မေလ အထိ အသက်ဝင်ခဲ့ကာ မြန်မာလူမျိုးများ တစ်သက်မမေ့နိုင်သည်အထိ ပူဖြစ်ခဲ့သည်။ ထိုကဲ့သို့ အပူပြင်းဆုံးဟူသောရာသီကို ခါးစည်းခံပြီး ကျော်လွန်လာခဲ့သော်လည်း အေး၍ စိုစွတ်မှုများပေးလာမည့် လာနီညိုရာသီဥတုက လာဦးမည်ဆိုပြန်သည်။ မိုးလေဝသပညာရှင်များက ဇူလိုင်လကတည်းက ခန့်မှန်းခဲ့ပြီး ယခုအချိန်တွင်မူ သေချာသလောက်ရှိနေပြီဟုဆိုသည်။ လာနီညာရာသီဥတု ဖြစ်ပေါ်မည်၊ အေးမည်၊ စိုစွတ်မည်၊ မုန်တိုင်းများ ဖြစ်ပေါ်နိုင်သည်ဟု ဆိုကြသည်။

မြန်မာနိုင်ငံရှိ လယ်သမားကြီးများအနေဖြင့် မုတ်သုံအလွန် စိုက်ပျိုးရေရှားပါးမှုကို ဖြေရှင်းရန်လိုအပ်လာသကဲ့သို့ မုန်တိုင်းများသက်ရောက်မှုကြောင့် ရုတ်တရက် မိုးကြီးရေကျော်ဖြစ်လာမည့် အခြေအနေများအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း စိုက်ပျိုးရေးပညာရှင်တို့ကအကြံပြုသည်။

"မိုး/ဇလကလည်း ဒီအတိုင်းပဲ ခန့်မှန်းထားပါတယ်။ ရာသီဥတုက စိုက်ပျိုးရေးကဏ္ဍနဲ့ အများကြီးဆိုင်ပါတယ်။ စိုက်ပျိုးရေးပညာရှင်အနေနဲ့ အကြံပြုရရင်တော့ လောလောဆယ် မုတ်သုံလေဆုတ်ခွာပြီဖြစ်တဲ့အတွက် ရွာတဲ့မိုးရေကို ရသလောက်ယူပါ။ ပြီးရင် ရေအလေအလွင့် မဖြစ်အောင်ထိန်းပါ။ ကြွက်တွင်း၊ ပုစွန်တွင်းပေါက်တွေကိုတူးဆွပြီး ပြန်ပိတ်ပါ။ လယ်ကန်သင်းကို လုံအောင်ဂရုစိုက်ပါ။ ဒါကတော့ ရေကိုထိန်းသိမ်းဖို့ပေါ့"ဟူ၍ လယ်သမားများ စပါးအောင်ရေအတွက် ဂရုတစိုက်လုပ်ဆောင်ရမည့်အခြေအနေများကို စိုက်ပျိုးရေးပညာရှင်ဦးဝင်းမောင်က အကြံပြုပြောကြားသည်။

နေပြည်တော် လယ်ဝေးမြို့နယ်မှ မိုးစပါးလေးဧကစိုက်ပျိုးထားသောလယ်သမားဦးစိုးကမူ "သိပ်လည်းမစိုးရိမ်ပါဘူး။ ရေဒီယိုနားထောင်၊ ဂျာနယ်တွေဖတ်နဲ့ မိုးလေဝသအကြောင်းကို သိသင့်သလောက်သိထားပါတယ်။ ကိုယ်ချင်းမစာလို့ပြောတာတော့မဟုတ်ဘူး။ မုတ်သုံမရှိလည်း မုန်တိုင်းတွေလာပါလိမ့်ဦးမယ်။ မုန်တိုင်းလာရင် ကျွန်တော်တို့အရပ်မှာ မိုးရွာတယ်လေ" ဟု ဆိုသည်။



မိုးစပါးစိုက်ပျိုးနေသော လယ်သမားများ။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ဆက်သွယ်မေးမြန်းမှုများအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် အထက်ပိုင်းဒေသများတွင်မုန်တိုင်းကို မိုးရေအတွက်အကောင်းမြင်သော လယ်သမားများရှိနေကြောင်းလည်း လေ့လာတွေ့ရှိရသည်။ ထို့အပြင် လယ်ကွင်းထဲရှိ အင်းအိုင်များ၊ အဝီစိတွင်းများမှရေဖြင့် စပါးအောင်ရေအတွက် ဖြေရှင်းရန်စီစဉ်ထားသည့်လယ်သမားများလည်းရှိနေကြောင်းသိရှိရသည်။

မြန်မာနိုင်ငံ၏ ရေသယံဇာတမှာ ယခင်လေ့လာတွေ့ရှိခဲ့သော မှတ်တမ်းများအရ အားရဖွယ်ဟုဆိုရမည်ဖြစ်သည်။ မြန်မာ့ရေပြင်ပေါ်သို့ နှစ်စဉ်ရွာသွန်းသောမိုးရေထုထည်မှာ ၃၅၈ ဒသမ ၆၅ ကုဗမိုင်ရှိပြီး၊ ယင်းပမာဏအနက် အငွေ့ပျံသွားပြီးနောက် ကျန်ရှိသည့်မိုးရေထုထည်မှာ ၁၉၇ ဒသမ ၂၅ ကုဗမိုင်ရှိကြောင်းသိရှိရသည်။ ထို့အပြင် အထက်ပိုင်းရေခဲတောင်များမှ အရေပျော်စီးဆင်းလာသောရေနှင့် နယ်စပ်ဖြတ်ကျော်စီးဆင်းလာသော ရေများပါ တွက်ချက်လျှင် မြန်မာနိုင်ငံအတွင်းရှိ မြစ်၊ ချောင်းပေါင်းစုံမှ နှစ်စဉ်စီးဆင်းသောရေထုထည်ပမာဏ စုစုပေါင်းမှာ ၂၅၇ ဒသမ ၄၈ ကုဗမိုင်ရှိကြောင်းသိရသည်။ သို့သော်လည်း ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ ပူပြင်းခြောက်သွေ့သည့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ခြင်း စသည့်အခြေအနေများကြောင့် မြန်မာနိုင်ငံရေသယံဇာတမှာလည်း အစဉ်အမြဲဖူလုံမှုရှိနေမည်မဟုတ်ပေ။

မြန်မာလယ်သမားကြီးများအတွက် စပါးအောင်ရေရရှိရန် ခေါင်းခဲရသကဲ့သို့ လာမည့်မိုးလွန်ကာလတွင် ဖြစ်လာနိုင်သည့်မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများအတွက်လည်း ကြိုတင်စီစဉ်ဖို့လိုအပ်လာကြောင်းသိရသည်။ မုန်တိုင်းများဖြစ်ပေါ်နိုင်သည့်အချိန်သည် မြန်မာနိုင်ငံတစ်ဝန်း မိုးစပါးရိတ်သိမ်းမှုမြိုင်မြိုင်ပြုလုပ်သည့်အချိန်နှင့်လည်းတိုက်ဆိုင်နေသည်ဟု လေ့လာသူတို့ကဆိုသည်။ ရိတ်သိမ်းချိန်တွင် မိုးကြီးခြင်း၊ ရေလွှမ်းခြင်းများကြုံရပါက စပါးစေ့ပုပ်ခြင်း၊ အညှောင့်ထွက်ခြင်းများဖြစ်ပေါ်ကာ ဆုံးရှုံးမှုရှိနိုင်သည့်အတွက် ဂရုပြုဆောင်ရွက်ထားကြရန်စိုက်ပျိုးရေးပညာရှင်များကလည်း အကြံပြုပြောကြားလာသည်။

"အဲဒီအချိန်ဆိုရင် သက်လျင်နဲ့သက်လတ်စပါးမျိုးတွေကတော့သိမ်းလောက်ပြီပေါ့။ ဒါပေမဲ့ သက်ကြီးတွေကတော့ ရိတ်သိမ်းလို့မရလောက်သေးဘူး။ လယ်သမားတွေအနေနဲ့ ကိုယ့်လယ်ထဲမှာ ရေအချိန်ကြာကြာရှိနေအောင်လုပ်ရမယ့်ဟာတွေကို ပြောခဲ့သလိုပဲ ရုတ်တရက် မိုးများပြီး ရေကြီးလာရင်လည်း အဲဒီရေ အမြန်ဆုံးထွက်ခွာသွားစေဖို့ လိုပြန်တယ်ဗျ။ စပါးက ရေကြိုက်တယ်ဆိုပေမယ့် ရေထဲမှာကြာကြာနစ်နေရင်လည်း ဆုံးရှုံးမှုတော့ရှိမှာပဲ။ အဲဒါကြောင့် ရေမြောင်းတွေ၊ ရေအလွယ်တကူထွက်နိုင်မယ့်လမ်းကြောင်းတွေ အမြန်ဆုံးလုပ်ဆောင်ရမယ့်ဟာတွေကိုလည်း ပြင်ဆင်ထားဖို့လိုပြန်တယ်"ဟု ဦးဝင်းမောင်ကပင် ဆက်လက်၍အကြံပြုပြောကြားသည်။

စပါးများရိတ်သိမ်းရာတွင်လည်း ထိရောက်မြန်ဆန်သည့် ရိတ်သိမ်းခြွေလှေ့စက်၊ စပါးအခြောက်ခံစက်ကဲ့သို့ စက်အင်အားကို သာလျှင် ဦးစားပေးသင့်ကြောင်း ယင်းက တိုက်တွန်းပြောကြားသည်။ နေပြည်တော် ပျဉ်းမနားနယ်မှ စပါး ၁၀ ဧက ခန့် စိုက်ပျိုးထားသော လယ်သမားကြီးဦးဝင်းမြင့်ကလည်း "ဦးတို့လည်း စက်ပဲသုံးဖြစ်တယ်။ ရိတ်တာတော့ လူနဲ့ပေါ့။ ခြွေရင် စက်နဲ့ခြွေတယ်။ တလင်းမလုပ်တော့ဘူး။ မြန်မြန်ပဲ။ ကိုယ့်လယ်ကထွက်တဲ့စပါးဆိုပေမယ့် အိမ်ရောက်မှသာ ကိုယ့်ပစ္စည်းလို့ပြောလို့ရတယ်"ဟု ပြောသည်။ နေပြည်တော်ခရိုင်တွင် စပါးသိမ်းရာ၌ ခြွေလှေ့စက်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာပြီး တလင်းစနစ်ပျောက်လုဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ စပါးရိတ်စက်ကို ယင်းတို့အနေဖြင့် အကြိုက်မတွေ့သေးပါဟုဆိုသည်။

မြန်မာနိုင်ငံရှိ အခြားဒေသများတွင်မူ စက်အင်အားအသုံးပြုမှု ကျယ်ကျယ်ပြန့်ပြန့်မရှိသေးဘဲ လူအင်အားနှင့် တလင်းနှင့်ခြွေလှေ့သည့်အလေ့အထများ အများအပြားရှိနေသေးကြောင်း၊ ယင်းဒေသများနှင့် ပတ်သက်၍လည်း "တစ်နိုင်ငံလုံးမှာတော့ တလင်းမပျောက်သေးပါဘူး။ တချို့ဒေသတွေမှာ မိရိုးဖလာအတိုင်းပဲ လုပ်ဆောင်နေကြဆဲပါ။ အဲဒီလိုဒေသတွေမှာ တတ်နိုင်တဲ့သူက စက်ပစ္စည်းများဝယ်ယူပြီး အခပေးစနစ်နဲ့ ငှားရမ်းအသုံးပြုဖို့လိုအပ်ပါတယ်။ လက်ရှိ စက်အင်အားအသုံးများတဲ့ဒေသမှာလည်း အဲဒီနည်းနဲ့ပဲ အောင်မြင်နေတာပါ"ဟု တာဝန်ရှိသူကပြောသည်။

လာမည့်မိုးနှောင်းနှင့် မိုးလွန်ကာလအတွင်း ဖြစ်လာနိုင်သည့် ရေရှားခြင်း၊ ရေလျှံခြင်း နှစ်မျိုးစလုံးကို ဒေသအလိုက် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပုံနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးပညာရှင်ဦးမြင့်ဆွေက "ဒေသအလိုက် ပြင်ဆင်ထားရမယ့်အခြေအနေကိုပြောရရင်တော့ အထက်ပိုင်းဒေသတွေက လယ်သမားတွေအနေနဲ့ ရတဲ့ရေကို ထိန်းထားနိုင်ရန် အဓိကပြင်ဆင်ထားရမယ်။ အောက်ပိုင်းက လယ်သမားတွေ အနေနဲ့ကတော့ ရတဲ့ရေကိုထိန်းထားဖို့ထက် လိုအပ်တာထက်ပိုပြီး ရောက်ရှိလာမယ့်ရေတွေကို အမြန်ဆုံးထွက်သွားအောင် ဆောင်ရွက်ထားရပါမယ်။ အဲဒီလိုပဲအကြံပြုချင်ပါတယ်"ဟု ပြောသည်။

အချုပ်အားဖြင့် ဆိုသော် အယ်လ်နီညိုရာသီဥတုကို ရင်ဆိုင်ပြီးခဲ့သော လယ်သမားများအနေဖြင့် မုတ်သုံအဝင်နောက်ကျပြီး အထွက်အေးသည့်အခြေအနေကိုပါ ထပ်မံရင်ဆိုင်ရဖို့ရှိနေကာ စိုက်ပျိုးရေးအတွက် ရတက်မအေးဖြစ်နေကြောင်း၊ တစ်ချိန်တည်းတွင်ပင် ဆုံးရှုံးမှုများဖြစ်နိုင်သည်အထိ မိုးရွာသွန်းချနိုင်သောမုန်တိုင်းများကလည်း သက်ရောက်ဖွယ်ရှိနေရာ အိန္ဒိယသမုဒ္ဒရာအတွင်းဖြစ်ပေါ်လာမည့် ဆိုင်ကလုန်းများနှင့် ပစိဖိတ်သမုဒ္ဒရာ တောင်တရုတ်ပင်လယ်မှ တိုင်ဖွန်းမုန်တိုင်းများသတင်းများကိုလည်း နေ့စဉ်မပြတ် နားစွင့်နေရတော့မည်ဖြစ်ပေသည်။

## သုံးခွမြို့နယ်ရှိ စပါးခင်းများတွင် ဖြတ်နှင့် လောင်မီးကျပိုးများကျ

**သန်းဌေး**

**သုံးခွ၊ စက်တင်ဘာ - ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ ကြံ့ကြိတ်ကျေးရွာရှိ စပါးခင်းများတွင် ဖြတ်ပိုးနှင့် လောင်မီးကျပိုးများ ဆက်တိုက်ကျရောက်နေသောကြောင့် စပါးအထွက်ကျဆင်းနိုင်ကြောင်း လယ်သမားကြီးများထံမှ စုံစမ်းသိရှိရသည်။

"ရက် ၇၀ သား မှို့ကပ်ကောင်းတဲ့အချိန်မှာ အခုလိုဖြစ်တော့ မှို့ကပ်မကောင်းတော့ဘဲ အရွယ်လွန်မှ သန္ဓေတည်ရသလိုဖြစ်သွားတယ်။ အထွက်ဆုတ်လိမ့်မယ်"ဟု အထက်ပါကျေးရွာမှ လယ်သမားကြီးဦးသိန်းဇော်က ပြောသည်။

"ပထမဖြတ်ပိုးကျပြီး နောက်တစ်ဆင့် ရောဂါတွေကျတော့ အပင်ဝါပြီး အရွက်ကိုင်းကျသွားတယ်။ အားမရှိတော့ အပင်မထောင်တော့ဘဲ လယ် ၁၁ ဧကလောက်မှာဖြစ်ခဲ့တာပေါ့"ဟု ၎င်းကပြောသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်တွင်ပါ စပါးအထွက်ကျခဲ့ကာ ယခုနှစ် နွေရာသီတွင် ရာသီဥတုပူပြင်းပြီး မိုးဦးနောက်ကျခဲ့သောကြောင့် အဆိုပါရာသီဥတုဖောက်ပြန်မှုများက သီးနှံထွက်အားအပေါ် များစွာသက်ရောက်ခဲ့ကြောင်း လယ်သမားကြီးများက သုံးသပ်ပြောကြသည်။

"မနောသုခ ၁၄ ဧက စိုက်ထားတာ ဟိုတောင်ဘက်က စပါးခင်းလည်း ပိုးကျတဲ့ဒဏ်ခံခဲ့ရတယ်"ဟု ကြံ့ကြိတ်ကျေးရွာမှ ရွာလူကြီးဦးကျော်မြင့်ကလည်းယင်း၏စပါးခင်းအခြေအနေကိုရှင်းပြသည်။


အဆိုပါ ပိုးကျခဲ့သောစပါးခင်းများမှာ မှို့ကပ်ချိန်တွင် ပြည်တွင်းထုတ်မြေဆီအနက်(တီစူပါ)ကိုမရရှိခဲ့သောကြောင့် ယူရီးယားများ ကြဲ၍သတ်သောအခါ ပိုမိုဆိုးရွားခဲ့ကြောင်း လယ်သမားကြီးတစ်ဦးကပြောသည်။

"ပိုးကျလို့ မလိုအပ်တဲ့မြေဆီထည့်ရတော့ ခါတိုင်းနှစ်က တစ်သိန်းခွဲလောက်ပဲကုန်တာ၊ အခုဆို လေးသိန်းဖိုးလောက်ကျနေပြီ"ဟု ယင်းကဆက်ပြောသည်။

ထို့ကြောင့် လယ်သမားအများစုမှာ စပါးပေါ်ချိန် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် စပါးတင်းတစ်ရာလျှင် ၄၅၀,၀၀၀ ကျပ်ကျော်ပေါက်ဈေးရှိသော်လည်း ၃၀၀,၀၀၀ကျပ်ဈေးဖြင့်လည်းကောင်း၊ အချို့မှာ ၂၇၀,၀၀၀ ကျပ်ဈေးဖြင့်လည်းကောင်း ကြိုတင်ရောင်းချရငွေဖြင့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ ဝယ်ယူသုံးစွဲနေရကြောင်း လယ်သမားကြီးဦးမြင့်ဆွေက ပြောသည်။

"သဘာဝအန္တရာယ်မပေးဘဲ ပိုးလည်းမကျရင်တော့ စပါးကောင်းရင် တင်း၈၀ လောက်သီးမှာ"ဟု စပါးပေါ်ချိန်တွင် တစ်ဧကလျှင် တင်း ၅၀ လောက်သာရတော့မည့်အဖြစ်ကို လယ်သမားကြီးများက ပြောသည်။

ယခုကဲ့သို့ ပိုးကျခဲ့သောလယ်ကွက်များမှာ ပြန်လည်သန်မာပြီး အချို့မှာ အသီးတင်နေပြီဖြစ်သော်လည်း အဆိုပါလယ်ကွက်ဝန်းကျင်ရှိ အချို့လယ်များမှာ အကွက်လိုက်သေဆုံးကုန်ကြောင်း ယင်းတို့ကပြောသည်။



သုံးခွမြို့နယ်မှ ပိုးကျနေသော စပါးခင်း
ဓာတ်ပုံ – သန်းဌေး

"ကြဲလိုက်တဲ့ယူရီးယားက အမြစ်ဟောင်းတွေကိုပါ ဖျက်ဆီးလိုက်ပြီး၊ အမြစ်သစ်တွေပြန်ထွက်တဲ့အပင်ကတော့ ထောင်တက်လာတယ်"ဟုလယ်သမားကြီးတစ်ဦးကလည်းပြောသည်။

လယ်သမားများမှာ စပါးခင်းပိုးကျပါက ၎င်းတို့ကိုယ်တိုင်မည်သည့်ဆေးဝါးများသုံးစွဲရမည်ကိုသေသေချာချာမသိသကဲ့သို့ သက်ဆိုင်ရာပညာရှင်များကလည်း လယ်ကွင်းထဲဆင်းကာ လမ်းညွှန်ပြသမှုနည်းနေကြောင်း ယင်းတို့က တညီတညွတ်တည်းပြောသည်။

## အချုပ်ပိုအဖုံး-ကုန်းခေါင်ခေါင်ရွာများသို့ ဝါးဖောင်များရောက်လာခြင်း မှ

နောက်ထပ်အကြောင်းအရာတစ်ခုအနေဖြင့် သဲတောတောင်ဘက်နတ်တောင်ကုန်းမြင့်မှ စီးဆင်းသောရေစီးကြောင်းပြောင်းလဲ မှု၊ ရေထွက်ရာလမ်းကြောင်းပြောင်းလဲမှု၊ ရေထွက်ပေါက်ပြောင်းလဲမှုများကလည်း ရေနစ်မြုပ်မှုဖြစ်ပေါ်စေကြောင်း ဒေသခံတစ်ဦးကပြောသည်။

လွန်ခဲ့သော ၉ နှစ်ခန့် ၂၀၀၁ ခုနှစ် ဇွန်လတွင်ဖြစ်ပွားခဲ့သော ရေနစ်မြုပ်မှုဖြစ်စဉ်ပြီးပါက ယခုနှစ်အတွင်း ရေနစ်မြုပ်မှုမှာ နှစ်ကြိမ်ဖြစ်ကာ ရေအများဆုံးဝင်ရောက်ရာ နှစ်တစ်နှစ်ဖြစ်ကြောင်း သဲတော၊ ဝမ်းတွင်းဒေသခံအများစုကပြောသည်။

ဝမ်းတွင်းမြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးရေချိန်များမှာ ဇူလိုင်လ ၂၈ ရက်တွင် မိုးရေချိန် လက်မ ၆ဒသမ ၂၁လက်မ၊ ဩဂုတ်လ ၂၅ရက်တွင် မိုးရေချိန် လက်မ ၃ဒသမ ၂၀လက်မ၊ စက်တင်ဘာလ ၃ ရက်တွင် ၄ ဒသမ ၃၂လက်မ အသီးသီးရွာသွန်းခဲ့သည်။

"အရင်ကဆို ရာသီဥတုတွေ၊ ဘေးအန္တရာယ်တွေ သိပ်စိတ်မဝင်စားဘူး။ အခုတော့ စိတ်ဝင်စားလာကြပြီ။ အထူးသဖြင့် မိုးဘယ်တော့ဘယ်လောက်များ ရွာမလဲဆိုတာပေါ့"ဟု မိုးကြီးမှာ စိတ်ပူနေသူရွာခံတစ်ဦးကဆိုသည်။

ဝမ်းတွင်းဈေးအတွင်းရှိ ဈေးသည်များလည်း ရေနစ်မြုပ်မှု နှစ်ကြိမ်စလုံးတွင် ရေထိမခံသောကုန်များဆုံးရှုံးခဲ့သည်။ ယခုတော့ ဝမ်းတွင်းဈေးအတွင်းရှိ ဆိုင်ခန်းများအား ခြေတံရှည်ဆိုင်ခန်းများအဖြစ် ပြောင်းလဲနေကြသည်။ တချို့လည်း ပစ္စည်းအနည်းငယ်သာ ဆိုင်တွင်ထားရှိကြပြီး မိမိအိမ်တွင်ပင် စင်များထိုးကာသိမ်းဆည်းထားကြောင်း ဈေးသည်တစ်ဦးကပြောသည်။

"အရင်ရေကြီးတုန်းကဆန်အိတ် ၆၅ လုံးရေနစ်သွားတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ်မှာတော့ ဆိုင်ခန်းမြှောက်ပြီးဖြစ်လို့ ရေလွတ်သွားတယ်။ ကျန်တဲ့ဆိုင်ခန်းတွေကတော့ နောက်တစ်ကြိမ်မှာလည်း ရေနစ်တာပဲ။ကျွန်တော့်ဆိုင်ခန်းက ၄ ခန်းတွဲဆိုတော့ မြှောက်ရတာလွယ်သေးတယ်။ တချို့ဆိုင်ခန်းတွေက ၁၀ ခန်းတွဲတွေဆိုတော့ မြှင့်ဖို့မလွယ်ဘူး"ဟု ဒုတိယအကြိမ် ရေနစ်မြုပ်မှုတွင် ရေလွတ်ခဲ့သူဈေးသည်တစ်ဦးကပြောသည်။

ဒေသ၏ အဓိက ရက်ကန်းလုပ်ငန်းများတွင်လည်း လုပ်ငန်းသုံး ရစ်လုံးနှင့် ရက်ပြီးအထည်များ ရေနစ်မြုပ်ပြီး ဆုံးရှုံးခဲ့ရသလို အလုပ်ရပ်နားခဲ့ရ၍ အလုပ်သမားများ ရက်အတော်ကြာ စားဝတ်နေရေးခက်ခဲခဲ့ကြောင်း ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အခုတော့ ရက်ကန်းရုံတွေပြန်လည်နေကြပြီ။ ရေကိုတော့ အတော်ကို ကြောက်နေကြပြီ။ မိုးရွာရင် တစ်ညလုံး စောင့်နေကြရတယ်။ ခုတ်မီးကိုယ်စီနဲ့ပေါ့။ ရစ်လုံးတစ်လုံးကို သုံးသိန်းလောက်ရှိတယ်။ ပထမရေမှာ ကျပ်သိန်းဆယ်ဂဏန်းကျော်ဆုံးရှုံးခဲ့ရတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ရက်ကန်းရုံတွေမှာ ရေနစ်မြုပ်မှုဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်မှုအနေဖြင့် တန်ဖိုးကြီး ရစ်လုံးများအား မြှောက်တင်၍ကာကွယ်ရန် သံတောင်ဝှထောက်များ တီထွင်ပြုလုပ်ထားကြောင်းအထက်ပါပုဂ္ဂိုလ်က အားရဝမ်းသာဆက်လက်ရှင်းပြသည်။



အုတ်တိုက်ဖြင့် နေထိုင်သူများကလည်း ရေကျ၍ ရေစပ်စပ်ရှိနေသောအချိန်၌ ရေနှင့်အတူပါလာသော နွံများအား တံမြက်စည်းကြမ်းဖြင့် ခပ်ထုတ်ရှင်းလင်းရပြီး ရေကျချိန်နောက်ပိုင်းမှ ဆိုပါက နွံးထုကြီးတင်ကာရှင်းလင်းရခက်ခဲကြောင်း ဒေသခံအိမ်ရှင်မတစ်ဦးကပြောသည်။

သဲတော၊ ဝမ်းတွင်းဒေသသည် မိုးရေသောက်၊ ကန်ရေသောက်များဖြင့် အသီးသီးစိုက်ပျိုးကြရာ ဒေသအနီးဝန်းကျင်တွင် ဝမ်းတွင်းဆည်၊ ထီးလှိုင်ဆည်၊ ကင်းတားဆည်၊ မုန်တိုင်ဆည်၊ ရွှေလုံးကန်၊ နတ်ကန်၊ တိမ်တောင်ကန်၊ မင်းလှကန်စသည့် ဆည်၊ ကန်များအများအပြားတည်ရှိနေသည်။ ယခင်က သတိမမူဖြစ်ခဲ့သည့် မြို့ပတ်ချောင်း(ခ) ရေထုတ်မြောင်းမကြီးတိမ်ကောလာမှုအား မြို့ခံလူထုနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီးပူးပေါင်းကာ ပြန်လည်ဆယ်ယူရန်ကြိုးပမ်းသွားမည် ဖြစ်ကြောင်းဒေသခံ လူငယ်တစ်ဦးကပြောသည်။

"အခုလတ်တလော သဲတောအနောက်တောင်ဘက် တောင်တော တောရကျောင်းတံတားမှ ကုန်းမြင့်ရပ် ကုန်းမြင့်ရိပ်သာကျောင်းကျော်အထိ အရှည်တစ်မိုင်ကျော် ရှင်းလင်းဆယ်ယူမယ်။ ဒီမြောင်းသာ အရင်ကလို လူကြီးလက်ခုပ်တစ်ဖောင်လောက်နက်ရင် အနည်းနဲ့အများတော့ ရေကြီးတာသက်သာသွားလိမ့်မယ်လို့ယူဆတယ်။ လေးပေလောက် ရေတက်မယ်ဆိုရင်တောင် နှစ်ပေလောက်ပဲတက်တော့မယ်"ဟု သဲတောဒေသခံတစ်ဦးက ပြောသည်။

သဲတော၊ ဝမ်းတွင်းဒေသခံများအားလုံး မိုးရွာမည်ကိုကြောက်ကာမိုးသံကြားက ညအိပ်ရမှာမဖြောင့်ဖြစ်ကြရသည်။ ရာသီဥတုနှင့် ပတ်သက်သည့် သတင်းအား ယခင်က မလေ့လာသူများပင် မိုးရွာဖို့ရှိသေးလားဆိုသော သတင်းအား နားစွင့်နေကြကြောင်း ဒေသခံများက တညီတညွတ်တည်းပြောကြားသည်။

## ရတ်တရက်ရေကြီးလျှင် သတိပြုဆောင်ရွက်ဖွယ်ရာများ

ပြည့်သိမ်း

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှတာဝန်ရှိသူတစ်ဦးက မြစ်ရေကြီးခြင်းနှင့် ရုတ်တရက်ရေကြီးမှုများ ကြုံတွေ့လာလျှင် ဆောင်ရွက်သင့်သည်များကို အောက်ပါအတိုင်းပြောသည်။**

"ရုတ်တရက်ရေကြီးမှုက ကြိုတင်သိနိုင်တာတွေရှိသလို မသိနိုင်တာတွေလည်းရှိတယ်။ အကောင်းဆုံးက သတင်းအချက်အလက်ကို အမြဲနားစွင့်နေဖို့ပဲ။ လူအတော်များများကလည်း ဒေသအတွေ့အကြုံတွေရှိတဲ့အတွက် ကြိုတင်ပြင်ဆင်မှုအရေးကြီးတယ်။ ဒါပေမဲ့ ပုံမှန်မဟုတ်တဲ့ နေရာတွေမှာ ရေကြီးရင်တော့ အရမ်းကိုဂရုစိုက်ဖို့လိုတယ်"ဟု ၎င်းကအကြံပြုသည်။

ရုတ်တရက် မိုးသည်းထန်နိုင်၊ ရေကြီးနိုင်မှုများသည် မိုးလေဝသဌာန၏ ကြေညာချက်၊ သတင်းအချက်အလက်၊ ကမ္ဘာ့ရာသီဥတုအခြေအနေတို့ကိုလေ့လာနိုင်လျှင် ပိုမိုကောင်းမွန်သည်။ မကြာမီက ကြုံတွေ့ခဲ့ရသော ရေဘေးအန္တရာယ်ထဲမှ ထင်ရှားသောဥပမာများကို ပြရလျှင် ပါကစ္စတန်နှင့်တရုတ်နိုင်ငံတို့ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များဖြစ်သည်။

ရေကြီးမှုတွင် အသက်အန္တရာယ်မထိခိုက်စေရန် အကာအကွယ်များကြိုတင်ပြင်ဆင်ထားရန်လိုသည်။ ကုန်းမြင့်ဘေးလွတ်ရာဒေသများကိုကြိုတင်စီစဉ်ထားပြီး ရေတက်လာချိန်တွင် အချိန်မီရွှေ့ပြောင်းနိုင်ရန်လမ်း၊ အတားအဆီးစသည်တို့ကိုရှင်းလင်းထားရမည်။

ထို့အပြင် အန္တရာယ်ကြုံလာပါက ဦးဆောင်သူတစ်ဦးကိုထားပြီး ယင်း၏လမ်းညွှန်မှုကို အပြည့်အဝလိုက်နာဆောင်ရွက်ရမည်။ ဦးဆောင်သူမှာ ရပ်ရွာဒေသတွင်း ဦးဆောင်နိုင်သူဖြစ်ရမည်။

ပြည်သူများအနေဖြင့် ဆင့်ကဲတစ်ဦးနှင့်တစ်ဦးကိုဖြစ်ပွားနေသည့်အခြေအနေကို လျင်မြန်စွာပြောကြားရမည်။ စားနပ်ရိက္ခာများကိုလည်း စနစ်တကျပြင်ဆင်ထားပြီး တတ်နိုင်သမျှ ရေလွတ်ရာသို့ရွှေ့ပြောင်းထားရမည်။ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်သည့်အခြေအနေတွင် သတင်းအချက်အလက်သည် လွန်စွာအရေးကြီးသည်။

ရေပြန်လည်ကျဆင်းသွားလျှင်လည်း ရေတွင်းရေကန်များကို ပြန်လည်ဆယ်ယူရမည်။ ရေမသန့်ရှင်းမှုမှ ဝမ်းရောဂါအပါအဝင် အခြားကူးစက်ရောဂါများဖြစ်တတ်သည်။ ရေသန့်ဆေးပြားများကို အသုံးပြုခြင်း၊ ရေကိုကျိုချက်၍သောက်သုံးခြင်းများပြုလုပ်သင့်သည်။ ရေသန့်ဘူးများကိုလည်း ကြိုတင်ပြင်ဆင်နိုင်လျှင် စုဆောင်းထားသင့်သည်။




ကာတွန်း - မောင်တင်ယု

## အချုပ်ပိုအဖုံး – စိုက်ပျိုးရေးပညာရှင်များအတွက် အရေးကြီးသောအချိန်ရောက် မှ

မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ်နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ဆန်စပါးအထွက်လေးဆယ်ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကာ ယခုနှစ်တွင် ကြွက်ဘေးဖြုတ်ညိုပိုးကောင်ကျရောက် သည့်ဘေးစသည်တို့ကြောင့် ဒေသအချို့ရှိ စိုက်ခင်းများ ကြုံတွေ့နေရပြီဖြစ်သည်။

"ဒီနှစ်အနေအထားကတော့ အခုချိန်ထိ စပါးပင်အတွက်ရေရနေတဲ့အနေအထားပါ။ မိုးရေချိန်နဲ့ကြည့်မယ်ဆိုရင်တော့ စုစုပေါင်းမိုးရေချိန်ကနည်းတယ်။ သို့သော် စပါးသေလောက်တဲ့ အနေအထားတော့မရောက်သေးဘူး။ ခုဆို ပန်းပွင့်နေပြီ။ မိုးဆက်တိုက်ရွာနေရင် ဒီနှစ်မှာ ဘာမှစိုးရိမ်စရာမရှိသေးဘူး။ မုတ်သုံမိုးလို အချိန်အခါမဲ့ မိုးရွာရင်တော့ တလင်းထဲ မြန်မြန်ရောက်ရှိရေးလုပ်ငန်းတွေလုပ်ရမှာပေါ့"ဟု ယင်းကဆက်လက်ပြောသည်။ ယခုနှစ်တွင် မုတ်သုံစော၍ဆုတ်ပြီး နောက်ပိုင်းကာလတွင် မုန်တိုင်းများကြောင့် မိုးရွာသွန်းနိုင်သည်ဟု မိုးလေဝသပညာရှင်များမှဆိုထားသည်။ ထို့ကြောင့် စပါးရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုများ ရှိလာနိုင်သဖြင့် တောင်သူများမှာ စပါးရိတ်သိမ်းရန်စက်ပစ္စည်းများသို့မဟုတ် ရိတ်သိမ်းနိုင်သည်များကို ကြိုတင်ငှားရမ်းခြင်းများ ပြုလုပ်ထားသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ထို့အပြင် ရိတ်သိမ်းပြီးသော စပါးပင်များကို အလွယ်တကူသယ်ယူ၍ရနိုင်သော လမ်းကြောင်းများ ပြင်ဆင်ခြင်းများကို အုပ်စုလိုက်ဆောင်ရွက်မှုများ ပြုလုပ်ထားသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အခြောက်ခံထားနိုင်သော တလင်းနေရာများကို ကြိုတင်စီမံထားသင့်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

"များသောအားဖြင့် စပါးသီးနှံအများစုက နေပူဒဏ်ကိုခံနိုင်ရည်အများကြီးရှိပါတယ်။ မြေကြီးအစိုဓာတ်က လောက်စာလုံးလုံးနိုင်တဲ့အနေအထားအထိခံနိုင်ရည်ရှိတယ်။ တစ်ချိန်ပဲပြောစရာ ရှိတာက သီးနှံအစပျိုးချိန်ကနေ ပန်းပွင့်တဲ့အချိန်ထိတော့ ရေရှိနေဖို့လိုတယ်။ ရေမရှိရင်တော့သီးနှံအထွက်ဆုတ်မယ်"ဟု ပြောသည်။

မိုးများပါက စပါးပင်အများစုမှာ ရေနစ်ဒဏ်ခံနိုင်ရည်မရှိကြဘဲ အသက်ရှင်နိုင်မည့်အနေအထားရှိလျှင်ပင် အနည်းဆုံး ငါးရက်မှ တစ်ပတ်အတွင်းသာခံနိုင်ပြီး ယင်းပမာဏထက်ပို၍ စပါးပင်မြုပ်ပါက အပင်သေနိုင်သောကြောင့် ထိုသို့မဖြစ်စေရန် ရေနုတ်မြောင်းများပြုလုပ်ရန်လိုအပ်သည်ဟုဆိုသည်။ သို့သော်မြန်မာနိုင်ငံ၏ လယ်ယာမြေအများစုမှာ ရေနုတ်မြောင်းများအဆင်သင့်မရှိပေ။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ပြီး နောက်ပိုင်း၌ မြန်မာနိုင်ငံတွင် နှစ်စဉ်စုစုပေါင်း မိုးရေချိန်ရရှိမှုမှာ သုံးလက်မခန့် လျော့နည်းလာကြောင်းမိုးလေဝသပညာရှင်များကပြောကြားသည်။

ရာသီဥတုဖောက်ပြန်မှုများအပြင် ယခုအခါ နည်းစနစ်မမှန်ကန်သည့် ပိုးသတ်ဆေးသုံးစွဲမှုတို့ကြောင့် မြန်မာနိုင်ငံတွင် ဖြုတ်ညိုပိုးကြောင့် သီးနှံစိုက်ခင်းအချို့ပျက်စီးခဲ့ကြောင်း ၎င်းကပြောသည်။

"ဒီပိုးဟာဆိုရင်မိုးရွာလိုက် နေပူလိုက်ဖြစ်ရင် ဒီဖြုတ်ရဲ့ပြန့်ပွားမှုကတက်လာတယ်။ ပြီးတော့ ဒေသအလိုက်တစ်သမတ်တည်း ကျတာလည်းမဟုတ်ဘူး။ သူကြိုက်တဲ့ Environment မျိုး ဖန်တီးရင်တော့ပိုကျတာပေါ့။ ဘာလဲဆိုရင် Micro Environmentလိုမျိုးပေါ့"ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

ယင်းဖြုတ်ညိုပိုးများမှာ ယခုအခါ ပိုးသတ်ဆေးများကိုလည်း ခံနိုင်ရည်ရှိကြောင်းနှင့် ယင်းပိုးကျရောက်ပါက ပိုးသတ်ဆေးသုံးခြင်းထက် မသုံးပါကပို၍ မိမိစိုက်ခင်းအတွက် ကောင်းမွန်ကြောင်း၎င်းကဆိုသည်။

"စပါးပင်ကြီးလာတဲ့အချိန်ကျရင် အရိပ်ရတဲ့အတွက် ပိုးကပိုတွယ်တယ်။ အဲဒီမှာတောင်သူက ပိုးသတ်ဆေးကိုများသောအားဖြင့် စပါးပင်အပေါ်ကနေဖျန်းတယ်။ ပိုးက ပင်စည်အောက်မှာ တွယ်ပြီးစုပ်စားနေတာဖြစ်လို့ အပေါ်က ဖျန်းတာသူ့ကိုသိပ်မထိဘူး။ အဲဒီအတွက်လည်း ပိုးသတ်ဆေးနည်းနည်းပဲထိပြီးသူက ခံနိုင်ရည်ပိုရှိလာတယ်"ဟု ရှင်းပြသည်။ ဖြုတ်ညိုပိုးမှာစပါးပင်မှလွဲ၍ အခြားအပင်များကို နှစ်သက်မှုမရှိသောကြောင့် စပါးနှင့်တွဲဖက်၍အခြားအပင်များကိုလည်း စိုက်ပျိုးသင့်ကြောင်း ဆန်စပါးအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

သဘာဝဘေးအန္တရာယ်များကြောင့် မြန်မာနိုင်ငံသာမက အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်လည်း အဆိုပါပိုးကျရောက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ၂၀၀၉ခုနှစ် ဇူလိုင်လတွင် စတင်ဖြစ်ပွားခဲ့ရာ လယ်မြေဟက်တာ ၁သန်းမှ စပါးတန်ချိန် ၁ဒသမ၁သန်း၊ စုစုပေါင်း ထုတ်လုပ်မှု၏ ၁၆ ရာခိုင်နှုန်းဆုံးရှုံးခဲ့သည်။ ဗီယက်နမ်နိုင်ငံ တွင် ဟက်တာသုံးသိန်းခန့်ဆုံးရှုံး၍ တရုတ်နိုင်ငံတွင် ဟက်တာလေးသိန်းဆုံးရှုံးခဲ့သည်။ ယခု ၂၀၁၀ တွင် ထိုင်းနိုင်ငံ၌ ဟက်တာငါးသောင်း၊ ဗီယက်နမ်နိုင်ငံတွင် ဟက်တာ ၁၄ သိန်း၊ မလေးရှားတွင် ဟက်တာနှစ်ထောင်ခန့် ပျက်စီးခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ ပထမဆုံး ဖြုတ်ညိုကျရောက်ခဲ့သည့် ၁၉၉၈-၁၉၉၉ မိုးရာသီကာလတွင် ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဒေသကြီး ၆ခု၊ ရှမ်း၊ မွန်၊ ကယား၊ ကရင်ပြည်နယ်မှ မြို့နယ် ၄၈မြို့နယ်တို့မှ လယ်မြေဧရိယာ ၈၈၀၂၉ ပျက်စီးခဲ့ကြောင်း သိရသည်။

အများဆုံး ထိခိုက်ခဲ့သည့် ဧရာဝတီတိုင်းတွင် မိုးစပါးစိုက်ဧက ၅၂၀၀၀ပျက်စီးခဲ့သည်။ ၂၀၀၈-၀၉ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ နွေစပါးရာသီတွင် လယ်မြေ ၇၁၀ဧက ပျက်စီးခဲ့ပြီး ယခုနှစ် မိုးစပါးရာသီတွင်လည်း ဒေးဒရဲမြို့နယ်၌ ဖြုတ်ညိုပိုးကျရောက်မှု ပြန်ဖြစ်ပွားခဲ့ရာ မနောသုခနှင့် သီးထပ်ရင် စပါးအမျိုးအစားများ ထိခိုက်ခံခဲ့ရကြောင်းသိရှိရသည်။

အနံ့များထွက်နေသောစပါးခင်းထဲတွင်ဝါးလုံးခြောက်များစိုက်ထားသည်။ ထိုဝါးလုံးများထိပ်တွင်ဘောလုံးပမာဏခန့်ရှိသောကောက်ရိုးခြောက်များအားစုပုံ၍ချည်ထားသည်။ ပေ၆၀ပတ်လည်ဝန်းကျင်ကျယ်သောလယ်ကွက်တွင် ထိုကောက်ရိုးချည်ထားသောဝါးလုံး ဆယ်လုံးခန့်ရှိသည်။ ဝါးလုံးများ စိုက်ထားသောနေရာရှိ စပါးပင်များမှာ အခြားသောစပါးပင်ထက် နိမ့်နေသည်ကိုတွေ့ရ သည်။

အဆိုပါမြင်ကွင်းမှာ ပုသိမ် မြို့မှ ၂၉ မိုင် ၆ ဖာလုံကွာဝေး သော ရန်ကုန် - ပုသိမ်ကားလမ်းဘေးကျောင်းကုန်းမြို့နယ် လက်ပံချောင်းကျေးရွာအုပ်စု ၆ အိမ်တန်းကျေးရွာ အနီးရှိ လယ်ကွက်တစ်ခုဖြစ်သည်။



# အခါလွန်မိုး ပြိုမှာစိုး

သူရအောင်ထက်

“ကြွက်စားတဲ့ငှက်တွေ နားအောင်လို့ ဝါးလုံးမှာ ကောက်ရိုးစည်းပြီး ထောင်ထားတာပါ”ဟု တောင်သူဦးစိုးထွန်းကဆိုသည်။

ဝါးလုံးများထောင်ထားသောနေရာရှိ စပါးပင်များနိမ့်နေရခြင်းမှာ ဝတ်ဆံထွက်ခါစ စပါးနှံများအား ကြွက်များ ကိုက်ဖြတ်ခြင်းကြောင့်ဖြစ်သည်ဟု ဦးစိုးထွန်းကရှင်းပြသည်။

“လယ်ကွက်ထဲရေမပြုပ်တော့ ကြွက်တွေပေါလာတာပေါ့”ဟု ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စုတွင် လယ် ၁၀ ဧကလုပ်ကိုင်သူတောင်သူ ဦးကုလားကပြောသည်။

ထိုကဲ့သို့ ယခုနှစ်တွင် ရေကြီးခြင်းမရှိသဖြင့် ကြွက်များသည် ကန်သင်းပေါ်ပေါ်တွင်မက လယ်ကွက်ထဲတွင်နေထိုင်နိုင်ပြီး ကြွက်များ ဤသို့ကျရောက်နေခြင်းဖြစ်သည်။

ထို့အပြင် ကြွက်များကိုသာ အဓိကစားသောက်သော လင်ကောင်ပိုးငှက်များနေထိုင်သည့် ကိုင်းတောများအား စပါးနှင့်ပဲ စျေးကောင်းလာသဖြင့် ခုတ်ထွင်၍ စပါးနှင့် ပဲများစိုက်ပျိုးလာကြရာ ထိုငှက်များနည်းသွားရခြင်းကြောင့် မိမိတို့ဒေသအတွင်း ကြွက်များ ပေါများလာရခြင်း၏ အကြောင်းတစ်ခုဖြစ်ကြောင်းဦးကုလားကပြောသည်။

ဦးကုလားပိုင်သော လယ် ၁၀ ဧကတွင် ကြွက်များကျရောက်နေသဖြင့် ပျက်စီးမှုမှာ ၁၀ ပုံ ၁ ပုံခန့်သာရှိနိုင်သော်လည်း ယခုရက်ပိုင်းရာသီဥတုအခြေအနေကြောင့် နောက်ပိုင်းမိုးရွာ၍ ရေကြီးမည်ကို ပို၍စိုးရိမ်နေကြသည်။

“အောက်တိုဘာလထဲမှာ ရေကြီးရင် ၁၀၀ မှ ၈၀ ရာခိုင်နှုန်း ပျက်စီးမှာ၊ အဖုံးထဲရေဝင်သွားရင် နွားတောင်မစားတော့ဘူး” ဟု ဦးစိုးထွန်းကပြောသည်။

ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဟုဆိုရိုးစကားအတိုင်း ကျောင်းကုန်း၊ ပန်းတနော်နှင့် ဒါးကမြို့များတွင် နှစ်စဉ်ရေကြီးလေ့ရှိသော်လည်း ယခုနှစ်ရေကြီးခြင်းမရှိသဖြင့် စိုက်သည့် စပါးများ အောင်မြင်ခဲ့ပြီး ယခုဆိုအသီးသီးချိန်ထိရောက်ရှိလာခဲ့ပြီ။

မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်၏ အဆိုအရမြန်မာနိုင်ငံတွင် လာနီညာ၏ အကျိုးသက်ရောက်မှု ကြုံနိုင်တဲ့အတွက် ၂၀၁၀ မိုးနှောင်း မိုးလွန်ကာလ မိုးကောင်းနိုင်ပြီး ရေကြီးမှုများကို သတိပြုရန်အကြံပြုထားသည်။

မြန်မာနိုင်ငံတွင် ဧပြီနှင့် မေလတို့၌ အယ်နီညိုရာသီဥတုကြောင့် စံချိန်တင် ပူပြင်းခဲ့ကာ မိုးဦးနောက်ကျခဲ့ပြီး မိုးတွင်းကာလတွင် ပုံမှန်နှစ်များထက် မိုးနည်းခဲ့သည်။

သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ယခုနှစ် မိုးရွာသွန်းမှုနည်းနိုင်ခြင်းနှင့် မုတ်သုံလေစောထွက်ခွာမည့် အခြေအနေများကြောင့် အချိန်မီအခါမီစိုက်ပျိုးရန် သက်တမ်းတိုသည့်စပါးမျိုးများ စိုက်ပျိုးရန်ညွှန်ကြားခဲ့သည်။

ထို့ကြောင့် တောင်သူအချို့မှာ သက်ယဉ်စပါးမျိုးများအား ပြောင်းလဲစိုက်ပျိုးခဲ့ကြသည်။

“ဒီနှစ်၁၃ဧကခွဲလုံး သက်ငယ်(ဆင်းသုခ) စပါးမျိုးချည်းစိုက်တာ။ တော်သလင်းလကုန် (အောက်တိုဘာလပထမပတ်)ရိတ်လို့ရပြီ”ဟု ငါးသိုင်းချောင်းမြို့နယ် ခွဲသစ်ဖြူပြင်ကျေးရွာမှ တောင်သူ ဦးဗိုက်ကြီးကပြောသည်။

ထို့ပြင် နောက်မိုးမရှိတော့ဟု သိရှိထားသဖြင့် ငဝန်မြစ်ရိုးတစ်လျှောက် သစ်ဖြူပြင်ကျေးရွာအုပ်စု၊ ရင်းရှည်ကျေးရွာအုပ်စု၊ ဆွဲငူကျေးရွာအုပ်စုနှင့် ကညင်ငူကျေးရွာအုပ်စုတို့ကို ယခုနှစ်၌ ဆင်းသုခ စပါးမျိုးများအား တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြောင်း ရင်းရှည်ကျေးရွာတွင် နေထိုင်သူ ဦးသန်းဆောင်ကပြောသည်။

ရေကြည် ၈ မြို့နယ်လုံး ယမန်နှစ်ကဆင်းသုခစပါး ၅၅၆ ဧကသာစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၂၆၉၀၄ဧကစိုက်ပျိုးသဖြင့် ယမန်နှစ်ကထက် ၂၃၄၃ ဧကတိုး၍ စိုက်ပျိုးလာကြောင်း ရေကြည်မြို့နယ်စိုက်ပျိုးရေးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူးဦးလှမျိုးတင့်ကပြောသည်။

ရေကြည်မြို့နယ်တွင် မိုးနည်းမည်ဟုသိ၍ ဆင်းသုခစပါးစိုက်ပျိုးခဲ့သော်လည်းကျောင်းကုန်းမြို့နယ်ရှိတောင်သူများမှာပဲ စျေးကောင်းသဖြင့် ပဲအားအချိန်မီစိုက်ပျိုးနိုင်ရန် သက်ယဉ်စပါးများစိုက်ပျိုးလာခြင်းဖြစ်သည်ဟု ဦးစိုးထွန်းကပြောသည်။

“ပဲလုပ်ချင်လို့ ကောက်ယဉ်ထည့်တာ မိုးနဲ့တွေ့တော့တာပဲ” ဟု လယ်ဧက ၁၀၀ နီးပါးလုပ်ကိုင်သူဦးစိုးထွန်းက ပြောသည်။

ကျောင်းကုန်းမြို့နယ် ကန်ကလေးကျေးရွာအုပ်စုတွင် စိုက်ဧက ၂၂၀၀ ရှိသည့်အနက် ၃ ပုံ ၁ ပုံအား သက်ယဉ်စပါးများစိုက်ပျိုးကြပြီး ၁၀လပိုင်းဆန်းတွင် စိုက်ကြရတော့မည်ဖြစ် ကြောင်း ကန်ကလေးကျေးရွာ ရယကဥက္ကဋ္ဌ ဦးအေးမောင်ကပြောသည်။

“စပါးပြီးပဲစိုက်လို့ရတဲ့ လယ်တော်တော်များများဒီနှစ်သက်ယဉ်တွေချည်းစိုက်ကြတာ” ဟု လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

မိုးရွာသွန်းမှုနည်းသဖြင့် ပျိုးသက်ရခြင်း၊ ပုံမှန်လယ်သမန်းမဖြစ်ခဲ့ခြင်းတို့ကြောင့် အပင်ပွားနှုန်းနည်းခဲ့ပြီး စပါးပင်နိမ့်ကာအထွက်နှုန်းစံချိန်မမီနိုင်ကြောင်း ဦးဗိုက်ကြီးကပြောသည်။

ထိုကဲ့သို့မိုးရွာသွန်းမှု နည်းခဲ့ခြင်းကြောင့်အချို့သော လယ်ကွင်းများတွင် ပိုးမွှားနှင့်ကြွက်ကျရောက်မှုအချို့ရှိခဲ့သည်။

“တစ်ခါမှ မကျဖူးတဲ့ ရွက်ခုံးခြောက်ရောဂါပိုး ၅ ဧက စလုံးကျတယ်”ဟု ရင်းရှည်ကျေးရွာနေ ဦးစန်းကြီးကဖွင့်ဟသည်။

ရေကြည်မြို့နယ်အတွင်း ယခုနှစ်တွင် စပါးအရွက်ခြောက်ရောဂါ၊ ရွက်ခုံးခြောက်ရောဂါပိုး (မှိုရောဂါ)နှင့် ရွက်လိပ် ရွက်ကပ်ပိုးများကျရောက်မှုအချို့ရှိခဲ့သည်။ သို့သော်ပျက်စီးဆုံးရှုံးမှုမများကြောင်း ဦးလှမျိုးတင့်ကပြောသည်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် အဆက်အသွယ်ရှိသူ ငသိုင်းချောင်းမြို့ခံတစ်ဦးသာ ယခုနှစ်တွင် သက်ကြီးစပါးမျိုးကိုသာ စိုက်ပျိုးခဲ့ပြီး၊ အခြေအနေကောင်းနေဆဲဟုဆိုသည်။

သို့သော်မိုးရွာသွန်းမှုလျော့နည်းခဲ့သဖြင့်ကုန်းလယ်များ အဆင် မပြေမှုများရှိခဲ့သော်လည်း အနိမ့်ပိုင်းမှလယ်များနှင့် သက်လတ်စပါးများ ကောင်းမွန်ခဲ့သည်ဟုဆိုသည်။

ယခင်နှစ်များ၌ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရေကြီးတတ်သဖြင့် အနိမ့်ပိုင်းလယ်များ ပြန်လည်စိုက်ပျိုးရလေ့ရှိသော်လည်း ယခုနှစ်တွင်ထိုအခြေအနေမျိုးမကြုံရ၍ အနိမ့်ပိုင်းလယ်ပိုင်ရှင်များ အဆင်ပြေနေသည်။

သို့သော် ပုံမှန်သက်လတ်စိုက်ပျိုးသော တောင်သူများမှာ ယခုရက်ပိုင်းမိုးပြန်လည် ရွာသွန်းလာသဖြင့် စပါးပျက်စီးမည်ကို ပူပန်နေကြရသည်။ “မိုးဆက်တိုက်ရွာတာ ၆ ရက်ရှိပြီ။ အခုက သက်လတ်စပါးတွေ ပွင့်တဲ့အချိန် ဖုံးတဲ့အချိန်ဖြစ်လို့ မိုးရေဝင်ပြီး အပျက်များမှာ စိုးရိမ်တယ်”ဟု ဒေါင်းကြီးကျေးရွာမှတောင်သူတစ်ဦးကသူ၏ပူပန်မှုကိုပြောသည်။

ကောက်ယဉ်စပါးများမှည့်ပြီး ကောက်လတ်စပါးများထွက်နေသည့်ယခုရက်ပိုင်းအတွင်း မည်သည့်အတွက်ကြောင့် မိုးဆက်တိုက်ရွာနေသည်ကိုသိရှိသော တောင်သူနည်းပါးသည်။ ထို့အပြင် သူတို့က မိုးလေဝသပညာရှင်တို့ ဇူလိုင်လကတည်းက ပြောခဲ့သော လာနီညာရာသီဥတုလာမည်ဆိုသည်ကိုလည်း မကြားမိဟု ဆိုကြသည်။

“မနေ့က ဦးလေးလာလို့ ပြောမှသိတယ်။ ဆရာထွန်းလွင်က နောက်မိုးကောင်းနိုင်တယ်လို့ ပြောနေတာကိုး”ဟုရင်းရှည်ကျေးရွာ ရယကဥက္ကဋ္ဌအဖြစ် ၁၀ နှစ်နီးပါးလုပ်ကိုင်ခဲ့သော တောင်သူ ဦးသန်းအောင်ကပြောသည်။

နောက်ပိုင်း မိုးကောင်းနိုင်သည်ဆိုသော အခြေအနေကို မသိရှိကြသေးသဖြင့် ငဝန်မြစ်ကမ်းတစ်လျှောက်ရှိ တောင်သူများမှာမည်သည့်ပြင်ဆင်မှုမျှ မပြုလုပ်ကြရသေးပေ။

နှစ်ကာလကြာရှည်စွာ လွတ်လွတ်လပ်လပ် မစိုက်ပျိုးခဲ့ရခြင်းနှင့် တာဝန်ကျေစပါးပဲများရောင်းချရခြင်းတို့မှာယခုနှစ်အနည်းငယ်အတွင်းမကြုံတွေ့ရတော့သော်လည်း တောင်သူများကြုံလာရသည်က ဖောက်လွှဲဖောက်ပြန်ရာသီဥတုများ ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် ရှေးရိုးစွဲအစဉ်အလာများကို ပယ်ဖျက်ရန်အချိန်တန်ပြီဟု ရေကြည်မြို့နယ် စိုက်ပျိုးရေးရုံးမှ ဦးလှမျိုးတင့်ကဆိုသည်။

“တောင်သူတွေက အသီးအနှံဖြစ်ထွန်းပြီး စျေးကောင်းရတဲ့နှစ်ဆိုရင် ရွှေဝယ်မယ်၊ အိမ်ဆောက်မယ်စတဲ့ အကျင့်တွေ ဖျောက်သင့်ပြီ။ ရာသီဥတုကို အံတုနိုင်တဲ့လယ်ယာသုံးကိရိယာတွေ သွင်းအားစုတွေဝယ်သင့်ပြီ” ဟု ယင်းကသူ၏အမြင်ကိုပြောသည်။

အောက်တိုဘာလတွင် ရိတ်သိမ်းရမည့် ကောက်ယဉ်စပါးများမှာ မိုးရွာသွန်းမှုနှင့် ကြုံလာပါက ခြွေလှေ့စက်၊ အခြောက်ခံစက်များလိုအပ်မည်ဖြစ်သည်။

စပါးစိုက်ပျိုးသည့်အချိန်နောက်ကျခဲ့ခြင်း၊ အချိန်မီရန်လှ၍စိုက်ပျိုးရခြင်း၊ မိုးနည်းသဖြင့် ရေတင်စိုက်ပျိုးရခြင်း၊ သမန်းမကောင်းသဖြင့် စပါးအပျက်အစီးနည်းခြင်း၊ ပိုးမွှားနှင့် ကြွက်ကျခြင်းတို့ကြောင့်ပုံမှန်နှစ်များထက် စပါးအထွက်လျော့နည်းနိုင်သည်။ ထိုကဲ့သို့ အခြေအနေတွင် စပါးမှည့်သည့်အချိန်၌ မလိုအပ်သည့် မိုးရွာသွန်းလာပါက အပျက်အစီးနည်းရန် အများနှင့်ဝိုင်းဝန်းလုပ်ဆောင်မှ ရနိုင်မည်ဟု တောင်သူများက ယုံကြည်နေသည်။ သို့မဟုတ်ဘဲ ကြိုးစားထားသမျှ အချိန်၊ ငွေကြေး၊ လုပ်အားနှင့် စပါးတို့မှာ မိုးရေနှင့်အတူမျောပါသွားမည့်အခြေအနေကို တောင်သူလယ်သမားများ ပူပန်နေသည်။

## မြန်မာပြည်ရဲ့ စပါးကျီကို ဖြုတ်ညိုပိုးခြိမ်းခြောက်

ပြည်သိမ်း

ရန်ကုန်၊ စက်တင်ဘာ - ၁၈

မိုးစပါးတွင် ဖြုတ်ညိုပိုးအန္တရာယ်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အများဆုံးကြုံတွေ့နေရကြောင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများထံမှ သတင်းရရှိသည်။

ယင်းဖြုတ်ပိုးများသည် ပေါက်ဖွားမှုမြန်ဆန်ပြီး မြန်မာပြည်အနှံ့အပြားတွင်အလွယ်တကူကျရောက်နိုင်သည်။ လက်ရှိဖြုတ်ညိုပိုးကျမှုသည် ဧရာဝတီတိုင်းဒေသအချို့နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့တွင်ကြုံတွေ့နေရသည်။ ယင်းပိုးသည် စပါးပင်ရင့်မှည့်ခါနီးအချိန်တွင် ကျရောက်ပါက ဆုံးရှုံးမှုများစွာကြုံတွေ့နိုင်ကြောင်းကိုလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသီးနှံကာကွယ်ရေးဌာနခွဲမှ ထုတ်ဝေသည့် ပိုးမွှားနှင့် ကာကွယ်နှိမ်နင်းနည်းများ စာအုပ်တွင် ဖော်ပြထားသည်။

“ဒီဖြုတ်ကောင်က အရှေ့တောင်အာရှမှာအရင်နှစ်က တော်တော်ဒုက္ခပေးခဲ့တယ်။ လယ်ဟတ်တာသောင်းနဲ့ချီပြီး ဆုံးရှုံးခဲ့တယ်”ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အတွင်းရေးမှူး ဦးရဲမင်းအောင်ကရှင်းပြသည်။

မြန်မာနိုင်ငံ၌ ကျရောက်သော ဖြုတ်များတွင်ဖြုတ်စိမ်းနှင့် ဖြုတ်ညိုသည်အဓိကဖြစ်သည်။ ဖြုတ်စိမ်းသည် အပင်သက်တမ်း နုစဉ်တွင်ကျတတ်ပြီးဖြုတ်ညိုသည် အပင်သက်တမ်းရင့်မှကျတတ်သည်။ ဖြုတ်ကောင်များကိုကာကွယ် နှိမ်နင်းရာတွင် ပေါင်းမြက်များကို ရှင်းလင်းခြင်း၊ အပင်များကို စနစ်တကျတန်းစီစိုက်ခြင်း၊ လယ်ကွင်းထဲသို့ရေဆက်တိုက်သွင်းခြင်း မပြုလုပ်ဘဲ ရေထုတ်ရေသွင်းပုံမှန်ပြုလုပ်ပေးခြင်း၊ ယခင်နှစ်က ဖြုတ်ပိုးကျသော စပါးခင်းနှင့် ရိုးပြတ်များကိုမီးရှို့ခြင်း၊ ပိုးသတ်ဆေးများနှင့် နှိမ်နင်းခြင်းတို့ပြုလုပ်နိုင်ကြောင်းကိုသိရသည်။

ဖြုတ်ကောင်များကို ကာကွယ်နှိမ်နင်းရာတွင် ပိုးသတ်ဆေးဖြန်းခြင်းထက် ဖြုတ်ကောင်များ၏ သဘာဝရန်သူများဖြစ်သည့် ဝတ်မှုန်ကူးအကောင်များဖြင့် နှိမ်နင်းခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ပညာရှင်များက FAO Auditorium တွင် ပြုလုပ်သော Integrated Pest Management အလုပ်ရုံဆွေးနွေးပွဲတွင်တင်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးရေးတွင် ၁၉၉၈-၉၉တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ခုတွင် ဖြုတ်ညိုကျရောက်ပြီး မိုးစပါးစိုက်ဧက ၈၈၀၀၀ ခန့်ထိခိုက်ပျက်စီးခဲ့သည်။ ယင်းအချိန်က ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးပျက်စီးမှုနှင့် ကြုံခဲ့ပြီး စိုက်ဧက ၅၂၀၀၀ ခန့် ထိရှိသည်။

# ပဲခူးတိုင်းဒေသကြီး အချို့တွင် စက်တင်ဘာလလယ်အထိ မိုးစပါးမစိုက်နိုင်သေး

**ပြည်သိမ်း** **ပြည်၊ စက်တင်ဘာ - ၁၇**

ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းဒေသအချို့တွင် စက်တင်ဘာလလယ်အထိ မိုးစပါးကိုစိုက်ပျိုးမှု မပြီးသေးကြောင်း ဒေသခံတောင်သူများထံမှ သတင်းရရှိသည်။

ရာသီဥတုဖောက်ပြန်၍ နေရာကွက်ပြီး မိုးရွာသွန်းမှုကြောင့် မိုးရေမရသည့်ဒေသများတွင် စက်ရေတွင်းများတူး၍ လုပ်ကိုင်နေရကြောင်းလည်း ခေတ္တရာဟသ်ာ အထူးပြုကုမ္ပဏီမှ ပြည်ခရိုင် မန်နေဂျာဦးစိန်မြင့်က 7Day News သို့ပြောသည်။

"ဒီနှစ်မှာ မိုးမရွာလို့ စိုက်ချိန်က တစ်လကျော် နှစ်လလောက် နောက်ကျခဲ့တယ်"ဟု အဆိုပါကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဦးစီမံကလည်းရှင်းပြသည်။

ယင်းကဲ့သို့ စိုက်ချိန်နောက်ကျခဲ့သည့်အတွက် ဒေသတွင် ယခင်က ပုံမှန်စိုက်ပျိုးနေသည့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးလာကြသည်။ ယခုနှစ်တွင် စိုက်ပျိုးရေးဌာနများ၏ညွှန်ကြားချက်ဖြင့် သက်ငယ်စပါး(အင်းမရဲဘော်၊ ဆင်းသွယ်လတ်)ကို အစားထိုးစိုက်ပျိုးကြောင်း ပြည်ခရိုင်၊ ကြက်ခက်အုပ်စု၊ ကြက်ခက်ကျေးရွာမှ တောင်သူဦးစိုးမြင့်ကပြောသည်။

"လာနီညာကြောင့် နောက်မိုးရွာရင်တော့ ပျက်စီးမှုတွေရှိနိုင်တယ်။ ဒါပေမဲ့ တောင်သူတွေက အတွေ့အကြုံတော့ရှိပါတယ်"ဟု ဦးစိုးမြင့်ကရှင်းပြသည်။

သဲကုန်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးနိုင်ရန် စက်ရေတွင်းများတူးဖော်မှုများပြုလုပ်နေကြောင်းလည်း ဦးစီမံကပြောသည်။

ပြည်မြို့မှ ၄၁ မိုင်အကွာနတ္တလင်း မြို့နယ်ရှိ လယ်မြေများမှာ ဆည်များ၏အကူအညီကြောင့် မိုးစပါးကို ပုံမှန်နီးပါးစိုက်ပျိုးနိုင်သည်။ ယင်းကဲ့သို့ ဆည်ရေအကူအညီဖြင့် စိုက်ပျိုးသော်လည်း ဝဲကြီးဆည်မှ ရေလွှတ်များခဲ့သည့်အတွက် နတ္တလင်းနှင့် ပေါင်းတည်မြို့နယ်ရှိ လယ်မြေအချို့သည် ရေလွှမ်းခံခဲ့ရသည်။

"ကျွန်တော်တို့ရွာက သုံးကြိမ်လောက် ခံခဲ့ရတယ်။ ဝတ်ပုတ်ချောင်းနဲ့လေ၊ မျက်နှာချောင်းကြားက ရွာတွေမှာဖြစ်တာ၊ အပေါ်ဆည်ရေလွှတ်တာနဲ့ အောက်ချောင်းရေတောင့်တာနဲ့ ကြုံခဲ့ရလို့ပါ" ဟု နတ္တလင်းမြို့နယ် ထိပ်ပိတ်ကျေးရွာမှ တောင်သူကိုမြင့်ဇော်ကရှင်းပြသည်။

ယင်းကဲ့သို့ ရေလွှမ်းမှုနှင့် ကြုံခဲ့ရသည့်အတွက် ငွေကြေးတတ်နိုင်သူများက ပြန်လည်စိုက်ပျိုးနိုင်သော်လည်း မတတ်နိုင်သူများက မိုးစပါးကိုလက်လွှတ်ခဲ့ရကြောင်း ထိပ်ပိတ်ရွာသား လယ်သမားဦးညဏ်ရွှေကရှင်းပြသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုမှ လာနီညာရာသီဥတုသို့ ပြောင်းသွားပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ဆောင်းပါးများတွင် တွေ့နေရသည်။ လာနီညာရာသီဥတု၏ သက်ရောက်မှုဖြင့် ဆန်စပါးရိတ်သိမ်းချိန်မိုးများနိုင်ကြောင်းလည်း သိရသည်။ ယင်းအခြေအနေကို ဦးဆောင်ကုမ္ပဏီများ၊ လယ်သမားများသည် အလေးထားမှုအားနည်းကြောင်းလည်း စုံစမ်းသိရသည်။

"လာနီညာရာသီဥတုနဲ့ ပတ်သက်ပြီး ထူးထူးခြားခြားပြင်ဆင်ထားတာမရှိဘူး။ မိုးလေဝသနှင့် ဇလဗေဒဌာနကလည်း တရားဝင်မကြေညာသေးတာပါတယ်"ဟု ခေတ္တရာဟသ်ာကုမ္ပဏီမှမန်နေဂျာဦးစိန်မြင့်ကပြောသည်။

ထို့အပြင် လယ်သမားများသည် ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုနှင့်ကြုံတွေ့ရသည့်အတွေ့အကြုံများလည်းရှိသည်။ ၂၀၀၁ ခုနှစ်၊ ၂၀၀၅ ခုနှစ်များက ရိတ်သိမ်းချိန်တွင် မိုးရွာသဖြင့် ဆုံးရှုံးမှုများလည်းရှိခဲ့သည်။

"ရိတ်ချိန်မှာ မိုးရွာရင်ရွာနဲ့နီးရင်တော့ ဆုံးရှုံးမှုနည်းနိုင်တယ်။ ရွာနဲ့ဝေးရင်တော့ ဆုံးရှုံးမှုများတယ်"ဟု နတ္တလင်းမြို့နယ် ရွှေကြာပင်ကျေးရွာမှ လယ်သမား ဦးအေးထင်က ရှင်းပြသည်။

ယင်းကဲ့သို့ ရိတ်သိမ်းချိန် မိုးရွာပါက စပါးသည် ရေပို၊ မိုးမိပြီး အပြောင့်ထွက်၍ လေလွင့်ပျက်စီးမှုရှိသည်။ ထို့အပြင် ကြိတ်ခွဲရာတွင်လည်း အကျိုးအကြေများပြီး၊ အရည်အသွေးညံ့၊ ဈေးမရကြောင်းလည်း တောင်သူများက ရှင်းပြသည်။

"ပုံမှန်မှာ အလေအလွင့်က တင်းတစ်ရာကို နှစ်တင်း၊ သုံးတင်းလောက်ပဲရှိတယ်။ ဒီလိုနှစ်မျိုးဆိုရင်တော့ တင်းတစ်ရာကို တင်းနှစ်ဆယ်အထိ ပျက်စီးနိုင်တယ်"ဟု ဦးအေးထင်က ရှင်းပြသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းဒေသသည် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့ထက် မိုးအနည်းငယ် လျော့နည်းသည့်ဒေသဖြစ်သော်လည်း ယခုနှစ်ကဲ့သို့မိုးဦးခေါင်မှုကို မကြုံဖူးသေးကြောင်း၊ ဒေသတွင်း စက်ရေတွင်းများတူးဖော်ခြင်းကလည်း ဆည်ရေမရောက်နိုင်သည့်ဒေသများတွင် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရန်ဖြစ်ကြောင်း ခေတ္တရာဟသ်ာကုမ္ပဏီမှ ပြောသည်။

အဆိုပါဒေသရှိ လယ်မြေများမှ စပါးအထွက်သည် ရာသီဥတုကောင်းမွန်ပါက တစ်ဧကလျှင် တင်း ၇၀ မှ တင်း ၈၀ ကြားထွက်ပြီး၊ ရာသီဥတု ဖောက်ပြန်လျှင် တင်း၄၀ မှ ၅၀ ကြားသာ ထွက်ကြောင်း လယ်သမားများထံမှသိရသည်။

၎င်းဒေသသည် တစ်နှစ်လျှင် မိုးစပါး၊ ပဲ၊ နွေစပါး ၃သီးစိုက်ပျိုးသည့် ဒေသဖြစ်သည်။ ယခုနှစ်တောင်ညိုဆည်ပြုပြင်ရန်ရှိသဖြင့် နှစ်သီးသာစိုက်နိုင်ဖြစ်ကြောင်းကိုလည်း လယ်သမားများထံမှ သိရသည်။ ယင်းသို့စိုက်ပျိုးရာတွင် ဆောင်းသီးနှံကို ပဲသာအဓိက စိုက်ပျိုးလိုသော်လည်း နွေစပါးကိုသာ အစားထိုးစိုက်ပျိုးခိုင်းထားကြောင်း သိရသည်။



ပဲခူးဒေသမှ စပါးစိုက်ခင်းအချို့

## ပြင်ဦးလွင်တွင် မိုးကောင်း၍ ပန်းခင်းအချို့ ပျက်စီး

**ဇော်ကိုကို** **ပြင်ဦးလွင်၊ စက်တင်ဘာ-၁၈**

ပြင်ဦးလွင်မြို့တွင် ရက်သတ္တပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ချောင်းများရေလျှံကာ ပန်းစိုက်ခင်းအချို့ ပျက်စီးခဲ့ကြောင်း ဒေသခံအချို့ကပြောသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့်ချောင်းများရေလျှံမှုဖြစ်ပွားခဲ့ပြီးအဆိုပါချောင်းများအနီးရှိပန်းစိုက်ခင်းများမှာလည်း ရေစီးသန်သောကြောင့် မျောပါပျက်စီးခဲ့ခြင်းဖြစ်သည်။ပန်းခင်းအချို့ပျက်စီးသွားသော်လည်းပန်းဈေးကွက်ကိုထိခိုက်မှုများစွာမရှိနိုင်ဘဲ၊ ပျက်စီးသွားသော ပန်းစိုက်ခင်းများအားအသစ်ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ကြောင်းဒေသခံတောင်သူတစ်ဦးကပြောသည်။ ပြင်ဦးလွင်မြို့သည် ပန်းအဓိကစိုက်ပျိုးထုတ်လုပ်သောမြို့ဖြစ်ပြီး ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။

## ၂၀၁၀ ခုနှစ်မှာ ကမ္ဘာ့အပူနွေးဆုံးနှစ်အဖြစ် စံချိန်ဝင်

**ဝါရှင်တန်၊ စက်တင်ဘာ - ၁၆**

ယခုအချိန်အထိ တိုင်းတာခဲ့သောအချက်အလက်များအရ ၂၀၁၀ ခုနှစ်သည် ကမ္ဘာ့အပူနွေးဆုံးနှစ်အဖြစ် စံချိန်ဝင်လာကြောင်း သိရသည်။ အာတိတ်ပင်လယ် ရေခဲထုထည်သည်လည်း တတိယရေခဲထုအနည်းဆုံးစံချိန်ဝင်လာသည်။ ထို့အတွက် ပင်လယ်ဖျံများသည် ရေခဲရှားပါးလာသော ပင်လယ်မှရုန်းထွက်နေရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။ ၂၀၁၀ ခုနှစ် ပထမရှစ်လတာကာလသည် ကမ္ဘာတစ်ဝန်းမြေပြင်နှင့်ရေပြင် စုစုပေါင်းအပူချိန် ၅၈ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်သို့ရောက်ရှိခဲ့ရာ ယင်းမှာ ၁၉၉၈ ခုနှစ်က ကြုံတွေ့ခဲ့သည့် ကမ္ဘာ့အပူနွေးဆုံးနှစ်စံချိန်ပင်ဖြစ်ကြောင်း၊ ယင်းမှာ ၂၀ ရာစုပျမ်းမျှ အပူချိန်ထက် ၁ ဒသမ ၂၁ ဒီဂရီ ဖာရင်ဟိုက်ပိုများနေကြောင်း အမေရိကန်အမျိုးသားရာသီဥတုဆိုင်ရာဒေတာစင်တာက ကြေညာချက်ထုတ်ပြန်သည်။

ယခုနှစ် မြောက်ကမ္ဘာခြမ်းနွေရာသီအပူချိန်များ (ဇွန်လမှ ဩဂုတ်လအထိ) မှာ ၁၉၉၈ ခုနှစ်နောက်ပိုင်း ဒုတိယအပူနွေးဆုံး အပူချိန်ဖြစ်ကြောင်း ယင်းဒေတာစင်တာကပြောကြားသည်။ ကမ္ဘာ့နေရာဒေသအများအပြားတွင် ပုံမှန်ထက်ပိုမိုပူနွေးခဲ့ပြီး အထူးသဖြင့် အရှေ့ဥရောပ၊ ကနေဒါနိုင်ငံအရှေ့ပိုင်းနှင့် အရှေ့အာရှအချို့ဒေသတွင် သိသိသာသာအပူချိန်များမြင့်တက်ခဲ့သည်။ *—Ref: Reuters*

## ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဟောပြောပွဲများ လှည့်လည်ကျင်းပ

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၃**

မြန်မာနိုင်ငံ၏ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ နယ်မြို့များသို့လှည့်လည်၍ အမျိုးသား အဆင့်ပညာပေးဆိုင်ရာဟောပြောဆွေးနွေးမှုများကိုပြုလုပ်ပေးနေပြီဖြစ်ကြောင်း NCEA (အမျိုးသားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)မှ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့ခေါင်းဆောင် ဦးဝင်းမျိုးသူကပြောသည်။

ယင်းဟောပြောပွဲများကို NCEA ၏Climate Change အဖွဲ့မှ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ဌာနဆိုင်ရာများသို့ အဓိကထားဟောပြောမည်ဖြစ်သည်ဟုဆိုသည်။

ယင်းဌာနဆိုင်ရာမှ တစ်ဆင့် ဒေသတွင်းပျံ့နှံ့၍ ပညာပေးအစီအစဉ်များကို ဒေသခံပြည်သူများအားပေးရန် ရည်ရွယ်ထားကြောင်းယင်းပုဂ္ဂိုလ်ကပြောသည်။

ပထမဦးဆုံးအနေဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် ဟောပြောပွဲပြုလုပ်ခဲ့သည်။ ယခုလ၁၆ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဦးဝင်းမျိုးသူနှင့် အတူမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးထွန်းလွင်တို့ ဟောပြောမည်ဖြစ်သည်။

ယင်းမှတစ်ဆင့် ရာသီဥတုဒဏ်ကြောင့်သဘာဝဘေးအန္တရာယ် အများဆုံးခံရသော ဧရာဝတီတိုင်းဒေသကြီးတွင် ဟောပြောပွဲဆက်လက်ပြုလုပ်မည်ဟု သတင်းရရှိသည်။

ဟောပြောပွဲများတွင် ရာသီဥတုပြောင်းလဲမှုအခြေအနေများနှင့် ပြောင်းလဲမှုပေါ်မူတည်၍ မည်သို့နေထိုင်ရမည်၊ မည်သို့စိုက်ပျိုးလုပ်ကိုင်ရမည်များကို အဓိကထားဟောပြောမည်ဟု ယင်းက ပြောသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာစည်းဘောင်သတ်မှတ်ချက်ဆိုင်ရာ ညီလာခံသို့ ၁၉၉၂ ခုနှစ်တွင်စတင်ဝင်ရောက်ခဲ့သည်။ ထို့အပြင် ပထမဆုံးသော မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအခြေအနေများအား အသေးစိတ်မှတ်တမ်းတင်ထားသည့် INC Report ကို ယင်းအဖွဲ့အစည်းသို့ ယခုနှစ်တွင် စတင်ပေးပို့ခဲ့သည်။

## မုန်တိုင်းအကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် မုန်တိုင်းရာသီနှစ်ကြိမ်ရှိပြီး၊ ပထမအကြိမ်မှာ ဧပြီလလယ်မှ မေလလယ်အထိနှင့် ဒုတိယအကြိမ်မှာ အောက်တိုဘာ၊ နိုဝင်ဘာလများဖြစ်၍ ထိုကာလများတွင် မုန်တိုင်းကို ပို၍သတိပြုရန်လိုသည်။

- ♦ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံနှင့်မသက်ဆိုင်ပေ။
- ♦ မုန်တိုင်းသတင်းကြေညာရာတွင် အန္တရာယ်မရှိသော မုန်တိုင်းများကို 'မုန်တိုင်းသတင်း' ဟု အမည်တပ်ပြီး၊ အန္တရာယ်ရှိသော မုန်တိုင်းများကို 'မုန်တိုင်းသတိပေးချက်' ဟု ထုတ်ပြန်သည်။
- ♦ မုန်တိုင်းတိုက်ခတ်ပါက လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများအားလုံးဆက်သွယ်မှုကို ဖြတ်တောက်ရန်လိုသည်။
- ♦သက်ဆိုင်ရာမှ ကြေညာပေးသည့် သတင်းများနှင့်အကြံပြုချက်များကို သတိပြုရန်လိုသည်။
- ♦မုန်တိုင်းသတင်းနောက်ဆုံးထုတ်ပြန်ချက်များကို အဆက်မပြတ်နားထောင်ရန်လိုသည်။

**ကိုးကား–ဒေါက်တာထွန်းလွင်၏ မုန်တိုင်းအကြောင်းသိကောင်းစရာစာအုပ်**

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မမျှော်လင့်တဲ့ရာသီဥတုတွေ ဖြစ်နေတာကိုက ဒီကနေ့ရာသီဥတုဖြစ်နေပါတယ်

## ၂၀၁၀မြန်မာနိုင်ငံရာသီဥတုအပေါ် ဦးထွန်းလွင်၏ သုံးသပ်ချက်

အားမာန်



**လာနီညာရာသီဥတုရဲ့သက်ရောက်မှုကိုမြန်မာပြည်တွင်ကြုံတွေ့နေရပြီလား။**

လာနီညာဖြစ်ပေါ်တဲ့ဒေသဟာ မြန်မာနိုင်ငံနဲ့ဝေးကွာတဲ့အတွက် အားကောင်းတဲ့လာနီညာဖြစ်မှသာ မြန်မာနိုင်ငံရဲ့ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။ ဒ့ါအပြင် လာနီညာအားကောင်းတဲ့ကာလများဟာ ၂၀၁၀နိုဝင်ဘာလကစတင်ပြီး ၂၀၁၁ဖေဖော်ဝါရီလအထိ ဖြစ်ပါမယ်။ ဒါပေမဲ့လည်း လက်ရှိကာလမှာ ပစိဖိတ်ဒေသနဲ့ အင်ဒိုချိုင်းနားဒေသအပေါ် လာနီညာရာသီဥတု အကျိုးသက်ရောက်မှုတွေရှိနေပြီဖြစ်ပါတယ်။ လာနီညာဟာ ပိုမိုအားကောင်းလာနေတာကြောင့် မြန်မာနိုင်ငံအပေါ်မှာလည်း လာနီညာရဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုတွေကို တစ်စတစ်စကြုံတွေ့ရစပြုနေပြီဖြစ်ပါတယ်။

**ဒီနှစ်လာနီညာ အားကောင်း၊ အားအသင့်အတင့်၊ အားပျော့သုံးမျိုး ထဲက ဘယ်အဆင့်ဖြစ်ဖို့ရှိပါလဲ။**

လက်ရှိအနေနဲ့ကတော့ အားအသင့်အတင့်မှ အားကောင်းတဲ့ လာနီညာဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

**လာနီညာရာသီဥတုဖြစ်ရင် နိုဝင်ဘာလမှာ အားအကောင်းဆုံးဖြစ်တတ်တယ်လို့ ဦးပြောထားတော့ အဲဒီအချိန်ကြရင် မြန်မာပြည်သူ ပြည်သားတွေ ရာသီဥတုအတွက် ဘယ်လိုပြင်ဆင်ထားသင့်ပါသလဲ။**

လာနီညာအားအကောင်းဆုံး ကာလဟာ အမှန်တော့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတို့ ဖြစ်ပါတယ်။ အားကောင်းတဲ့ လာနီညာသာဖြစ်ခဲ့ရင် မိုးရွာသွန်းမှုများပြီး အပူချိန်လျော့ကျတတ်ပါတယ်။ ဒါကြောင့် မိုးလွန်မှာရေကြီးမှုနဲ့ ဆောင်းမှာ အအေးလွန်ကဲဖြစ်တတ်မှုတွေဟာ ဖြစ်နိုင်တဲ့သတိထားစရာတွေဖြစ်ပါတယ်။ နောက်ပြီးတော့ မိုးကြိုးပစ်တာနဲ့ လေဆင်နှာမောင်းတိုက်တာတွေကိုလည်း သတိထားဖို့လိုတယ်။ လောလောဆယ်ပဲ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကနေ ဆဒုံးမြို့နဲ့ဆဘိုင်တည် မြို့တွေကနေ တရုတ်မြန်မာနယ်စပ်အထိရောက်ခဲ့ပါတယ်။ လမ်းမှာ မြေပြိုမှုတွေ အများအပြားတွေ့ခဲ့ရပါတယ်။ ဒါကြောင့် မိုးများရင် မြေပြိုကျမှုကိုသတိထားရပါမယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဒေသတွေမှာ ဖြစ်တတ်ပါတယ်။ လျှပ်တစ်ပြက်ရေကြီးမှုကိုတော့ တောင်ကြားဒေသတွေနဲ့ ကုန်းမြင့်ဒေသတွေဝန်းရံထားတဲ့ မြစ်ချောင်းတွေ အနီးတစ်ဝိုက်ဒေသတွေမှာသတိထားရပ့ါမယ်။ ဆည်တွေတာတမံတွေအနီး နေထိုင်ကြတဲ့သူတွေလည်း ဆည်ရေလွှတ်မှုကို သတိထားရပ့ါမယ်။ အရေးအကြီးဆုံးကတော့ မုန်တိုင်းတွေပဲဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ ဒီနှစ် စက်တင်ဘာလ ဒုတိယဆယ်ရက်ပတ်အကုန်အထိ မုန်တိုင်းတစ်ကြိမ်သာဖြစ်ပါသေးတယ်။ ဒါကြောင့် နောက်ထပ် (၃)ကြိမ်မှ (၅)ကြိမ်အထိဖြစ်နိုင်ပါသေးတယ်။ အကြိမ်များများနဲ့ အားနည်းနည်းပဲဖြစ်မလား။ အကြိမ်နည်းနည်းနဲ့အားကြီးကြီးပဲဖြစ်မလား။ ဒါကိုတော့ အတိအကျပြောလို့မရပါဘူး။ နောက်ဆုံးသတိထားရမယ့်အချက်ကတော့ စက်တင်ဘာလအတွင်း မုတ်သုံလေဟာ မြန်မာနိုင်ငံကနေ လုံးဝဆုတ်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်း အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာ ရွာသမျှမိုးတွေဟာ အခါလွန်မိုးတွေချည်းပါပဲ။ အချိန်အခါမဟုတ်မိုးတွေဖြစ်လေတော့ အောင်ရေလည်းဖြစ်နိုင်သလို ဖျက်မိုးလည်းဖြစ်နိုင်ပါတယ်။ ဥပမာ ဒီနှစ်သက်နှ၊ သက်လတ် စပါးစိုက်တဲ့သူတွေအဖို့တော့ ဒီမိုးတွေဟာ ဖျက်မိုးတွေဖြစ်ပြီး၊ သက်ကြီးစပါး စိုက်တဲ့သူတွေအတွက်တော့ အောင်ရေတွေဖြစ်ပါလိမ့်မယ်။ ဒီအခါလွန်မိုးတွေကို ဖျက်မိုးသမားများအနေနဲ့ ဘယ်လိုကာကွယ်ကြမလဲ။ အောင်ရေသမားများအနေနဲ့လည်း ဘယ်လိုအကျိုးရှိအောင် သုံးမလဲ။ ဒါကိုတော့ ကြိုတင်ပြင်ဆင်ထားကြဖို့လိုပါလိမ့်မယ်။

**အချို့ဒေသများ မိုးကောင်း ရေကြီးနေချိန်မှာ အချို့ဒေသတွေမှာကျတော့ မိုးခေါင်ရေရှားဖြစ်နေတာ ကိုတွေ့ရပါတယ်။ ဘာကြောင့် ဒီလို ရာသီဥတုမျိုးဖြစ်တာပါလဲခင်ဗျာ။**

ယခုနှစ်မေလအတွင်းက မြန်မာတစ်နိုင်ငံလုံးအတွင်းကို မုတ်သုံလေဝင်ရောက်နိုင်ခဲပေမယ့် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း မုတ်သုံလေဟာ အင်အားအခြေတကျ (establish)မဖြစ်ခဲ့တဲ့အတွက် မုတ်သုံမိုးမကောင်းခဲ့ပါဘူး။ ဝင်ရောက်တုန်းကလည်း မိမိရဲ့အင်အားနဲ့ဝင်ရောက်ခဲ့ခြင်း မဟုတ်ဘဲလိုင်လာမုန်တိုင်းရဲ့ အကူနဲ့သာ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မိုးဦး(ဇွန်လ)နှင့် မိုးလယ်(ဇူလိုင်နှင့်ဩဂုတ်လ) မိုးနှောင်း(စက်တင်ဘာ ၂၀ အထိ) ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းတွေတောင် ပီပီပြင်ပြင်မရှိခဲ့တဲ့အတွက် မုန်တိုင်းမိုးကလည်း မကောင်းခဲ့ပြန်ပါဘူး။ မိုးရာသီကာလ ဖြစ်ပေမယ့်လည်း မုတ်သုံမိုးထက် ပြန်ကျမိုးပိုတွေသာ ရွာခဲ့တဲ့အတွက် မိုးဟာပျံ့ပျံ့နှံ့နှံ့မရှိခဲ့ပါဘူး။ ဒ့ါအပြင် ရေကြီးတဲ့ဒေသတွေဟာ တောင်တရုတ်ပင်လယ်ပြင်ဘက်က တိုင်ဖွန်း မုန်တိုင်းအကြွင်းအကျန်တွေ ရွေ့လျားလာရာကနေ ရွာသွန်းတဲ့ မိုးတွေကြောင့်ရေကြီးရခြင်းဖြစ်တဲ့အတွက် မုန်တိုင်းအကြွင်းအကျန်တွေ ဖြတ်သန်းသွားရာလမ်းကြောင်းဒေသတွေဖြစ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ ပဲခူးတိုင်းဒေသကြီး တစ်လျှောက်မှာသာ ရေကြီးစေခဲ့ပါတယ်။ ကျန်ဒေသများကတော့ မုတ်သုံမိုးရော၊ အရှေ့လေပွေလှိုင်းမိုးရော အရနည်းလို့ ရေမကြီးတဲ့အပြင် မိုးခေါင်တာတောင် ဖြစ်ခဲ့ရပါတယ်။

**အချို့ကမုတ်သုံစောဆုတ်သွားတဲ့အတွက် နောက်ပိုင်းမိုးမကောင်းနိုင်ဘူးလို့ ခန့်မှန်းနေတာတွေရှိပါတယ်။ ဦးကတော့ နှစ်လယ်ပိုင်းကတည်းက လာနီညာရာသီဥတုဖြစ်ခဲ့ရင် နောက်ပိုင်းမိုးကောင်းလိမ့်မယ်လို့ပြောခဲ့တော့ လက်ရှိမြန်မာနိုင်ငံရဲ့ရာသီဥတုအခြေအနေကြောင့် ဦးခန့်မှန်းထားတာတွေကိုပြောင်းဖို့ရှိပါသလား။ ဒါမှမဟုတ် ဦးပြောခဲ့သလို ဒီနှစ်က မုန်တိုင်းမိုးတွေကြောင့် မိုးနှောင်းကောင်းမှာပါပဲလား။**

မုတ်သုံစောဆုတ်ဦးမှာဘဲဆိုတာ နဂိုကတည်းကခန့်မှန်းထားပါတယ်။ ဒါကြောင့် မုတ်သုံမိုးအနေနဲ့ကတော့ ဒီလကုန်ရင်ရမှာ မဟုတ်တော့ပါဘူး။ မုတ်သုံမိုးဟာ အဓိကမိုးဖြစ်နေတာတော့မှန်ပါတယ်။ ဒါပေမဲ့ အခြားမိုးရွာစေနိုင်တဲ့ ဖြစ်စဉ်တွေက ရှိနေပါသေးတယ်။ ဒါတွေကတော့ (၁) ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်တဲ့အခါ၊ (၂)တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းတွေ ဗီယက်နမ်နိုင်ငံကို (၂၀)ဒီဂရီမြောက်လတ္တီတွဒ်ရဲ့ အောက်ဘက်ကဖြတ်တဲ့အခါ၊ (၃) အရှေ့လေပွေလှိုင်းတွေ မြန်မာပြည်ကိုဖြတ်သွားတဲ့အခါ၊ (၄) အရှေ့ဘက်က လေပွေလှိုင်းတွေ ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်အတွင်း ကျရောက်သွားလို့ မုတ်သုံဆန်တဲ့ ရာသီဥတု(mon-soonish weather) ဖြစ်စေတဲ့အခါနဲ့ (၅) ဆုတ်သွားတဲ့မုတ်သုံလေရဲ့နေရာကို မြောက်ဖက်ကအနောက်လေအေးစီးကြောင်းတွေ တိုးဝင်လာတဲ့အခါ နေရာဒေသ လိုက်လို့မိုးရွာစေနိုင်ပါတယ်။ ဒီနှစ်အဖို့မှာတော့ ဘင်္ဂလားပင်လယ်အော်မှာရော၊ တောင်တရုတ်ပင်လယ်ပြင်ပေါ်မှာရော မုန်တိုင်းဖြစ်ပေါ်မှုဟာကိုတာ (quota) ပြည့်ဖို့ အများကြီးလိုနေပါသေးတယ်။ လာနီညာရာသီဥတုကလည်း သေချာနေလေတော့ မိုးလွန်မိုးတွေရှိနိုင်တယ်ဆိုတဲ့ မူလခန့်မှန်းထားချက်ကို ပြင်စရာမရှိပါဘူး။

**လက်ရှိရာသီဥတုအခြေအနေတွေနဲ့ ရှေ့မှာကြုံတွေ့ရမယ့် ရာသီဥတုအခြေအနေတွေကြောင့် တောင်သူတွေကို ဦးဘာများပြောချင်ပါသလဲ။**

ဒီမေးခွန်းကိုသိပ်သဘောကျတယ်ဗျာ။ မိုးလေဝသသမားက တောင်သူတွေကို ပြောနိုင်တယ်ဆိုတာ တောင်သူလယ်သမားတွေနဲ့ မိုးလေဝသသမားတို့ရဲ့ရင်းနှီးမှုကိုဖော်ပြနေတဲ့အတွက် ဒါဟာနိုင်ငံတော်အတွက်မှန်ကန်တဲ့ဖြစ်ပေါ် တိုးတက်မှုတစ်ရပ်လို့မြင်ပါတယ်။ ခင်ဗျားတို့ သတင်းမီဒီယာတွေရဲ့ ကျေးဇူးတွေအများကြီးပါပါတယ်။ တောင်သူလယ်သမားတွေကို ပြောချင်တာကတော့ ရာသီဥတုတွေဟာ အစွန်းရောက်ရာသီဥတုတွေကြားမှာ ဘောင်ဘင်ခတ်နေပါတယ်။ မမျှော်လင့်တဲ့ ရာသီဥတုတွေဖြစ်နေတာကိုက ဒီကနေ့ ရာသီဥတုဖြစ်နေပါတယ်။ ပြီးခဲ့ဆောင်းတုန်းက အေးခဲနေခဲ့တဲ့ နယူးယောက်၊ ရုရှား၊ တရုတ်နဲ့ ဂျပန်တို့ဟာ အခုနွေမှာ အပူလှိုင်းတွေဖြတ်ပြီး ပူပြင်းလွန်းလို့ လူတွေသေကျေနေကြတာကိုကြည့်ရင် ဒီကနေ့ရာသီဥတုတွေရဲ့ အစိုးမရနိုင်မှုကို သတိပြုစေလိုပါတယ်။

**ဒီဘက်နှစ်တွေမှာ မိုးရွာသွန်းတဲ့ပုံစံတွေပြောင်းသွားပြီး ရာသီဥတုပုံမှန်မဟုတ်တာ ဘာကြောင့်ပါလဲ။**

မြန်မာနိုင်ငံမှာ ၁၉၇၈ ခုနှစ်ကစပြီး နှစ်ရှည်ရာသီဥတု ပြောင်းလဲခြင်းနဲ့ ၂၀၀၆ခုနှစ်ကစပြီး နှစ်လတ်ရာသီဥတုပြောင်းလဲခြင်းတွေ ဖြစ်နေပါတယ်။ ဒ့ါအပြင်နှစ်တို တစ်နှစ်ချင်းလည်း အစွန်းရောက် ရာသီဥတု အမျိုးအစားတွေဖြစ်တဲ့ အယ်လ်နီညို-လာနီညာရာသီဥတုတွေကလည်း အခုနောက်ပိုင်း အရင်ကထက် ပိုအဖြစ်များလာနေပါတယ်။ ဒါကြောင့်မြန်မာပြည်ဟာ ရာသီဥတုပြောင်းလဲခြင်း(၃)မျိုးနဲ့ ကြုံတွေ့နေရတာကြောင့် ဖြစ်ပါတယ်။

**လာနီညာရာသီဥတုဖြစ်ရင် သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ပြီး ဘာတွေကြိုပြင်ဆင်ထားဖို့လိုပါသလဲ။**

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုရဲ့အချုပ်ကတော့ မိမိနဲ့ ပတ်သက်တဲ့ အသိုင်းအသိုင်းမှာ ဆုံးရှုံးနစ်နာနိုင်ခြေတွေကို လျော့ပါးအောင် လုပ်ထားကြဖို့ အဓိကပါပဲ။ မိမိအသိုက်အဝန်းမှာ ဘယ်လိုသဘာဝဘေးမျိုးတွေ ကျရောက်တတ်သလဲ၊ ဘယ်လိုသဘာဝဘေးက အဆိုးဆုံးဖြစ်သလဲ၊ ဘယ်လောက်အတိုင်းအတာအထိ ထိခိုက်နိုင်သလဲ၊ သတင်းအချက်အလက်နဲ့ ကြိုတင်သတိပေးချက်မျိုးတွေ အလွယ်တကူရနိုင်သလား၊ သဘာဝ ဘေး အသိပညာပေးမှုတွေ ရနေပြီလား၊ ဘယ်လိုကြိုတင်ကာကွယ်မှု(နည်းပညာနဲ့ အဆောက်အအုံဆိုင်ရာ)တွေ ရှိနေပြီလဲ၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ကဖြစ်စေ မိမိအသိုင်းအဝိုင်းအတွင်း ဦးဆောင်မှုပေးမယ့်သူရှိသလား ၊ မိမိတို့အတွင်း အချင်းချင်း စုပေါင်းညှိနှိုင်းမှုတွေရှိပြီလား၊ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုတွေရှိပြီလား၊ ကြိုတင်ကာကွယ်မှုအတွက် ရန်ပုံငွေငွေကြေးလုံလောက်မှုရှိနေပြီလား၊ ဒီအချက်တွေကို မိသားစုတိုင်း၊ ရက်ကွက်တိုင်း၊ ကျေးရွာတိုင်း၊ မြို့နယ်တိုင်းက မိမိနေထိုင်ရာ အသိုင်းအဝန်းအတွင်း ပြည့်စုံအောင်ဆောင်ရွက်ရပ့ါမယ်။ ပြည့်စုံအောင် ဆောင်ရွက်နိုင်လေ သဘာဝဘေးတွေကြောင့် ဆုံးရှုံးနစ်နာနိုင်ခြေတွေ လျော့ပါးလေဖြစ်ပါတယ်။

**မိုးနှောင်းနဲ့မိုးလွန်ကာလတွေမှာ မြစ်ရေကြီးမှုတွေရော ဖြစ်နိုင်ပါသလား။**

မြစ်ကြီးတွေကတော့ အခုအနေအထားမှာ ရေကြီးဖို့ သိပ်မသေချာဘူးလို့ ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ မိုးရွာကာလ နည်းသွားလို့ပဲ။ ဒါပေမယ့် အရှေ့ဘက်က တိုင်ဖွန်းမုန်တိုင်းတွေကြောင့် ရွာတဲ့မိုးရယ်၊ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေဖြစ်လာရင်တော့ မုန်တိုင်းကြောင့် ရွာတဲ့မိုးတွေကြောင့် ဖြစ်နိုင်သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေကြီးကာလက တစ်နှစ်မှာ သုံးကြိမ်ရှိကာ အောက်တိုဘာ၊ နိုဝင်ဘာက တတိယနဲ့ နောက်ဆုံး ရေကြီးတဲ့ကာလပဲ။ ဒီကာလမှာ စောင့်ကြည့်ရမယ်။ ရေကြီးကာလက ကျန်နေသေးတယ်။ ဒါကြောင့် မြစ်ရေကြီးဖို့က လုံးဝ စိတ်ချရတဲ့ အနေအထားမဟုတ်ဘူး။ သေချာပေါက်ဖြစ်လိမ့်မယ်လို့လည်း ပြောမရသေးဘူး။ သတိထားဖို့တော့ လိုပါတယ်။